www.burmeseclassic.com

ဆရာကြီးဦးရန်အောင် ရာပြည့်အထိမ်းအမှတ်

# ရန်အောင်

ဝတ္ထုတို (၁)





www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ်-
၁၄၃၈/၂၀၀၄(၁၂)
မျက်နှာဖုံးခွင့်ပြုချက်အမှတ်-
၅၀၀၀၄၁၀၅၁၀ ဖေဖော်ဝါရီလ

ပထမအကြိမ်
၂၀၀၄-ခုနှစ်၊ ဒီဇင်ဘာလ။

ရန်အောင်စာပေ-၂

တန်ဖိုး- ၇၀၀
မျက်နှာဖုံးဒီဇိုင်း
အံ့ဘွယ်
ကွန်ပျူတာစာစီ
ယု(မြဝတီ)
အတွင်း မျက်နှာဖုံး
ဦးတင်အောင်ကျော် စွယ်တော် အော့ဖ်ဆက်။
ထုတ်ဝေသူ
ဦးလှတိုး (မြ-၀၆၃၆၄)
ရန်အောင်စာပေ။
၁၄၃/ ၁၈ အနောက်ရန်ကင်း၊ ရန်ကုန်။

ဖြန့်ချိရေး
ရန်အောင်စာပေ-၂
၇၅၅- ဦးငွေကိုင်လမ်း
၄၁-ရပ်ကွက်၊
မြောက်ဒဂုံ။

BURMESE CLASSIC

ဆရာကြီးဦးရန်အောင် ရာပြည့်အထိမ်းအမှတ်

# ရန်အောင်

## ဝတ္ထုတိုစုစည်းမှု (၁)

www.burmeseclassic.com

www.burmeseclassic.com

စီစဉ်သူ

နီနီအောင်

ပြည်လုံးကျွတ်ဖြန့်ချိရေး

ရန်အောင်စာပေ (၂)

အမှတ် (၈၅၅)၊ ဦးဓမ္မကိုင်လမ်း၊

၄၁/ရပ်ကွက်၊ ဒဂုံမြို့သစ်မြောက်ပိုင်း၊ ရန်ကုန်မြို့။

BURMESE CLASSIC

အမှာ

အမေကွယ်လွန်ခြင်း ဆယ်နှစ်တိုင်ခဲ့ပါပြီ။ အမေ့ရဲ့ ကျေးဇူးတရားကို မှတ်တမ်းတင်ချင်တဲ့ဆန္ဒနဲ့ အမေ့ရဲ့ ဝတ္ထုတိုလေးတွေကို စုစည်းပြီး စာအုပ်ဖြစ်အောင် သမီးကြိုးစားခဲ့ပါတယ်။

စာအုပ်ဖြစ်မြောက်အောင် ကြိုးစားနေချိန်မှာပဲ ၁၉၆၉-ခုနှစ်၊ ဇန်နဝါရီ လ(၅)ရက်မှာ အမေနဲ့ သမီးတို့ မောင်နှမသုံးယောက်နေခဲ့တဲ့ ရွှေဂုံတိုင်လမ်းက အိမ်ကို အမေ တောင်ကြီးကနေ သုံးဆိုပို့ခဲ့တဲ့ ပို့စကတ်လေးတစ်ခု မထင်မှတ်ဘဲ ထွက်လာတယ်။ အဲဒီထဲက ကဗျာလေးကညီး အမေကိုယ်တိုင် ဒီဇင်ဘာလကို ဖော်ကျူးရေးစပ်ထားတဲ့ ကဗျာလေးဖြစ်နေပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

# အားသစ်နှင့် ပြည်သစ်

*အားကစား*

လုပ်သားနှင့် ပြည်သူ၊
ဒီဇင်ဘာ နှိုက်ကာလမှာ
ကာလလွန်ပြည်ဖြိုးအောင်
အားကြိုးမာန်ထူ။
ပြည်ထောင်စု
တည်မှုစဥ်အမြဲသာပ
လက်တွဲစိုညီတူ
ပြည်သူတို့ ခွန်အား၊
ဝလဖြိုးပါမှ
တိုင်းကျိုးဆောင် မောင်မယ်ဖြစ်မယ်
အားသစ်စို့လား။

ရန်အောင်

စာမူစုဆောင်းသည့်ကာလမှာ မငြူမစူ ကူညီခဲ့ကြသော အမျိုးသား စာကြည့်တိုက်၊ လက်ထောက်စာကြည့်တိုက်မှူး ဦးသန်းအုန်း(မောင်ဧယျာ)နှင့်ဝန်ထမ်းများကို အထူးကျေးဇူးတင် ရှိပါတယ်။

(၂၇.၁၂.၂၀၀၄) အဖေ့ နှစ်တစ်ရာပြည့်အမီ စာအုပ်ထုတ်ဝေနိုင်ရန် ကူညီခဲ့ကြသော သူများ၏ ကျေးဇူးအထူးထူးကိုလည်း မှတ်တမ်းပြုပါတတ်။

ကျေးဇူးတရား လေးစားစွာဖြင့်-

စီစဥ်သူ ( နီနီအောင် )

## မာတိကာ


၁။ သမီးလိမ္မာ —— ၁
(မြဝတီ မဂ္ဂဇင်း၊ ဒီဇင်ဘာ ၁၉၈၆)
၂။ ပုထုဇဉ်လောကီသားပေမို့ —— ၁၇
(မြဝတီ မဂ္ဂဇင်း၊ ဧပြီလ ၁၉၇၄)
၃။ မိခင်မေတ္တာ —— ၃၃
(မြဝတီ မဂ္ဂဇင်း၊ ဧပြီလ ၁၉၇၅)
၄။ ဘကြီးကွက် —— ၅၀
(မြဝတီ မဂ္ဂဇင်း၊ မေလ ၁၉၇၂)
၅။ မောင်ပွေး —— ၆၇
(မြဝတီ မဂ္ဂဇင်း၊ ဇွန်လ ၁၉၈၆)
၆။ ဘဝဆိုး —— ၃၃
(မြဝတီ မဂ္ဂဇင်း၊ သြဂုတ်လ ၁၉၇၂)
၇။ မကြင်နွဲ့ထံပေးစာ —— ၉၁
(မြဝတီ မဂ္ဂဇင်း၊ အောက်တိုဘာ ၁၉၈၈)


www.burmeseclassic.com

www.burmeseclassic.com

၈။ အဘိုးကြီး ——— ၁၀၁
(ငွေတာရီ မဂ္ဂဇင်း၊ ဒီဇင်ဘာ ၁၉၈၆)
၉။ ဘကြီးသာမှန် ——— ၁၁၅
(မြဝတီ မဂ္ဂဇင်း၊ စက်တင်ဘာ ၁၉၈၇)
၁၀။ တစ်သက်နှင့် တစ်ကိုယ် ——— ၁၃၃
(မြဝတီ မဂ္ဂဇင်း၊ စက်တင်ဘာ ၁၉၇၀)
၁၁။ ဘိုးတော်အမိန့် ——— ၁၄၇
(မြဝတီ မဂ္ဂဇင်း၊ ဩဂုတ်လ ၁၉၇၁)
၁၂။ ဦးပေါကြွယ် ——— ၁၆၅
(ငွေတာရီ မဂ္ဂဇင်း၊ နိုဝင်ဘာ ၁၉၇၅)
၁၃။ ဇက်ချင်းခင်နှင့် မောင်မတူ ——— ၁၈၁
(မြဝတီ မဂ္ဂဇင်း၊ မေလ ၁၉၈၉)
၁၄။ အစေခံမ ——— ၁၉၃
(မြဝတီ မဂ္ဂဇင်း၊ ဒီဇင်ဘာ ၁၉၇၆)
၁၅။ သေနေ့ ——— ၂၃၉
(ငွေတာရီ မဂ္ဂဇင်း၊ စက်တင်ဘာလ ၁၉၇၇)

## ကျေးရွာရှင် လူကောင်းလူတော် စာရေးဆရာကြီး ဦးရန်အောင် နှစ်၁၀၀-ပြည့်ဂါရဝ

ယခုလို စာဆိုတော်လရောက်လျှင် ဆရာရန်အောင်ကို အထူးအသိရနေမိလေသည်။ ရခဲလှသော လူ့ဘဝတွင် တစ်သက်တာ နေခဲ့ရာ၌ ကျေးရွာမြို့သူအမျိုးမျိုး ကျားမမဟူ တွေ့ရကြုံခဲ့ရပါသည်။ ဆွေထဲ မျိုးထဲမှာလည်းကောင်း၊ သိဟောင်းကျွမ်းဟောင်းထဲမှာလည်းကောင်း၊ခေတ္တတွေ့နေရ ကြုံနေရသော သူများထဲမှာလည်းကောင်း၊ မိမိအား မေတ္တာရှေ့ထားကာ ကူညီစောင့်ရှောက်လာကြသူ ကြီးငယ်မဟူ အားလုံး၏ကျေးဇူးကို မမေ့သင့်သည့်အလျောက် စိတ်ထဲမှာ အလိုလို မှတ်မိနေတတ်သည်။ လူမှာ အခက်အခဲဟူသမျှ ကြီးသည် ငယ်သည် မဟုတ်သော်လည်း သူတစ်ပါးပါမှ ပြီးမြောက်ရသည်များလည်း ရှိနေသည်။ ကျေးရွာရှိနေသူ အလူလူထဲမှာ စာရေးဆရာ၊ ကဗျာ ဆရာကြီး ဦးရန်အောင်သည် ကျွန်မ၏ ဘဝတစ်ကွေ့မှာ တွေ့ရသည်သာ မဟုတ်ဘဲ ဘဝတစ်သက်တာ သေခါမှခွဲခွာခဲ့ရသော ကျေးဇူးကြီးသူ တစ်ယောက်ဖြစ်လေသည်။

ကျွန်မတို့ သားချင်းထဲတွင် စာပေဝါသနာ၊ စာပေဖြင့် ဘဝတစ် လျှောက်လုံး အများအကျိုးပြုနေသူ အစ်ကိုကြီးအရင်း ယနေ့သက်ရှိ ထင်ရှား (၉၄)နှစ်အရွယ် ဆရာကြီး မင်းသုဝဏ်သည် ကျွန်မ၏ ဖခင်ကိုယ်စား ကြီးမားသော ကျေးဇူးရှင်တစ်ယောက် ဖြစ်လေ

www.burmeseclassic.com

www.burmeseclassic.com

သည်။ တစ်မြို့တည်း နေကြရသဖြင့် အခါများစွာ မတွေ့ကြရသော်လည်း စိတ်ထဲမှာ နေ့စဉ်တွေ့ရဆုံရ စကားစမြည်ပြောနေရသလိုပင် ရှိနေသည်။

ကိုအစ်အရင်းကဲ့သို့ပင် သွေးမတော် သားမစပ်သူတစ်ယောက် အစ်ကိုကြီးကဲ့သို့ ချစ်ခင်ရ၊ အားထားရ၊ စိတ်ချရသော သူတစ်ယောက်မှာ ဆရာဦးရန်အောင်သာ ဖြစ်လေသည်။ ၁၉၅၇-ခုနှစ်မှာတုန်းက နယ်ဉ်စာပေတိုက်မှာ ဂျော့စာအုပ်များ ကြိုးကြားရိုက်နှိပ်ပေးရာ၌ ဆရာဦးရန်အောင်အမည်ရှိ ပရုဖတ်သူတစ်ယောက် နေ့စဉ်ရောက်လာသည်။ ဆရာရန်အောင်အကြောင်းကို သူ့ရေးရာ ဝတ္ထုနှင့် မဂ္ဂဇင်းဆောင်းပါးများကို ဖတ်ရှုရာမှ သိနေခဲ့သည်။ နယ်ဉ်ပုံနှိပ်တိုက်မှာ ဆရာက ပရုရီဒါ လာလုပ်စဉ်မှာ ကျွန်မအဖို့ ကံကောင်းကြုံကြိုက် ခဲ့ရတော့သည်။

တစ်နေ့တွင် ကျွန်မ၏ မဂ္ဂဇင်းဆောင်းပါး ကဗျာများ စုပေါင်းရိုက်နှိပ်မည်ဖြစ်၍ ကဗျာရေးတော်သော ပရုဖတ်သူမှ ပိုကောင်းမည်။ မိမိကိုယ်တိုင် ဖတ်သည်ထက်ပင် သတ်ပုံသတ်ညွှန်း စိတ်ချရမည်၊ ပြင်စရာရှိပါက သူပြင်ပေးမည်ဟု စိတ်ချယုံကြည်စွာဖြင့် မိမိဘာသာမဖတ်ဘဲ ဆရာရန်အောင်က ပရုဖတ်ပေးသည်။

ထို ၅၇-ခုနှစ်အချိန်က ခေတ်ဆန်းကဗျာရေးသူ ဦးရေ လက်ချိုး၍ ရေနိုင်သလောက် ရှားနေသည်။ မည်သူမျှ တစ်အုပ်စာ မရနိုင်ကြ။ ကျွန်မအဖို့သာ ဂန္ထလောကထဲမှာ ပါရှိသော ကဗျာများနှင့် နောက်ရေးကဗျာများ စုပေါင်းကာမှ တစ်အုပ်စာရရှိနိုင်သဖြင့် စာအုပ်ရိုက်နှိပ်ဖို့ ဖြစ်မြောက်ခဲ့ရသည်။ ဆရာရန်အောင်က စက်မှကျလာသော ကဗျာများကို အချောပြင်ကာ ဖတ်နေဆဲ ကဗျာစာအုပ်မှာ အမှာနိဒါန်းရေးပေးဖို့အတွက် "ကဗျာဝါသနာကြီးသူ ကဗျာရေးကျွမ်းကျင်သူမှသာ ရေးသင့်သည်" ဟု တွေးမိသဖြင့် ဆရာဦးရန်အောင်အား "နယ်ဉ်ကဗျာများကို စာအုပ်တွင် အမှာနိဒါန်းရေးပေးဖို့ တောင်းပန်ရသည်။

သူ့အဖို့မှာ နယ်ဉ်ကဗျာစာမူကို သပ်သပ်ကြည့်စရာမလို၊ ပရုဖတ်ပြီးသားဖြစ်နေ၍ စိတ်ဝင်စားစွာ မကြာခင် ရေးပေးတော့သည်။ ဆရာသည် အသက်နှစ်ဆယ်အရွယ်မှစ၍ ပရုဖတ် စာပြင်ဆရာအလုပ်ကို လုပ်ခဲ့ပြီး မိဘမျိုးရိုးက အနုပညာဝါသနာအရ သီချင်းကြီး သီချင်းခန့်များပင် သီဆိုတတ်ခြင်း၊ ရုပ်သေးသဘင်မျိုးရိုးမှ ဆင်းသက်လာခြင်းဖြစ်၍ ထိုခေတ်က ပြဇာတ်များကို ဖတ်ရှုလေ့လာရာမှ အနုပညာဝါသနာ ပြင်းပြစွာ ကဗျာများ ရေးသားခဲ့သည်။ ဝတ္ထုများ၊ ပြဇာတ်များတွင် ကဗျာများပါ ထည့်ရေးခဲ့သည်။ ကဗျာဝါသနာထုံ၍ ကဗျာကို အားစိုက်ပြုစုလိုပါသော်လည်း ငွေကြေးမရသော ထိုကဗျာရေးခြင်းအလုပ်ကို စွန့်ကာ ဝမ်းရေးအတွက် ဝတ္ထု၊ ပြဇာတ်၊ ဆောင်းပါးတို့ကိုသာ ရေးခဲ့ရသည်။ ဘာကိုပဲ ရေးခဲ့စေ စာအုပ်တစ်အုပ်၏ နိဒါန်းအမှာစာကိုတော့ မရေးခဲ့ဘူးပေ။ ယခု နယ်ဉ်ကဗျာစာအုပ် ရောက်ခါမှ စာအုပ်အမှာ နိဒါန်းရေးခဲ့ဘူးသည်ဟု သူ၏ အမှာနိဒါန်းမှာ ဖွင့်ဆိုရေးထားသည်။ ထိုနှစ်က စတင်ကြုံကြိုက်ခဲ့သော အကြောင်းတစ်ခုမှာ စာပေဗိမာန်က "စာအုပ်ဝတ္ထုဆု ပေးခဲ့ပြီဖြစ်၍ ဝတ္ထုသုံးအုပ်မြောက်မှာ (ပထမဆုံးကဗျာ စာအုပ်)ကို ကဗျာဆုပထမဆုံးဆုအဖြစ် ပါရှိလာသည်။ သို့ရာတွင် ကြေငြာချက်အတိုင်းမဟုတ်ဘဲ နယ်ဉ်ကဗျာများ စာအုပ်တင်မက၊ ၁၉၅၇-ခုနှစ်က ထုတ်ဝေခဲ့သော အိုင်စီအက်ဦးချမ်းသာ၏ "လက်ဝဲမင်းညို"

ကလောင်အမည်ခံ ပုဂ္ဂိုလ်၏ ရတုပိုက်စုံများ စာအုပ်ကိုပါ နှစ်အုပ်တွဲ၍ ဆုပေးခဲ့သည်။ ကျွန်မ၏ ပထမဆုံးစာအုပ်ကို ပထမဆုံး စတင် ဆုပေးရွဲမှာ ရရှိသော်လည်း မဆိုင်သော ၁၉၅၇-ခုနှစ်မှာ ရေးခဲ့သော ရှေးကဗျာစာအုပ်ကိုပါ ရောနှောဆုပေးသဖြင့် ကျေနပ်မှုမရှိဘဲ၊ ဆုကိုပင် တက်မယူခဲ့ပေ။

ကြုံကြိုက်သဖြင့် အတိတ်က မပြေမလည်လုပ်ခဲ့ကြခြင်းကို ပြောလိုက်မိခြင်းသာ ဖြစ်ပါသည်။ ယခုလို သက်ကြီးရွယ်ကြီးအရွယ်သာဆိုလျှင် ပြောစရာအလုပ်မရှိပါ။

www.burmeseclassic.com

www.burmeseclassic.com

ဆရာရန်အောင်၏ ကျေးဇူးကို ဆပ်ရပါမည်။ "နှယ်ဥကဗျာများ" စာအုပ်ဆုရခဲ့ခြင်းမှာ ဆရာရန်အောင်၏ အမှာနိဒါန်းကြောင့်လည်း အချက်တစ်ချက်ဖြစ်ပါလိမ့်မည်။ ဘယ်စာအုပ်မျိုးမဆို ရှေ့က အမှာစာ မပါရှိလျှင် မပြည့်စုံပါ။ အမှာစာပါတော့မှသာ ဖတ်ရှုသူက ရေးသူ၏အဓိကရည်ရွယ်ချက်ကို ထင်းခနဲမြင်ရပြီး ဖတ်ရာတွင် သံသယကင်းစွာ အားရပါးရ ကျေနပ်နိုင်မည်ဖြစ်ပါသည်။

ကျွန်မတို့ ကြုံကြိုက်၍ ကဗျာဆရာကြီးရန်အောင်က သူကိုယ်တိုင်စာမြင်ဆရာ သူကိုယ်တိုင်အမှာစာရေး၍ စာအုပ်ကို ရေရေလည်လည်ညွှန်းဆိုပြထားသဖြင့် အမှန်တရားကို မည်သူမျှ မငြင်းနိုင်ကြပါ။

ကဗျာကို အရိုးစွဲအောင်နှစ်သက်၍ ဝမ်းရေးမပြေလည်ရခြင်းကြောင့် ဝါသနာကို ချုပ်ထိန်းရရှာပါသော်လည်း ဝမ်းတွင်းပါ အနုပညာဝါသနာမှာ အစဉ်အမြဲ ရင်ထဲရှိနေသူဖြစ်ရာ သူ့မှာ ကဗျာစပ်ရာတွင် ထူးခြားသော "ဖြတ်ထိုးဉာဏ်" ရှိထားသည်ကို သိရှိခံစားရပါသည်။ စာဆိုဉာဏ်ရင့်သန်သူ တစ်ယောက်ပင်။

ကဗျာဝါသနာ ရင့်ကျက်နေသူ ဆရာရန်အောင် မကြာမကြာ ကျွန်မတို့အိမ်သို့ လာတတ်ပါသည်။ သက်သက်မဲ့လာခြင်းမဟုတ်ပါ။ ကျွန်မအခြေအနေကို သူသိထား၍ ကျွန်မအနေဖြင့် သားသမီး (၄) ယောက် မိခင်၊ အိမ်ရှင်ယောကျ်ားနှင့် အိမ်၏တာဝန်မှန်သမျှကို အိမ်မှာ အချိန်ပြည့်တာဝန်ယူရင်း ဝါသနာ၊ စေတနာအရ ကဗျာများ၊ ဆောင်းပါးများ ရေးနေသည်ကို သိသည့်အလျောက် ကျွန်မကို ညီမငယ်တစ်ယောက်အနေဖြင့် စာမူရှိက ပို့သင့်သည့်တိုက်သို့ ပို့ပေးရန်လာခြင်းသာ ဖြစ်ပါသည်။

ဆရာက အိမ်ရှေ့ညေ့ခန်းမှာ ဝင်ထိုင်ရင်း "မနှယ်ဥ...ဘာများရေးထားသလဲ ကျွန်တော်ယူသွားမယ်၊ ပို့ပေးမယ်...သွားရင်း လာရင်း ဝင်ယူတာပဲ၊ အားမနာပါနဲ့" ဟု ပွင့်လင်းစွာပြောလေ့ရှိသည်။ ကျွန်မတို့ အိမ်ရှိယောကျ်ားက သူ့စာထဲသူရေးတာ ဘာကိုမှ လှည့်မကြည့်သူ ဖြစ် ၍ အကူအညီပေးလေ့ရှိသော အစ်ကိုကြီးတစ်ယောက်ရောက်ရှိလာပြီဟု အားရဝမ်းသာစွာ ရှိသမျှစာမူကို ထုတ်ပေးလိုက်သည်။ နောက်တစ်လ၊ နှစ်လကြာသော် ဆရာက ထွက်နေသော မဂ္ဂဇင်းလေးနှင့်စာမူခကို ကိုင်ကာ ရောက်လာခဲ့သည်။ တိုင်းချစ်မဂ္ဂဇင်းအစ၊ မဂ္ဂဇင်းအကြီး အငယ်မရွေး ဆရာပို့ပေးပြီး ထွက်ရှိရာ စာအုပ်နှင့်စာမူခလာပို့နေခြင်းသာ ဖြစ်ပါသည်။

တစ်ခါ၌ ဆရာရန်အောင်ကို စာမူလေးတွေ ယူသွားဖို့ ထုတ်ပေးပြီး သူထွက်သွားသည်ကို ငေးကြည့်နေပြီးမှ ချပေးသောကော်ဖီပွဲကို သိမ်းယူစဉ် စာရွက်အပြတ်လေးတစ်ရွက် လင်ပန်းနောက်မှာ လွင့်ထွက်လာသည်။ စာရွက်တိုကလေးမှာ-

"မနှယ်ဥ... ယဉ်ပါပေ့ကဗျာမှ
ယဉ်ယဉ်သာ သူ့ဇော်ကျူးတယ်
ထူးတဲ့ ခင်လေ့..."

သူက တစ်ထိုင်တည်းရေးထားခဲ့သော ကဗျာကို အံ့ဩစွာကြည့်ရင်းမှ ကာရန်အတွက် "အေ့" ကာရန်ရအောင် ယူပုံကို မှတ်သားလိုက်ရပါသည်။ ဤကဲ့သို့ ကာရန်ယူပုံမျိုး ဆရာဇော်ဂျီ၏ ကဗျာမှာလည်း တွေ့ရဖူးပါသည်။

ကျွန်မဆီက စာမူယူသွား၊ ပြန်ပို့အလုပ်ကို လုပ်နေရင်းမှ ခေါင်းရင်းခန်းမှာ ထိုင်ကာ စာငုံ့ရေးနေသော အိမ်ရှင်ယောကျ်ားအား "ကိုတက်တိုးကော... စာမူရှိရင်ပေးလေဗျာ၊ ကျွန်တော်ယူသွားမယ် အားမနာနဲ့၊ ကျွန်တော်စာမူလှည့်ပေးရင်း တစ်ပါတည်းပို့ရမှာ" ဟု တောင်းပါသည်။ ကိုတက်တိုးက စာမူလှမ်းပေးရင်း "စာအုပ်ထွက်တော့လည်း ရရမှာနော်" ဟုပြောကာ လှည့်ထွက်သွားသည်။ ဆရာသည် ကျွန်မထက် အသက် ၁၃-နှစ်ကြီးသော်

www.burmeseclassic.com

www.burmeseclassic.com

လည်း စကားပြောလျှင် "ကျွန်တော်"နှင့်ပဲ အမြဲပြောလေ့ရှိသည်။ ကိုယ့်ထက်အငယ်ပဲဖြစ်၍ မာန်မာနမထားဘဲ၊ ဖြူစင်သော မေတ္တာအရိပ်ကို စကားပြောရာမှာပင် ပရိယာယ်မပါဘဲရှိသည်ကို မြင်နေရသည်။

ထိုနေ့ကလည်း သူပြန်သွားပြီးစားပွဲပေါ်မှ သတင်းစာများ ကော်ဖီပွဲများကို ရှင်းရာမှ ဖန်လုံးကလေးဖိထားသော စာရွက်ပိုင်းလေးတစ်ခုကို တွေ့ရသည်။ စာကသူ့လက်ရေးနှင့်-

" ရပါပြီ၊ လူလုကို အဆီရဲ့
ဟီဟီလွန်ကောင်း။
နောက်နောင်ခါ မိန့်တော်ပါရွှေဗျာဒိတ်ကို
ဦးထိပ်ရွက်ကြောင်း။ "

ကျွန်မအဖို့ သူ့မေတ္တာသင်္ကေတ စာရွက်ပြတ်ကလေးတွေကို ကောက်ယူပြီးစုထားခဲ့မိသည်။ ဆရာသည် ငယ်အဝကစ၍ စာရေးခြင်းဖြင့်အသက်မွေးဝမ်းကျောင်းရသဖြင့် စားဝတ်နေရေး မပြေလည်ခဲ့ပါ။ တော်တော်ကျပ်တည်းပါသည်။ တော်တော်လည်းပင်ပန်းကာ မျက်နှာငယ်ရရှာပါသည်။ မသိသူများက သူ့ပုံသဏ္ဌာန်ကိုကြည့်ပြီး အထင်သေးကြသော်လည်း သူ့အကြောင်းသိသူ(အတွင်းသိ၊ အပြင်သိ)များက သူ့သီလ သမာဓိများကို လေးစားကြည်ညိုကြပါသည်။ သူ့ဘဝသည် လောကဓံဆိုးတွေနှင့်သာ ရင်ဆိုင်နေရရှာပြီး သူ၏အိမ်ထောင်ရေးမှာလည်း မပြေလည်ခဲ့ပါ။ အမိမရှိသော သမီးသုံးယောက်နှင့် သားငယ်လူမမည်ပါပေါင်း လေးယောက်ကိုကျန်းမာအောင် မွေးမြူနိုင်ခဲ့သည်။ ပညာသင်ပေးနိုင်ခဲ့သည်။ အမေ့နေရာတွင် အဖေဖြစ်သူက သမီးများကိုအမေလိုပင် ကြည့်ရှုကာ ပညာသင်ပေးခဲ့ရာ အားလုံးသော သမီးသားတို့မှာ သာမန်မျှသာမဟုတ်ဘဲ ခေတ်ပညာတတ်၊ လိမ္မာရေးခြားရှိသော သားသမီးများ ရန်အောင်၏ မျိုးနွယ်ဆက်ခံနိုင်စွမ်းရှိသော သားသမီးများသာဖြစ်လာကြသည်။

ဆရာရန်အောင်မရှိတော့၍ ဆရာ့အထိမ်းအမှတ် အလှူပွဲကို နှစ်ပြည့်တိုင်းလုပ်သည့်ရှိရာ သူ့ကျေးဇူးတွေ(လူမှုရေး စာပေရေး) အတွေ့တွေ့ရှိခဲ့ဖူးသည်ကို မမေ့နိုင်သဖြင့် သွားဖြစ်အောင်သွားရသည်။ကျွေးစာလှူစာကို စားဖြစ်အောင်စားရသည်။ လိမ္မာသော သားသမီးမိသားစုကိုကြည့်ကာ " ဆရာ့ကျေးဇူးကြီးလှပါကလား"ဟု ရင်ထဲကအနုမောဒနာဖြစ်ရပါသည်။

တစ်နှစ်တွင် ဆရာ့သမီးအငယ်နှင့်တွေ့ရာ သူက " ကျွန်မအလုပ်ကထွက်လိုက်ပြီ ကျောင်းဆရာမ အလုပ်ကို ရပ်ဝေးမှာပြောင်းပေးလို့ မိသားစုသုံးယောက်ခွဲလို့မဖြစ်တာနဲ့ ထွက်လိုက်ရတယ်။ အဖေသာရှိရင် သက်ဆိုင်ရာမှာမျက်နှာသွားပြလိုက်တာနဲ့သည်ထက်နီးတဲ့ မြို့မှာရမှာပဲ၊ အခုတော့မျက်နှာငယ်ရတာပဲ၊ အဖေ့ကိုသတိရလိုက်တာဟု"ဝမ်းနည်းစကား ပြောလေသည်။ အမိရှိပါလျက်နှင့် အမိမဲ့သားသမီးဖြစ်ရသော ရင်သွေးရတနာများကို ဆရာသည် အစစအရာရာမှာ ပညာတတ်အောင်သင်ပေးခဲ့သည်။ ဆရာ့သားသမီးတွေကလည်း အတတ်ပညာသာမက၊ အသိပညာပါရှိလာကြသည်။ ဆရာသည် သားသမီးများကိုကျောင်းထားဆိုက ကြွေးယူတန်ယူရသည်။ ပြေအောင်လည်းပြန်ဆပ်သည်။ စာရေးဆရာတစ်ယောက်၏ လုပ်စာဖြင့် အခြေခံပစ္စည်းမရှိသော်လည်း သူ၏စေတနာ၊ ဝီရိယကား ခိုင်မြဲစွာ ရှိနေသောကြောင့် ဘယ်သူနှင့်တွေ့ရစေ ကရုဏာဖြင့် ကူညီတတ်လေသည်။

ကျွန်မတို့ကို မိသားစုပမာခင်မင်ရင်းနှီးသော်လည်း တစ်ခါမျှ အကူအညီမတောင်းစဖူး သို့ရာတွင် ရင်မှဖြစ်သော သားသမီးတို့၏ ပညာရေးအတွက် ငွေကြေးလိုအပ်ရာကို တစ်ချိန်က တောင်းဆိုဖူးသည်။ သူချေးငှားတောင်းဆိုသည်မှာ ငွေ ၃၀၀ ။

ထိုငွေ ၃၀၀ကို ပေးလိုက်ချင်၏။ သူအားတုံ့အားနာဖြစ်သွားလေမလားဟု မိမိကပင် အားနာစွာ လွယ်လွယ်ယူပေးခဲ့သည်။ ထိုချေးငွေ ၃၀၀ ကိုကြာပင်ကြာသွားသော်လည်း တစ်ပြား တစ်ပုံစုံ၍ဆပ်သည်။ အမှတ်မဲ့ ဘယ်လောက်ဆပ်ထားသည်ဟုပင် ကြွေးမတွေးမိ။ ဆရာ

www.burmeseclassic.com

ကတော့ လောကထက် သံသရာပါမည့်ကြွေးကို မလိုလားပုံရသည်။ ကျွန်မကအမှတ်မဲ့ ဖင် ထိုကြွေးအကြောင်းရ ကောင်းသည့်စကားမပြောဘဲနေသဖြင့် တစ်ခါမှာကဗျာလေးတစ်ပုဒ် ရေးချထားခဲ့သည်။ ထိုကဗျာမှာ- ဆရာတို့ရယ်နှင့်လုမျိုးစု မနယဉ်။ သုံးရာကြွေး ဆပ်ပေး ရာတစ်လီနှင့် ငါးဆယ်စီသုံးခါရှိ၊ ပေါင်းဘီနှစ်ရာခွဲ စွဲမှတ်မိအင်။

ကျွန်ငါးဆယ်သီးသီးဖင့်ပါလိမ့်ကြောင်း

မသင်ခွင့်မတွင်

ဖြစ်စဉ်ကကျဲသို့။

ကလေးတွေကျောင်းပိတ်နေ ထိုနှစ်လသာပ

စုကျကားဗီး (Fees) ကိုပေးရလို့

ပေးမပါတို့။

ရန်အောင်

ဆရာသည်စာရေးခြင်းပညာဖြင့် သားသမီးများကို အဓိမဲ့သားရေးနည်းငါးအဖြစ် မမြင်လို။ ငါအဖ၊ ငါအမိဟူသော ကရုဏာမေတ္တာဖြင့် ကျွေးယူ၊ ယူပြီးဖြစ်အောင် ဆပ်လေ့ ရှိသည်။ အဝတ္တရား ကျေပွန်းသော ကျေးဇူးခံသားသမီးတို့ကလည်း "မျိုးနွယ်စပ်ဖံ" ဟူသော သားသမီးတာဝန်ကို ကျေပွန်လာကြသည်။ ယခုအခါတွင် လူတစ်လုံးသူတစ်လုံးဖြစ်ကာ တိုင်းပြည်အတွက် အရေးပါအရာရောက်လာသော ဆရာ့သားသမီးများကိုကြည့်ကာ ဆရာ သည်ခံနိုင်စွမ်း လာသမျှလောကဓံ အဆိုးဟူသမျှကို ကြံကြံခံကာ ဖခင်ဓါတာဝန်၊ လူ့တာဝန် ကျေပွန်အောင် အသက်(၉၀) အထိ အပြစ်မရှိနေနိုင် သွားခဲ့သည်။ သည်လို စာရေးဆရာ မျိုး လက်ချိုးရေတွက်လို့ပင် မတွေ့ပါ။ စာပေရေးသား အသက်မွေးနေသည်ဆိုသူများမှာ မယားက ဝင်ငွေအရာကောင်း နောက်ခံအခြေအနေကောင်းကြသူများသာ တွေ့ရပါသည်။

သို့ပြင် စာရေးဆရာ လူတော်တွေ ယမကာဇက်ကာ စောစောရှေ့ကြသူအများပင် မြင်ရ၊ ကြားရပေသည်။

ဆရာသည် လူတော်လူကောင်းသာ ဖြစ်၍ သူ့ဘဝမှာ ပျက်စီးရာ ပျက်စီးကြောင်း အတစ်ခုမှ မကြားရခဲ့ဖူးပေ။ ထို့ကြောင့်သာ "သူတော်ကောင်းကို နတ်ကောင်းစောင့်ရှောက် သည်။ "မစ" သည် "ဟု ဆိုစကားရှိခဲ့သည်မှာ အမှန်ပင်။

တစ်သက်လုံး လူ့ဝတ္တရား ကျေပွန်ခဲ့သည့် ခံနိုင်ရည်ရှိခဲ့သူ စာရေးဆရာ လူမွဲတစ် ယောက်ပင်။ နတ်ကောင်းမနေသာ စောင့်ရှောက်ကယ်တင်လာတော့သည်။

ဆာဒူးအဘိုးသည် ဆရာသူတော်ကောင်းအတွက် နတ်ကောင်းတစ်ပါးဖြစ်လာ သည်။ ငယ်ဘဝက သူ့ထံရောက်ရှိလာသော "ဆာဒူးအဘိုးသည် လောကဓံဆိုး ကံကြမ္မာ ဆိုးများ ခံနိုင်ရည်ဝလာသော ဆရာရန်အောင်အား ကယ်တင်ဖို့ အခွင့်အခါကျလာပြီဖြစ်၍ ဆာဒူးအဘိုးရှိရာ ဆရာ့အိမ်သို့ ကန်တော့ရန်လာသူများက ဆရာ့အတွက် ရာထောင်မက ကျေးဇူးဆပ်သွားကြသည်။ ငွေကြေးတွက်မရနိုင်သော လူ့အိုဘဝရောက်လာသော ဆရာသည် သူရေးရာစာများတွင် သံဝေဂသဘောတွေ ပါရှိလာသည်။ လောကဓံကောင်းလှည့်ရောက်လာ ၍ စိတ်ပြောင်းမသွား။ သံဝေဂစိတ်သာ ပွားများလာတော့သည်။ ဆာဒူးအဘိုးကြောင့် ဆရာ့ ငွေကြေးရတတ်တစ်ယောက်ဖြစ်လာသောအခါ စာရေးဆရာတို့ကလည်း ချဉ်းကပ်ငွေ ချေးကြ ကောင်းဆိုကြဖြစ်လာသည်။ မွဲနေစဉ်က ဆရာမွေးနေ့ မုန့်ဟင်းခါးကျွေးရာသို့သာ တစ်နှစ် တစ်ကြိမ် ရန်ကင်းက ဆရာ့တိုက်ခန်းကို လာကြသည် ကျွန်အချိန်မှာ ဆရာ့အတွက် ကူညီမည့်သူ ကာမ်းကန်တော့မည့်သူ မလာကြ။

သို့သော် လောကဓံကျေညက်ထုတောင်းခံရသော ဆရာသည် သူ့ဘဝမှာ သူခံစား ခဲ့ရသလို စာရေးခြင်းဖြင့် အသက်မွေးကာ ဆင်းရဲကျပ်တည်းသူများကို လက်မတွန့်ဘဲ ပေး

www.burmeseclassic.com

ကမ်းစွန့်ကြသည်။ အချို့အသင်မပြေသော စာရေးဆရာတို့က ဆရာ့ထံမှ သောင်းဂဏန်းချီ၍ ချေးယူကြသည်ဟု ကြားသိရသည်။ ဆရာကလဲ မတွန့်မဆုတ် မစ ချေးငှားလိုက်သည်။

ဆရာသည် အရင်ကလိုမဟုတ်ဘဲ ကြေးရတတ်ဘဝကို ရှိနေရာ၊ ကျွန်မကိုလည်း ပေးချင်ကမ်းချင်သော စေတနာတွေ ရှိလာသဖြင့် ဘယ်လိုဘယ်ပုံ ပေးရမလဲဟု တွေးနေပုံရ သည်။ ဝါကျွတ်လပြည့်နေ့သည် ကျွန်မ၏မွေးနေ့ဖြစ်၍ ထိုနေ့တွင် အိမ်မှာမွေးနေ့ပွဲ အလှူကိုး ခေတ်မြိုင်ကဗျာဆရာ သုံးဆယ်ကျော်ကို ဖိတ်ကြားကာ ထမင်းကျွေးအလှူလုပ် သည်။ စာအကြောင်း ကဗျာအကြောင်းတွေ လွတ်လပ်စွာ၊ ပြောကြဆိုကြ ရယ်မောကြသည်။ အလှူမဲလည်း ဖောက်ကာ လှူသည်။ နောင်အခါအိမ်မှာ ဒူးတိုက် ကြမ်းပြင်မှာထိုင်ရသဖြင့် စထရင်း ဟိုတယ်မှာ လုပ်သည်။ ဘာမှ ချက်စို့မလိုဘဲ မနက်စာအဖြစ် ထောပတ်ထမင်း ကြက်သားဟင်းနှင့် အချိုပွဲပါရှိရာ ဟိုတယ်ကို မလာလိုကြသူများက အဝတ်စား ကောင်းကောင်း ဝတ်လာကြသည်ကို မဝတ်လိုကြ။ အိမ်မှာပင် စားလိုကြသည်။ နှစ်ကြိမ်မျှ လုပ်ပြီးသော ဟိုတယ်သစ်ဆောက်တော့မှာမို့ ညီသည်လက်မခံတော့။ ထို့ကြောင့်ကန်တော်ကြီးဟိုတယ်မှာ လုပ်သည်။ အပြင်မှာ ဒန်ပေါက်ထမင်းမှာကျွေးသည်။ သို့သော် ညီသည်တို့ သွားရေးပြန်ရေ ဘတ်စ်ကားလိုင်းမဟုတ်၍ အပြန်မှာ နေပူမိကုန်ကြသည်။

သို့ရာတွင် ကျယ်ကျယ်ပြန့်ပြန့်ပဲ လုပ်ချင်၍ ၁၉၈၂-ခုက ကန်တော်ကြီးဟိုတယ် မှာပဲလုပ်ဖို့ ဆုံးဖြတ်ပြီး ရန်ကင်းရှိ ဆရာထံ ဖိတ်စာသွားပို့သည်။ ဆရာသည် သူ့အခန်းမှာ မရှိ။ တစ်ဖက်ခန်းမှာ ယာယီသွားအိပ်နေစားလုပ်နေသဖြင့် ထိုအခန်းသို့ သွားဖိတ်ရသည်။

ဆရာက သည်တစ်ခါ "မနယ်ဦး...မွေးနေ့မှာ ကျွန်တော်ကျွေးချင်တာပဲ၊ ငွေငါး ထောင်ယူပါ" ဟု ပြောသည်။ ကျွန်မက "ကြိုကြိုဖန်ဖန်ဆရာရယ် ကျွန်မက ကျွေးရမှာပါ မလုပ်ပါနဲ့ဟု" တောင်းပန်သည်။

"ကျွန်တော်က မနယ်ဦးကို ကိုယ့်ညီမလေးလို ခင်မင်လို့ ကျွေးချင်နေတာပါ။ ယူပြီး ဖိတ်လိုက ဖိတ်ပါ ယူမှ ဖြစ်မယ်" ဟု ပြောသဖြင့် ငွေငါးထောင်ကို ယူခဲ့ရသည်။

ထိုမွေးနေ့ပွဲ ကျင်းပရခြင်းသည် ကျွန်မ၏ နောက်ဆုံးမွေးနေ့ပွဲပဲ ဖြစ်ပါသည်။ နေရာအခက်အခဲ လွတ်လပ်စွာ ပြောဆိုရခြင်း စသည်ဖြင့် နေသားတကျမဖြစ်၍ ဆက်မ လုပ်ဖြစ်တော့ပေ။ လာရောက်စားသောက်ကာ ကဗျာအကြောင်း စာအကြောင်းပွင့်လင်းစွာ ပြောဆိုခဲ့ကြရသော ကဗျာဆရာဦးရေ သုံးဆယ်အနက် ယနေ့ဆိုရင် ဆရာရန်အောင်လို ခိုင်မှအစ ကဗျာဆရာ ခုနစ်ယောက်ကွယ်လွန်ခဲ့ကြပေပြီ။ အောက်မေ့မဆုံးပါ။

ဆရာသည် ဇရာအရွယ်ရောက်ခါမှ လှူလိုရာလှူ သားသမီးတွေကို ပေးကာ သုံးကာ စိတ်တိုင်းကျ နေရပါသော်လည်း ဇရာကနှိပ်စက်ခြင်းကို ခံစားလာရလေသည်။ အရင်ကလို မဟုတ်ဘဲ ရယ်လားမောလားမရှိ ပိတ်ဖြူပုဆိုးပဲ ဝတ်သည်။ သီလစောင့်သည်။ သူ့အသက် ၉၀-ရောက်တော့ တစ်သက်တာ စာပေဆုရသည်။ အသက် ၉၀-မှာ တစ်သက် တာစာပေဆု ကြေညာပြီး မကြာခင်မှာ ၉၀-ပြည့်မွေးနေ့ လုပ်ရာ နှစ်ထပ်တိုက် (နေရာကို မှတ်မိ။) သို့ ကျွန်မတို့သွားကြသည်။ အောက်ထပ်မှာ ပလာတာ ကြက်သားဟင်းကျွေးနေ သည်။ ဆရာက အပေါ်ထပ်မှာ နှစ်ယောက်ထိုင် ဆိုဖာမှာထိုင်လျက် သူ့ဘေးမှာ ကိုတက်တိုး နှင့် ဦးတင်ဖတ်က ကပ်ထိုင်လျက် တစ်သက်တာစာပေဆုထဲက ယူပြီးရင် ဘယ်လောက်ပေး မလဲဟု မေးရာ တစ်ယောက်နှစ်ထောင်ဆီပေးမယ် ရယ်သံတိုးတိုးဖြင့် ပြောသေးသည်။ ဆရာ သော်တော့ကို အားနည်းနေရှာပြီဟု စိတ်မကောင်းဖြစ်ရပါသည်။

အဆိုတော် သင်းသင်းမြတ်က စောင်းကောက်တီးကာ သီချင်းဆို၍ ကန်တော့ ရာ ဆရာက "ရှေ့နားတိုးဆိုပါကွယ်" ဟု လေသံပျော့ပျော့နှင့်ပြော၍ သူ့ရှေ့တည့်တည့်မှာ ထိုင်၍ တီးရသည်။

www.burmeseclassic.com

www.burmeseclassic.com

ဆရာရှေ့မှာ ဒေါ်ခင်မျိုးချစ်၏သား ဒေါက်တာခင်မောင်ဝင်းဇနီးမောင်နှံတို့ အနီးကပ်ရှိကြရာ အားရပါးရ ဝမ်းမသာနိုင်ကြပါ။

ဝတ်ဖြူစင်ကြယ်နှင့် လူသူတော်ကောင်း စာရေးဆရာကြီးရန်အောင်၊ လောကဓံလှိုင်းထဲမှာ တဝဲလည်လည် လူမှုဒုက္ခတွေ ခံစားကာ လူကောင်းတစ်ယောက်ဖြစ်အောင် နေနိုင်ခဲ့သော ဆရာကြီးရန်အောင်၊ သူ၏စာပေများဖြင့် စာဖတ်သူအပေါင်းအား ဗုဒ္ဓ၏ ယဉ်ကျေးမှုအမွေကို လက်ဆင့်ကမ်းပေးဝေခဲ့သော ဆရာကြီးရန်အောင် မည်မျှဆင်းရဲစေ ဖြူစင်ဖြောင့်မတ်ခဲ့သော ...ဖြောင့်စိုင်ရုံစိတ်ထားဖြင့် လူ့လောကတွင် သမ္မာဒိဋ္ဌိအပြည့်ရှိခဲ့သော လူကောင်းလူတော်စာရေးဆရာ၊ ကဗျာဆရာကြီး ရန်အောင်သည် တစ်သက်တာ စာပေဆုပေးသည့်အခါ သူမရှိတော့ပေ။ ခွဲကျပ်သောဝေဒနာဖြင့် ကွယ်လွန်ရှာသည်။ သက်ဆိုင်သူတို့က သူတို့ဖခင် ကျေးဇူးရှင်ကြီးကိုယ်စား လက်ခံကြရတော့သည်။

ယခုနှစ် စာဆိုတော်ရက်များတွင် မေ့၍မရနိုင်သော အားလုံး၏ စာပေကျေးဇူးရှင်။ ကျွန်မ၏ ကိုယ်ရေးကိုယ်တာ အစစညီမရင်းသဖွယ် ကြင်နာမှုတွေဖြင့် အမျိုးမျိုးကူညီခဲ့သော သွေးမတော် သားမစပ်ဘဲ ယခုဘဝမှာလာ၍ တွေ့ရသော လူကောင်းလူတော် အစ်ကိုကြီး ဆရာရန်အောင်သည်။ အသက်တစ်ရာဖြစ်ပေသည်။ မရှိတော့သော ဆရာရန်အောင် အသက်တစ်ရာပြည့် အမှတ်တရ အလှူကိုပြုလုပ်ကြဖို့ ဘယ်လိုစီမံရမည်ကို တွေးတောကြံဆရင်း ဆရာအား ဤစာစုဖြင့် ကျေးဇူးဆပ်လိုက်ပါသည်။

ကောင်းရာသုဂတိမှ ဆရာသိပါစေ။ သာဓု ခေါ်နိုင်ပါစေ. . .။

နယ်ဉ်



# သမီးလိမ္မာ

(၁)

"သမီးရေ. . .ထတော့၊ လေးနာရီ ထိုးပြီ"

မေမေ့နှိုးသံကြောင့် ကျွန်မအိပ်ယာမှထကာ မျက်နှာသစ်ပြီးနောက် မီးဖိုတွင် မီးမွှေး၍ စားတော်ပဲ ပေါင်းသည့်အိုးကို မီးဖိုပေါ်တွင် တင်လိုက်ပါသည်။

ပဲပေါင်းအိုးအနီးတွင် ကျွန်မထိုင်ကာ မီးထိုးနေရင်း ရေးဟောင်းနှောင်းဖြစ်များကို ခိုင်းစားမိပါသည်။

ကျွန်မဖေဖေသည် ကျောင်းဆရာဖြစ်၍ ကျွန်မမေမေသည်လည်း ကျောင်းဆရာမ ဖြစ်ပါသည်။

ဖေဖေသည် ဆေးလိပ်အလွန်အကျွံ သောက်သူဖြစ်သဖြင့် အဆုတ်ကင်ဆာ ဖြစ်ကာ ကျွန်မ ၅-နှစ် သမီးအရွယ်တွင် ကွယ်လွန်သွားရှာပါသည်။

www.burmeseclassic.com

www.burmeseclassic.com



မေမေသည် နောက်ထပ် အိမ်ထောင်မပြုဘဲ ကျွန်မကို ကျွေးမွေးပြုစုကာ ပညာသင်ပေးပါသည်။

မေမေက သူ့မိဘများအကြောင်းကို ပြောပြပါ၏။

"မေမေမိဘများ ဇာတိက အညာအရပ်ကပါ၊ မေမေ ဖခင်ဟာ မြို့တစ်မြို့က မြို့ပိုင်ရုံးမှာ ဘီလစ်စာရေးကြီးတဲ့၊ မေမေငယ်ငယ်ကဘဲ ဖခင်ဆုံးသွားတော့ မေမေ့မိခင်နှင့် မေမေ ရန်ကုန်လာကြပြီး ဆွေမျိုးများအိမ်မှာ ကပ်ရပ်နေရတယ်။

"မေမေမိခင်ဟာ အညာသူပီပီ အလုပ်အကိုင်ကို ကြိုးကြိုးစားစားလုပ်ရှာတယ်။

"မေမေမိခင် ဘာလုပ်သလဲဆိုတော့ စားတော်ပဲကိုပေါင်းပြီး လည်ရောင်းတယ် အခု သမီးတို့ မနက်တိုင်းလိုလို စားနေကြတဲ့ ပဲပြုတ်လိုပါပဲ၊ ပဲကတော့ စားတော်ပဲမို့ အတူတူ ပဲပေါ့ သို့ပေမယ့် မေမေ့မိခင်ကပဲကို မပြုတ်ဘူး၊ ပေါင်းချောင်နဲ့ ပေါင်းတယ်၊ ပေါင်းတာက ပြုတ်တာထက် ပိုပြီးအရသာရှိတယ်၊ စားကောင်းတယ်။

"ပေါင်းတာတောင်မှ ရိုးရိုးသားသားပေါင်းတာ မဟုတ်သေးဘူး၊ မပေါင်းခင် ပဲကို အပင်ဖောက်လိုက်သေးတယ်၊ အပင်ဖောက်ပြီး ပေါင်းတာက နူးနူးညံ့ညံ့နှင့် ပိုစားကောင်းတယ်။

"မေမေ့မိခင်ဟာ အလုပ်ကို ဘယ်လောက်ကြိုးစားသလဲဆိုလျှင် တစ်နေ့မှာ ပဲကို နှစ်ခါပေါင်းပြီး မနက်စောစော တစ်ခါ၊ နေ့လယ် တစ်ခါ၊ တစ်နေ့နှစ်ကြိမ် ရောင်းတယ်။

မေမေ့မိခင်က သမီးလိုဘဲ အလွန်လှတယ်၊ နာမည်ကိုက မလှဝင်းတဲ့၊ နာမည်နဲ့ လိုက်အောင်လှတယ်၊ လှလှပပမိန်းကလေး ပဲပေါင်းရောင်းတော့ လူတွေက စိတ်ဝင်စားကြတယ်၊ သနားတယ်၊ နောက်ပြီးတော့ မေမေ့မိခင်က လှရုံတင်မကဘူး၊ အသံလည်း အင်မတန် ကောင်းတယ်၊ သမီးလိုဘဲ။



"ပဲပေါင်း・・・ရှင်တို့လို အော်လိုက်တဲ့ အသံကလေးများ ကြားရတဲ့အတိုင်းဟာ အံ့တသြဖြစ်ပြီး ဝယ်ကြတယ်၊ ပဲပေါင်းဆိုတော့ အမည်ကလည်း ဆန်းနေတာ၊ နောက်ပြီး တော့ စားကြည့်တော့လည်း အင်မတန်ကောင်းတယ်။

"မေမေမိခင်ဟာ ပဲပေါင်းရောင်းတဲ့ အလုပ်ကို ကြိုးစားလုပ်၊ ချွေချွေတာတာ နေခဲ့၊ ငွေကြေးကောင်းပြီး မေမေ့ကို ကျောင်းထားပေးတယ်၊ မေမေလည်း ကြိုးကြိုးစားစား ပညာသင်ပါတယ်။ မေမေ ဘီအေ-ဘီအီးဘီအောင်လို့ ကျောင်းဆရာမလုပ်တော့မှဘဲ မေမေ့ မိခင်ဟာ ပဲပေါင်းသည်ဘဝက ကျွတ်ရှာတယ်။

"မိခင်မဆုံးခင် နှစ်နှစ်လောက်မှာမှ သမီးဖေဖေနဲ့ လက်ထပ်ကြတယ်၊ မိခင်ဆုံး သွားလို့ တစ်နှစ်လောက်ကြာတော့ သမီးကို မွေးလာတာဘဲ၊ သမီးဟာ မေမေ့မိခင်နဲ့ ရုပ် ရော အသံရောအားလုံး တူလွန်းတော့ မိခင်ဝင်စားတာလားလို့တောင် မေမေ ထင်မိတယ်"

မေမေသည် သူ့မိခင်၏ ကျေးဇူးတော် အနန္တကို မကြာခဏ ပြောပြသည့်အပြင် သူ့မိခင်ကို အမှတ်ဖြစ်စေရန်အတွက် သူ့မိခင် ပဲပေါင်းခဲ့သည့် ပေါင်းအိုးကိုပင် သိမ်းဆည်း ထားပါသည်။

(၂)

ကျွန်မဖေဖေ ဆုံးသွားချိန်တွင် ကျွန်မ ၅-နှစ် သမီးအရွယ်ဖြစ်ရာ မေမေသည် နောက်ထပ်အိမ်ထောင်မပြုဘဲ ကျွန်မကို ဂရုတစိုက်ကျွေးမွေးကာ ပညာသင်ကြားပေးသည် မှာ ကျွန်မဆယ်တန်းရောက်သည်အထိ ဖြစ်ပါတယ်။

ကျွန်မ ဆယ်တန်းအရောက်တွင် ကျွန်မတို့ သားအမိ ကံဆိုးမိုးမှောင် ကျပါလေ တော့သည်။

www.burmeseclassic.com

www.burmeseclassic.com



မေမေသည် ရုတ်တရက် လေဖြတ်သည့်ရောဂါ၊ လေဝေဒနာ ကပ်ရောက်လာရာ အလုပ်မှ ပင်စင်ယူလိုက်ရပြီး ငွေကုန်ကြေးကျခံကာ ရောဂါပျောက်စေရန် ကုသမှုခံပါသည်။

မေမေ့ကို ပြုစုစောင့်ရှောက်နေရသဖြင့် ကျွန်မကျောင်းမတက်နိုင်တော့ဘဲ ပညာသင်ကိစ္စရပ်နားထားရပါသည်။

မေမေ့ရောဂါမှာ ပျောက်ကင်းခြင်း မရှိတော့ဘဲ ဒုက္ခိတအဖြစ်ဖြင့်သာ အသက်ရှင်လျက်ရှိရာ ကျွန်မအလုပ်လုပ်ကာ ဝင်ငွေရှာရမည့် အခြေအနေ ဖြစ်နေပါသည်။

တစ်နေ့တွင် ကျွန်မစိတ်ကူးတစ်ခုပေါ်လာသဖြင့် မေမေ့အား ပြောလိုက်ပါသည်။

"မေမေ သမီး စားတော်ပဲပေါင်းပြီး လည်ရောင်းဖို့ စိတ်ကူးရတယ်၊ မေမေ ခွင့်ပြုပါနော်"

မေမေသည် ကျွန်မကို ငေးစိုက်ကြည့်ရှုကာ မျက်ရည်ဝဲနေရှာပါသည်။

"တခြားအလုပ်ရဖို့က မလွယ်ဘူးမေမေရဲ့ နောက်ပြီးတော့ ပုဂ္ဂလိက လုပ်ငန်းရှင်တွေရဲ့ အလုပ်ရုံတွေမှာ လုပ်ပြန်လျှင်လည်း သမီးက အပျိုအရွယ်ကလေးဖြစ်တော့ ပတ်ဝန်းကျင်နဲ့ ဆက်ဆံဖို့ တယ်မကောင်းလှဘူးထင်တယ်"

"အေး သမီးပြောတာလဲ ဟုတ်တာဘဲ၊ သို့ပေမယ့် ပဲလည်ရောင်းရတဲ့ အလုပ်ဟာ သေးနုပ်သလားလို့ပါ"

"အလုပ်မှန်သမျှ ဂုဏ်ရှိစွဆိုတဲ့ ဆောင်ပုဒ်ရှိပါတယ်၊ ကောင်းရောင်းကောင်းဆယ် အလုပ်မှန်လျှင် သေးတယ်၊ ကြီးတယ်မဟူ လုပ်သင့်လုပ်ထိုက်ပါတယ်၊ ဂုဏ်မငယ်ပါဘူး မေမေရယ်"



မေမေသည် ကျွန်မကို အံ့ဩသော မျက်နှာထားဖြင့် ငေးစိုက်ကြည့်ရှုပြီးနောက် ပြုံးရွှင်စွာ ပြော၏။

"သမီးပြောပုံ ဆိုပုံ လေယူလေထား စကားလုံးအသုံးအနှုန်းကစပြီး မေမေ့မိခင်နဲ့ သိပ်တူတာဘဲ၊ ရုပ်ချင်းလဲတူတယ်၊ အသံချင်းလည်းတူတယ်၊ သမီးဟာ မေမေ့မိခင် ဝင်စားတာများလားကွယ်"

"မေမေထင်တဲ့အတိုင်း ဟုတ်ပါလိမ့်မယ်၊ ဘာကြောင့်လဲဆိုတော့ ဘွားဘွားပဲပေါင်းခဲ့တဲ့ ပေါင်းချောင်ကို သမီးမြင်တိုင်း ပဲပေါင်းပြီး ရောင်းချင်တဲ့စိတ်ပေါ် ပေါ်လာတယ်၊ နောက်ဘဝက အထုံအဆက်ပဲ ထင်ပါရဲ့နော်၊ သည်တော့ ဟိုဘဝကလည်း သမီးဟာ မေမေ့မိခင်အဖြစ်နဲ့ ပဲပေါင်းရောင်းပြီး ကျွေးခဲ့သလို သည်ဘဝမှာလည်း ထိုနည်းလည်းကောင်း ပဲပေါင်းရောင်းပြီး ကျွေးပါရစေလား မေမေရယ်"

မေမေသည် ပြုံးပြုံးကြီးလုပ်ကာ ကျွန်မကို ကြည့်ရင်း မျက်ရည်တွေ ဝဲနေရှာပါသည်။

မေမေကား ဝမ်းသာဝမ်းနည်းဖြစ်နေဟန်တူပါ၏။

"အပျိုအရွယ်ကလေး အရပ်တကာ လည်ရောင်းရမယ်ဆိုတော့ ဂုဏ်ငယ်မလားလို့ပါ သမီးရယ်"

ကဲ‥ သည်လိုဆိုလျှင် သမီး လည်မရောင်းဘူး၊ နန္ဒဝန်ဈေးထဲမှာ ချရောင်းမယ်၊ အဆင်ပြေလျှင် ဆက်ရောင်းမယ်၊ အဆင်မပြေလျှင် မရောင်းဘဲ နေတာပေါ့ မေမေရယ်၊ ကိုယ်ပိုင်အလုပ်ဘဲ၊ လွပ်လပ်ပါတယ်"

"အေး‥ သမီးပြောတာကောင်းတယ်၊ မေမေ့မိခင် ပဲပေါင်းစရောင်းတဲ့နေ့ကလည်း အခုသမီးပြောသလိုဘဲ ပြောရှာတယ်"

www.burmeseclassic.com

www.burmeseclassic.com



မေမေသည် လက်အုပ်ချီကာ ကွယ်လွန်လေပြီဖြစ်သော သူ့မိခင်ကို ရှိခိုးကန်တော့ရှာသည်။

မေမေပြောသလိုပင် ကျွန်မသည် မေမေ့မိခင် ဝင်စားသူဖြစ်ဟန်တူပါသည်။ ကျွန်မ ပဲပေါင်းရောင်းရန် မေမေက ခွင့်ပြုသောအခါ အတိုင်းထက်အလွန် ဝမ်းသာသွားမြို့ အိမ်နီးချင်းသူငယ်ချင်း မိန်းကလေးတစ်ယောက်ကို အဖော်ခေါ်ကာ စားတော်ပဲ၊ ပဲပေါင်းထည့်ရန်တောင်း၊ ပဲတောင်းအတွင်း ခံရန် ပိတ်စ စသည်များကို အမြန်သွားရောက် ဝယ်ခြမ်းပါသည်။

အံ့ဩဖွယ်ကောင်းသည်မှာ စားတော်ပဲ အပင်ပေါက်သည့်နည်းကို မည်သူမျှ မသင်ပြရဘဲ ကျွန်မအလိုလိုသိကာ အပင်ပေါက်ပါသည်။ အပင်ပေါက်ရန် ရက်အနည်းအငယ် ဆိုင်းငံ့ပြီးနောက် ပဲပေါင်းနည်းကိုလည်း အလိုလျောက်တတ်ကာ စနစ်တကျ ပေါင်းနိုင်ပါသည်။

ကျွန်မက ပဲပင်ပေါက်နည်း၊ ပဲပေါင်းနည်းတို့ကို အလိုလိုတတ်ကျွမ်းသဖြင့် မေမေသည် ကျွန်မကို သူ့မိခင်ဝင်စားသူဘဲဟု ထင်ကာ ပို၍ချစ်၊ ပို၍ သနားရှာပါသည်။ ကျွန်မ ရှေးဦးစွာ ပဲရောင်းထွက်သည့် နေ့ကလည်း အထူးအဆန်း တစ်ခုကြုံရပါ၏။

နံနက်စောစော ပဲတောင်းကို ခေါင်းပေါ်တွင် ရွက်ကာ "ပဲပေါင်း"ဟု ကျွန်မက အသံသာသာဖြင့် အော်ရင်း လျှောက်လာရာ အဘွားကြီးတစ်ယောက်က "ကောက်ညှင်းပေါင်း သည်ကလေး လာဦးဟေ့"ဟု ခေါ်ပါ၏။

"ကောင်းညှင်းပေါင်းသည်မဟုတ်ဘူး အဘွား၊ ပဲပေါင်းပါ။ စားတော်ပဲကို အပင်ပေါက်ပြီး ပေါင်းချောင်နဲ့ ပေါင်းထားတာပါ"ဟု ကျွန်မက ပြောလိုက်ရာ-

"အမယ်လေးတဲ့၊ ပဲပေါင်းမစားရတာ ကြာလှပါပြီတော်၊ လာစမ်းပါဦး မြေးကလေး ရယ်"ဟုဆိုပြီး ကျွန်မကို ခေါ်ကာ အတော်များများဝယ်ပါသည်။



ယင်းသို့ ဝယ်ရင်း အဘွားကြီးက ပြောပါသေး၏။

"အဘွားတို့ငယ်ငယ်တုန်းက သည်ရန်ကုန်မှာဘဲ၊ အခုမြေးကလေးရောင်းတဲ့ ပဲပေါင်း စားခဲ့ရဖူးတယ်၊ ပဲသည်ကလေးကလည်း တောသည် မြေးကလေးလိုပါဘဲ၊ ချောချောလှလှ အသံကလေးသာသာနဲ့ သူ့အော်ပုံက "ပဲပေါင်း-ရှင်တို့"တဲ့ ကောင်းလွန်းလို့ နေ့တိုင်းဝယ်စား တယ်၊ ပဲသည်နာမည် မလှဝင်းတဲ့၊ ခုတော့ ရှိမှာရှိသေးသလား မသိနိုင်ဘူး"

"ဘွားဘွား ဒေါ်လှဝင်းဆိုးတာ ကျွန်မ မငမွးခင် တစ်နှစ်လောက်ကပါ"

"ဟော••မြေးကလေးက မလှဝင်မြေးလား"

"ဟုတ်ပါတယ် အဘွား"

"သြော်•••ဒါကြောင့် မလှဝင်းနဲ့ တူတာကိုး၊ မျိုးနဲ့ရိုးနဲ့ ပဲပေါင်းရောင်းခဲ့ တာပေါ့နော်"

"မဟုတ်ပါဘူးအဘွား၊ ကျွန်မဘွားဘွားကသာ ပဲပေါင်းရောင်းတာပါ၊ ကျွန်မမေမေက ကျောင်းဆရာမပါ၊ အခုတော့ မေမေ မကျန်းမမာဖြစ်နေလို့ ကျွန်မက ဘွားဘွား အမွေကို ဆက်ခံရတာပါ"

(၃)

သည်နေ့တွင်မူ ထူးထူးခြားခြား ဘယ်လိုအကြောင်းကြောင့်ရယ်လို့မသိ၊ ကျွန်မ ပေါင်းရင်း ရှေးဟောင်းနောင်းဖြစ်တွေကို အထက်ပါအတိုင်း ပြန်လည်စဉ်းစားနေမိပါသည်။

ပဲပေါင်းနပ်ပြီးဖြစ်၍ အရောင်းထွက်ရန် ပြင်ဆင်ပြီးနောက် ကျွန်မနေ့စဉ် မြဲမြဲ အတိုင်း ဘုရားရှပ်တုတော်မြတ်ကို ဦးသုံးကြိမ်ချကာ ရှိခိုးကန်တော့ပြီးလျှင် မေမေ့အနီးသို့ သွားကာ-

www.burmeseclassic.com

www.burmeseclassic.com



"မေမေ သမီး ပဲရောင်းသွားတော့မယ်နော်" ဟု ပြောပြီး ရှိသေစွာ ဦးသုံးကြိမ် ချပါသည်။

"ဒီသမီးအလိမ္မာလေး အသက်ရှည်ပါစေ၊ ဘေးရန်ကင်းပါစေ၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာပါစေ၊ ကြံတိုင်းအောင်လို့ ဆောင်တိုင်းမြောက်ပါစေ" စသည်ဖြင့် မေမေ့ဆုတောင်းက ရှည်လျားလွန်းသဖြင့် ကျွန်မအိမ်ပေါ်ကဆင်းခဲ့ပြီး အတော်ဝေးဝေးသို့ ကြားနေပါရသေးသည်။

ကျွန်မက "ပဲပေါင်း" ဟု အသံသာသာကလေးဖြင့် အော်လိုက်သည်နှင့် တစ်ပြိုင်နက် ဖောက်သည်အိမ်များမှ ပန်းကန်ကိုယ်စီကိုင်ကာ ဆီးကြိုဝယ်ခြမ်းကြပါသည်။

ကျွန်မ၏ လုပ်ငန်းကို ကျွန်မကျွမ်းကျင်နေပါပြီ။ ဤအလုပ်ကို ကျွန်မ အဆက်မပြတ် လုပ်ကိုင်ခဲ့သည်မှာ တစ်နှစ်ပင်ကျော်ခဲ့ပါပြီ။

ကျွန်မတို့နေသည့် အိမ်နှင့် နန္ဒဝန်ဈေးမှာ သိပ်မဝေးလှပါ။ အိမ်နှင့်ဈေးအကြား ရှိ အိမ်များမှာ ဖောက်သည်များကို ရောင်းရသည်ကပင် ပဲတောင်းတစ်ဝက်လောက် ကုန်ပါပြီ။

နန္ဒဝန်ဈေးတွင် ချ၍ရောင်းရော ဝယ်သူများလှသဖြင့် လက်မလည်နိုင်အောင် ရောင်းရပါသည်။

ကျွန်မကို ဈေးသူ ဈေးသားများက အမည်ပေးထားကြပါသည်။

"ပဲပေါင်းလှလှကလေး..." ဟူ၍

ပဲကုန်သွား၍ အိမ်သို့ ပြန်တော့မည်ဆဲဆဲတွင် သားသားနားနား အမျိုးသားကြီး တစ်ယောက်က ကျွန်မအနီးမှာ လာရပ်ပြီး -

"သမီးဘယ်မှာနေသလဲ" ဟု မေးပါ၏။

"ဒီ နန္ဒဝန်ဈေးနှင့် သိပ်မဝေးပါဘူးရှင်..."



"ဘယ်သူနှင့်နေသလဲ"

"မေမေနှင့် နေပါတယ်"

"သမီးတို့အိမ်ကို ဦးလေးလိုက်ချင်ပါတယ်"

"ဘာကိစ္စရှိလို့ပါလဲရှင်"

"ကိစ္စကိုတော့ သမီးတို့အိမ်ရောက်တော့မှ ပြောပြပါမယ်၊ ဦးလေးမှာ မော်တော်ကားပါပါတယ်၊ သမီးလဲ အိမ်ပြန်မှာဘဲမဟုတ်လား။ ဦးလေးကားနဲ့လိုက်"

"ကျွန်မလမ်းလျှောက်ပြီး ပြန်ပါ့မယ်" ဟု ကျွန်မကပြောပြီး ပဲတောင်းကိုရွက်ကာ ခပ်သုတ်သုတ်ပြန်ခဲ့ရာ အမျိုးသားကြီးသည် ကားကို ဖြည်းဖြည်းမောင်းကာ ကျွန်မ နောက်ကလိုက်လာပါသည်။

ကျွန်မ ကားပေါ်တွင် တက်လိုက်မလာခြင်းမှာ မတော်တဆ ကျွန်မကို ကားတင်သွားမည် စိုးရိမ်သောကြောင့် ဖြစ်ပါသည်။

ကျွန်မတို့ အိမ်သို့ ရောက်သောအခါ အမျိုးသားကြီးက မေမေ့ကို အကျိုးအကြောင်း ပြောပြပါ၏။

"ကျွန်တော်ပြည်သူ့ဂုဏ်ရည် ပုံနှိပ်တိုက်ပိုင်ရှင် ဦးစံခင်ဖြစ်ပါတယ်၊ ကျွန်တော်တို့ ပုံနှိပ်တိုက်က ပြက္ခဒိန်ထုတ်ဖို့ရန်အတွက် ပြက္ခဒိန်အဖုံးမှာ ထည့်ဖို့ မိန်းကလေးချောချော ဓာတ်ပုံလိုနေပါတယ်၊ ဟောဒီ သမီးကလေးကို ဈေးထဲမှာတွေ့တော့ ချောလွန်း၊ လှလွန်းလို့ ပြက္ခဒိန်အတွက် ဓာတ်ပုံရိုက်ဖို့ ရည်ရွယ်ပြီး အခု ကျွန်တော် လိုက်လာတာပါ၊ ဓာတ်ပုံရိုက်တဲ့ အတွက် ငွေထောင့်ငါးရာပေးပါ့မယ်"

"ဟင်း...ဘယ်လို...ငွေဘယ်လောက်"

မေမေက နားကြားလွဲသည်ထင်၍ မေးရာ၊ ဦးစံခင်က-

www.burmeseclassic.com

ငွေတစ်ထောင် ငါးရာပေးပါ့မယ် ခင်ဗျာ”ဟု ပီပီသသ ပြောပါသည်။

ဓာတ်ပုံအရိုက်ခံရန်အတွက် သွားသည့်အခါ မေမေပါ လိုက်ပါခဲ့ပါသည်။

နာမည်ကျော် ဓာတ်ပုံတိုက် တစ်တိုက်တွင် ဓာတ်ပုံရိုက်ပြီးနောက် ကျွန်မတို့သားအမိကို ဦးစံခင်က ကားဖြင့် အိမ်သို့ပြန်ပို့သည့်အပြင် ငွေ ၁၅၀၀-ကျပ်လည်း လက်ငင်း ပေးသွားပါသည်။

(၄)

ငွေ ၁၅၀၀- အရင်းအနှီးရပြီ ဖြစ်သဖြင့် ကျွန်မတို့အိမ်တွင် ဆန်၊ ဆီ၊ ငရုတ်၊ ကြက်သွန်၊ အာလူး၊ ပဲစသည့် မီးဖိုချောင်သုံး စားကုန်၊ သောက်ကုန်ဆိုင်ကလေး ဖွင့်လှစ် ရောင်းချပါသည်။

ပဲပေါင်းကိုလည်း နေ့စဉ်ရောင်းချသော်လည်း ဈေးသို့သွား၍ မရောင်းတော့ဘဲ အိမ်တွင်ပင် ရောင်းရာ ဖောက်သည်များက အိမ်သို့ လာရောက်ဝယ်ယူကြပါသည်။

တစ်နေ့တွင် ပုံနှိပ်တိုက်ပိုင်ရှင်ဦးစံခင် ကားဖြင့် ရောက်လာပြီး ပြက္ခဒိန် စောင်ရေ ၃၀ ပေးပါသည်။

ပြက္ခဒိန် မျက်နှာဖုံးတွင် ရိုက်နှိပ်ထားသည့် ကျွန်မ၏ ပုံကို မေမေသည် တစိမ့်စိမ့်ကြည့်ရင်း တပြုံးပြုံး ဖြစ်နေပါ၏။

“သမီးက ဓာတ်ပုံထဲမှာ ပိုတောင်လှနေပါသေးပါလား”ဟု မေမေက ချီးမွမ်းပါသည်။

“အစ်မကြီး သမီးကတော့ အချောအလှမှာ စံပါဘဲခင်ဗျား”ဟု ဦးစံခင်က ပြောပြီး သူနှင့်အတူပါလာသည့် အမျိုးသားတစ်ယောက်နှင့် မိတ်ဆက်ပေးပါသည်။



“ဟောဒီ ပုဂ္ဂိုလ်က ရုပ်ရှင်ဒါရိုက်တာ ဦးထွန်းဦးပါ၊ ဦးထွန်းဦးက သမီးပုံကို မြင်တော့ သဘောကျလွန်းလို့ သူနောက်ရိုက်မယ့် ကားမှာ မင်းသမီးအဖြစ် အသုံးပြုချင်ပါသတဲ့”

ကျွန်မတို့ မည်သည့်အခါကမျှ မမျှော်လင့်သည့်ကိစ္စနှင့် ကြုံရသဖြင့် ကျွန်မတို့ သားအမိ အတိုင်းမသိ အံ့ဩကြရပါသည်။

ဒါရိုက်တာ ဦးထွန်းဦးက ပြောပါ၏။

“သမီးကို အစမ်းရိုက်ချင်လို့ နက်ဖြန်ကားနှင့် လာခေါ်ပါရစေ၊ သမီးနှင့်ရိုက်ဖြစ်လျှင်တော့ သမီးအတွက် ငွေကြေးကို ကျွန်တော်တို့က အများဆုံးပေးပါ့မယ်”

မေမေက ဝမ်းသာအားရဖြင့် ကျွန်မတို့ သားအမိ၏ ဘဝဖြစ်စဉ်ကို စိကာပတ်ကုံး ပြောပြပါသည်။

မေမေပြောပြသည်များကို ဒါရိုက်တာဦးထွန်းဦးက စိတ်ဝင်စားစွာ နားထောင်ပြီး ပြောပါ၏။

“ဒီလိုဆိုလျှင် အတော်ပဲ၊ သမီးအတ္ထုပ္ပတ္တိကိုဘဲ ဇာတ်ညွှန်းရေးပြီး ရိုက်ပါ့မယ်၊ ကျန်းမာတဲ့ မိခင်ကြီးကို ပဲပေါင်းရောင်းပြီး လုပ်ကျွေးသမှုပြုတဲ့ အမျိုးသမီးကလေးတစ်ယောက် အကြောင်းပေါ့၊ ဇာတ်ကားနာမည်ကိုတောင် ကျွန်တော်စဉ်းစားမိတယ်၊ “သမီးလိမ္မာ”လို့ အမည်တပ်မယ်”

(၅)

နောက်တစ်နေ့ နံနက်တွင် ဒါရိုက်တာ ဦးထွန်းဦး ကားဖြင့်လာခေါ်ရာ ကျွန်မနှင့် [illegible]စ် ဒေါ်စိန်စိန်တို့ လိုက်သွားကြပါသည်။ ဒေါ်စိန်စိန်မှာ ကျွန်မတို့နှင့် ဆွေမျိုးသားချင်း [illegible]သည့် အိမ်နီးချင်းဖြစ်ရာ ကျွန်မအဒေါ်သည်ဟု ပြောထားပါ၏။

www.burmeseclassic.com



ရုပ်ရှင် တွေ့ဒီယိုတွင် ကျွန်မကို ရုပ်ရှင်၊ ရုပ်သေ အမျိုးမျိုးရိုက်ကြည့်ပါ၏။ ကျွန်မပါဝင်မည့် "သမီးလိမ္မာ" ဇာတ်ကားအတွက် မင်းသားလုပ်မည့် ဇော်ဇော်ကိုလည်း တွေ့ရပါသည်။

ဇော်ဇော်သည် လူချော၊ လူလှ ဖြစ်ရုံတင်မက၊ ရုပ်ရှင် ကုမ္ပဏီပိုင်ရှင်၏ သား ဖြစ်သော်လည်း ဟန်ကြီးပန်ကြီး မလုပ်ရှာပါ၊ ကျွန်မတို့ မောင်နှမလို ချစ်ခင်ကြင်နာမှု အကူအညီ များစွာပေးပါသည်။

ဇော်ဇော်က ပြောပါသေး၏။

"ရီကတော့ကွယ် မြန်မာပြည်က ရုပ်ရှင်မင်းသမီးတွေထဲမှာ အချောဆုံး အလှ ဆုံးပဲကွယ်"

"မမြှောက်ပါနဲ့ ကိုကိုရယ်"

"မြှောက်တာမဟုတ်ဘူး၊ တကယ်လှလို့ လှတယ်ပြောတာပါ။ ဟုတ်တယ်နော် အန်ကယ်"ဟု ဇော်ဇော်က ဒါရိုက်တာ ဦးထွန်းဦးကို လှမ်းပြောပါသည်။

"ဟုတ်တာပေါ့၊ နနရီဓာတ်ပုံကို ပြကွက်ဒိန်ထဲမှာမြင်လိုက်တာနှင့် တစ်ပြိုင်နက် အန်ကယ် သိပ်သဘောကျသွားတာပဲ၊ နနရီက ရုပ်သာချောတာမဟုတ်ဘူး၊ အသံလည်း အင်မတန်ကောင်းတယ်၊ အမူအရာတွေလည်း ကောင်းကောင်းလုပ်တတ်တယ်၊ နနရီ မေမေ ကို ပြောပြ၊ ရုပ်ရှင် ရိုက်ဖြစ်ပါပြီလို့"

ဒါရိုက်တာ ဦးထွန်းဦးသည် ကျွန်မကို ကားဖြင့် ပြန်ပို့ရာ မင်းသားဇော်ဇော်လည်း ပါလာပါသည်။ မေမေ့အား ဦးထွန်းဦးကပင် အကျိုးအကြောင်း ပြောပြပြီး "သမီးလိမ္မာ" ကားရိုက်ရန်အတွက် စာချုပ်ချုပ်ကာ လက်မှတ်ထိုးကြရပါသည်။

ထို့နောက် စရန်ငွေများပေးရာ ကျွန်မတို့ ထင်မှတ်မျှော်မှန်းထားသည်ထက် အများကြီး ပိုမိုကျော်လွန်နေပါသေးသည်။



မေမေသည် စိတ်ချမ်းသာသည့်အတွက် ရောဂါပင်အတော် သက်သာသွားပါ သည်။

ကျွန်မက မေမေ့ကို ပြောလိုက်ပါ၏။

"မေမေ့ ရောဂါကို မြန်မာပြည်က ကျော်ပေ၊ တော်ပေ ဆိုတဲ့ဆရာဝန်ကြီးတွေ နှင့် ကုနိုင်ပြီ မေမေ၊ ဆရာဝန်အတွက် ဘယ်လောက်ပဲကုန်ကုန် ဆေးဖိုး ဘယ်လောက်ဘဲ ကျကျ သမီးတို့ အကုန်ခံနိုင်ပါပြီ၊ သမီးရုပ်ရှင်ရိုက်လို့ရတဲ့ ငွေအားလုံး ကုန်ချင်ကုန်ပါစေ၊ မေမေ ကျန်းမာလျှင် တော်ပါပြီ"

မေမေသည် ဝမ်းသာမျက်ရည်များဝဲကာ ဆိုရှာပါ၏။

"သြော်...သမီးလိမ္မာကလေး၊ သမီးလိမ္မာကလေး"

(၄)

"သမီးလိမ္မာ"ရုပ်ရှင်ကား ရိုက်ရန်အတွက် သက်ဆိုင်ရာမှ အမိန့်ရသဖြင့် စတင်ရိုက် ကူးပြီ။

ကျွန်မတို့သားအမိ အတွားပွတ္တိဖြင့် စပါ၏။ ရုပ်ရှင်မင်းသမီးလက်ပောင်းကြီး ကြောင့်ကာ မေမေလုပ်ပါသည်။

မကျန်းမမာ ဖြစ်နေသော မေမေ့ကို ကျွန်မပြုစုစောင့်ရှောက်ရင်း ပရိယေသနအတွက် ပဲပေါင်းလည်ရောင်းရသည့် ပဲပေါင်းသည်မကလေးအဖြစ် သရုပ်ဆောင်ရပါ သည်။

www.burmeseclassic.com

www.burmeseclassic.com



ပဲပေါင်း လည်းရောင်းရင်း သူဌေးအိမ်တစ်အိမ်က အမြဲတမ်းဝယ်ရာ သူဌေးသား ဇော်ဇော်အောင်နှင့် ကျွန်မအဆက်သွယ်မိကြပါသည်။

ဇော်ဇော်အောင်သည် ကျွန်မကို ချစ်ရုံသာမက သနားလည်းသနားလျက် ကျွန်မ တို့သားအမိကို ဆင်းရဲတွင်းမှ ကယ်တင်ရန် စေတနာကောင်းဖြင့် ကြံစည်ကြိုးစားသူ ဖြစ်ပါသည်။

သူ့မိဘများအား အကျိုးအကြောင်းပြောပြရာ သဘောမတူသဖြင့် ကျွန်မ နှစ်ယောက် အိမ်မှထွက်ပြေးပြီး လုံခြုံရာ တစ်နေရာတွင် ခိုအောင်းနေကြပါသည်။

သို့သော် ကံဆိုးမိုးမှောင်ကျချင်တော့ ကျွန်မတို့ ပုန်းခိုနေသည့် နေရာကို ဇော်ဇော်အောင်မိဘများက သိသွားကာ သူတို့သားကို အတင်းဆွဲခေါ်သွားသဖြင့် ကျွန်မတစ်ယောက်တည်း ကျန်ရစ်ကာ ကျွန်မမေမေ့အိမ်သို့ ပြန်၍နေထိုင်ရပါသည်။

ဇော်ဇော်အောင်မိဘများက ဇော်ဇော်အောင့်ကို အပြင်မထွက်ရအောင် ပိတ် စောင့်ကြပ်ထားကြပါ၏။ တစ်နေ့တွင် ဇော်ဇော်အောင် လွတ်မြောက်ထွက်ပြေးလာကာ ကျွန်မ အိမ်သို့ ရောက်လာပါသည်။

ဇော်ဇော်အောင့်မိဘများသည် ဒေါသတကြီးဖြင့် ကျွန်မတို့အိမ်သို့ လိုက်လာပြီး ဇော်ဇော်အောင့်ကို အတင်းဆွဲခေါ်ကြသဖြင့် ကျွန်မကလည်း ကျွန်မချစ်သူကို ပြန်ဆွဲပါသည်။

ထိုအခါ ဇော်ဇော်အောင့်မိခင်က ကျွန်မကိုရိုက်သဖြင့် မကျန်းမမာဖြစ်နေ ကျွန်မ၏ မိခင်ကြီးမှာ မနေသာတော့ဘဲ အခန်းထဲမှ ဒယီးဒယိုင် ထွက်လာရာ ဇော်ဇော်အော ဖခင်ကိုမြင်လျှင်-

"အို…ကိုကျော်အောင်" ဟုခေါ်လိုက်ပါ၏။

ဦးကျော်အောင်ကလည်း "အမယ်လေး မမြမေပါကလား မှားကြတော့



ဘွယ်" ဟု နောင်တရစကား ပြောပါသည်။

မေမေနှင့် ဦးကျော်အောင်မှာ လွန်စွာချစ်ကြသည့် ကျောင်းနေဖက် သူငယ်ချင်း ဖြစ်ကြောင်း သူတို့က ပြောပြမှ သိကြပါသည်။

အားလုံးကျေကျေနပ်နပ် ဖြစ်ကြကာ ကျွန်မနှင့် ဇော်ဇော်အောင်ကို လက်ထပ် ထိမ်းမြားပေးခြင်းဖြင့် ဇာတ်သိမ်းပါသည်။

ဤ "သမီးလိမ္မာ" ကားရိုက်ပြီး၍ ပြသောအခါ ဝင်ငွေအလွန်ကောင်းပါသည်။

ရုပ်ရှင်ကုမ္ပဏီပိုင်ရှင်က ကျွန်မတို့သားအမိနေရန် အိမ်သစ်တစ်ဆောင် ဆောက် ပါသည်။ တစ်ကားပြီးသဖြင့် နောက်တစ်ကား ဆက်ရိုက်ရပါသည်။

"တောသူကလေး" ကားဖြစ်ရာ၊ ကျွန်မက တောသူကလေးအဖြစ်နှင့် မြို့သူ သူဌေးမ လေးအဖြစ် နှစ်ကိုယ်ခွဲရိုက်ရပါသည်။

တစ်နေ့တွင် ရုပ်ရှင်ရိုက်ပြီး၍ အိမ်သို့ပြန်လာရာ မေမေက စကားအထူးပြောပါ ည်။

"နေ့လယ်က ဇော်ဇော် မိခင်တွေ မေမေ့ဆီလာပြီး တောင်းပန်ကြတယ်၊ ဇော်ဇော်နဲ့ သမီးကို လက်ထပ်ပေးပါရစေတဲ့"

"မေမေက ဘယ်လိုပြောလိုက်သလည်း"

"ကျွန်မ သမီးကို မေးကြည့်ပါရစေဦးလို့ ပြောလိုက်တယ်၊ သမီးကကော သည်ကိစ္စ ဘယ်လိုသဘောရသလည်း"

"မေမေကကော ဘယ်လိုသဘောရပါသလည်း မေမေ" ဟု ကျွန်မက ပြန်မေး ပါသည်။

"မေမေကတော့ သမီးချမ်းချမ်းသာသာလူနဲ့ အကြောင်းပါတာကို ဝမ်းသာပါတယ်၊

www.burmeseclassic.com

www.burmeseclassic.com



သို့ပေမယ့် သမီးအိမ်ထောင်ပြုပြီး သားတွဲလဲ သမီးတွဲလဲနဲ့ အိမ်ထောင်ရေး ဒုက္ခတွေရောက်မှာစိုးတယ်၊ မေမေဆိုလျှင် သမီးကို ဗိုက်ခွဲမွေးရတယ်၊ အဲသည်လို ဒုက္ခမျိုး သမီးခံစားရမှာစိုးတယ်၊ သမီးသဘောကကော ဘယ်လိုလည်း ပြောစမ်းပါဦး"

"သမီးသဘောကတော့ မေမေက "သမီးလက်ထပ်တော့ကွယ်" လို့ ပြောမှ လက်ထပ်မယ် မေမေ"

မေမေသည် ဝမ်းသာမျက်ရည်များဝဲကာ ဆိုရှာပါ၏။

"ဪ...သမီးလိမ္မာကလေး၊ သမီးလိမ္မာကလေး"

ရန်အောင်



# ပုထုဇဉ် လောကီသားပေမို့

(၁)

မြင့်အောင်သည် မောကြီး ပန်းကြီးဖြင့် ခရီးဝေးမှ ပြန်လာပြီးနောက် သူ့ဖခင် ဦးထွန်းအောင်အနီးတွင် ထိုင်ကာ...

"အဖေတို့မြို့ကို ကျွန်တော်ရောက်ခဲ့တယ်" ဟု ပြော၏။

ဦးထွန်းအောင်က စိတ်ဝင်စားတက်ကြွသံဖြင့်

"ဟော...ဟုတ်လား၊ ပြောစမ်းပါဦး၊ အဖေ့အမျိုးတွေကို တွေ့ခဲ့ရတယ် မဟုတ်လား" ဟု မေးလိုက်သည်။

"တွေ့ခဲ့တယ်လေဖေ၊ ကျွန်တော့်ကို အဖေ့သားမှန်းသိတော့ သိပ်ဂရုစိုက်ကြတာပဲ၊ ကျွေးလိုက်၊ မွေးလိုက်တာကလဲ စုံလို့၊ အဖေတို့မြို့က ပျော်စရာကြီးနော်"

"အေး...ပျော်စရာလဲကောင်းတယ်၊ လူတွေကလည်း ခင်တတ်၊ မင်တတ်ကြတယ်၊ အရာရှိတွေဖေဖေတို့မြို့ရောက်လာရင် ဘယ်ကိုမှ မရွှေ့မပြောင်းချင်ကြတော့ဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ဒါထက် ဒေါ်လှမေကိုလဲ တွေ့ခဲ့တယ်အဖေ"

"ဘယ်က ဒေါ်လှမေလဲကွ"

"အမယ်···အဖေက မသိချင်ယောင်ဆောင်နေပြန်ပြီ။ အဖေ့ ယိုးရည်းစား ဒေါ်လှမေပေါ့"

"တယ်···ဒီကောင်လေး တောက်တီးတောက်တက်"

"တောက်တီးတောက်တက် မဟုတ်ဘူးအဖေ"

တကယ်ပြောတာ၊ ကျွန်တော်ရောက်သွားသွားချင်း အဖေ့အမျိုးတွေက ဒေါ်လှမေ အိမ် ပို့ပေးတယ်၊ ဒေါ်လှမေက ကျွန်တော်ကို မြင်မြင်ချင်း အဖေ့သားမှန်းသိတယ်၊ အဖေ ငယ်တုန်းကနဲ့ သိပ်တူတယ်လို့တဲ့၊ နောက်ပြီး သူတို့အိမ်မှာတဲ့ရမယ်လို့ အတင်းပြောတာနဲ့ တဲ ရတယ်၊ မပြန်ပါနဲ့ဦး မပြန်ပါနဲ့ဦးလို့ တားထားတာနဲ့ ရက်အတော်ကြာသွားတယ်၊ အဖေ့ အကြောင်း ပြောလိုက်တာတွေစုံလို့"

"ဘာတွေပြောတုန်းကွ၊ မလှမေက စကားပြောလဲ အင်မတန်ကောင်းတယ်"

"အဖေတို့ ငယ်ငယ်တုန်းက အသဲစွဲချစ်ခဲ့၊ ကြိုက်ခဲ့ကြတဲ့ အကြောင်း၊ အဖေ ရန်ကုန် ရေဝံသွားတော့ တနေ့မှ မမေ့အောင် လွမ်းရဆွေးရတဲ့အကြောင်း၊ ရန်ကုန်မှာ အဖေမိန်းမယူနေပြီကြားတော့ အရူးလိုဖြစ်ရကြောင်း စုံလို့ပဲ အဖေ၊ နောက်ပြီးတော့ အဖေ တို့ငယ်စဉ်က အတူတွဲရိုက်ထားတဲ့ ဓာတ်ပုံကိုလဲ ထုတ်ပြသေးတယ်၊ အဲဒီဓာတ်ပုံထဲက အဖေ့ ပုံဟာ ကျွန်တော်နဲ့ တော်တော်တူတယ်"

"သူ့မှာကော သားသမီး ဘယ်နှစ်ယောက်ရှိသတုန်း"

"အမယ်···ဒါကတော့ အဖေသိရက်သားနဲ့ သက်သက်မေးနေတာ၊ အပျိုကြီး အဖေရဲ့ ခုထက်ထိ အဖေ့ကို သတိရတုန်းပဲ"



"ဘဝဆိုတာ တကယ်မဟုတ်ပါဘူး၊ အိပ်မက်ရှည်ကြီး မက်နေကြတာပါကွယ်၊ ဆက်တွေလဲ ငယ်တော့တာမှ မဟုတ်ဘဲ၊ အဖေတောင် ခြောက်ဆယ်ကျော်ပေါ့ဟာ၊ သူလဲ ခြောက်ဆယ်နီးပါးရှိရောပေါ့"

ခြောက်ဆယ်နီးပါးပေမယ့် အရွယ်တင်တယ် အဖေ၊ လှလဲလှတုန်းပဲ၊ အသက် ဆယ် ပတ်ဝန်းကျင်လောက်ပဲ ထင်ရတယ်၊ ကျွန်တော်တော့ ဒေါ်လှမေကို အမေလို ချစ်တဲ့ချစ်တယ်"

"တယ်···ခွေးသားလေး၊ တောက်တီးတောက်တက်"

"တောက်တီးတောက်တက်ပြောတာ မဟုတ်ဘူးအဖေ၊ တကယ်ပြောတာ၊ နောက် တော့ ဒေါ်လှမေက ပြောသေးတယ်၊ ရန်ကုန်ကို တစ်ခါမှ မရောက်ဖူးလို့ ဘုရားဖူးလာချင် တဲ့၊ ဒါနဲ့ကျွန်တော်က သူလာဖို့စရိတ်ပေးခဲ့တယ်၊ အဖော်ကောင်းတဲ့အခါလာခဲ့မယ်တဲ့"

"မင်းကတော့လေ··အပိုအလုပ်တော်တော်လုပ်တယ်၊ ဘာဖြစ်လို့ စရိတ်ပေး ရတာတုန်း"

"သူက လာချင်တယ်ဆိုတော့ သနားလို့ပေးခဲ့တာပါ၊ နောက်ပြီးတော့ အဖေတို့ လဲ တွေ့ရအောင်ပေါ့"

"အဖေကတော့ မတွေ့ချင်ပါဘူးကွယ်၊ သံယောဇဉ်တွေကို အားလုံးဖြတ်ထားလိုက်

"အဖေက သံယောဇဉ်ဖြတ်ပေမယ့် ဒေါ်လှမေကတော့ အဖေ့ပေါ်မှာ သံယောဇဉ် ဖြတ်ဘူးအဖေ၊ အချိန်ရှိသမျှ အဖေ့အကြောင်းကိုချည်း မေးနေတာဘဲ၊ ကျွန်တော်ကိုလဲ သားလို့ခေါ်ပြီး အင်မတန်ချစ်တယ်၊ အပျိုကြီးဆိုတော့ သံယောဇဉ် တွယ်မိတွယ်ရာ တွယ် နေတာဘဲထင်ပါရဲ့ အဖေရယ်"

www.burmeseclassic.com

www.burmeseclassic.com



ဦးထွန်းအောင်က ဘာမျှပြန်မပြောပဲ စဉ်းစားတွေးတောကာ ငြိမ်သက်နေသည်။

"နောက်ပြီးတော့ အဖေ့အမျိုးတွေကလဲ ပြောသေးတယ်၊ ဒေါ်လှမေကို ရန်ကုန်ခေါ်ထားပါတဲ့၊ အဖေလဲ အသက်ကြီးလာလို့ ပြုမယ့်စုမယ့် အေးအေးမီးယူလိုတယ်တဲ့"

"မလိုပါဘူးကွာ၊ အဖေမှာ သားနဲ့ချွေးမ ရှိသားဘဲ၊ မင်းတို့က အဖေ့ကိုပြုစုနေပြီ ထားပဲ"

"ကျွန်တော်တို့ပြုစုတာနဲ့ ဒေါ်လှမေပြုစုတာ ဘယ်တူမလဲအဖေရဲ့"

"တယ်⋯ဒီကောင်လေး တောက်တီးတောက်တက်"

(၂)

"အဖေ့ကို အထူးအဆန်းပြောရဦးမယ်၊ ကျွန်တော်ရိုက်လာတဲ့ ဓာတ်ပုံ၊ ဟိုနေ့က မကူးရသေးလို့ အဖေ့ကို မပြတာ၊ ဒီကောင်လေး တောက်တီးတောက်တက် လုပ်ပြီ လို့ မပြောနဲ့နော်"

မြင့်အောင်က ပြောပြောဆိုဆို ဒေါ်လှမေ၏ ဓာတ်ပုံကိုပြရာ ဦးထွန်းအောင်သည် စိတ်ဝင်စားစွာ ကြည့်နေ၏။

"ကဲ- ကျွန်တော်ပြောတာ မဟုတ်ဘူးလား အဖေ၊ ဒေါ်လှမေဟာ လှနေတုန်းပဲနော်"

"တယ်⋯ဒီကောင်လေး"

"မတယ်နဲ့ အဖေ၊ တကယ်ပြောတာ"

"ရှေးကရိုက်ထားတဲ့ ပုံဖြစ်မှာပေါ့ဟ"

"ဪ⋯အဖေနှယ်⋯ကျွန်တော်ကိုယ်တိုင် ရိုက်ခဲ့တာပါလို့ ပြောနေတာ



အဖေမရုံရင် နက်ကတစ်မြှဦးမယ်"ဟု မြင့်အောင်ကဆိုကာ ဓာတ်ပုံနက်ကတစ်ကို ယူပြ၏။

"ဘယ်လောက်ပဲ ချောချော လှလှ တစ်နေ့ကျတော့ သေကြရမှာချည့်ပါဘဲကွာ"

"သေတော့ သေရမှာပေါ့ အဖေရ၊ မသေခင် စိတ်ချမ်းချမ်းသာသာ ပျော်ပျော် ရွှင်ရွှင်ရှိဖို့ အရေးကြီးတယ်၊ အဖေမသေခင် ရွှင်ရွှင်လန်းလန်း နေသွားစေချင်တယ်"

"မလိုပါဘူးကွာ⋯ပျော်တာ ရွှင်တာတွေဟာ တဏှာလောဘစိတ်တွေကွ၊ သံသရာကို ရှည်စေတယ်၊ နိဗ္ဗာန်ရောက်ကြောင်း တရားရဲ့ အနှောင့်အယှက်တွေပဲကွ"

ဦးထွန်းအောင်ကား လူကြီးပီပီ လူကြီးစကားပြောနေသော်ငြားလည်း ပုထုဇဉ် သားတစ်ယောက် ဖြစ်သည်အားလျော်စွာ ဒေါ်လှမေ၏ ဓာတ်ပုံကို ကြည့်ရင်း သာယာကြည် နူးသွား၏။

ထိုမှ တစ်ဆက်တည်း ဒေါ်လှမေနှင့် မိမိတို့၏ ငယ်စဉ်က အကြောင်းများကို ပြန်ပြောင်း စဉ်းစားမိသည်။

ဦးထွန်းအောင်နှင့် ဒေါ်လှမေတို့မှာ အိမ်နီးချင်းဖြစ်လျက် ငယ်စဉ်ကပင် ကလေးချင်း အတူဆော့ကစားခဲ့ကြသဖြင့် လူကြီးချင်းလည်း ချစ်ခင်ရင်းနှီးကြသည်။ တကျောင်းတည်း အတူ နေခဲ့ရ ကျောင်းသွားအတူ ကျောင်းပြန်အတူဖြစ်၏။

သူတို့ကြီးလာလျှင် ထိမ်းမြားပေးစားရန်ပင် လူကြီးများ ရည်ရွယ်လျာထားကြ၏။

ဦးထွန်းအောင် ၁၅-နှစ်သားအရွယ်တွင် ရန်ကုန်ကျောင်းသို့ ပြောင်းရွှေ့နေထိုင် ရသောအခါတွင်မှ သူတို့ချင်းကွဲခွဲနေကြရ၏။ သို့သော် ၇-ရက် တကြိမ်မှန်မှန် စာထည့်ကြသည်။ ထိုစာများမှာကား⋯

အာကာကို လွှတ်ပုံပြပါလို့ မေယုကိုတဲ့ စုတ်တချီစာမျိုးတည်း။

ကျောင်းပိတ်၍ ဦးထွန်းအောင် နေရပ်သို့ ပြန်သွားလျှင် ဒေါ်လှမေတို့အိမ်တွင်

www.burmeseclassic.com

www.burmeseclassic.com



အနေများ အစားများသည်။ သူတို့ချင်းလည်း သမီးရည်းစားဖြစ်နေကြပြီ။

ဦးထွန်းအောင် ဘီအေအောင်၍ ရန်ကုန်တွင် အလုပ်လုပ်နေစဉ် တရုံးတည်း အလုပ်တူ အမျိုးသမီးတစ်ယောက်နှင့် အကြောင်းပါကြပြီးနောက် မြင့်အောင်ကို မွေးဖွား၏။

လွန်ခဲ့သည့် ၅-နှစ်ခန့်က မြင့်အောင်၏ မိခင်ကွယ်လွန်သွားရာ ဦးထွန်းအောင်မှာ ရေမလောင်းဘဲ ပစ်ထားသော သစ်ပင်ခြောက်ပမာ သိသိသာသာ ကျသွားသည်။ လူကြီးတို့၏ ဓမ္မတာအတိုင်း တရားစာအုပ်တွေကိုပတ်ကာ တရားနှလုံးသွင်းနေ၏။ သို့သော် လူကတရားသမား စိတ်က ပုထုဇဉ်စိတ်ပင် ဖြစ်သည်။

ထို့ကြောင့် ဒေါ်လှမေ၏ ဓာတ်ပုံကို မြင်သောအခါ ကြည်နူးမိသည်။ ဒေါ်လှမေ၏ အကြောင်းကို စဉ်းစား၍ အရသာရှိသလို ထင်လာသည်။ ငယ်စဉ်က တစ်ယောက်နှင့်တစ်ယောက် ချစ်ခင်စုံမက်ခဲ့ကြပုံများကို သတိရကာ ပြန်၍ငယ်ချင်စိတ် ပေါက်လာသလိုလိုပင် ဖြစ်မိသည်။

ထို့ကြောင့် လာမည်ဆိုသော ဒေါ်လှမေ မြန်မြန်ရောက်လာပါစေဟု စိတ်ထဲက ကျိတ်၍ ဆုတောင်းမိ၏။ ဒေါ်လှမေကလည်း တော်တော်နှင့် ပေါ်မလာ။ ရောက်ခဲလေ လာစေချင်လေ၊ မတွေ့ရလေ တွေ့ချင်လေဖြစ်ကာ တမျှော်မျှော် တ,တတဖြစ်နေ၏။

သို့သော် မြင့်အောင်က ဒေါ်လှမေ အကြောင်းကို ဖွဲ့ကာနွဲ့ကာ ပြောတိုင်း တယ်ဒီကောင်လေး "တောက်တီးတောက်တက်" ဟု ပြောတတ်မြဲဖြစ်သည်။

ဦးထွန်းအောင်ကိုယ်တိုင် တောက်တီးတောက်တက် ဖြစ်နေပြီတည်း။

တောက်တီးတောက်တက် ဝေဒနာကို ကုရန်ဆေးကား ဦးထွန်းအောင်တွင်ရှိ၏။ တရားစာအုပ်များကိုပတ်ကာ တရာစိတ်၊ တရားသဘောသို့ နှလုံးသွင်းလိုက်လျှင် တောက်တီးတောက်တက်တွေ လျော့ပါးလျက် ပျောက်သလောက် ဖြစ်သွားသည်။



သေခြင်းတရားကို ဆင်ခြင်ကြည့်လိုက်လျှင် လောကီအာရုံ ကာမဂုဏ်စိတ်တို့ လျော့ပါးသွားသည်။ "ဘဝဟူသည် အိပ်မက်ပါတကား" ဟု ဆင်ခြင်နှလုံးသွင်းလိုက်လျှင် ယမ်းတပ်မက်စိတ်တွေ ခေါင်းပါးသွားသည်။

သို့သော် ပုထုဇဉ်ဘဝမှာသာရှိသေးသော ဦးထွန်းအောင်မှာ တရားကို နှလုံးသွင်း နေပင် ဒေါ်လှမေ၏ မျက်နှာကို တရေးရေးမြင်၍ မြင်၍ လာတတ်၏။ ဒေါ်လှမေ လာလို ကြား မျှော်မိ၏။ သို့သော် လပေါင်း အတော်ကြာသည်တိုင်အောင် ဒေါ်လှမေ မပေါ် သောအခါ လာမှာမဟုတ်ပါဘူးဟု စိတ်လျှော့ ဖြေဖျောက်လိုက်လေသည်။

❁

(၃)

တနေ့တွင် မြင့်အောင်တို့ ဇနီးမောင်နှံ အလုပ်ဌာနသို့ သွားနေကြသဖြင့် အိမ် တွင် အစောင့်သူငယ်ချင်းတစ်ယောက်သာရှိရာ ဦးထွန်းအောင်သည် အိပ်ခန်းတွင်း ခုတင်ပေါ် တွင် လဲလျောင်းကာ ပုတီးစိပ်ရင်းမှိန်းနေ၏။

ထိုအခိုက် အိပ်ခန်းအတွင်းသို့ တစ်စုံတစ်ယောက် ဝင်လာသည့်ခြေသံကြားသဖြင့် စိဖွင့်ကြည့်လိုက်ရာ မြင်ရတဲ့ပုံ ထူးခြားလှသဖြင့် အံ့ဩငေးမောနေသည်။

"ကိုထွန်း. . .နေကောင်းရဲ့လား"

ဒေါ်လှမေ၏အသံကြားလိုက်ရမှ ဦးထွန်းအောင်သည် ဝမ်းသာအားရဖြင့် လဲနေ ထ၍ ထိုင်လေသည်။

"လာမယ်ဆိုရင် တကလေးပေ။ သံကြိုးကလေး နိုက်လိုက်ပါလား အလှုရယ်" ဦးထွန်းအောင်က ဆို၏။

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်လှမေက ခုတင်အစွန်းတွင် ထိုင်ရင်း "လူကြုံက ချက်ချင်းတွေ့လို့ မြန်မြန်ထလာရလို့ စာပေးဖို့ အချိန်မရဘူး ကိုထွန်းရဲ့ ကိုထွန်းတော်တော်ကျသွားတယ်နော်" ဟု ကရုဏာသံဖြင့် ပြောလေသည်။

"အသက်ကလဲ ကြီးလာပြီကိုး၊ အလုပ်လဲ မငယ်တော့ဘူးပေါ့ သို့ပေမယ့် အလုပ်ကမကျဘူး ငယ်ရုပ် ငယ်ရည်အတိုင်းပဲ၊ ဒါကြောင့် ကိုယ့်သားက ပြောတာ…"

"သားက ဘယ်လိုပြောလို့လဲ"

"အလုပ်က လုတ္တန်းပဲတဲ့ အသက်လေးဆယ် ပတ်ဝန်းကျင်လောက်ပဲ ထင်ရသတဲ့"

"သားကတော့ လုပ်ပါလိမ့်မယ်။ သားက အတန်တန်မှာလွန်းလို့ လာခဲ့ရတာ"

"ရောက်လာတဲ့အခိုက် ကြာကြာနေပါ့ကွယ်"

"ဟော… အမေလာပြီ"

ရုံးမှ ပြန်ရောက်လာသော မြင့်အောင်က ဝမ်းသာအားရ ပြောလိုက်၏။

"အမယ်လေး…မျှော်လိုက်ရတာ အမေရယ်၊ လည်ပင်းတောင် ဆယ်တောင်လောက် ရှည်နေပြီ၊ အဖေကတော့ ကျွန်တော့်ထက်တောင် ပိုရှည်လိမ့်ဦးမယ်"

"တယ်…ဒီကလေး တောက်တီးတောက်တက် တော်တော်ပြောတယ်။ သူပြောတာတွေကို ဖွမယူနဲ့နော် အလှ"

"မယူပါဘူးရှင်၊ အလှတို့ မြို့ရောက်လာတုန်းကလဲ နောက်လွန်း ပြောင်လွန်းလို့ ရယ်ရတာ ပါးစပ်စိမနေရဘူး၊ ဒါထက် သားမိန်းမကော နေထိုင်ကောင်းတယ် မဟုတ်လား"

ဟု ဒေါ်လှမေကမေး၏။

"နေလို့တော့ ကောင်းပါတယ် အမေ၊ ထိုင်လို့တော့ မကောင်းဘူး"



"ကိုယ့်ဧည့်သည်မေက ပေါ့ပေါ့ပါးပါး မဟုတ်ဘူး အလှရဲ့" ဟု ဦးထွန်းအောင်က ပြောလိုက်သည်။

"အမေက ဟင်းချက်အလွန်ကောင်းတယ် အဖေ၊ အဖေတော့ တသက်လုံး ထင်းကောင်းနေ့ချည်းစားရတော့မှာဘဲ"

"အမယ်… သားတို့အိမ်မှာ တသက်လုံး မနေပါဘူးကွယ်"

"ဟော…အမေက အပိုကြီးပီပီ ဖောက်လာပြီ။ ဘာရမလဲ၊ အမေပြန်မယ်ဆိုရင် သားကဆွဲထားမှာ"

မြင့်အောင်ပြောသည့်အတိုင်းပင် ထိုနေ့ညစာစားကြသောအခါ အချက်အပြုတ်ကောင်းသော ဒေါ်လှမေ၏ လက်ရာဟင်းများဖြင့် စားကြရ၏။

နောက်နေ့နောက်နေ့များတွင်ကား ဒေါ်လှမေ၏ လက်ရာများကို ပို၍တွေ့ရလေသည်။ ဒေါ်လှမေသည် တစ်အိမ်လုံးကို လှည်းကျင်းသုတ်သင်ကာ သန့်ရှင်းရေးလုပ်၏။ ခြံများကို ဖိတ်ဖိတ်တောက်အောင် တိုက်လေသည်။

"အလှရယ်… ပင်ပန်းလှပါတယ်၊ အပင်တပန်းမလုပ်ပါနဲ့ကွယ်" ဟု ဦးထွန်းအောင်က ကရုဏာအသံဖြင့် တောင်းပန်သည်။

"အလုပ်အကြောင်းလဲ ကိုထွန်းသိသားပဲ၊ အလှက အလကားမနေတတ်ဘူး၊ အလုပ်လုပ်နေရရင်ပျော်တယ်"

"အေးကွာ… ဝါမှာလဲ…"

ဦးထွန်းအောင်က စကားဆုံးအောင် မပြောဘဲ တိုးလိုးတန်းလန်း ရပ်ထား၏။

"ဘာလဲ…ကိုထွန်း" ဟု ဒေါ်လှမေက မေးလိုက်၏။

"ဘာမှမဟုတ်ပါဘူးကွယ်၊ ဟိုစဉ်းစား ဒီစဉ်းစားနဲ့ ပြောလိုက်တာပါ"

www.burmeseclassic.com

www.burmeseclassic.com



အမှန်တကယ် ဦးထွန်းအောင် ပြောလိုသည့်စကားမှာကား "အေးကွာ…ငါ့မယ် အစော အလုပ်ကို ယူမိရင်ကောင်းမှာ" ဟူ၍ ဖြစ်သတည်း။

မိုးအားသည့်နေ့များတွင် မြင့်အောင်က ဒေါ်လှမေကို ဘုရားပေါင်းစုံ နှင့်အောင် ဈေးတကာစုံစေ့အောင် ကြည့်စရာ ရှုစရာများ မကြွင်းကျန်အောင် လိုက်လံပြသ၏။

"သားတို့ ရန်ကုန်မြို့က ခဏတဖြုတ် အလည်လာဖို့သာ ကောင်းတာ၊ အမြဲ နေဖို့ကတော့ မျက်စိရှုပ် နားငြီးလှသကွယ်" ဟု ညည်းညူလေသည်။

ဒေါ်လှမေရောက်လာမှ ဦးထွန်းအောင်တို့အိမ်မှာ သန့်ရှင်းပြောင်လက်နေ၏။ အမှိုက် တစ်စင်း စက္ကူစုတ်တရွက်မကျရ။ ဒေါ်လှမေမှာ တံမြက်စည်းတကိုင်ကိုင် ဖုန်သုတ်ကြက်မွေး တပြင်ပြင် ဖြစ်နေလေသည်။

ထမင်းစားရာတွင် ဒေါ်လှမေ၏ လက်ရာကောင်း ဟင်းမွှန်ဖြင့် စားရသည့်အပြင် တခါတရံတွင် ဒေါ်လှမေ မုန့်ဟင်းခါး၊ လက်သုပ်စသည်များ ချက်ပြုတ်လုပ်ကိုင်၍ ကျွေးသေး၏

"ကိုထွန်း အင်္ကျီလဲတော့ ဖွတ်ရမယ်"

ဦးထွန်းအောင်က နှစ်ရက်တခါ အင်္ကျီလဲစေပြီး အဝတ်များကို လျှော်ဖွတ်ပေး ၏။ ဦးထွန်းအောင်၏ အိပ်ရာခင်း၊ စောင်၊ ခေါင်းအုံးစွပ်၊ ခြင်ထောင်တို့မှာ ဒေါ်လှမေ၏ လုပ်အားကြောင့် ဖွေးဖွေးဖြူ၍ နေလေသည်။

အထူးသဖြင့်က ဘုရားစင်ဖြစ်၏။ ဘုရားတွင် လန်းဆန်းလှပသော ပန်းများ ဝေနေအောင် တင်ကပ်ထား၏။ နံနက်တိုင်း ဆွမ်းတော်နှင့် ရေချမ်းကပ်၏။

ညအချိန်တွင် ထိန်ထိန်လင်းအောင် ဘုရားမီးများ ထွန်းညှိထားသည်မှာ စိတ် ကြည်နူး ကြည်ညိုဖွယ် ကောင်းလှပါပေသည်။

ထို့ပြင်သာမကသေး၊ ဒေါ်လှမေ၏ သာယာကြည်လင်သော ဘုရားရှိခိုးသံကို ညစဉ်



ကြားရလေရာ စိတ်ကြည်နူးအေးချမ်းလျက် သာဓုခေါ်ကြရလေသည်။

ဦးထွန်းအောင်သည်လည်း စိတ်ဓာတ်ရွှင်လန်းကာ စားဝင်အိပ်ပျော်ဖြစ်လာလျက် အသားအရေ ပြည့်ဖြိုးလာသည်။

"အေး…ကိုယ်တို့အိမ်မှာ အလုတစ်သက်လုံး နေသွားရင် အကောင်းသား" ဟု ဦးထွန်းအောင်က မကြာခဏတွေးမိ၏။

မြင့်အောင်ကမူ "အမေ၊ ကျွန်တော်တို့နဲ့အတူ တသက်လုံးနေနော်၊ အမေရှိ တော့ အလေလဲ စိတ်ချမ်းသာတယ်၊ ကျွန်တော့်မိန်းမ မဂိုက်ကလေးလဲ မပင်ပန်းရတော့ဘူး" ဟု မကြာခဏ ပြောပြတတ်လေသည်။

(၄)

တစ်နေ့တွင် နံနက်စာ စားနေကြစဉ် ဒေါ်လှမေ၏ စကားအတွက် အားလုံး မချမ်းမသာဖြစ်ကြ၏။

"အလုရောက်နေတာ သုံးလကျော်ပြီ၊ မနက်ဖြန်ပြန်တော့မယ်"

ဦးထွန်းမှာ အံ့သြစိတ်မကောင်းဖြစ်သဖြင့် ဘာစကားမှ မပျော်နိုင်ဘဲ ငေးကြောင် ကြောင်ဖြစ်နေ၏။

"ဘာဖြစ်လို့ ပြန်မှာလဲအမေ၊ ပြောစမ်းပါဦး၊ ကျွန်တော်တို့အိမ်နေရတာ မပျော် ဘူးလား" ဟု မြင့်အောင်က မှာမှာသလဲ မေးလိုက်သည်။

"မပျော်လို့မဟုတ်ဘူး၊ အမေ့အိမ်ကို ပစ်ထားခဲ့ရတာ ကြာပြီ၊ အိမ်ကိုစိတ်မချတာ ကြောင့်ပါ"

www.burmeseclassic.com



"အမေတို့တစ်မြို့လုံး ဆွေမျိုးတွေချည်လို့ဟာဘဲ အမေရယ်၊ အမေ့အိမ်ကို ကြည့်ရှုစောင့်ရှောက်ကြမှာပေါ့၊ ပူစရာမရှိပါဘူး"

"ပူရတာပေါ့သားရယ်၊ နောက်ပြီးတော့ တခြားကိစ္စလေးတွေလဲ ရှိသေးတယ်"

"တခြားကိစ္စဆိုတာက အမေ့မှာ နောက်ဆံတင်းစရာများ ရှိနေလို့လား"

"အိုး…သားကလဲ၊ တောက်တီးတောက်တက်"

"အလေရော…အမေရော၊ တောက်တီးတောက်တက်ဆိုတဲ့ စကား တော်တော်ပြောတတ်တယ်နော်"

"ဒါကတော့ အမေတို့ ဒေသသုံး စကားကိုးကွဲ့"

"အမေတို့ ဒေသက တောက်တီးတောက်တက် ဒေသထင်ပါရဲ့"

အားလုံးပြုံးကြသော်လည်း မချိပြုံးပြုံးခြင်းသာ ဖြစ်သည်။

"အမေ့ကိစ္စတွေကို ကျွန်တော်သွားပြီး ဆောင်ရွက်ပေးပါ့မယ်၊ အမေမသွားပါနဲ့"

"မဖြစ်ဖူးကွယ်၊ အမေကိုယ်တိုင်သွားမှ ဖြစ်မှာပါ၊ ကောင်းစရာ၊ ခံစရာလေးတွေကလဲ ရှိသေးတယ်"

"အမေသွားပြီး ဘယ်တော့ပြန်လာမှာလဲ"

"ဒါကတော့ အခြေအနေအရပဲ"

"အမေ့အခြေအနေကို သားကြောက်လွန်းလို့၊ အရင်ကလဲ အမေလာမယ်ဆိုလို့ သားတို့မှာ မျှော်လိုက်ရတာ အမောဘဲ၊ ကြာလွန်းမက ကြာတော့ မလာတော့ဘူးထင်ပြီး စိတ်မကောင်းဖြစ်ကြရတယ်၊ အခု အမေပြန်သွားရင် ပြန်လာချင်မှလာမှာ၊ ဒီတော့ မပြန်ပါနဲ့တော့ အမေရယ်… သားတို့နဲ့ တသက်လုံးနေပါတော့"

"ဟုတ်သားပဲအလုရယ်…ကလေးတွေ စိတ်မကောင်းဖြစ်အောင် မလုပ်ပါနဲ့"



ဟု ဦးထွန်းအောင်က ပြောသည်။

"မဖြစ်လို့ပါ၊ နက်ဖြန်တော့ ဆက်ဆက်ပြန်မယ်၊ နောက်အခြေအနေကြည့်ပြီး လာသင့်တဲ့အခါလာမှာပေါ့"

"အမေ့ကို သမီးကလဲတောင်းပန်ချင်ပါတယ်" ဟု မြင့်အောင်ဇနီး မစန်းရီကပြောသည်။

"သမီးလည်း မကြာခင် မွေးရတော့မယ်၊ သမီးမျက်နှာမြင်တဲ့အခါ အမေရှိရင် အားရှိတာပေါ့၊ နောက်ပြီးတော့ သမီးမွေးကာနေတုန်း အမေ့ စားရေးသောက်ရေး လုပ်ကိုင်ပေးမယ့်သူလိုပါတယ်"

"သမီးမျက်နှာမြင်တော့ အမေလာနေတာပေါ့"

"ဒီလိုဆိုရင် မစန်းရီ ဒီကနေညတဲ မျက်နှာမြင်လိုက်ကွာ" ဟု မြင့်အောင်ကပြောရာ အားလုံးပြုံးရပြန်သည်။

"ဒီကောင်ဟာ အရေးထဲ နောက်တောက်တောက်နဲ့" ဟု ဦးထွန်းအောင်က ငေါက်လိုက်၏။

"အဲဒါပဲ ကြည့်တော့အမေ၊ ကျွန်တော်တာပြောပြော အလေ စိတ်မသိုးတတ်ဖူးဆုတော့ အမေပြန်တော့မယ်ဆိုလို့ အလေစိတ်မကောင်းဖြစ်ပြီး ကျွန်တော့်ကို ငေါက်တာ ဒီတော့ အမေ မပြန်ပါနဲ့ အမေရယ်… အမေပြန်ရင် ကျွန်တော်တို့အားလုံး စိတ်မကောင်း ဖြစ်ရတော့မှာပါ"

"အမေလဲ ပြန်ချင်လှလို့ မဟုတ်ပါဘူး၊ အမေပြန်မှ ဖြစ်မယ့်ကိစ္စလေးတွေ ရှိနေလို့ ပြန်ရမှာပါ၊ သမီး မျက်နှာမြင်တဲ့အခါ အမေ့ဆီ စာရေးလိုက်၊ အမေလာခဲ့ပါ့မယ်"

"စာရေးရင် ကြာတယ်၊ သံကြိုးရိုက်လိုက်မယ်၊ အမေချက်ချင်း လာခဲ့နော်"

www.burmeseclassic.com

www.burmeseclassic.com



"အေး၊ အမေချက်ချင်းလာခဲ့မှာပေါ့"

"ပေါ့မနေနဲ့ အမေ၊ မြန်မြန်ကြီးလာခဲ့နော်"

"လာမှာပေါ့ သားရယ်…"

ဒေါ်လှမေ မပြန်ရန် တောင်းပန်၍ မရသဖြင့် လက်လျှော့ လိုက်ကြရလေသည်။ အားလုံးပင် မျက်နှာမသာမယာဖြစ်နေကြ၏။

အထူးသဖြင့် ဦးထွန်းအောင်မှာ ပို၍ မျက်နှာမျက်ကာ ထမင်းဝိုင်းမှ ထ…
ထသွားသဖြင့် ဒေါ်လှမေသည် ကြင်နာသော မျက်လုံးများဖြင့် ဦးထွန်းအောင်ကို ငေး…
ကြည့်နေသည်။

"အဲဒါပဲ ကြည့်တော့အမေ၊ အဖေစိတ်မကောင်းဖြစ်သွားပြီ၊ လူကြီးဆိုတော့ စိတ်…
ကောင်းဖြစ်နေရင် အသက်တိုမှာတောင် စိုးရတယ်အမေရယ်… ဒီတော့ အမေမြန်မြန်…
နော်…"

"မဖြစ်လို့ပါ သားရဲ့၊ သမီးမွေးရင် အမေပြန်လာခဲ့ပါမယ်"

ထိုညတွင် ဘုရားစင်မှ မီးမှာ ခါတိုင်းထက် လင်းအောင် ထွန်းညှိထားသော…
ဒေါ်လှမေ၏

ဘုရားရှိခိုးသံမှာ ဝမ်းနည်းသံပါနေလျက် ကြားရသူများမှာလည်း ဝမ်းနည်း…
စိတ်မကောင်းဖြစ်ကြရသည်။

(၃)

ထိုညတွင် ကိုယ်အတွေးနှင့်ကိုယ် စိတ်မကောင်းဖြစ်နေကြရာ တော်တော်…



…ိပ်မပျော်ဘဲ အိပ်ရာထက်တွင် တလူးလူး တလွန့်လွန့် ဖြစ်နေကြသည်။

အတော်ကြီး ညဉ့်နက်သောအခါတွင် ဒေါ်လှမေ မေ့ခနဲ အိပ်ပျော်သွားစဉ် တစ်စုံ…
…ခ်ခုသော အသံကြောင့် နိုးလာ၏။

ဦးထွန်းအောင် အိပ်ခန်းမှ ချောင်းဆိုးသံများကို အဆက်မပြတ်လို ကြားနေရ…
…သဖြင့် ဒေါ်လှမေမှာ စိတ်မဖြောင့်တော့ဘဲ ထိုအခန်းသို့ ဝင်သွားသည်။

မီးထွန်းထားသဖြင့် ဦးထွန်းအောင်က မြင်ရာ "အလှလား" ဟု မေးလေ၏။

"ဟုတ်ပါတယ် ကိုထွန်း၊ ချောင်းတွေ ဆိုးနေသံကြားလို့ လာတာ၊ ချောင်းဆိုး…
…ဆေး မရှိဘူးလား"

"ချောင်းဆိုးဆေးတော့ မရှိပါဘူး၊ ဟောဟို ဘီဒိုထဲမှာ ပရုပ်ဆီတော့ရှိတယ်"

ဒေါ်လှမေသည် ဘီဒိုကို ဖွင့်ကာ ပရုပ်ဆီယူပြီး ဦးထွန်းအောင် လဲလျောင်းနေ…
…အနီးတွင် ထိုင်လျက် ဦးထွန်းအောင်၏ ရင်၊ ဝမ်း၊ လည်ပင်းတို့ကို ပရုပ်ဆီဖြင့် သုတ်…
…း နှိပ်နယ်ပေး၏။ ချောင်းဆိုးလည်း သက်သာသွားသည်။

"ကျေးဇူးတင်လိုက်တာ အလှရယ်…" ဟု ဦးထွန်းအောင်က ဆို၏။

"ကျေးဇူးတင်ဖို့ မလိုပါဘူး၊ အလှလုပ်ပေးရမယ့် ဝတ္တရားရှိပါတယ်၊ ကိုထွန်း…
…တွေလဲ ပူနေတယ်၊ ရေချိုးများ မှားသလား"

"ဟုတ်ကောင်း ဟုတ်လိမ့်မယ်၊ ညနေကတော့ ရေချိုးမိတယ်"

"လူကြီးဆိုတာ သိပ်အအေးခံလို့ မတော်ဘူးရှင့်၊ ကိုထွန်းရေချိုးတဲ့ အချိန်က…
…ချေသွားနေလို့ အလှသာရှိရင် ရေနွေးကျိုပေးမှာ"

"အဲဒါကြောင့် ပြောတာပေါ့၊ အလှရှိရင် အကူအညီ အများကြီးရပါတယ်လို့၊
…ကြောင့် အလှမပြန်စေချင်တာပါ"

www.burmeseclassic.com

www.burmeseclassic.com



"သမီးချက်နာမြဲမြင်ရင် အလုပြန်လာမှာပေါ့"

"အလုပြန်သွားရင် ကိုထွန်းတော့ သတိရနေမှာပါပဲကွယ်…"

ဦးထွန်းအောင်က ဝမ်းနည်းသံဖြင့် ပြောပြီး ဒေါ်လှမေကို စေ့စိုက်ကြည့်ရှုနေရင်း ချောင်းထပ်၍ ဆိုးလာပြန်သဖြင့် ဒေါ်လှမေက ဝမ်းနှင့်ရင်ကို ပရုပ်ဆီလူးကာ ရင်ကို လင်း ဝါချဖြင့် စီးအုပ်ထားလေသည်။

ဦးထွန်းအောင်သည် ဒေါ်လှမေ၏ လက်ဝါးပေါ်တွင် မိမိ၏လက်ကို တင်အုပ်ထား ဒေါ်လှမေကို စိုက်ကြည့်နေ၏။ ဒေါ်လှမေကလည်း ကြည့်သဖြင့် အကြည့်ချင်းဆုံကာ နှမ်း သော မျက်စိသူငယ်အိမ်အတွင်းမှာ ဝင်းလက်သော အရောင်များ တဖိတ်ဖိတ် တောက်ပန လေသည်။

ဒေါ်လှမေ သွားတော့မည်ဟု ကြံလိုက်၊ ဦးထွန်းအောင် ချောင်းထပ်ဆိုးလိုက်ပြီ ဒေါ်လှမေမှာ မပြန်နိုင်ဘဲ အချိန်ကြာသထက် ကြာသွားရာ ဦးထွန်းအောင်၏အနီးတွင် ရေး အိပ်ပျော်သွားလေ၏။

နံနက်စောစောတွင် မြို့အောင်အိမ်ရာမှထကာ သူ့အဖေအခန်းတွင်းသို့ ဝင်ကြည့် ဒေါ်လှမေပါ အိပ်နေကြသည်ကို မြင်ရသဖြင့် အံ့ဩဝမ်းသာသွားပြီး မစန်းရီကို ခေါ်ပြ လင်မယားနှစ်ယောက် တပြုံးပြုံးဖြစ်နေကြသည်။

"သားရေ၊ မင်းအဖေ နေမကောင်းနေတုန်း အမေမပြန်သေးပါဘူးကွယ်…"

"အမေ မပြန်တော့ဘူးလို့ ပြောတာကြားချင်တယ် အမေရဲ့…"

"အေးပါကွယ်၊ သားကြားချင်သလို ပြောရမှာပေါ့"

ရန်အောင်



# မိခင်မေတ္တာ

ဦးကြည်မြင့်သည် ဝရန်တာသို့ထွက်ကာ ပက်လက်ကုလားထိုင်ပေါ်တွင်ထိုင်လျက် ထင်မှုန်းလပြည့်နေ့၏ ဝိုင်းစက်ကြည့်လင် ဖြူစင်ထိန်းလင်းသော လမင်းကြီးကို မျက်တောင် မခတ် စေ့စိုက်ကြည့်ရှုရင်း အတိတ်ဆီသို့ စိတ်ရောက်သွား၏။

လွန်ခဲ့သည့်နှစ်ပေါင်း ၄၀-တိတိအချိန်က ဖြစ်သည်။ ထိုစဉ်က ဦးကြည်မြင့်မှာ အသက် ငါးနှစ်သာရှိသဖြစ်ရာ နပိုးသောလူချောလုလုကလေးဖြစ်၏။ အသက်ငယ်သေးသဖြင့် မောင်ကြည်မြင့် ဟုသာ ခေါ်ရပေမည်။

ရန်ကုန်မြို့ သင်္ဃန်းကျွန်းရပ်ကွက်ရှိ နှစ်ထပ်တိုက်ကြီးတစ်လုံးအတွင်းသို့ မောင်ကြည် မြင့် ဝင်သွားသည်နှင့်တစ်ပြိုင်နက်…

www.burmeseclassic.com



"မောင်လေး…လာလာ"ဟု လှလှဝေက ဆီး၍ခေါ်၏။

မောင်ကြည်မြင့်သည် ဘာစကားမျှပြန်မပြောဘဲ လှလှဝေကို ငေးစိုက်ကြည့်နေလေသည်။

"မမကိုကြည့်လှချေလား မောင်လေးရဲ့ မမြင်ဘူးတာ ကျနေတာပဲ"

"မမက အံ့ဩစရာပဲနော်"ဟု မောင်ကြည်မြင့်က ဆွဲဆွဲငင်ငင် ပြောလိုက်သည်။

"မမက ဘာများအံ့ဩစရာကောင်းလို့လဲကွယ်"

"မမဟာလေ…တစ်နေ့ထက်တစ်နေ့ ပိုချော၊ ပိုလှ၊ ပိုချစ်စရာ ကောင်းလာတယ်"

"ဟင်း…ဒါပဲနော် မမရှင်းရှင်းပြောထားမယ်၊ မမက မောင်လေးကို မောင်အရင်းကလေးလို ချစ်နေတာ၊ မောင်လေးကလဲ မမကို အစ်မအရင်းလိုပဲ ချစ်ရမယ်"

"မမချစ်စေချင်သလိုပဲ ချစ်ပါ့မယ်မမရယ်၊ မမကို ကျွန်တော် ဘယ်လိုပဲ ချစ်ရချစ်ရ ချစ်ရတယ်ဆိုရင် ကျေနပ်ပါပြီ"

မောင်ကြည်မြင့်က လှလှဝေကို ငေးစိုက်ကာ ကြည့်နေသည်။

"မောင်လေး ထမင်းစားပြီးခဲ့ပြီလား" လှလှဝေက မေး၏။

"မစားခဲ့ရသေးဘူးမမ၊ မေမေကတော့ ထမင်းစားသွားလို့ အပြောသား၊ ကျွန်တော်က မမနဲ့အမြန်တွေ့ချင်လို့ ထမင်းမစားဘဲ ထွက်လာခဲ့တာ"

"ဒီလိုဆိုရင် မောင်လေးကို မမထမင်းကျွေးမယ်"ဟု လှလှဝေကပြောပြီး "စောရေ…ထမင်းခူးတော့ဟေ့"ဟု ပြောလိုက်သည်။

"မောင်လေးက မော်တော်ကားမောင်းတတ်သလား"

"မောင်းတတ်ပါတယ်မမ၊ မေမေ့မှာ မော်တော်ကားရှိတုန်းက ကျွန်တော်မောင်းတာပဲ၊ အခုတော့ မေမေက မော်တော်ကားကို ရောင်းပစ်လိုက်တယ်"



"မောင်လေး မမနဲ့ ရွှေပြည်နယ်ကို မလိုက်ချင်ဘူးလား"

"ဟာ…လိုက်ချင်တာပေါ့ မမရဲ့ ဘယ်တော့သွားမှာလဲ"

"သန်ဘက်ခါမနက် စောစောသွားမယ်၊ မောင်လေးလိုက်မယ်ဆိုရင် မနက်ဖြန်ညကိုးနာရီမှာ မောင်လေးလာခဲ့"

"ဟုတ်ကဲ့မမ၊ ကျွန်တော်လာခဲ့ပါ့မယ်၊ သွားမှာက ဘယ်နယောက်လဲ"

"မောင်လေးနဲ့မမ နှစ်ယောက်တည်းပဲ သွားမယ်။ မောင်လေး မော်တော်ကားမောင်းတတ်ရင် ဒရိုင်ဘာကို မခေါ်တော့ဘူး"

"ဟုတ်ကဲ့မမ"

ထို့နောက် လှလှဝေနှင့် မောင်ကြည်မြင့်တို့သည် မျက်နှာချင်းဆိုင်ထိုင်ကာ ထမင်းစားကြသည်။

"မောင်လေးမေမေက ဘာလုပ်သလဲ"ဟု လှလှဝေက မေး၏။

"သိမ်ကြီးဈေးထဲမှာ ဇာဘော်လီဆိုင် ဖွင့်ထားပါတယ်၊ မတင်ဇာ ဇာဘော်လီဆိုင်ဆိုတာ မေမေ့ဆိုင်ပါ"

"အမယ် နာမည်သိပ်ကြီးတဲ့ဆိုင်ပဲ၊ မမတို့တောင် အဲဒီဆိုင်က ဝယ်ဝတ်ရတယ်။ ဇာတော်၊ သူ့ဈေးကတော်တွေဟာ အဲဒီဆိုင်ကချည်း အဝယ်များတာပဲ၊ မောင်လေးဖေဖေကကော ဘာအလုပ်လုပ်သလဲ"

"ဟာပရင်စမစ်ကုမ္ပဏီမှာ ငွေကိုင်စာရေးကြီးပါ"

နောက်နေ့တွင် မောင်ကြည်မြင့်က သူ့မိခင်အဒေါ်တင်ကို ပြောဆိုပန်ကြား၏။

www.burmeseclassic.com

www.burmeseclassic.com



"မေမေ ကျွန်တော် မနက်ဖြန်ခါ ရုပ်ရှင်ကြည့်နယ်သွားမယ်နော်"

"ရုပ်ရှင်ကြည့်နယ်ဆိုတော့ ဝေးဝေးလံလံသွားရယ်၊ မေမေစိတ်မချပါဘူး"

"မေမေကလဲ ကျွန်တော်ကလေးမှ မဟုတ်တော့ဘဲဟာ၊ ဝဟုသုတရအောင် သွားခါရမှာပေါ့မေမေရယ်"

"ဘယ်သူနဲ့သွားမှာလဲ"

"မမလှဝေနဲ့ မေမေ"

"လှလှဝေဆိုတာ ဘယ်မှာနေတာလဲ"

"အင်းလျားလမ်းမှာပါ၊ သူ့အဖေက ပွဲစားကြီးဦးဘထူးတဲ့ သိပ်ချမ်းသာတာမေမေ သူတို့ တိုက်ကြီးဟာ ဟိန်းလို့၊ အခုတော့ သူ့မိဘတွေ မရှိကြတော့ပါဘူး"

"လှလှဝေ ယောကျ်ားက ဘာလုပ်သလဲ"

"ယောကျ်ားမရှိပါဘူး၊ အပျိုကြီးပါ"

"အသက်ဘယ်လောက်ရှိပြီလဲ"

"သုံးဆယ်လောက်ပါ မေမေ"

ဒေါ်တင်သည် အတန်ကြာ စဉ်းစားတွေးတောနေ၏။

"သား ဝေးဝေးလံလံသွားမှာကိုတော့ မေမေစိတ်မချဘူးကွယ်"

"ဘာဖြစ်လို့ စိတ်မချတာလဲ မေမေ"

"နေထိုင်မကောင်းဖြစ်မှာကိုလဲ စိတ်မချဘူး၊ မိန်းကလေးရယ်၊ သားရယ် နှစ်ယောက်တည်း သွားကြမှာဖြစ်လို့လဲ စိတ်မချဘူး"

"မမနဲ့ ကျွန်တော် မောင်နှမလို ချစ်ကြတာပါ မေမေရဲ့"

"အခုတော့ မောင်နှမလိုပဲပေါ့ကွယ်၊ နှစ်ယောက်တည်း အတူသွား အတူစား



နေပါများတော့ သားစိတ်ဖောက်ပြန်လာမှာ စိုးရတယ်။ ဘာပဲ ဖြစ်ဖြစ်ကွယ် သားကိုမေမေ စိတ်မချပါဘူး၊ ဒါထက် ဘယ်တော့သွားကြမှာလဲ"

"မနက်ဖြန် မနက်စောစောသွားမယ် မေမေ"

"ဘာနဲ့သွားမှာလဲ"

"မမ မော်တော်ကားနဲ့ပါ၊ ဒီကနေ့ည မမတို့အိမ်သွားပြီး ကျွန်တော် အိပ်ရမယ်"

"မသွားဘဲနေလို့ မဖြစ်ဘူးလားကွယ်"

"မဖြစ်ဘူးမေမေ၊ ဒီနေ့ည လာအိပ်မယ်လို့ မမကို ပြောခဲ့ပြီးပြီ"

ထိုနေ့ညနေတွင် မောင်ကြည်မြင့်သည် ခရီးဆောင်သားရေ သေတ္တာကိုဆွဲကာ အိမ်မှထွက်သွားရာ ဒေါ်တင်မှာ မျက်ရည်ဝဲရင်း ကျန်ရစ်၏။

မောင်ကြည်မြင့်ထွက်သွားပြီးနောက် မကြာမီတွင်ပင် ဒေါ်တင်သည်လည်း သုတ်သီး သုတ်ပျာဖြင့် အိမ်မှထွက်လာသည်။

နောက်နေ့ နံနက်ဝေလီဝေလင်းအချိန်တွင် မောင်ကြည်မြင့်မောင်းသည့် မော်တော်ကားသည် ရန်ကုန်-မန္တလေးလမ်းမကြီးပေါ်၌ တရိပ်ရိပ်ပြေးနေ၏။ မောင်ကြည်မြင့် နံဘေးတွင် လှလှဝေက ထိုင်သည်။

မောင်ကြည်မြင့်မှာ ပြုံးရွှင်စွာ ပီတိဖြစ်နေ၏။

"မမနဲ့ဒီလိုပဲ တစ်သက်လုံးအတူနေချင်စမ်းပါဘိတော့တယ် မမရယ်" ဟု မောင်ကြည်မြင့်က ပြော၏။

"နေရပါတယ်လေ၊ သို့ပေမယ့် မောင်နှမလိုသာ ချစ်မယ်နော်"

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုပဲ ချစ်ရ ချစ်ရမယ်၊ မမနဲ့အတူနေရရင်ကျေနပ်ပါပြီ"

ထိုအခိုက် မော်တော်ကားရှေ့မှ မှန်ကို မောင်ကြည်မြင့်ကြည့်ရင်း စိုးရိမ်သည့် မျက်နှာထားသို့ ပြောင်းသွားပြီး-

"မမ ကျွန်တော်တို့နောက်က ကားတစ်စီးကပ်လိုက်လာတယ်၊ သတိထားနေ" ဟု ပြော၏။

လှလှဝေသည် နောက်သို့လှည့်ကြည့်သည်။

"ဟုတ်တယ် မောင်လေး၊ ကားပေါ်မှာ လူသုံးယောက်ပါတယ်၊ မမတော့ ယောက်ျား ကြောက်ရပါလား မောင်လေးရယ်"

"မကြောက်နဲ့မမ၊ ကျွန်တော့်မှာ ခြောက်လုံးပြူးပါတယ်။ သူတို့ ယီးတီးယားယား လုပ်တာနဲ့ တစ်ပြိုင်နက် ကျွန်တော်ပစ်ထည့်လိုက်မယ်"

"အဲဒီလို သတ်ပုတ်နေရရင် ဘယ်ကောင်းတော့မလဲကွယ်…" ဟု လှလှဝေ တုန်တုန်ယင်ယင်ဖြင့် ပြောလိုက်သည်။

မောင်ကြည်မြင့်သည် မော်တော်ကားကို အမြန်ဆုံးမောင်း၏။ နောက်မှ လိုက်လာသည့်ကားကလည်း အမြန်ဆုံးမောင်းကာ အမီလိုက်သည်။

မောင်ကြည်မြင့်က ဖြည်းဖြည်းမောင်းပြန်၏။ နောက်ကားသည် ကျော်တက်မသွားဘဲ မောင်ကြည်မြင့်တို့၏ ကားနောက်မှ ဖြည်းဖြည်းပင် မောင်းလာသည်။

"မောင်လေးရေ…ဒီလူတွေဟာ မသင်္ကာစရာကောင်းတာတော့ အမှန်ပဲ၊ သို့ပေမယ့် ခုအချိန်အထိ ဘာမှ အန္တရာယ်မပေးသေးတော့ အံ့သြစရာပဲ ဘယ်လိုလူတွေမှန်းပါလိမ့်ကွယ် မမဖြင့် စဉ်းစားလို့ မရဘူး"

လှလှဝေက ညည်းညည်းညူညူပြောသည်။



ဒေါ်တင်သည် သားအတွက် ပူပန်သောကရောက်နေရှာသည်။

ဘုရားစင်တွင် ဆွမ်း၊ ရေချမ်း၊ ပန်း၊ ဆီမီးတင်ကပ်လှူပြီးနောက် ဘုရားရှိခိုးပြီး သားအတွက် ဆုတောင်းရသည်မှာ ကြိမ်ဖန်များစွာ ဖြစ်သည်။

ညတွင်လည်း အိပ်၍မပျော်ဘဲ သားကိုစိတ်စေး၊ သားအတွက် ပူပန်ကာ ထာဝစဉ် သောကရောက်နေသည်။

ဒေါ်တင့်မှာမည်ဆိုကလည်း ပူစရာပင်။ မောင်ကြည်မြင့် ၅-လသား အရွယ်လောက်တွင် မောင်ကြည်မြင့်၏ ဖခင် နိစ္စရောက်သွား၏။ ထိုစဉ်က ဒေါ်တင်၏ အသက်မှာ ၂၅-နှစ်သာ ရှိသေးသည်။

မသိသူများက ဒေါ်တင့်ကို သားတစ်ယောက်၏ မိခင်မုဆိုးမကလေးဟု မထင်ကြဘဲ အပျိုဟု ထင်နေကြ၏။

အပျိုဟု ထင်နေကြသူ ယောက်ျားများနှင့် မုဆိုးမကလေးမှန်း သိသူ ယောက်ျားများပါ တင်ကို ပိုးပန်းကြ၊ ဆက်သွယ်ကြ၊ စေ့စပ်ကြ၏။

သို့သော် မတင်က မည်သည့်ယောက်ျားကိုမျှ လက်မခံဘဲ "ကျွန်မ အိမ်ထောင်မပြုတော့ပါဘူး။ ကျွန်မသားကလေးကိုသာ လူတစ်လုံး သူ တစ်လုံးဖြစ်အောင် ကြိုးစားမယ်" ဟုဆိုကာ သားအမိနှစ်ယောက်သာ နေလေသည်။

မောင်ကြည်မြင့် ကျောင်းထားရမည့်အရွယ်သို့ရောက်သောအခါ ရန်ကုန်မြို့တွင် အကျော်ဆုံး အမော်ဆုံးကျောင်းကြီးတွင် ၁၀-တန်းအောင်သည်အထိ ထားခဲ့သည်။

ယင်းသို့ မျက်စိအောက်မှ ဘယ်တော့မျှ အပျောက်မခံခဲ့သော သားသည် ယခုအခါ အမျိုးသမီးတစ်ယောက်နှင့် ရက်ရှည်ရက်များ အရပ်ဝေးသို့ သွားနေသည့်အတွက် ဒေါ်တင့်မှာ မအိပ်နိုင်မစားနိုင်ဘဲ သောကဗျာပါဒ အကြီးအကျယ် ရောက်ရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်တင်ခင်ဗျာ . . .

ဒေါ်တင်၏ သားနောက်သို့ ကျွန်တော်တို့ ထက်ကြပ်မကွာလိုက်ပါသည်။ ပထမတွင် ကျွန်တော်တို့ကို လူဆိုးတွေဟု ထင်နေသဖြင့် ကျွန်တော်တို့လဲ ရှမ်းပြည်နယ်တွင် လည်ပတ်လေ့လာရန် လာကြသူများဖြစ်ကြောင်း ရှင်းပြကာ ဒေါ်တင့်သားနှင့်မိတ်ဖွဲ့ရပါသည်။ ယခုတော့ မိတ်ဆွေ သင်္ဂဟများဖြစ်ကာ သွားအတူ လာအတူဖြစ်နေပါပြီ။

ဂျူစာကို ကလောမြို့မှ ရေးခြင်းဖြစ်ပါသည်။ မနက်ဖြန် ကလောမှအောင်ပန်းသို့ ကူးကြပါမည်။

မောင်ကြည်မြင့်လဲ နေထိုင်ကောင်းပါသည်။ အစစအရာရာစိတ်ချပါ။ ကျွန်တော်တို့ အမြဲစောင့်ရှောက်ပါသည်။

သူတို့ရွှင်းကတော့ ညားခါစ ဇနီးမောင်နှံ အပျော်ခရီးထွက်လာကြသလိုပါပဲ။ ပျော်လို့ ရွှင်လို့ ကြည်လို့မြူးလို့ပါပဲ။

ကျော်မင်း (၅-၃-၃၅)

ထို့နောက် ၁၅-ရက်အကြာတွင် ဒေါ်တင့်ထံသို့ စာတစ်စောင် ရောက်လာပြန်၏။

ဒေါ်တင်ခင်ဗျား-

ကျွန်တော်တို့ရော၊ မောင်ကြည်မြင့်တို့ပါ အောင်ပန်း၊ ပင်းတယ၊ ညောင်ရွှေ၊ အင်းလေးသို့ ရောက်ကြပါသည်။ အင်းလေးဖောင်တော်ဦး ဘုရားပွဲကိုလဲ ဖူးရပါသည်။

အင်းလေးမှ တောင်ကြီးမြို့သို့ သွားကြပါသည်။ ဂျူစာကို တောင်ကြီးမြို့တွင် ရေးခြင်းဖြစ်ပါသည်။

ရက်အနည်းငယ်အတွင်း ရန်ကုန်သို့ ပြန်လာကြပါမည်။

ကျော်မင်း (၂၁-၃-၃၅)



ဒေါ်တင်သည် သားပြန်လာတော့မည်ဟု သိရသည့်အတွက် အတိုင်းထက်အလွန် ဝမ်းသာနေ၏။

စာရောက်လာပြီးနောက် ရက်အနည်းငယ်အတွင်းတွင်ပင် မောင်ကြည်မြင့် ပြန်ရောက်လာသည်။

ဒေါ်တင်မှာ သားပြန်လာသဖြင့် ဝမ်းသာရသည့်မှုမှာ စိတ်မကောင်းဖြစ်ရရှာ၏။ အကြောင်းမှုကား မောင်ကြည်မြင့်မှာ မစားနိုင်၊ မအိပ်နိုင်၊ တမှိုင်မှိုင်တတွေတွေ ဖြစ်နေသောကြောင့်တည်း။

"မေမေ့ကို ပြောစမ်းပါအုံးသားရယ်၊ ဘယ်လိုဖြစ်နေလို့လဲ"ဟု ဒေါ်တင်က ချော့ချော့ဝဲဝဲ မေးရှာသည်။

"သားရူးတော့မယ်ထင်တယ် မေမေရယ်"ဟု မောင်ကြည်မြင့်ကပြောရာ ဒေါ်တင် အံ့အားသင့်ပြန်သည်။

"အကျိုးအကြောင်း မေမေ့ကို ပြောပြစမ်းပါအုံး၊ သားစိတ်ချမ်းသာရမယ်ဆိုရင် မေမေ ဘာမဆိုလုပ်ပေးပါ့မယ်ကွယ်"

"မလှလှဝေကို သားအသဲစွဲချစ်နေမိပြီ မေမေ"

ဒေါ်တင်မျက်လုံးပြူးသွား၏။

"ဒီလိုဖြစ်လာလိမ့်မယ်ဆိုတာ မေမေကြိုမြင်မိသား၊ ဒါကြောင့် သားတို့ ရှမ်းပြည်နယ်သွားဖို့ကိစ္စကို မေမေသဘောမတူတာပေါ့။ ဖြစ်ပြီးတာတွေတော့ ဖြစ်ပါစေလေ၊ ပြုပြင်လို့ရတာမှ မဟုတ်ပဲ၊ ဒါထက် သားက စုံမက်နေတဲ့အကြောင်း လှလှဝေကို ပြောမပြဘူးလား"

"ပြောပြပါတယ်၊ သူက ကျွန်တော့်ကို မောင်လေးလိုသာ ချစ်တာတဲ့ ကျွန်တော်နဲ့

www.burmeseclassic.com

www.burmeseclassic.com



လက်မထပ်နိုင်ဘူးဆဲ့ ကျွန်တော်တော့ မမကို မရရင် ရူးရတော့မှာ အမှန်ပါဘဲ"

ဒေါ်တင်သည် မောင်ကြည်မြင့်ကို ကြည့်ကာ မျက်ရည်တောက်တောက်ကျရှာသည်။

ဒေါ်တင်သည် လှလှဝေ၏ တိုက်အတွင်းသို့ဝင်ကာ ဧည့်ခန်းမတွင် ထိုင်မိသည်နှင့် တစ်ပြိုင်နက်…

"အစ်မကြီးက မောင်ကြည်မြင့် မေမေပါ"ဟု လှလှဝေအား ပြောပြသည်။

"အကြောင်းထူးများရှိပါသလား အစ်မကြီး"ဟု လှလှဝေက မေးသည်။

"ဟုတ်ပါတယ်၊ အကြောင်းထူးရှိလို့ လာတာပါ၊ သားအတွက် လာခဲ့ရတာပါဲ"

"ပြောစမ်းပါအုံး မောင်လေးအတွက်ဆိုတာက ဘယ်လိုကိစ္စလဲ"

"ပြောရမှာတော့ အားနာစရာကြီးပါ ညီမရယ်၊ သို့ပေမယ့် မပြောမဖြစ်လို့ ပြောတော့မှာပဲ၊ အစ်မကြီးပြောတဲ့ စကားထဲမှာ ညီမစိတ်ထိခိုက်စရာများပါတယ်ဆိုရင် အစ်မကြီးကိုတင်တောင်းပန်ပါတယ်၊ အစ်မကြီးကိုခွင့်လွှတ်ပါနော်"

"ဟုတ်ကဲ့ ပြောသာပြောပါလေ၊ ညီမလဲ သိသင့်သလောက်သိထားပြီးပါပြီ"

"ဘယ်လိုသိထားတာလဲကွယ်"ဟု ဒေါ်တင်က မေးလိုက်၏။

"တိုတိုပြောရမယ်ဆိုရင်တော့ မောင်လေးက ညီမကို ချစ်ရေးဆိုတယ်၊ အိမ်ထောင်လက်ထပ်ဖို့ အတန်တန်တောင်းပန်ပါတယ်။ ညီမက ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူးလို့ ခါခါးသီးသီး ငြင်းလိုက်ပါတယ်"

"ဟုတ်တယ်၊ အခု အစ်မကြီးပြောမှာကလဲ ဒီကိစ္စပါပဲ၊ သားမှာ ညီမကိုစိတ်ပြောင်းမထားနိုင်၊ မအိပ်နိုင် ဖြစ်နေပါတယ်၊ ကြာရင်ရူးများသွားမလားလို့ အစ်မကြီးတွေးပြီး မျက်ရည်ချက်ခွက်ဖြစ်နေရပါတယ် ညီမရယ်"



ဒေါ်တင်သည် ပြောရင်းပင် မျက်ရည်သုတ်ရှာ၏။

"အဲဒီတော့ အစ်မကြီးတောင်းပန်ပါရစေကွယ်၊ ညီမနဲ့အစ်မကြီး သား လက်ထပ်ကြပါလို့"

"ဟာ… မဖြစ်နိုင်တာကြီးဘဲ အစ်မကြီးရဲ့ ဒီကိစ္စဟာ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူးလို့ အစ်မကြီးသားကို ကျွန်မအတန်တန်ပြောထားပြီးပြီပဲ။ ကျွန်မနဲ့ သူ့သိစကျွမ်းကတည်းက အခါကြိမ်ကြိမ်ပြောထားပါတယ်၊ မောင်နှမလိုသာ ချစ်နိုင်မယ်၊ သမီးရည်းစားလို ဘယ်တော့မှ မချစ်ဘူးလို့။ သူကလဲ မောင်နှမလိုပဲ ချစ်ပါ့မယ်ပြောလို့ ဆက်ဆံနေကြတာ"

"ပြောတော့ပြောတာပေါ့ကွယ်၊ သို့ပေမယ့် သားက ငယ်သေးတယ်မဟုတ်လား၊ နောက်ပြီးတော့ ညီမနဲ့အတူတကွ ရက်အတော်ကြာအောင် တတွဲတွဲ သွားခဲ့ရတော့ ဟိုစိတ်ဒီစိတ်တွေ ပေါ်လာတော့မှာပေါ့ကွယ်"

"သူ့ဟာသူ ဟိုစိတ် ဒီစိတ်ပေါ်တာကို ကျွန်မတာမှမတတ်နိုင်ဘူး၊ ကျွန်မကတော့ အရင်းသဲ၊ ကျွန်မကို ‌ဖောက်ပြန်တဲ့စိတ်နဲ့ ချစ်နေတယ်ဆိုတာကိုတောင် နာကြည်းလှပြီ။ အစ်မကြီးသားကို ပြောပြလိုက်ပါ၊ နောက်ကို ကျွန်မဆီ ဘယ်တော့မှ မလာပါနဲ့လို့"

"အင်း… ဆင်ကျိုးစားရာ ဆိတ်မခံသာဆိုတာလို ဖြစ်နေပါပေါ့လားကွယ်"ဟု ဒေါ်တင်က ညည်းညူကာ မျက်ရည်သုတ်ရင်း ပြန်ခဲ့ရလေသည်။

"မမ… မမ… တံခါးဖွင့်စမ်းပါ"

မောင်ကြည်မြင့်က တံခါးကို ခေါက်ရင်းအော်၍ပြောရာ အတွင်းသစ်သားတံခါး ပွင့်သွားပြီး အပြင်က သံတံခါးကျန်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ မောင်လေး၊ ဘာကိစ္စရှိလို့လဲ" လှလှဝေက သံတံခါး အတွင်းမှမေးသည်။

"မမနဲ့ တွေ့ချင်လို့ လာတာပေါ့"

"မောင်လေး မမနဲ့တွေ့ဖို့ မလိုတော့ဘူး၊ မနေ့က မောင်လေး မေမေလာပြီး အကျိုးအကြောင်းအားလုံးသိရပြီ၊ မောင်လေးနဲ့ မမ နောက်ထပ်ဘာမှ အဆက်အသွယ် လုပ်စရာမလိုတော့ဘူး"

လှလှဝေက ပြောပြောဆိုဆို သစ်သားတံခါးကို ဂျုံးခနဲ ပိတ်လိုက်လေသည်။

"ရောဂါက မိန်းမအတွက်ဖြစ်တဲ့ ရောဂါပါ ဒေါက်တာ၊ အမျိုးသမီးတစ်ယောက် အတူခရီးရက်ရှည်သွားကြပါတယ်၊ ပြန်လာတော့ အဲဒီ အမျိုးသမီးကို မရရင် မနေနိုင်တော့ပါဘူး ဖြစ်လာတာပါပဲ၊ ကျွန်မက အဲဒီအမျိုးသမီးဆီသွားပြီး စေ့စပ်ကြောင်းလမ်းပါတယ်၊ အမျိုးသမီး ခါးခါးသီးသီးငြင်းပြီး သားကို ကန်ထုတ်လိုက်တာပါပဲ ၊ ဒီကတည်းက မစားနိုင် မအိပ်နိုင်ဖြစ်ပြီး ခုတော့ အိပ်ရာထဲမှာ ဗုန်းဗုန်းလဲတော့တာပါပဲ ဒေါက်တာရယ်၊ ကျွန်မသားကလေး ရောဂါပျောက် အောင် အထူးဂရုစိုက်ပြီး ကုသပေးပါရှင်၊ ငွေဘယ်လောက်ပဲကုန်ကုန် ကျွန်မအကုန်ခံပါ့မယ်" ဟု ဒေါ်တင်က မျက်ရည်စက်လက်ဖြင့် ပြောရှာသည်။

ဆရာဝန်သည် မောင်ကြည်မြင့်ကို အမျိုးမျိုးအဖုံဖုံ စမ်းသပ်ပြီးနောက် ဆေးထိုးပြီး ဆေးတိုက်ခြင်းပြု၏။

"ရောဂါကတော့ စိတ်ရောဂါပါပဲ၊ ကျွန်တော်အထူးဂရုစိုက်ပြီး ကုသပါ့မယ်၊ သိပ်ပြီး ပူပင်ကြောင့်ကြမနေပါနဲ့၊ အရေးကြီးရင် ကျွန်တော့်ကို ချက်ချင်းခေါ်ပါ၊ ဘာမှ အားနာစရာမလို ဘူး" ဟု ဆရာဝန်ကဆိုကာ မောင်ကြည်မြင့်အား တိုက်ရန် ဆေးများပေးပြီးနောက်ပြန်သွား၏။



ဒေါ်တင်သည် မောင်ကြည်မြင့်ကို ကြည့်ရင်း မျက်ရည်တွေတွေကျရှာသည်။

"သားဘယ်လိုများနေသလဲကွယ်၊ သားရောဂါကို မေမေယူပြီး ခံဖြစ်ရင်ခံချင်ပါ တယ်" ဟု မျက်ရည်သုတ်ရင်း ပြော၏။

ဆရာဝန်သည် နေ့စဉ်လာကာ အထူးဂရုစိုက်၍ ကုသပါ၏။

သို့သော် ရောဂါ ကျွမ်းသည်ထက် ကျွမ်းကာ မောင်ကြည်မြင့်၏ အခြေအနေမှာ ဆိုးသည်ထက်ဆိုးလာလေသည်။

ဒေါ်တင်မှာလည်း သားအတွက် ရတက်ပွေကာ မအိပ်နိုင်၊ မစားနိုင်ဖြစ်လျက် ရောဂါသည်ကြီးဖြစ်နေသဖြင့် ဆရာဝန်က ဒေါ်တင်ရော မောင်ကြည်မြင့်ပါ သားအမိနှစ်ယောက် လုံးကို ကုသပေးနေရလေသည်။

တစ်နေ့တွင် ဆရာဝန်ကဆို၏။

"အစ်မကြီးသားရောဂါကို ကျွန်တော်ပျောက်အောင် ကုသနိုင်မယ် မထင်ဘူး၊ အကြောင်းလဲဆိုတော့ ရောဂါက စိတ်နဲ့ပတ်သက်တဲ့ ရောဂါ၊ ကျွန်တော်က ရိုးရိုးရောဂါကိုသာ ကုနိုင်တာပါ"

ဆရာဝန်၏ စကားကိုကြားရသောအခါ ဒေါ်တင်မှာ မျက်လုံးမျက်ဆန်ပြူးသွားပြီး အံ့သြသလို ဖြစ်သွားလေသည်။

"ဒီလိုဆိုရင် ကျွန်မသားကလေးကို ကုလို့မရတော့ဘူးလား ဒေါက်တာရယ်" ဟု ဒေါ်တင်က ငိုရှိုက်ရင်းမေး၏။

"ကျွန်တော်မကုနိုင်တဲ့ အကြောင်းကိုသာ ပြောတာပါ၊ ဒီရောဂါမျိုးကို ကုနိုင်တဲ့ ဆရာဝန်ကြီးတစ်ယောက်ရှိပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုဆိုရင် ဒေါက်တာရယ်၊ ငွေဘယ်လောက်ပဲ ကုန်ကုန်ကုပါ့မယ်၊ ကျွန်မ… ကလေး ရောဂါပျောက်မယ်ဆိုရင် ကျွန်မကိုယ်ကို ရောင်းရချင်ရောင်းရပါစေ ကုပါ့မယ်"

ဆရာဝန်သည် မော်တော်ကားဖြင့် ထွက်သွားပြီးနောက် အတန်ကြာ၍ ပြန်လာ… အခါ ဆရာဝန်ကြီးတစ်ယောက်ပါလာလေသည်။

ဒေါ်တင်က ဆရာဝန်ကြီးကို တရိုတသေ နေရာထိုင်ခင်းပေး၏။

"သူငယ်လေးရောဂါအခြေအနေကိုတော့ ဟောဒီဆရာဝန်ကလေးပြောလို့ သေ… ချာချာသိပြီးပါပြီ၊ ကိုင်း လူနာကိုကြည့်ရအောင်"

ဆရာဝန်ကြီးကဆိုသဖြင့် ဒေါ်တင်သည် ဆရာဝန်ကြီးကို မောင်ကြည်မြင့် အ… အတွင်းသို့ ခေါ်ဆောင်သွား၏။

မောင်ကြည်မြင့်သည် သူ့အခန်းအတွင်းသို့ ဝင်လာသောဆရာဝန်ကြီးကို မြင်… ရသည်နှင့်တစ်ပြိုင်နက် နွေးခနဲဖြစ်သွားကာ ဆရာဝန်ကြီး၏ တောက်ပသော မျက်လုံးမျ… ငေးစိုက်ကြည့်ရှုနေမိလေသည်။

ဆရာဝန်ကြီးသည် မောင်ကြည်မြင့်၏ ခုတင်အနီးရှိ ကုလားထိုင်တွင်ထိုင်… မောင်ကြည်မြင့်၏ လက်ကိုဆုပ်ကိုင်ကာ…

"လူကလေး…စိတ်အေးအေးပေတော့၊ မင်းရောဂါပျောက်တော့မယ်" ဟု အား… စကားပြောရာ မောင်ကြည်မြင့် အားတက်လျက် စိတ်ပင်အတော်ကလေး ကြည်လင်လာ… သည်။

ဆရာဝန်ကြီးသည် မောင်ကြည်မြင့်ကို အိပ်ရာထက်တွင် အိပ်စေပြီး မောင်ကြည်… ၏ နဖူးပေါ်သို့ လက်ဝါးဖြင့်အုပ်ကာ အရောင်တောက်ပသော မျက်လုံးများဖြင့် မောင်ကြည်… မျက်လုံးများကို စိုက်ကြည့်နေ၏။



မောင်ကြည်မြင့်မှာတစ်ကိုယ်လုံး ရှိန်းတိန်းတိန်းဖြစ်လာပြီးနောက် မျက်ခွံတွေလေးလာ… မျက်စိမှိတ်လိုက်လေသည်။

နားထဲကမူကား မသဲမကွဲအသံတွေ ကြားနေ၏။ ထိုမသဲမကွဲသော အသံများအတွင်း …သဲကွဲပြတ်သားသော အသံတစ်ခုကို ကြားရလေသည်။

"မေမေ…မေမေ" ဟူသော အသံပင်ဖြစ်၏။

ထိုအသံကြားရပြီးနောက် မောင်ကြည်မြင့်သည် သူ့မိခင် ဒေါ်တင်ကိုမြင်လာသည်။ …ဒေါ်တင်၏အကြောင်းကို စဉ်းစားမိသည်။

မိခင်၏ စေတနာ မေတ္တာကြီးမားပုံများကို သတိရသည်။

မောင်ကြည်မြင့်သည် "မေမေ…မေမေ" ဟု ယောင်ယမ်းလွင့် ကြည့်လိုက်လေသည်။

ဒေါ်တင်သည် ဝမ်းသာလုံးဆို့ကာ မောင်ကြည်မြင့်ကို ဖက်ထားရင်း ဆရာဝန်ကြီးကို …ဇူးတင်လှသောအကြည့်ဖြင့် ကြည့်ကာ…

"ကျွန်မသား စကားမပြောတာ ကြာလှပါပြီ၊ ဒီကနေ့မှ စကားပြောပါတယ်၊ …ရာကြီးကျေးဇူးကြီးလှပါတယ်ရှင်" ဟု ဝမ်းသာအားရပြော၏။

"နောက်ဆိုရင် စကားပြောမယ်၊ နေလဲကောင်းမယ်၊ ပကတိ ကျန်းမာသွားမှာပဲ" ဟု …ရာဝန်ကြီးက အားတက်သရောပြောသည်။

"သား…ခုထက်ထိ မအိပ်သေးဘူးလား၊ ညဉ့်နက်လှပါပြီကော"

အဘွားတင်က မေးလိုက်သဖြင့် ဦးကြည်မြင့်သည် ရှေးဟောင်းနှောင်းဖြစ်များကို …စားခြင်းရပ်သွားကာ အသက်-၈၅နှစ်အရွယ် မိခင်အိုကြီးကို ကြည့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်ဟာ ငယ်ငယ်တုန်းက ဖြစ်ခဲ့၊ ပျက်ခဲ့တဲ့အကြောင်းတွေ ပြန်စဉ်း… နေမိတယ် မေမေ"

"ဘာအကြောင်းလဲ၊ လုလုဝေအကြောင်းလား" ဟု အဘွားတင်က ပြုံး၍ မေးလိုက်၏။

"ဟုတ်တယ် မေမေ၊ အဲဒီတုန်းက ကျွန်တော်စိတ်နောက်သွားတာတွေကိုလဲ စဉ်း… မိတယ်"

"ဆရာဝန်ကြီးနဲ့ တွေ့ပေလို့ သားအသက်ရှင်တာပေါ့၊ ဆရာဝန်ကြီးသာ မကယ်… သားသေမှာပဲ၊ သားသေရင် မေမေလဲ သေမှာပါပဲကွယ်"

"ဆရာဝန်ကြီးဘယ်လိုကုသသလဲ မေမေ၊ အဲဒီတုန်းက ကျွန်တော် ရူးနေ… ဆရာဝန်ကြီး ဘယ်လိုကုပြီး ဘယ်လိုကျန်းမာလာတယ်ဆိုတာ မသိဘူး"

"ဆရာဝန်ကြီးကုပုံကတော့ ခပ်ဆန်းဆန်းပဲကွဲ့၊ သားကိုအိပ်ခိုင်းတယ်၊ သားအိပ်ပျော်… နေတုန်းမှာ မေမေ့မေတ္တာကြီးမားပုံ၊ မေမေဟာ သားအတွက် ဘယ်လောက် စိတ်မကောင်းဖြစ်… ဘယ်လောက်အနစ်နာခံပုံတွေကို စီကာပတ်ကုံးပြောတော့တာပဲ"

"ဟုတ်လားမေမေ၊ သားကတော့ ဆရာဝန်ကြီးပြောတဲ့ စကားတွေကို မကြားရ… သို့ပေမယ့် အိပ်မက်ထဲမှာ မေမေနဲ့ တွေ့နေတယ်၊ မေမေသားကို ဘယ်လောက်ချစ်တယ်ဆိုတာ… အိပ်မက်ထဲမှာ သိနေတယ်"

"နောက်ပြီးတော့ ဆရာဝန်ကြီးက ပြောသေးတယ်၊ စိတ်ဆိုတာ တစ်စိတ်ထဲရှိတယ်… တဲ့၊ စိတ်ဟာ တစ်စုံတစ်ခုကို စွဲလမ်းနေရင် တခြားအရာကို မစွဲလမ်းတော့ဘူးတဲ့၊ ဒါကြောင့်… သားဟာ မေမေ့ကို ကျေးဇူးတင်အောင်၊ မေမေ့ကို အမြဲသတိရပြီး ချစ်ခင်ကြင်နာနေအောင်… လှုံ့ဆော်ပေးရတယ်တဲ့"



"ဆရာဝန်ကြီး ပြောတာဟုတ်တယ် မေမေ၊ မေမေ့ကို သားအမြဲ ကျေးဇူးတင်နေ…ယ် အမြဲသတိရနေတယ်၊ အဲဒီလို မေမေ့ကိုရှည်းစိတ်စွဲနေတော့ တခြားစိတ်တွေ မဝင်တော့ဘူး …ဒူးသဖြင့် မလုလုဝေဆီ စိတ်မရောက်တော့ဘူး"

"ညဉ့်နက်ပြီ သား၊ အိပ်ရာဝင်ကြစို့"

အဘွားတင်က ပြောကာ သားအမိနှစ်ယောက် အိပ်ခန်းတွင်းသို့ ဝင်ကြသည်။ …ခန်းအတွင်းမှာ ခုတင်တစ်လုံးစီဖြင့် အိပ်ကြ၏။

ဦးကြည်မြင့်က တစ်စုံတစ်ခုကို သတိရကာ မေးလိုက်သည်။

"ဟိုတစ်လောက မလုလုဝေဆုံးတာ… မေမေသိသလား"

"သိတယ်လေ၊ သားပြောလို့သိတာပဲ၊ တကယ်လို့ သားနဲ့လုလုဝေနဲ့သာ အကြောင်း …ကြတယ်ဆိုရင် လုလုဝေဆုံးသွားတဲ့အခါ သားပူလိုက်၊ ဆွေးလိုက်ရမယ်ဖြစ်ခြင်း၊ ဘယ်ပြော …င်းလိမ့်မလဲ၊ သူ့စိမ်းတစ်ရံဆိုတော့ သေသွားပေမယ့် မပူရဘူးပေါ့"

"မလုလုဝေကို သားကျေးဇူးတင်တာ တစ်ခုတော့ရှိတယ်"

"ဘာဖြစ်လို့ ကျေးဇူးတင်တာလဲ" ဟု အဘွားတင်က မေး၏။

"မလုလုဝေကို သားအရူးအမူးကြိုက်ခဲ့တယ် မဟုတ်လား၊ ဒါကြောင့်လဲ ကျွန်တော်ရူး …ပေါ့၊ နောက်တော့ ဆရာဝန်ကြီးကုသလို့ ကျွန်တော်စိတ်ပြောင်းသွားပြီး ရောဂါပျောက်သွားတဲ့ …ကျတော့ အခြား မိန်းကလေးတွေကိုပါ စိတ်မဝင်စားတော့ဘူး မေမေ၊ ဒါကြောင့် ကျွန်တော် …သက်လုံး လူပျိုကြီးလုပ်နေနိုင်တာပေါ့"

"ညဉ့်နက်ပြီသား၊ အိပ်တော့" ဟု အဘွားတင်က ဆို၏။

"အိပ်ခါနီးမှာ သားစိတ်ထဲပေါ်လာတာကလေး တစ်ခုပြောစမ်းပါရစေ မေမေ"

"ပြော…ပြော၊ ဘာပြောချင်သလဲ"

www.burmeseclassic.com

www.burmeseclassic.com



"အဘဲဖြစ်ဖြစ် ခဏပါပဲကလားလို့ သားသဘောပေါက်နေတယ်၊ လူတွေဟာ ကောင်းတာတွေလဲ ခဏပဲ၊ ဆိုးတာတွေလဲခဏပဲ၊ လူ့ဘဝဆိုတာလဲ ခဏပဲ၊ မလှလှအောင် တောဘုန်း သားကို ကုသပေးတဲ့ ဆရာဝန်ကြီးလဲ ဆုံးသွားတာ တော်တော်ကြာပြီ၊ သားတို့ လူပြည်မှာ ခဏနေပြီး သေပျောက်ကုန်ကြမှာချည်းပါပဲကလား မေမေရယ်"

ဦးကြည်မြင့် ပြောသည်မှာ မှန်လှပါ၏။ ဦးကြည်မြင့်အကြောင်း ပြန်လည်ရေးသားနေချိန်၌ ဦးကြည်မြင့်တို့သားအမိ မရှိကြတော့ပါ။

ရန်အောင်



# ဘကြီးကြွက်

(၁)

"ဟဲ့ . . ပြီမ်းပုံတို့ ရှိကြရဲ့လား"

"ရှိပါတယ် ဘကြီးကြွက်ရေ့ . ."

"နှင့်ယောကျ်ား စံအေးကောလဟဲ့"

"လယ်ထဲသွားပြီ ဘကြီးရေ့"

"ကလေးတွေကော နေကောင်းကြရဲ့လား"

"နေကောင်းပါတယ်ဘကြီး၊ ကျွန်မတို့အိမ်ကို မဝင်တော့ဘူးလား"

"မဝင်တော့ဘူးဟ၊ နောက်မှလာမယ်၊ ထွန်းရှင်တို့အိမ်က မုန့်စားကြွပါတဲ့ ဟော ဟာ . . ငါ့မှလဲ ဘုန်းကြီးကျနေတာပဲ"

www.burmeseclassic.com



ဘကြီးကြွက်က ကျေနပ်သော အပြောဖြင့်ပြောကာ ပီတိလွှမ်းသော မျက်နှာထား ကြီးဖြင့် ဟိုဟိုသည်သည် ပတ်ဝန်းကျင်ကိုကြည့်ရင်း တောင်ဝှေးကြီးကို တဒေါက်ဒေါက်ထောက် လျက် ရွာလယ်လမ်းမတစ်လျှောက် လျှောက်သွားလေသည်။

လမ်းမဝဲယာရှိ အိမ်များမှ မျက်စိပေါင်း မြောက်မြားစွာတို့သည် ဘကြီးကြွက်ကို အထူးအဆန်းသဖွယ် ငေးစိုက်ကြည့်ရှုနေကြ၏။

"ဟိုမှာ ဘကြီးကြွက်၊ ဘကြီးကြွက်"

အချို့အိမ်မှ ကလေးများက လက်ညှိုးတငေါက်ငေါက်ထိုးကာ အော်ကျယ်ဟစ်ကျယ် ပြောကြ၏။

"အေးဟဲ့၊ ငါ့မလဲ ရွာထဲ ကျားဝင်လာတာကျနေတာပဲ"

ဘကြီးကြွက်က ကလေးတွေကို ကြည့်ရင်းပြောလိုက်ရာ ကြားသူများက ပြုံးကြ၏။

"လာ···လာ···ဘကြီးကြွက်၊ မျှော်လိုက်ရတာ ဘကြီးရယ်၊ လည်ပင်းတောင် ညောင်ရေအိုးဖြစ်နေပြီ"

ကိုထွန်းရင်က ပြောပြောဆိုဆို အိမ်ပေါ်မှ ပြေးဆင်းလာကာ ဘကြီးကြွက်၏ လက်မောင်းကို ဆွဲမ,ပြီး အိမ်ပေါ်သို့ ခေါ်တင်ခဲ့၏။

"အမယ်···လူတွေ တယ်စုံသကိုးကွ"

ခေါင်းရင်းဘက်တွင် ခင်းထားသည့် သင်ဖြူးပေါ်တွင် ဘကြီးကြွက် ထိုင်ရင်းပြော လိုက်သည်။ သပြေကန်ရွာသား သက်ကြီးရွယ်အို တော်တော်များများကို ဘကြီးကြွက်တွေ့ရ၏။

"ကျွေးချင် မွေးချင်လို့ တမင်ဖိတ်ထားတာ ဘကြီးရဲ့"ဟု အိမ်ရှင် ကိုထွန်းရင်က ပြောသည်။

"မောင်မြတ်မင်း အသက်ဘယ်လောက်တုံးဟေ့···"



"မငယ်တော့ဘူး ဘကြီးရယ်၊ လာမယ့်တန်ခူးလမှာ အသက် ခုနစ်ဆယ်ပြည့်မယ်"ဟု ဦးမြတ်မင်းက ပြော၏။

"ငယ်ပါသေးတယ်ကွာ၊ ငါ့သားအရွယ်လောက်ရှိသေးတာပဲ၊ ဖိုးလှ အသက်ကကော ကွ"

"ကျွန်တော်က ငါးဆယ့်ခြောက်နှစ် ဘကြီးရဲ့ ဘကြီးမြေးအရွယ်ပေါ့နော်၊ ဟဲဟဲ"

ဦးဖိုးလှက ပြောရင်းရယ်ရာ အားလုံးရယ်ကြ၊ ပြုံးကြသည်။ ဘကြီးကြွက်က ...စုံအောင် အသက်များကိုမေးသည်။ ဟုတ်သည်။ ရောက်သမျှ လူများသည် ဘကြီးကြွက်၏ ...ရွယ်၊ သားရွယ်၊ မြေးရွယ်၊ မြစ်ရွယ်ချည်းဖြစ်ကြသည်။ ဘကြီးကြွက်ကား ဤရွာတွင်သာမက ...နယ်တွင်ပင် အသက်အကြီးဆုံး စံပြအဘိုးအိုတည်း။

"နေစမ်းပါအုံးလဟာ၊ အခု ဘာတွေကျွေးမလို့တုံး"

"မုန့်ဆီကြော်ကျွေးမယ် ဘကြီးရဲ့"

"မုန့်ဆီကြော်ကောင်းသဟေ့ ရမ်းပြည်နယ် အင်းလေးအရပ်မှာတော့ မုန့်ဆီကြော်ကို ...လို့ခေါ်သကွ၊ ရမ်းပြည်နယ်မှာ ထမင်းခြောက်ကို ကြော်ထားတဲ့ မုန့်ကိုတော့ ဆန်လုံးစီမုန့်လို့ ...တယ်၊ ဒါကြောင့် အင်းလေးက ကဗျာဆရာတစ်ယောက်ရေးတဲ့ ကဗျာထဲမှာ "ဆန်လုံးစီ ...ထပ်ပါလို့ တိုရုပ် ဝါကျွတ်ပွဲပေမို့ သူ့သူငါ ကုသိုလ်ခဲ့ကြတယ်၊ မြဲနှီဗျူနန်း"လို့ ပါတာကွ"

"အမယ်··ဘကြီးက ဒီအရွယ်ကြီးရောက်တာတောင်မှ ကဗျာ ဖတ်နေသေးသကိုး" ...ဦးဖိုးလှက ပြော၏။

"ဟ···စာဆိုတာ ဘာစာဖြစ်ဖြစ် ဖတ်ရတာပေါ့ကွ၊ "အလိမ္မာစာမှာရှိတယ်" ...ဘာမဟုတ်လား၊ ကိုင်း···ထွန်းရင်က ပြောပြစမ်းပါအုံး၊ တို့ကို မုန့်ဆီကြော်ကျွေးတာက ...သဘောလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့်အမေက အညာသူ ဘကြီးရဲ့ ဒီတော့ ဝါဝင်း ဝါထွက်မှာ အညာနတ်တင်တယ်။ မုန့်ဆီကြော်အဖြူ-အနီလဲပါရတယ်။ အမေမုန့်ဆီကြော် ကြော်ရင် ပိုကြော်ပါလို့ တောင်းသန့်ပြီး ဘကြီးတို့ကိုကျွေးတာပါ"

"ဟန်သလော၊ မခါ့ဥအသက်က ဘယ်လောက်တုံးဟ"

"ခြောက်ဆယ့် တစ်နှစ်တော့"ဟု အရိုးခါဥက အညာလေသံအတိုင်း ပြောလိုက်သည်။

"မခါ့ဥဆိုလို့ တစ်ခုသတိရပြန်သကွ၊ တို့အညာမှာတော့ ခါကောင်းဆိုတာရှိတယ်။ ချိုးတို့ ခါတို့ပေါ့ကွာ၊ တယ်ပြီးစားကောင်းတဲ့ငှက်တွေပေါ့ ခါဥဆိုတာက စိမ်းပြာပြာအပြောက်ကလေးတွေနဲ့ အလွန်လှသကွ၊ ဒီတော့ ယောက်ျားကလေးပဲဖြစ်ဖြစ်၊ မိန်းကလေးပဲဖြစ်ဖြစ် ချစ်စရာကလေးဆိုရင် ခါဥလို့ မှည့်တတ်ကြတယ်။ အဲ・・・ခါဥဆိုလို့ ပြောစရာတစ်ခု သတိရလာပြန်ပြီ"

ဘကြီးကြွက်၏ စကားမဆုံးမီပင် ကိုထွန်းရင်၏သမီးများက မုန့်ဆီကြော် ပန်းကန်များ၊ လက်ဖက်ရည်ကြမ်းများ ယူဆောင်လာကြကာ လူကြီးများ၏ ရှေ့တွင်ချသဖြင့် တပျော်တပါး အားပါးတရ စားသောက်ကြသည်။

"ခါဥအကြောင်း ဆက်ပြောစမ်းပါအုံး ဘကြီးရဲ့"ဟု ဦးမြတ်မင်းက တောင်းဆိုလိုက်၏။

"လွန်ခဲ့တဲ့ အနှစ်လေးဆယ်နီးပါးလောက်က ထင်ရဲ့ စာရေးဆရာ သခင်ဘသောင်းဆိုတဲ့ ပုဂ္ဂိုလ်က ဝတ္ထုရေးတယ်၊ ဇာတ်လိုက်မင်းသမီး အမည်က မခါဥတဲ့၊ တို့အညာနာမည်ကလေးပေါ့ သို့ပေမယ့် စာအုပ်ရိုက်တော့ စာစီတဲ့လူတွေ၊ စာပြင်တဲ့ လူတွေက အောက်သားတွေဖြစ်တော့ ခါကို ကြားဖူးဟန်မတူဘူး။ ဒါကြောင့် မခါဥဟာ မစာဥဖြစ်သွားရသတဲ့ကွ"



"ဘကြီးကလဲ အညာသားပဲလားတော့"ဟု အရိုးခါဥက မေး၏။

"ဟုတ်သပါ့ အထက်မွေး အောက်ကြီးပေါ့ကွာ"

ဘကြီးကြွက်၏ ပြောပုံကို သဘောကျကာ ရယ်ကြသည်။

"ပြောစမ်းပါအုံး ဘကြီးရဲ့ ဘကြီးငယ်စဉ်က အဖြစ်အပျက်တွေကို"ဟု ကိုထွန်းရင်က မေးလိုက်သည်။

"ငါ့အကြောင်းကတော့ကွာ အဖြစ်မရှိပါဘူး။ အပျက်ချည်းပါပဲ၊ ငါ့ဇာတိက သင်ပေါင်ဝေ့ ဘက်ွ မြေလတ်အရပ်ပေါ့ အောက်အရပ်ကတော့ တို့နေရာကို အညာလို့ ခေါ်ကြတာပဲ၊ ဒိုလ်ချုပ်အောင်ဆန်း ဇာတိ နတ်မောက်နဲ့ မဝေးလှဘူး။ တနယ်တည်းပဲ"ဟု အစချီကာ ဘကြီးကြွက်က ဘဝကို စိကာပတ်ကုံးပြောပြလေသည်။

(၂)

ဘကြီးကြွက် ၉-နှစ်သားအရွယ်တွင် မြန်မာဘုရင် သီပေါမင်းနှင့် အင်္ဂလိပ်အစိုးရတို့ စစ်ဖြစ်ကြရာ ဘကြီးကြွက်၏ အဖေသည် မြန်မာ့တပ်မတော်သားအဖြစ်ဖြင့် စစ်မြေပြင်သို့ သွားရောက်တိုက်ခိုက်သည်။ စစ်ပြီးသွားသောအခါ ဘကြီးကြွက်၏ အဖေ ပြန်ရောက်မလာတော့။ စစ်မြေပြင်တွင် ကျဆုံးသလိုလို၊ စစ်ရှုံးသဖြင့် စိတ်ပျက်ပြီး ခြေဦးတည့်ရာ ထွက်သွားသလိုလို၊ စစ်ပွဲတွင် ဒဏ်ရာရပြီး အင်္ဂလိပ် သုံ့ပန်းဖြစ်နေသလိုလို၊ စိတ်ပဲ နောက်သွားသလိုလိုဖြင့် အစပျောက်နေလေတော့သည်။

ဘကြီးကြွက်၏အမေ ဒေါ်ငွေနှင်းမှာ လင်သားမရှိတော့သဖြင့် သူတစ်ပါး၏ အကျိုးဆောင်များကို လျှော်ဖွပ်ရသည့်ခဝါသည် အလုပ်လုပ်ရရှာ၏။ ဘကြီးကြွက်လည်း အရှေ့ကျောင်း

ဆရာတော်ဦးတေဇောထံတွင် ပညာသင်ကြားနေသည်။ သို့သော် ကြာကြာပညာမသင်နိုင်ရှာ။ သင်ပုန်းကြီးကုန်၍ မင်္ဂလသုတ်အရောက်တွင် ကျောင်းထွက်ကာ မိခင်နှင့်အတူ အဝတ်ဖွပ်ရသည်။

မောင်ကြွက်လူပျို လူရွယ်ဖြစ်လာချိန်တွင် ဧရာဝတီကူးတို့သင်္ဘောသည် မောင်ကြွက်တို့မြို့တွင် ညအိပ်၍ သင်္ဘောပေါ်သို့ ထင်းသယ်ယူ တင်ပို့သည့် အလုပ်လုပ်ရသည်။ ယင်းသို့ သင်္ဘောထင်းထမ်း အလုပ်လုပ်ရင်း ငွေကလေးစုဆောင်းကာ သူ့ကိုယ်ရှင်ပြုရ၏။

ရှင်လူထွက်ပြီးနောက် ထင်းထမ်းရင်း ထင်းကန်ထရိုက်၏ သမီးနှင့် စုံမက်ကြရာ ကန်ထရိုက်က သိပြီး မောင်ကြွက်ကို အလုပ်ထုတ်ပစ်လိုက်၏။ ထို့နောက် မကြာမီတွင်ပင် မောင်ကြွက်၏အမေ ကွယ်လွန်ရာ ဥတစ်လုံး တစ်ကောင်ကြွက်ဖြစ်သော မောင်ကြွက်မှာ ခြေဦးတည့်ရာ ထွက်ခွာသွားလေသည်။

ရောက်လေရာရာ မြို့တိုင်း ရွာတိုင်းတွင် မောင်ကြွက်မှာ အလုပ်မရွေးဘဲ ရရာကို လုပ်လျက် ဝမ်းတစ်ထွာကို ကျောင်းရ၏။ မောင်ကြွက်လုပ်သမျှ အလုပ်များမှာ အလုပ်ကြမ်းများသာတည်း။ ကူလီ၊ ရေခပ်၊ ထင်းခုတ်၊ လယ်ယာသူရင်းငှား၊ ဒရဝမ်၊ ရုံးပျာတာစသည့် ထမ်းရ ပိုးရ အပင်ပန်းခံရသော အလုပ်များဖြစ်သည်။

ရေနံချောင်းမြို့တွင် အလုပ်အကိုင်ပေါလှသည် ကြားသဖြင့် မောင်ကြွက်အရောက် သွားကာ အလုပ်ရှာရ၏။ ဘီ-အို-စီ-ရေနံကုမ္ပဏီတွင် လက်သမားအလုပ်ရ၏။ သို့သော် မောင်ကြွက်အတွက် အခက်ကြုံရသည်။ အင်္ဂလိပ်အရာရှိများကို နေ့စဉ်နှင့်အမျှ ကြုံတွေ့နေရလေရာ မောင်ကြွက်၏ စိတ်တွင် "ငါ့အမေကို သတ်တာ သင်းတို့လူမျိုးတွေတဲ့"ဟု တွေးလျက် အင်္ဂလိပ်ကိုမြင်တိုင်း သတ်ပစ်ချင်စိတ်ပေါ်လာ၏။

မောင်ကြွက်အတွက် မဖြစ်ချေပြီ၊ ကြာကြာနေလျှင် တစ်နေ့နေ့၌ အင်္ဂလိပ်တစ်



ယောက်ယောက်ကို သတ်ပစ်မိတော့မည်ဖြစ်သဖြင့် ဘီ-အို-စီမှ အလုပ်ထွက်ကာ ရေနံချောင်း သင်္ဘောဆိပ်တွင် ထမ်းပိုးသယ်ပို့ရသည့် ကူလီအလုပ်လုပ်နေ၏။

၁၉၁၄-ခုနှစ်၊ ပထမကမ္ဘာစစ်ကြီး ဖြစ်သောအချိန်၌ ကိုကြွက်၏အသက် ၃၀-နှစ်ရှိပြီ။ မြန်မာစစ်သားများကို ခေါ်ယူသိမ်းသွင်းသဖြင့် ကိုကြွက်သည် အသက်ကိုလျှော့ပြောကာ စစ်ထဲသို့လိုက်သွား၏။ ကိုကြွက်တို့တပ်ကို ဆပ်ပါးမိုင်းနားတပ်ဟု ခေါ်၏။ စစ်တိုက်ရသောတပ်မဟုတ်၊ လမ်းဖောက်ရ၊ မြေကတုတ်တူးရ၊ ထမ်းရ ပိုးရ၊ သယ်ဆောင်ယူငင်ရသည့် အလုပ်သမားတပ်၊ ကူလီတပ်သာဖြစ်သည်။

ကိုကြွက်တို့တပ်သည် အာရေဗျနယ်ရှိ ဘဂ္ဂဒက်မြို့ ဘာဆရာမြို့များတွင် မြို့စောင့်တပ်အဖြစ်လည်း နေရ၏။ ထိုအခါတွင် ကိုကြွက်၏ ရောဂါဟောင်း ထလာပြန်ချေပြီ။ အင်္ဂလိပ်ဘက် အရာရှိများကိုမြင်တိုင်း ပစ်သတ်လိုသဖြင့် လက်တယားယားဖြစ်နေ၏။ သို့သော် ကိုကြွက် အသက်ကလေး အတော်ရလာကာ ဆင်ခြင်တုံတရား လက်ကိုင်ထားနိုင်သောကြောင့် တစ်ကြောင်း၊ စစ်သားဖြစ်၍ စစ်ဥပဒေ စစ်စည်းကမ်းကို လိုက်နာသည့်အလေ့အကျင့် ရှိနေပြီဖြစ်၍ တစ်ကြောင်း၊ အင်္ဂလိပ်အရာရှိများကို မသတ်မိခြင်းဖြစ်သည်။

ပထမကမ္ဘာစစ်ကြီး ပြီးဆုံးသောအခါ ကိုကြွက်သည် မြန်မာပြည်သို့ ပြန်ရောက်လာ၏။ နေရင်းဒေသသို့ပြန်ရန် အင်္ဂလိပ်အစိုးရက စရိတ်ပေးသော်လည်း ကိုကြွက်သည် ရန်ကုန်မြို့တွင် အလုပ်မရှားပေ။ ကမ်းနားဈေးတွင် ကူလီလုပ်နေ၏။ ကိုကြွက်အတွက် ခက်ပြန်သည်။ အညာအရပ်တွင် မြန်မာလူမျိုးတွေ ကူလီလုပ်ခြင်းမှာ မဆန်းသော်လည်း ရန်ကုန်ရွှေမြို့တော်ကြီးတွင် ဆန်း၍နေရ၏။

မြန်မာလူမျိုးတွေက "ဟော့ကောင်၊ ကူလီမလုပ်ပါနဲ့ကွ၊ မြန်မာလူမျိုးတွေ မျက်နှာပျက်တယ်၊ ကူလီဆိုတာ ဂေါရင်ဂျီကုလားတွေမှ လုပ်တာကွ"ဟု ပြောဆိုတားမြစ်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com



ထို့အပြင် ကုလားကူလီတွေကလည်း ကိုကြွက်ကို မကျေမနပ်ဖြစ်ကာ ရန်ထောင်ကြ၊ မာန်မဲကြ၊ တစောင်စောင်လုပ်ကြသည်ကလည်းတစ်မှု။

တစ်နေ့တွင် ကိုကြွက်သည် ရွှေတိဂုံစေတီတော်ကို သွားရောက်ဖူးမြော်စဉ် အထူးအဆန်းတစ်ရပ်ကို တွေ့ရ၏။ ရှမ်းပြည်နယ်မှ စော်ဘွားကြီးတစ်ဦးသည်လည်း အခြွေအရံများနှင့်အတူ ရွှေတိဂုံစေတီတော်ကို ဖူးမြော်နေသည်ကို ကြည့်ကြည့်သိုသို ထက်ထက်သန်သန် ဖူးနေ[illegible] သူတို့၏အနီးတွင် ချထားသည့် လွယ်အိတ်ကြီးတစ်လုံးကို အလစ်သမားတစ်ယောက်က ဆွဲ[illegible] ထွက်ပြေးလေသည်။

"သူခိုး...သူခိုး...လွယ်အိတ်ကို ခိုးပြေးတယ်"

ကိုကြွက်ကအော်ဟစ်၍လိုက်ကာ အလစ်သမားလက်မှ လွယ်အိတ်ကို ဆွဲလု၏။ အလစ်သမား၏ အပေါင်းပါတို့က ကိုကြွက်ကို ဝိုင်းဝန်းထိုးကြိတ်ကြသည်။ ကိုကြွက်သည် ထိုးကြိတ်နေသည့် အကြားကပင် လွယ်အိတ်ကိုရအောင် လုယူလျက် စော်ဘွားကြီးထံ ပြေးလာပြီး ပေး၏။ စော်ဘွားကြီးမှာ ကိုကြွက်ကို ကျေးဇူးတင်မဆုံးဖြစ်လေသည်။

"မင်းက ဘယ်မှာနေတာလဲ"ဟု စော်ဘွားကြီးကမေး၏။

"ကျွန်တော်က ရန်ကုန်မှာနေပါတယ်"

"အလုပ်အကိုင်ကကော"

"အလုပ်မရှိလို့ ကူလီလုပ်စားတာကို မြန်မာတွေက ဆူကြပူကြတယ်။ ကျွန်တော် ကူလီလုပ်တဲ့အတွက် သူတို့မှာ ဂုဏ်ပျက်ပါသတဲ့။ ဒီတော့ အခုလောလောဆယ် အလုပ်လက်မဲ့ဖြစ်နေပါတယ်"ဟု ကိုကြွက်က ရိုသေစွာပြော၏။

"မင်းကို အများကြီးကျေးဇူးတင်တယ်၊ ဒီလွယ်အိတ်ထဲမှာ အိုးတန်ပစ္စည်း[illegible] ပါတယ်၊ မင်းရှမ်းပြည်နယ်ကို မလိုက်ချင်ဘူးလား၊ မင်းကို အလုပ်ပေးထားမယ်"



"လိုက်ချင်ပါတယ်"ဟု ကိုကြွက်က ဝမ်းသာအားရပြော၏။

ယင်းသို့ဖြင့် ကိုကြွက်သည် စော်ဘွားကြီးနောက်သို့ လိုက်ပါသွားပြီး စော်ဘွားကြီး၏ ကိုယ်ရံတော်အလုပ် လုပ်ရသည်။ နေရေး စားရေး မပူရတော့၊ ကိုကြွက်မှာ ရှမ်းအမျိုးသားကဲ့သို့ပင် ဝတ်စားကာ ရာထူးအဆောင်အယောင်ဖြစ်သော ခေါင်းပေါင်းနီကြီးလည်း ပေါင်းရ၏။

ဦးကြွက်ကား အသက်၄၀-ကျော်မှ ကံပေါ်သလို ဖြစ်ရ၏။ စော်ဘွားကြီး၏ ကိုယ်ရံတော်လုပ်ရင်း ရှမ်း-နေကမြား အမျိုးသမီး မနန်းခမ်းနှင့် အကြောင်းပါလေသည်။ ဦးကြွက်က သူ့နီးချောကို ချစ်စနိုးကာ ဖဟာအမည်ဖြင့် မနန်းရွှေဟုခေါ်၏။ ဦးကြွက်ကား ကြာကြာစိတ်ချမ်းသာခွင့် မရရှာပေ။ မနန်းရွှေနှင့် ၃-နှစ်ခန့်သာ ပေါင်းရလျက် ဇနီးချောကလေး ကွယ်လွန်သွားသဖြင့် မျက်ရည်နှင့် မျက်ခွက်ဖြစ်ရရှာသည်။

ရှမ်းပြည်နယ်တွင် ဦးကြွက်နေစဉ် ငယ်စဉ်က ရောဂါဟောင်းပေါ်လာပြန်၏။ အင်္ဂလိပ်အရာရှိများကို မုန်းတီးစိတ်တည်း။ ဦးကြွက်မုန်းသည်ဆိုက မုန်းလောက်၏။ ဦးကြွက်၏ဖခင် မြန်မာတပ်မတော်သားကြီးကို အင်္ဂလိပ်တို့ သတ်ပစ်ခဲ့၏။ ယခုရှမ်းပြည်နယ်တွင် နေရစဉ်တွင်လည်း အင်္ဂလိပ်ကို မျက်မုန်းကျိုးစရာ တွေ့နေရပြန်၏။

သီပေါမင်းပါတော်မူစဉ်က ဦးကြွက်မှာ ၉-နှစ်သားအရွယ်ဖြစ်ရာ မြန်မာဘုရင်ကို မီလိုက်သည်။ မြန်မာဘုရင်မရှိသည့်နောက် စော်ဘွားကြီးများမှာ သူ့နယ်တွင် သူဘုရင်ပင် ဖြစ်သည်ဟု ဦးကြွက်ယုံကြည်ကာ ဝမ်းမြောက်အားတက်မိသည်။

သို့သော် ဦးကြွက်၏ အားထားရာ ကိုးကွယ်ရာ ကျေးဇူးရှင်ကြီးဖြစ်သောဘုရင်မှာ[illegible] အင်္ဂလိပ်တို့၏ ဩဇာပေးခြင်းခံနေရသည်ကို တွေ့မြင်ရသောအခါ အသည်းနာလေသ၏။ အင်္ဂလိပ်ဝန်ရှင်တော်မင်းကြီးနှင့် အရေးပိုင်ကို မဆိုထားဘိ၊ အင်္ဂလိပ်နယ်ပိုင်

www.burmeseclassic.com

www.burmeseclassic.com



ဝန်ထောက်ကသင် ဦးကြွက်၏ ကိုးကွယ်ရာဘုရင်ကို အမိန့်ပြဋ္ဌာန်းပေးသည်ကို တွေ့မြင်ရသောအခါ လက်တယားယား ဖြစ်ရသည်။ ဘာ မှန်းမသိ မျက်နှာ မြင်ဖြင့်ဖြစ်ရသည်။

ဦးကြွက်၏ အသက် ၅၄-နှစ်အရွယ်သို့ ရောက်သောအခါ ဝမ်းသာစရာ သတင်း ထူးကြီးကို ရှမ်းပြည်နယ်မှာ နေရင်းကြားရ၏။ ဆရာစံခေါင်းဆောင်ကာ အင်္ဂလိပ်အစိုးရ တော်လှန်ပုန်ကန်ကြခြင်းတည်း။

ဦးကြွက်ဝမ်းသာလုံးဆို့ကာ လက်ခမောင်း တဖြောင်းဖြောင်း ခတ်လေသည်။ သူ အကြောင်းကို ဦးကြွက်တစ်မေးတည်း မေးနေ၏။ မြန်မာပြည်မှ လူတစ်ယောက်လာသည် ကြားလျှင် ဦးကြွက်မတွေ့တွေ့အောင် ရှာကာ ဆရာစံအကြောင်းမေးရသည်မှာ အမော။

သူပုန်တွေ နိုင်ကြောင်းကြားရလျှင် ဦးကြွက် ထချကာ၏။ သူပုန်ရှုံးကြောင်း ကြားရလျှင် ဦးကြွက်မှာ မစားနိုင်။ ဦးကြွက်အတွက် သတင်းကောင်းကြီးတစ်ရပ် သိုးသိုးသန့်သန့်ကြား ရပြန်သည်။

ဆရာစံနှင့် နောက်လိုက် နောက်ပါတို့ ရှမ်းပြည်နယ်တွင်းသို့ ဝင်ရောက်လာပြီ သော သတင်းတည်း။ ဦးကြွက်ဆောက်တည်ရာ မရတော့၊ တောတကာ တောင်တကာ လှည့် ဖြတ်ကာ ဆရာစံကို တွေ့အောင်ရှာလျက် ဆရာစံ၏ တပည့်ခံလိုက်လေသည်။

ဦးကြွက်ကံဆိုးရှာသည်။ ဆရာစံကို အင်္ဂလိပ်က ဖမ်းမိသွားရာ ဦးကြွက်မှာ လွတ်ရန်းလျက် ထွက်ပြေးရ၏။ ယင်းသည့်နောက်တွင်ကား မြန်မာပြည်ဘက်သို့ ကူး တကာ၊ ရွာတကာ လှည့်ပတ်လျက် တော်သလိုနေ၊ ဖြစ်သလိုစား၊ ရရာအလုပ်ကို လုပ် ဘကြီးကြွက်ဘဝသို့ ရောက်ရလေတော့၏။ ဘကြီးကြွက်၏ အသက် ၆၆-နှစ်အရွယ် အင်္ဂလိပ်အစိုးရကို မောင်းထုတ်သည့် ပွဲကြီးလမ်းကြီးကြုံလေရာ ဘကြီးကြွက်မှာ ဝမ်းသာ ဆို့လျက် ရက်ပေါင်းများစွာ မစားနိုင်၊ မအိပ်နိုင်ဖြစ်နေသည်။



ဗိုလ်ချုပ်အောင်ဆန်းဦးဆောင်သော ဗမာ့လွတ်လပ်ရေး တပ်မတော် ရန်ကုန်မြို့ သို့ ရောက်ပြီဖြစ်ကြောင်း ဘကြီးကြွက်ကြားရသောအခါ သူရောက်နေသည့်ရွာမှ လူပျို၊ လူရွယ် တွေကို ဟောပြောစည်းရုံးလျက် သူကိုယ်တိုင်ရှေ့ဆောင်ကာ ဗမာ့လွတ်လပ်ရေး တပ်မတော် ဆီသို့ သွားရောက်သွတ်သွင်းလေသည်။

"ငါက အဘိုးကြီးဖြစ်နေလို့ပေါ့ကွာ၊ ငယ်ငယ် ရွယ်ရွယ်သာဆိုရင် စစ်တပ်ထဲကို ချက်ချင်း ကျွမ်းနောက်ကျွမ်းပစ်ဝင်မှာကွ"

ဘကြီးကြွက်၏စကားကို ကြားရသော တပ်မတော်အရာရှိများက ဝီတိပြုံးဖြင့် ပြုံးကြကာ ဘကြီးကြွက်ကို ငွေစုဆောင်းပြီး ကန်တော့လိုက်ကြသည်။

ဂျပန်တော်လှန်ရေးကာလတွင် အသက်၆၉-နှစ်ရှိပြီဖြစ်သော ဘကြီးကြွက်သည် တတ်နိုင်သည့်ဘက်က ကိုယ်ထိလက်ရောက် ပါဝင်ခဲ့၏။

ပြည်ထောင်စုမြန်မာနိုင်ငံ လွတ်လပ်ရေးရသောအခါတွင်ကား ဘကြီးကြွက်မှာ ပျော်နိုင်၊ မပန်းနိုင်ပဲ အိမ်တကာကိုတက်၊ လူတကာကို လွတ်လပ်ရေးသတင်းကောင်းပြော၍ မနားနိုင်၊ မဆုံးနိုင်ဖြစ်လေတော့၏။ ခြေသလုံးအိမ်တိုင်သဖွယ် ရွာတကာလျှောက်နေသော ဘကြီးကြွက်အသက်၇၀- အရွယ်တွင် သပြေကန်ရွာဦး ဘုန်းတော်ကြီးနှင့် တွေ့ကာ ခေါ်ဆောင် ခြင်းခံရပြီး ဘုန်းကြီး၏ခေါ်ဆောင်မှုဖြင့် ဘုန်းကြီး၏မည်းတော်အဖြစ် စောင့်ရှောက်ကျွေးမွေးပြုစုထားသည်မှာ ၆-နှစ်ကြာခဲ့ပေ၏။

(၃)

"ဘကြီးကြွက်ကို ဘုန်းကြီးက လိုက်အရှာခိုင်းလို့ လာရတာဗျ"

ဘုန်းကြီးကျောင်းသားကလေးများက ပြောရင်း ကိုထွန်းရင် အိမ်အတွင်းသို့ ဝင်လာ ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကိုင်း-ကျောင်းကိုပြန်လိုက်ဖို့မယ်ဟေ့ ဦးပွင့်က ဘာကိစ္စရှိလို့ ခေါ်တယ်မသိဘူး" ဟု ဘကြီးကြွက်ကဆိုကာ ထိုင်ရာမှထရာ ကျောင်းသားကလေးများက တွဲခေါ်သွားကြသည်။

ဘုန်းကြီးသည် ကျောင်းပရိဝုဏ် အစပ်သို့လာကာ ဘကြီးကြွက်ကို ကြိုဆိုနေ၏။

"ဒကာကြီး ဘယ်လျှောက်သွားနေတာလဲ ငယ်တော့တဲ့ အရွယ်မဟုတ်တော့ဘူးလေ စိတ်သွားတိုင်း ကိုယ်ပါတော့တာမှ မဟုတ်ဘဲကလား"

"ဒကာကြီး မာပါသေးတယ်လေ၊ မာလို့သာ သွားနိုင်၊ လာနိုင်တာပါ၊ ဦးပွင့်က တယ်အစိုးရိမ်ကြီးသကိုး"

တစ်ရွာလုံးက ဆရာတော်ကြီးဟုခေါ်နေကြသော ဘုန်းတော်ကြီးကို ဘကြီးကြွက်က "ဦးပွင့်" ဟုခေါ်၏။ ယင်းသို့ခေါ်သည်ကိုပင် ဘုန်းတော်ကြီးက သဘောကျနှစ်သက်သည်။ အကြောင်းမူကား ဘုန်းတော်ကြီးမှာ ဘကြီးကြွက်၏ သားအရွယ်မျှသာတည်း။

"ဦးပွင့်က အစိုးရိမ်ကြီးတာမဟုတ်ဘူး ဒကာကြီးရဲ့၊ ဒကာကြီးက စိုးရိမ်ရမယ့် အရွယ်ရောက်နေလို့ စိုးရိမ်တာ" ဟု ဘုန်းတော်ကြီးက ကရုဏာသံဖြင့် ပြောလေသည်။

ဘုန်းတော်ကြီး၏ ပါးစပ်တွင် နှုတ်ဆောင့်သလိုဖြစ်နေ၏။ ဘုန်းတော်ကြီးက စိုးရိမ် စကားပြောပြီးနောက် ရက်များစွာ မကြာလှမီတွင်ပင် ဘကြီးကြွက် အတော်နေမကောင်းသဖြင့် အိပ်ရာမှ မထနိုင်အောင် ဖြစ်ရှာသည်။

ဘုန်းကြီးကျောင်းဟူသည် ဝိုင်ယာလက်ထက်ပင် သတင်းပေး မြန်တတ်၏။ ဘကြီးကြွက် မကျန်းမမာဖြစ်နေသည့် သတင်းကို နေ့ချင်း ညချင်း တစ်ရွာလုံးကြားသိအောင် ကျောင်းသားများက သတင်းပို့ကြသည်။

တစ်ရွာလုံး စိတ်မကောင်းဖြစ်ကြကာ ကျောင်းသို့ ပြေးလာမေးစမ်းကြသည်။ ဘကြီးကြွက်စားရန်အတွက် သစ်သီး၊ ချိုချဉ်၊ မုန့်မျိုးစုံ၊ ဆေးမျိုးစုံပို့ကြ၏။



ရွာတွင်နေသည့် ကျန်းမာရေးမှူးက နံနက်တစ်ခေါက်၊ ညတစ်ခေါက် မှန်မှန်လာ၍ ဆေးထိုးခြင်း၊ ဆေးတိုက်ခြင်း ဝတ်ကို အမြဲမပြတ် ပြုသည်။ ဘုန်းတော်ကြီးမှာ ဘကြီးကြွက် ၏ အပါးမှခွာဘဲ ဖခင်တစ်ယောက်ပမာ ဂရုစိုက် စောင့်ရှောက်ပြုစုသည်။ လူနာမေးပရိသတ် ခဲသည်ဟူ၍ မရှိ။

အသက် ၉၆-နှစ်ရှိပြီဖြစ်သော ဘကြီးကြွက်မှာ မီးစာကုန်-ဆီခန်း အဖြစ်မျိုးသို့ ရောက်လေပြီ။ အစာဟူ၍ လုံးဝမဝင်တော့။ ကျန်းမာရေးမှူးတိုက်သည့် ဆေးသည်သာလျှင် ဘကြီးကြွက်အတွက် အာဟာရဖြစ်နေသည်။ ထိုသည့်ဆေးကလည်း ဘကြီးကြွက်၏ အသက်ကို ချုပ်ကိုင် တားဆီးထားသလို ဖြစ်နေသည်။ ငြိမ်းခါနီးမီး ပို၍ တောက်သည့်သဖွယ် ဘကြီးကြွက် ၏ စကားတတွတ်တွတ် ပြောနေသည်။

သိပေါမင်းပါတော်မူစဉ်က သူမှတ်မိသလောက် အကြောင်းတွေကို ပြောပြရင်း ကျိုးရှည်လည်ရှာသည်။

အင်္ဂလိပ်၏ ကျွန်ဘဝက ဖြစ်စဉ်၊ ဖြစ်ရပ်တို့ကို ပြောရင်း ဘကြီးကြွက်၏ မျက်နှာမှာ သောရောင်သန်းလာသည်။ ဘိုအိုင်အေခေတ်တွင် တပ်မတော်သားများကို ဘကြီးကြွက် ...ဆောင်းသိမ်းသွင်း ပို့ဆောင်ခဲ့ပုံကို ပြောပြရာတွင်ကား မျက်နှာတွင် ပီတိရောင် တောက်လျက် ...န်တော်လှန်ခဲ့ပုံပြောပြရာတွင်ကား လက်သီးဆုပ်ကာ အံကြိတ်ကာဖြင့်...

"ဒကာကြီး စကားတွေ သိပ်မပြောနဲ့လေ...မောနေရော့မယ်" ဟု ဆရာတော်က ...နာဖြင့် တားမြစ်၏။

"ပြောနိုင်တုန်း ပြောပါရစေ ဦးပွင့်ရယ်၊ မသေခင် နောက်ဆုံး ပြောပြတာပေါ့ ...ပွင့်ကို တစ်ခုမှာခဲ့ချင်တယ်"

"ဘာမှာချင်သတုံး" ဟု ဆရာတော်က မေးသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဦးပဥ္စင်း နိဗ္ဗာန်ရောက်ကြောင်း တရားတွေဟောတာလဲ ကောင်းပါတယ်။ ဒကာကြီး သာဓုခေါ်ပါတယ်။ နောက်တစ်ခုက လွတ်လပ်ရေးတရားလဲ ဟောစမ်းပါ"

"လွတ်လပ်ရေးတရားဆိုတာက ဘာတုံးဒကာကြီးရဲ့"

"ကျွန်ခေတ်အဖြစ်ဆိုး သနစ်ဆိုးတွေကို ဦးပဥ္စင်းလည်းသိတယ်မဟုတ်လား။ အဲ ဟာတွေကို ပြောပြပါ။ လွတ်လပ်ရေးရဖို့အတွက် လူပေါင်းမြောက်မြားစွာ ဆင်းရဲဒုက္ခ ခံကြရ တွေ၊ သေခဲ့ကြတာတွေကို နောင်လာနောင်သားတွေကို ဟောပြောပါ။ ဒကာကြီးအလေ ကျွန်ဘဝမရောက်ရအောင် တိုက်ရင်း သေခဲ့ရတယ်၊ ကျွန်ဘဝသာ ပြန်ရောက်မယ်ဆိုရင် သေရ ကမှ ကောင်းလိမ့်ဦးမယ်"

"ဒကာကြီး မောရော့မယ်၊ စကားမပြောပါနဲ့တော့၊ ဒီလောက်ပြောရင် ဦးပဥ္စင်း နားလည်ပါပြီ"

ဘကြီးကြွက်က နောက်ထပ်စကားမပြောတော့၊ အသက်ကလေး ဖုတ်လိုက် ရှု လိုက်ဖြင့် ရှူကာ အမောဖောက်နေချေပြီ။ သတိကား မလစ်သေး။

"ဒကာကြီးပြုခဲ့သမျှ ကောင်းမှုကုသိုလ်တွေကို ပြန်ပြီး ဆင်ခြင်နှလုံးသွင်း စွဲလမ်းမှုဆိုတဲ့ တဏှာဥပါဒါန်တွေကို ဖြတ်လိုက်ပါ၊ ဘုရား-တရား-သံဃာ ရတနာသုံးပါး စိတ်ထဲမှာ ပေါ်အောင်ရှုပါ"

ဆရာတော်က သတိပေးရင်း ကျောင်းသားတစ်ယောက်ကို မျက်ရိပ်ပြလိုက် ကျောင်းသားက ကြေးစည်ကို တီးခတ်လိုက်သည်။ ကြေးစည်သံမရပ်အောင် ထပ်ကာထပ် တီးခတ်နေရ၏။ အဆက်မပြတ် တီးခတ်နေသော ကြေးစည်သံကို ကြားသဖြင့် ရွာသူရွာသား တို့ ကျောင်းသို့ပြေးလာကြသည်။ သူတို့ထင်သည်အတိုင်းပင် ဘကြီးကြွက် ဇီဝိန်ချုပ်ရှာပြီတည်း။

ဆရာတော်မှာ အားလုံးပင် မျက်ရည်ကျကြ၏။ အမျိုးသမီးများမှာ ဘိုးအေ



စ်ယောက် ကွယ်လွန်သကဲ့သို့ပင် အော်ဟစ်ငိုယိုကြ၏။ ဘကြီးကြွက်ကား အိပ်ပျော်နေသည် င့် မခြားပင်တည်း။

(၄)

ဘကြီးကြွက်၏ ရုပ်ကလာပ်ကို ခမ်းနားတော်ပြန်အဖြစ် သင်္ဂြိုဟ်ကြ၏၊ လူကြီးများ မျက်ရည်ကျသူ၊ ငိုသူတွေချည်း ဖြစ်သော်လည်း ကလေးများကမူကား ပျော်ကြသည်။

ဘကြီးကြွက်၏ ဈာပနကို ဘုန်းကြီးပြန်နှင့်မခြား သင်္ဂြိုဟ်လေရာ ဇာတ်ပွဲ၊ အငြိမ့် ပါသည့်အပြင် ကိုထွန်းရင်၊ ဦးမြတ်မင်း၊ ဦးဖိုးလုတို့က ဦးဆောင်ကာ လူငယ်များကို င်ကြားပေးလျက် ဘကြီးကြွက်၏ ဘဝဖြစ်စဉ်ကို ပြဇာတ်ကကြလေသည်။

ဘကြီးကြွက်၏ ငယ်စဉ်ဘဝကို လူငယ်မောင်ထွန်းလူက လုပ်၏၊ လူလတ်ဘဝကို ထွန်းရင်က လုပ်ပြီး၊ လူအိုဘဝကို ဦးမြတ်မင်းက လုပ်၏။ ထူးခြားချက်တစ်ရပ်မှာကား ကြီးကြွက်၏ ပြဇာတ်ကို ကပြနေတုန်း ၉-နာရီခန့်တွင် ပွဲကြည့်နေသူ ၅-နှစ်သားအရွယ် လေးတစ်ယောက်က တစ်နေရာသို့ လက်ညှိုးထိုးပြကာ...

"ဟိုမှာ ဘကြီးကြွက်လာနေတယ်၊ ဘကြီးကြွက်၊ ဘကြီးကြွက်" ဟု အသံကုန်ဟစ်၍ ော်လေတော့သည်။ ပွဲကြည့်ပရိသတ်များသည် ရုတ်ရုတ်သဲသဲဖြစ်သွား၏။ ပြဇာတ်ကနေသူ ရပ်နေကြသည်။ အတီးအမှုတ်လည်း ခေတ္တတိတ်ဆိတ်သွား၏။

"အမယ်လေး...ကြက်သီးထလိုက်တာ" ဟု တစ်ယောက်က ထအော်လိုက်ပြန် သည်။ ထိုဖြစ်ရပ်ကို ချက်ချင်းလိုပင် ဆရာတော်ကြားသိလေရာ အမိန့်ရှိတော်မူ၏။

"အေးကွာ...ငါ့ဒကာကြီးသာ သူ့အလောင်းသင်္ဂြိုဟ်တဲ့ အခမ်းအနားကို ခေရာ တကြည့်နိုင်ရင် သိပ်ဝမ်းသာရှာမှာပဲနော်"

ရန်အောင်

www.burmeseclassic.com

www.burmeseclassic.com



# မောင်ပွေး

ကျွန်တော့်အမည် "မောင်ပွေး"ဖြစ်ပါတယ်။

မျက်လုံးမေးမေး၊ ဝဝ တုတ်တုတ်၊ ပွေးကောင်ကလေးနဲ့တူလို့ မောင်ပွေး[illegible] မှည့်ခေါ်ကြခြင်း ဖြစ်ပါတယ်။

ပွေးကောင်ကလေးတွေဟာ မြေကြီးထဲမှာ တွင်းတူးပြီး နေကြသလို ကျွန်[illegible] ဟာလဲ မြေကြီးနဲ့ ရင်းနှီးလုပ်ကိုင်ကာ ပရိယေသန ဝမ်းစာရှာမှီးရပါတယ်။

ကျွန်တော်အလုပ်က လယ်လုပ်သား၊ လယ်သမားဖြစ်ပါတယ်။ ကျောက်တ[illegible] အနီး၊ ဘော်ဂလွတ်ရွာမှာ ကျွန်တော်ကို မွေးပြီး ဘော်ဂလွတ်ရွာမှာပဲ အခြေနေထိုင် [illegible] ရပါသည်။

ကျွန်တော့်အသက် ၂၅-နှစ်အရွယ်ထိအောင် ထူးထူးခြားခြား ဘာဖြစ်ရပ်မှ [illegible] မကြုံခဲ့ရပါဘူး။



အဲ... ၂၅-နှစ်ရောက်တော့မှပဲ ကျွန်တော့်ဘဝကို တစ်မျိုးတစ်ဖုံ ဖန်တီးမယ့် ကိစ္စနဲ့ ကြုံရပါတယ်။

"ရန်ကုန်မြို့က ဆရာကတော်တစ်ယောက် ဘော်ဂလွတ်ရွာသို့ ရောက်လာပြီး ကိုသိန်းမောင်တို့အိမ်မှာ တည်းခိုနေထိုင်တယ်" ဆိုတဲ့သတင်းဟာ တစ်ယောက်စကား တစ်ယောက်နားသို့ ကူးစက်ကာ တစ်ရွာလုံးပျံ့နှံ့နေတာဖြစ်တော့ ကျွန်တော်လဲ ကြားသိရတာပေါ့။

ဆရာကတော်ဟာ အင်မတန်ချောကြောင်း၊ လှကြောင်း၊ ပစ္စည်းတွေလဲ အများကြီး ပါလာကြောင်း၊ ပြောဆိုချီးကျူးကြသည်များကိုလဲ ကြားရပါတယ်။

ကျွန်တော်တို့ရွာမှာတော့ ဆရာကတော်ဟာ အထူးအဆန်း ပြောစမှတ်ကြီး ဖြစ်လောက်တဲ့ ပုဂ္ဂိုလ်ပေပဲပေါ့။

ကျွန်တော်လဲ ဆရာကတော်ကို တွေ့ချင် မြင်ချင်တဲ့အတွက် ကိုသိန်းမောင်တို့ အိမ်ကို သွားပါတယ်။

ကိုသိန်းမောင်က ကျွန်တော့်ကို "လာဟေ့...မောင်ပွေး၊ ဟောဒါ ရန်ကုန်က ငါ့မမကွ၊ ခုတော့ အခြေအနေအရပေါ့ကွာ၊ ငါတို့နဲ့အတူလာနေမှာ" လို့ ပြောပြီး ကျွန်တော်နဲ့ မမကို မိတ်ဆက်ပေးပါတယ်။

ဆရာကတော်မမလှတယ်၊ ချောတယ်လို့ ပြောကြတာကိုကြားရတော့ "ဒီလောက် တုတ်မယ်မထင်ပါဘူး၊ ပိုမိုကဲချဲ့ ပြောကြတာထင်ပါရဲ့" လို့ ကျွန်တော်ထင်ခဲ့မိပါတယ်။

သို့ပေမယ့် မမကို ကျွန်တော်တွေ့ရတဲ့အခါကျတော့ ကြားရတာထက်တောင် ပိုလှနေတာကို တွေ့ရပါတယ်။ မမရဲ့ ရုပ်ဆင်းသဏ္ဌာန်ကို ကြည့်ခြင်းဖြင့် အသက်၃၀-ဝန်းကျင် လောက်ပဲ ရှိလိမ့်မယ်ထင်ရပေမယ့် မမအသက်ဟာ ၄၀-လောက်တောင်ရှိတန်ရဲ့လို့ ထင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ မမရဲ့မောင် ကိုသိန်းမောင်ဟာ အသက်၃၀-ကျော်တယ်ဆိုတာ ကျွန်တော်

www.burmeseclassic.com

www.burmeseclassic.com



သေသေချာချာသိထားလို့ဖြစ်ပါတယ်။

မမနဲ့ ကျွန်တော် စပ်မိစပ်ရာ စကားများပြောလို့ ကျွန်တော်ပြန်ခါနီးမှာ "မမ နိုင်းချင်တာများရှိရင် ကျွန်တော့်ကိုခေါ်ခိုင်းနော်၊ ဘာမှ အားမနာနဲ့"လို့ ကျွန်တော်ပြောတော့

မမက "မောင်ပွေးလဲ မမဆီကို မကြာမကြာလာပေါ့"တဲ့။

"ဟုတ်ကဲ့ ကျွန်တော်လာပါ့မယ်"လို့ ပြောပြီးပြန်ခဲ့ပေမယ့် မမရဲ့ ရုပ်ဆင်းသဏ္ဌာန် လေးဟာ ကျွန်တော့်မျက်စိထဲမှာ တရေးရေး တယောင်ယောင် ပေါ်နေပါတယ်။

ㅅ

အဲဒီနောက်တော့ မမထံ ကျွန်တော်မကြာမကြာ ရောက်ပါတယ်။ မမမောင် ကိုသိန်းမောင်က ဆေးဆရာဆိုတော့ ဟိုရွာ-ဒီရွာ လှည့်ပတ်ပြီး ဆေးကုနေရတဲ့အတွက် အိမ်မှာ မရှိတာများတယ်၊ ဒီတော့ ကျွန်တော်နဲ့မမ နှစ်ယောက်ချင်း တွေ့ကြရပါတယ်။

တစ်နေ့တော့ ကျွန်တော်က မေးကြည့်ပါတယ်။

"မမ ရန်ကုန်မှာ နေတယ်ဆို၊ ဘယ်သူနဲ့ နေသလဲ"လို့။

သည်တော့ မမက ပြန်ပြောပါတယ် "မမခင်ပွန်းက ကျောင်းဆရာကြီးကွဲ့ မမခင်ပွန်း နဲ့အတူ ဆယ်နှစ်ကျော် ပေါင်းခဲ့ရတယ်။ ခုတော့ကွယ် တစ်ယောက်နဲ့တစ်ယောက် အကြောင်း ရေစက်ကုန်လို့ပဲထင်ပါရဲ့ ကွာရှင်းခဲ့ရတယ်။ ဒါကြောင့် မမရန်ကုန်က ပြောင်းလာခဲ့ပြီး မောင်လေး သိန်းမောင်ဆီမှာ လာနေတာ"

မမက အဲဒီလို ပြောရုံသာမကပါဘူး သူတို့ချင်း ကွာရှင်းပြတ်စဲခဲ့ကြတဲ့ စာချုပ်ကို ထုတ်ပြတဲ့အပြင် သူ့ခင်ပွန်း ကျောင်းဆရာကြီးရဲ့ ဓာတ်ပုံကိုလည်း ထုတ်ပြပါတယ်။



ကျောင်းဆရာကြီးဟာ လူချော၊ လူခန့်ကြီးပါပဲ၊ ဆံပင်ရှည် သျှောင်တုံးနဲ့ ခေါင်း ပေါင်းကို အုပ်ပေါင်းပေါင်းလို့ ကျောင်းဆရာ ဂိုက်လဲ ကျပါတယ်။

ကျွန်တော်က မမကို မေးလိုက်ပါတယ်။

"မမဒီရွာမှာ အမြဲနေတော့မှာလား"လို့။

သူက ပြန်ပြောတယ်။

"ဟုတ်တယ်၊ ဒီရွာမှာပဲ နေတော့မယ်။ မမနဲ့ဆရာအကြောင်း ရေစက်ကုန်လို့ ကြပေမယ့် မမရင်းနှီးစားသောက်ဖို့ ငွေအလုံအလောက်ပါလာတယ်။ အဲဒီငွေနဲ့ ဒီရွာမှာ ဆိုင်တည်မယ်၊ ဒီတော့ မမနေရေး၊ စားရေး မပူရပါဘူး"

မမပြောတဲ့အတိုင်းပါပဲ၊ မမက ဆန်၊ ဆီ၊ ဆားကအစ စားကုန်၊ သောက်ကုန် လေးမရှိအောင် အိမ်ဆိုင်တည်ခင်းရောင်းချဖို့အတွက် ကျောက်တန်းမြို့ကို သွားပြီး လိုတဲ့ ည်းတွေကို ဝယ်ခြမ်းပါတယ်။ အဲဒီလို ဝယ်ခြမ်းဖို့သွားရာမှာ ကျွန်တော့်ကို အဖော်ခေါ်သွား တယ်။

လိုရာပစ္စည်းတွေ ဝယ်ခြမ်းပြီးခဲ့လို့ အိမ်ဆိုင်တည်ခင်း ရောင်းချပြန်တော့လဲ နော်ပဲ ကူညီဝိုင်းဝန်းပြီး ရောင်းချပေးရပါတယ်။

ဝယ်စရာ၊ ခြမ်းစရာရှိရင်လဲ ကျောက်တန်းမြို့ကို ကျွန်တော်သွားပြီး ဝယ်ခြမ်းရပါတယ်။

ကျွန်တော်ဟာ မမနဲ့ အတူနေ၊ အတူစား၊ တစ်အိမ်တည်းသားလို ဖြစ်နေပါသည်။ ဆိုရင်လဲ မမတို့အိမ်မှာ အိပ်တာကများပါတယ်။ အဲဒီလို မမနဲ့ ကျွန်တော် ထွေးရောယှက် င် ဆိုတာလို နေထိုင်ကြတော့ ရွာကလူတွေက ကျွန်တော်နဲ့မမကို သမုတ်ကြပါတယ်။

"ဆရာကတော်နဲ့ မောင်ပွေး ညားနေကြပြီ"ပေါ့လေ။

အဲဒီလို ပြောပါ၊ မေးပါများလွန်းတော့ တစ်နေ့မှာ ကျွန်တော်က ပြောပြပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်နဲ့ မမအကြောင်းကို ရွာသူရွာသားတွေက ပြောကြလို့ပါ" လို့။

ဒီတော့ မမက ပြန်မေးပါတယ်။ "ဘယ်လိုပြောကြလို့လဲ" တဲ့။

"မမနဲ့ ကျွန်တော်ကို သွားပုပ်လေလွင့် စွပ်စွဲနေကြတယ်"

"အကြောင်းပါနေကြပြီလို့ ပြောကြတာလား"

"ဟုတ်ပါတယ်"

"အကြောင်းပါတော့ကော သူတို့အမှုလား။ ပါချင်ပါ၊ မပါချင်နေ၊ သူတို့အနေသာကြီးပဲ"

မမစကားကို ကြားရတော့ ကျွန်တော်ဝမ်းသာသလိုလို၊ အားတက်သလိုလို ဖြစ်သွားပါတယ်။

အဲဒီနောက် မမရဲ့ အမူအရာတွေဟာ ပြောင်းသွားပါတယ်။ နဂိုက လှပချောမောပြီးဖြစ်တဲ့ မမဟာ အထူးပြီးလိမ်းပြင်ဆင် ဝတ်စားလိုက်တော့ လှသည်ထက်လှ၊ ချောသည်ထက်ချောပြီး ချစ်စရာကောင်းသည်ထက် ကောင်းလာပါတယ်။

မမက ချောလေ၊ ကျွန်တော်က ချစ်လေဖြစ်ပြီး အဲဒီစိတ်ကြောင့် ကျွန်တော်ကိုယ်ကိုယ်ကို အလှအပ ပြင်ဆင်ဝတ်စားပါတယ်။ ကျွန်တော့်မျက်နှာကို မကြာ မကြာမှန်ကြည့်မိပါတယ်။

မမက ကျွန်တော့်ကို လူရှေ့ သူရှေ့မှာသား "မောင်လေး" လို့ ခေါ်ပြီး နှစ်ယောက်ချင်းကျတော့ "မောင်လေး...မောင်" လို့ ခေါ်ပါတယ်။ အဲဒီလို ချစ်စနိုးခေါ်တော့ "မီးလောင်လေပင့်" ဆိုတာလို မမကို ပိုပြီးချစ်၊ ပိုပြီး စွဲလမ်း တပ်မက်မိပါတယ်။

ဒါကြောင့် မကြာ-မကြာ မမကို ကျွန်တော်စိုက်စိုက်ကြည့်မိပါတယ်။ ကျွန်တော်စိုက်ကြည့်တိုင်းလိုလိုပဲ မမက ကျွန်တော့်ကို ပြန်ကြည့်လို့ အကြည့်ချင်းဆုံတဲ့အခါမှာ မမမျက်လုံး



ဟာ ကြည်လင်တောက်ပပြီး အရည်လည်နေသလို မြင်ရပါတယ်။

"ချစ်ရည် ပြည့်ဝ၊ တောက်ပမေတ္တာ၊ အာသာဆန္ဒ ပြင်းပြတဲ့ မျက်လုံး" လို့ ဆိုနိုင်လိမ့်မယ် ထင်ပါတယ်။

တိုတိုပြောရရင်တော့ ကျွန်တော်နဲ့ မမဟာ လူချင်းမညားကြသေးပေမယ့် စိတ်ချင်းစိုညှိချင်းညားနေကြပြီလို့ ကျွန်တော်တွေးမိတဲ့အတွက် အလွန်အလွန် ဝမ်းသာကြည်နူးမိပါတယ်။

တစ်ည...

ကျွန်တော့်တစ်သက်တာတွင် ဘယ်တော့မှ မေ့နိုင်မည်မဟုတ်တဲ့ တစ်ညဖြစ်ပါတယ်။

မမမောင် ကိုသိန်းမောင်က ဆေးဆရာဖြစ်တော့ ဆေးကုရအောင် တခြားရွာတွေကို သွားနေလို့ မမကို စောင့်ရှောက်ရင်း မမတို့အိမ်မှာဘဲ ကျွန်တော်အိပ်နေတဲ့ ညဖြစ်ပါတယ်။

သန်းခေါင်ကျော်အချိန်လောက် ကျွန်တော် အိပ်မောကျနေတုန်း...

"မောင်...မောင်...မောင်" လို့ ကျယ်ကျယ်လောင်လောင်ကြီးခေါ်တဲ့ အသံကြားရလို့ အိပ်ရာကလန့်နိုးပြီး မမအိပ်နေတဲ့ဆီ အပြေးအလွှားသွားပါတယ်။

မမဟာ အိပ်ရာပေါ်မှာ ငါးဖယ်ပုံသလို ဖျပ်ဖျပ်လူး လူးလိမ့်ရင် "အမယ်လေး" လို့ အော်နေပါတယ်။

"မမ...ဘာဖြစ်လို့လဲ" လို့ ကျွန်တော်က မေးတော့ -

"လေထိုးတယ်၊ အမယ်လေး" လို့ အော်ရင်း လူးလိမ့်နေရှာပါတယ်။

ကျွန်တော်လဲ တတ်သရွေ့ မှတ်သရွေ့ ဆိုသလို မမရဲ့ ဝမ်းတွေ၊ ရင်တွေကို နှိပ်နယ်ပေးရပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် တော်တော်ကြာ နှိပ်နယ်ပေးတော့မှ မမနည်းနည်း သက်သာသွားဟန်တူပါတယ်။ လူးတာလိမ့်တာတွေ ငြိမ်သွားပါတယ်။

သို့ပေမယ့် ကျွန်တော်ကတော့ မမကို နှိပ်နယ်ပေးနေပါတယ်။

မမ အကြီးအကျယ် လေထိုးပြီး အပြင်းအထန် အော်ဟစ်လူးလိမ့်နေစဉ်က စိုးရိမ်စိတ်ကြောင့် ကျွန်တော်လဲ အားစိုက်နှိပ်နေရလို့ တခြားစိတ်တွေ မဝင်မရောက်ပါဘူး။

အဲ…မမငြိမ်သွားပြီး မှိန်းနေတဲ့အခါမှာ ကျွန်တော် သူ့ကို နှိပ်နယ်ပေးရတဲ့အခါမှာတော့ဖြင့် ကျွန်တော့်စိတ်တွေဟာ ဖောက်ပြန်လာပါတယ်။

မမရဲ့ အင်မတန် လှပတဲ့ မျက်နှာကလေးကို တစိမ့်စိမ့်ကြည့်ရင်း မမရဲ့ အချိုးအစားကျလှတဲ့ ကိုယ်ကလေးကို အာရုံစူးစိုက်ရင်း မမကို ကျွန်တော်ချစ်သည်ထက် ချစ်စွဲမက်သည်ထက် စွဲမက်လာပါတယ်။

ရင်းရင်းပြောရရင်တော့ ကျွန်တော်ဟာ ပုထုဇဉ်မျှသာဖြစ်တဲ့ သွေးနဲ့ကိုယ် သားနဲ့ကိုယ်ပါ။

မမဟာ ငြိမ်သက်ပြီး အိပ်ပျော်သွားဟန်တူပေမယ့် ကျွန်တော်ကတော့ မမကို နှိပ်မြဲနှိပ်နေမိပါတယ်။

အဲဒီလိုနှိပ်ရင်းနှိပ်ရင်းနဲ့ ကျွန်တော့် အချစ်စိတ်ကို မထိန်းသိမ်းနိုင်ဘဲ မမရဲ့ နူးညံ့တဲ့ လက်ကလေးတွေကို ဆွဲကိုင် ဆုပ်နယ်နေမိပါတယ်။

မမရဲ့ ချစ်စရာကောင်းတဲ့ နှုတ်ခမ်းကလေးကို ငုံ့ပြီး မွှေးနေမိပါတယ်။

အဲဒီ…အဲဒီနောက်တော့

ကျွန်တော်အချစ်စိတ်ဟာ…။

ကျွန်တော်ဟာ သွေးနဲ့ကိုယ် သားနဲ့ကိုယ်ပါပဲလို့ သာပြောပါရစေတော့ ခင်ဗျာ။



အဲဒီနောက်မှာတော့ဖြင့် ကျွန်တော်နဲ့မမဟာ အသေအလဲချစ်ကြပါတယ်။ တစ်ယောက်ကို တစ်ယောက် အတိုင်းမသိကြင်နာကြပါတယ်။ တစ်ဦးနဲ့ တစ်ဦး အလွန်အကျူး စွဲမက်တွယ်တာကြပါတယ်။ ကျွန်တော်တို့အကြောင်းတွေကို မမမောင် ကိုသိန်းမောင်ကလဲ ရိပ်မိမှာပါပဲ။ သို့ပေမယ့် ဘာမှမပြောဘဲ မသိချင်ယောင် ဆောင်နေပါတယ်။

ရွာထဲက လူတွေကတော့ဖြင့် ကျွန်တော်နဲ့ မမ ဘာမှမဖြစ်ခင်ကတော့မှ သွားပုပ်လေလွင့်ပြောနေကြသေးတာပဲ။ အခုလို ဖြစ်နေတယ်ဆိုတော့ ဘယ်ပြောကောင်းမလဲ။

"မောင်နှမနဲ့ မမညားနေကြပြီဟေ့"လို့ မောင်းခတ်သလိုပြောကြတော့တာပါပဲ။

ကျွန်တော့် တစ်သက်တာ တစ်ဘဝတုန်းမှာ ဒီအချိန်လောက် ပျော်တာ မရှိခဲ့ပါဘူး။ နောက်လဲရှိမှာ မဟုတ်တော့ပါဘူး။

အဲဒီလို အပျော်ကြီးပျော်၊ အကြည်နူးကြီး ကြည်နူး၊ အရွှင်မြူးကြီး ရွှင်မြူး နေတုန်းမှာပဲ…"

တစ်ည…

အဲဒီတစ်ညဟာလဲ ကျွန်တော့်တသက်မှာ ဘယ်တော့မှ မေ့မှာ မဟုတ်တော့တဲ့ တစ်ညပါ။

ကျွန်တော်နဲ့ မမအိပ်နေကြရင်း သန်းခေါင်ကျော်အချိန်လောက်မှာ ထူးခြားတဲ့အသံတွေကြောင့် လန့်နိုးလာကြပါတယ်။

မမအမည်ကို အိမ်ရှေ့က ခေါ်နေတဲ့ အသံတွေပါ။

မမက "ဘာရာလား"လို့ မေးလိုက်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်"တဲ့ အိမ်ရှေ့က အသံက။

ကျွန်တော် မမကို တီးတိုးမေးလိုက်ပါတယ်။ "ဘယ်သူလဲ"လို့။

မမကပြန်ပြောတော့ ကျွန်တော့် ဦးခေါင်းကို မိုးကြိုးထိမှန်သွားသလို သတိလစ် မတတ်ဖြစ်သွားပါတယ်။

မမနဲ့ ကွာရှင်းပြတ်စဲပြီး ဖြစ်တဲ့ မမလင်ဟောင်းကြီး ရောက်နေတာ ဖြစ်ပါတယ်။

ကျွန်တော်ရှောင်နေဖို့ မမက လက်ဟန်ခြေဟန်နဲ့ ပြလို့ အိမ်နောက်ဖေးပေါက်က ကျွန်တော်ဆင်းသွားပြီး အိမ်အနီးတွင် ကပ်ကာ ထရံပေါက်က ချောင်းပြီး သူတို့ကို ကြည့်နေ ပါတယ်။

မမက အိမ်ရှေ့တံခါးဖွင့်ပေးလိုက်တော့ အဲဒီလူကြီးဟာ အိမ်ပေါ်တက်လာပြီး မမ အနီးမှာ ထိုင်ပါတယ်။ မမပြုံးတဲ့ မာစ်ပုံထဲက အတိုင်းပါပဲ။ ဆံပင်ရှည်နဲ့ ခေါင်းပေါင်းနဲ့

"ဆရာ ဘာကိစ္စလာတာလဲ"လို့ မမကမေးတယ်။

"မင်းကို သတိရလို့ လာတာပဲ"တဲ့။

ကျွန်တော်ထိတ်လန့်သွားတယ်။ မမယောက်ျားကြီးဟာ မမကို ပြန်ခေါ်သွားမလား လို့ ကျွန်တော်တွေးပြီး စိတ်မအေး ဖြစ်ရပါတယ်။

"မင်းနေရေး စားရေးကော ဘယ်လိုလဲ"တဲ့ လူကြီးကမေးတယ်။

မမက "ကျွန်မအိမ်ဆိုင်တည်ထားတယ်၊ နေရေး စားရေးပြေလည်ပါတယ်"လို့ ပြန်ပြောတယ်။

"အိမ်ထောင်များကော ကျနေပြီလား"

ဒီအမေးကိုတော့ မမက ဘာမှမပြောဘဲ မျက်ရည်တွေလည်နေတဲ့ မျက်လုံးကြီး များနဲ့ လူကြီးကို စိုက်ကြည့်နေတယ်။



"တကယ်လို့ မင်းအိမ်ထောင်ကျနေရင် ငါကအပြစ်မဆိုပါဘူး၊ ဘာဖြစ်လို့လဲဆို တော့ မင်းနဲ့ငါ စာချုပ်ပေချုပ်နဲ့ ကွာပြီးရှင်းပြီးသားကိုး"

မမနဲ့ သူ့လင်ဟောင်းကြီးဟာ တိုးတိုးတစ်သွယ်၊ ကျယ်ကျယ်တစ်လှည့် ဆိုတာလို စကားလက်ဆုံ ကျနေလိုက်ကြတာ မိုးစင်စင်လင်းပါလေလေရော။

မမ လင်ဟောင်းက နောက်ဆုံးစကားတစ်ခွန်းပြောလိုက်တာဟာ ကျွန်တော့်ရင်ဝကို လှံမြှောက်နဲ့ ပစ်လိုက်သလိုပါပဲ။

အဲဒီစကားကတော့ "မင်း ငါ့နောက်ကို လိုက်ချင်ရင် လိုက်နိုင်တယ်"တဲ့။

လူကြီးက ဒီလိုပြောပြီး အိမ်ပေါ်က ဆင်းသွားတော့ မမက လူကြီးနောက်ကို တကောက်ကောက်ပါအောင် လိုက်သွားတယ်။

ကျွန်တော့် အသည်းတွေ နှလုံးတွေ ပြတ်ကြွေပြီး မမနောက်ပါသွားသလို ဖြစ်ရပါ တယ်။ ကျွန်တော့်ရင်ထဲမှာ မီးလောင်နေသလို ပူပန်လောင်မြိုက်နေပါတယ်။ အားအင်တွေ ကုန်ခန်းပြီး အိမ်ပေါ်ကိုရောက်ဖို့ အများကြီး အားစိုက်ခဲ့ရပါတယ်။ အိပ်ရာထဲမှာ ကျွန်တော် တစ်ယောက်တည်း စိတ်တွေချောက်ချားပြီး အရူးလို ဖြစ်နေပါတယ်။

"မောင်…မောင်"လို့ ခေါ်သံကြားတဲ့အတွက် မျက်စိဖွင့်ကြည့်လိုက်တော့ မမကို တွေ့လိုက်ရပါတယ်။

"ဘယ်လိုလဲ"လို့ ကျွန်တော်က မေးလိုက်တော့ မမက "မမအိမ်ထောင်ကျနေပြီ လို့ပြောလိုက်လို့ ဆရာပြန်သွားပြီ"တဲ့။

ကျွန်တော် ဝမ်းမြောက်ခြင်းကို ဖော်ပြခြင်းငှာ မတတ်နိုင်ပါ။ စဉ်းစားသာ ကြည့်ကြပါတော့။

www.burmeseclassic.com

www.burmeseclassic.com



မောင်ပွေးသာလျှင် ကျွန်ုပ်တို့ စာရေးဆရာများကဲ့သို့ စာရေးတတ်လျှင် အထက်ပါ အတိုင်း ရေးပေလိမ့်မည်။

ယခုအခါတွင် မောင်ပွေး၊ မမနှင့် သိန်းမောင်တို့အားလုံး ကွယ်လွန်ကုန်ကြပါပြီ။ မမ၏ ခင်ပွန်းဟောင်း ဆရာဆိုသူကား သက်ရှိထင်ရှား ရှိပါသေး၏။

ဆရာဆိုသူမှာ အခြားသူ မဟုတ်ပါ။

ဤစာကိုရေးသူ ကျွန်ုပ်...

ရန်အောင်



# ဘဝဆိုး

မတ်လ ၂၇-ရက်၊ ဖက်ဆစ်တော်လှန်ရေးနေ့သို့ ရောက်တိုင်း အေါလုအေးမှာ ပျော်တာ ဟာ၊ ဝမ်းနည်းတာလား ခွဲခြားချိ၍မရသော ဝေဒနာ တစ်မျိုးကို ခံစားရသည်မှာ အမှန်ပင်။

ယခုနှစ် တော်လှန်ရေးနေ့သို့ ရောက်လာပြန်သောအခါတွင်လည်း တုန်လှုပ် ချောက်ချားသော စိတ်ဖြင့် သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းများတွင်ပါသည့် တော်လှန်ရေးဆောင်းပါး များကို ဖတ်ရင်း ဖက်ဆစ်တို့ကို သုတ်သင်ချေမှုန်းသည့် အကြောင်းများကို ဖတ်ရသောအခါ အေါလုအေး ရှင်မြူးဝမ်းသာသွားသည်။ ဖက်ဆစ်တို့သည် ညှဉ်းပန်းနှိပ်စက်ပုံ အဖုံဖုံကိုဖတ်ရ သောအခါ ရင်တွင်းမှာ ဆို့လျက် မျက်ရည်ဆို့လာမိသည်။

www.burmeseclassic.com

www.burmeseclassic.com



ယင်းသို့ ဝမ်းသာခြင်း၊ ဝမ်းနည်းခြင်းများကို တော်လှန်ရေးနေ့ရောက်တိုင်း ဒေါ်လှအေး ခံစားခဲ့ရသည်မှာ နှစ်ပေါင်း၃၀-နီးပါးပင် ကြာညောင်းခဲ့ပေပြီ။

ယခုနှစ် တော်လှန်ရေးနေ့တွင် ဒေါ်လှအေး တိုက်တိုက်ဆိုင်ဆိုင် တွေ့ရသည်မှာ ကား တူ့ကလေး၏ စာရေးစားပွဲပေါ်မှ ထူးခြားသော စာအုပ်တစ်အုပ်ဖြစ်၏။

ညမိုက်ချိန်ခါ ဂျပန်မှာ-

ဒေါ်အေးလှသည် စာအုပ်ကို ဖျတ်ခနဲဆွဲယူလိုက်ပြီး ကုလားထိုင်တစ်လုံးတွင် ထိုင် ကာ စိတ်ဝင်စားစွာ ဖတ်ကြည့်သည်။

(၁)

ကျွန်မကိုယ်တိုင် ရေးသားခဲ့တဲ့ နေ့စဉ်မှတ်တမ်းစာအုပ်များက ကျွန်မဘဝဆိုင်[illegible] ပြန်လည်ဖော်ထုတ် ရေးသားဖို့ တိုက်တွန်းနေကြပါတယ်။

သူတို့ဟာ ကျွန်မရဲ့ မရေတွက်နိုင်တဲ့ သောကတွေကို အသိဆုံးပါပဲ။ ကျွန်မထက် တောင် သူတို့က ပိုပြီးသိကြတယ်လို့ ဆိုနိုင်ပါတယ်။ ကျွန်မဒုက္ခတွေက များလွန်းလို့ တ[illegible] ဟာတွေကို ကျွန်မမေ့နေတဲ့အခါ နေ့စဉ်မှတ်တမ်းများက တစ်လုံးမကျန် သတိပေး [illegible] ကြပါတယ်။ သူတို့ကို နေ့စဉ်လိုလို ပြန်ဖတ်ကြည့်တိုင်း အဟောင်းတွေဟာ အသစ်ပြန်[illegible] ဖြစ်လာတဲ့အတွက် ဒီစာကို ရေးမိတာပါဘဲ။

ကျွန်မနဲ့ မခွဲမခွာအမြဲရှိနေကြတဲ့ ကျွန်မမှတ်တမ်းစာအုပ်လေးတွေနဲ့ ခွဲခွာ[illegible] မကြာတော့ပါဘူး။ ကျွန်မကို သေမင်းက လက်ယပ်ခေါ်နေပါပြီ။ ကျွန်မကင်ဆာရောဂါ[illegible] ပျောက်ကင်းတဲ့ ရောဂါဆိုး အမျိုးမျိုးရဲ့ ဒဏ်ကို ခံနေရပါပြီ။



စစ်ကပေးတဲ့ ဒဏ်ရာဒဏ်ချက်တွေ တစ်နည်းပြောရရင် စစ်မီးလောင်သူတွေ ပန်တီးတဲ့ ဒဏ်ရာ အနာတရတွေပဲ ဆိုပါတော့၊ ကျွန်မဘဝဆိုးခဲ့သလို ကျွန်မတို့ အမျိုးသမီးကလေးတွေ မဖြစ်ကြပါစေနဲ့ ဆိုတဲ့စေတနာနဲ့ ဒီစာကို ရေးခြင်းဖြစ်ပါတယ်။

ဒုတိယကမ္ဘာစစ်ကြီးအတွင်း နောက်ပိုင်းအချိန်လောက်မှာပေါ့၊ အဲဒီအချိန်မှာ အမေရိကန်တွေဟာ ဂျပန်ပြည်ကို ဗုံးမိုးရွာချကြပါတယ်။ မတ်လအတွင်းမှာ တိုကျိုမြို့ကို ကြံတဲ့ဗုံးဒဏ်ထိပြီး ကျွန်မမိဘနှစ်ဦးစလုံး ကွယ်လွန်ရှာကြပါတယ်။

ကျွန်မလဲ သောကတွေပွေပြီး တဂိုဂို တရယ်ရယ်နဲ့ အရူးမကလေးလို ဖြစ်ရတော့ တာပါပဲ၊ ကျွန်မတို့ နေတဲ့ အိမ်ကလေးလဲ ရစရာမရှိအောင် ပျက်စီးသွားလို့ နေမဖြစ်တော့ ပါဘူး။ အိမ်ထောင်ပရိဘောဂကလေးတွေလဲ အားလုံးပျက်စီးကုန်ကြပါပြီ။

ကျွန်မမှာ နေစရာမရှိ၊ စားစရာနတ္ထိ ဖြစ်နေတော့ မလွှဲမရှောင်သာတဲ့အတွက် အားနာပါးနာနဲ့ပဲ အဒေါ်ဝမ်းကွဲတစ်ယောက်အိမ်ကို ပြောင်းနေရပါတယ်၊ အဒေါ်တို့အိမ်မှာလဲ ကြွယ်တောင့်ကြွယ်ဝ မဟုတ်တော့ ကျွန်မအတွက် ပါးစပ်တစ်ပေါက်တိုးလာလို့ ဝန်ပိုလာပါတယ်။

ကျွန်မလဲ အလုပ်ရလိုရငြား မနားမနေ လိုက်ရှာပါတယ်။ သတင်းစာကို နေ့တိုင်း [illegible]ပြီး "အလိုရှိသည်" ဆိုတဲ့ ကြော်ငြာကို အမြဲရှာရပါတယ်။ ကြော်ငြာထဲပါတဲ့ နေရာသွား [illegible] စုံစမ်းတဲ့အခါ သူတို့လိုတဲ့အလုပ်က အကာမယ်တို့ ဟိုတယ်မယ်တို့ အလုပ်တွေချည်းလိုလို [illegible]ဖြစ်နေပါတယ်။

စစ်ကြီးပြီးသွားလို့ ကျွန်မတို့ နည်းနည်းပဲ ဝမ်းသာနိုင်ပါတယ်၊ ဝမ်းရေးမဖူလုံ [illegible]တော့ သိပ်ဝမ်းမသာနိုင်ပါဘူး၊ စစ်ပြီတယ်ဆိုရင်ပဲ အမေရိကန်စစ်သားတွေဟာ တိုကျိုမြို့[illegible] [illegible] ငွေလေ့ပျား တောအန့်ဆိုတာလို ဥဒဟိုသွားလာနေကြတာပါပဲ။ ကျွန်မက အဲဒီ[illegible]ခြား [illegible]သားတွေကြည့်ပြီး ရင်ထုမနာ ဖြစ်မိပါတယ်။ ကျွန်မတို့ ဂျပန်လူမျိုးတွေဟာ စစ်ပွဲအမျိုး

www.burmeseclassic.com

www.burmeseclassic.com



မှိုးဆင့်ခဲ့ကြပါတယ်။ တစ်ခါမှ မရှိဘူးပါဘူး။ ဒီတစ်ပွဲမှာသာ ရှုံးရတော့ ကျွန်မတို့တစ်နိုင်ငံလုံးမှာ ကျုံးမရ အပူမီးတောက်ကြရပါတယ်။ အဲဒီလို စစ်ရှုံးလို့ စိတ်မကောင်းဖြစ်နေကြတဲ့ အထဲမှာ စစ်နိုင်သူ အမေရိကန် စစ်သားတွေက ရင်ကိုကော့ ခေါင်းကိုမော့ပြီး ဘယ်သူ့ကိုမှ လူမထင် တဲ့ မျက်နှာထားမျိုးနဲ့ ကြွားကြွားကြီးသွားနေကြတာ မြင်ရတော့ ကျွန်မ သူတို့ကို မုန်းတီးစိတ် ပြင်းထန်းလာပါတယ်။ အဒေါ်အိမ်မှာ ကျွန်မရောက်နေတာ တော်တော်ကြာပြီဖြစ်လို့ အဒေါ် ကိုလဲ အားနာလှပါပြီ။ ဒါကြောင့် အဒေါ်ကို ပြောပြရပါတယ်။

"ဒေါ်ဒေါ်ရယ်…ကျွန်မလဲ နေ့တိုင်း အလုပ်ရှာနေတာဘဲ။ ဘယ်မှာမှ အဆင်မပြေ တော့ ဒေါ်ဒေါ်ကို အားနာလှပြီ။ ဒီတော့ ကျွန်မ ရရာအလုပ်ပဲ လုပ်ရရင်မကောင်းဘူးလား"

"ရရာအလုပ်ဆိုတာက ဘာအလုပ်လဲ" တဲ့ အဒေါ်က ပြန်မေးပါတယ်။

"ကပွဲရုံမှာ ကတဲ့အလုပ်တို့ ဟိုတယ်မယ်အလုပ်တို့ပေါ့ ဒေါ်ဒေါ်"

"အမယ်လေး…အဲဒီလိုအလုပ်မျိုးတော့ မလုပ်ပါနဲ့အေ။ ကပွဲရုံမှာ အကမယ် လုပ်ရင် လူမျိုးကွဲ စစ်သားတွေနဲ့ တွဲကရမယ်၊ ဟိုတယ်မယ်ဆိုပြန်ရင်လဲ အဲဒီစစ်သားတွေ ပဲ အသုံးတော်ခံရမှာ ဖြစ်တော့ သူတို့စော်ကားတာ ခံရတော့မှာပေါ့အေ၊ အဲဒီလိုအလုပ်မျိုး မဟုတ်ဘဲနဲ့ ရိုးရိုးသားသား အလုပ်လုပ်နေတဲ့ မိန်းကလေးတွေတောင် မကြာ မကြာ အစော် ကားခံရတယ်လို့ ကြားဖူးတယ်အေ့…"

စေတနာကောင်းနဲ့ ပြောတဲ့ အဒေါ့်ကို ကျေးဇူးတင်တာနဲ့အမျှ အဒေါ်နဲ့ဝေး စေရန်အတွက် နေ့စဉ်အလုပ်ရှာနေရပါတယ်။

တနေ့နေ့ ဝင်ရိုတရောအချိန်မှာ ကျွန်မနဲ့ အဒေါ်တို့ ညစာထမင်းစားနေတုန်း တံခါးခေါက်သံကြားလို့ အဒေါ့်သမီးကလေးက အပြေးအလွှားသွားပြီး တံခါးဖွင့်ပေးပါတယ်။

"မစွလူစီ ဒီအိမ်မှာ နေသလား"



ယောက်ျားသံကြီး ခပ်မာမာနဲ့ ကျွန်မနာမည်ကို မေးသံကြားလိုက်တော့ ကျွန်မ ခေါင်းနားပန်းကြီးသွားပါတယ်။

"နေပါတယ်ရှင်" လို့ ကျွန်မညီမကလေး ဖြေသံကြားရပါတယ်။

"အခု အိမ်မှာရှိသလား"

"ရှိပါတယ်"

"သွားခေါ်လိုက်စမ်း"

ကျွန်မလဲ ကသိကရိုလက်သုတ်ပြီး တံခါးဝဆီကို သုတ်သီးသုတ်ပျာ လာခဲ့ပါတယ်။ ပုလိပ်သားတစ်ယောက်ကို မြင်လိုက်ရတော့ ကျွန်မ ထိတ်လန့်တုန်လှုပ်သွားပါတယ်။

"ဘာကိစ္စလဲရှင်" လို့ ကျွန်မက မေးလိုက်တော့… "အမေရိကန်အခြေစိုက်စခန်း သို့ သွင်းတဲ့ပစ္စည်း မင်းလက်ထဲမှာ ထားရှိတာနဲ့ ပတ်သက်ပြီး စစ်ပုလိပ်အဖွဲ့က မင်းကို စစ်ဆေးစရာရှိတယ်" လို့ ပုလိပ်သားက ပြန်ပြောပါတယ်။

ကျွန်မ မိုက်ခနဲဖြစ်သွားပြီး သွေးရူးသွေးတန်းနဲ့ ပြောသလို ပြောလိုက်ပါတယ်။

"လွန်ခဲ့တဲ့ တစ်ပတ်လောက်က ညီမလေးသုံးဖို့ နိုင်လွန်ခြေအိတ်နဲ့ အဒေါ်သောက် နေကျ စီးကရက်တစ်ဘူးတော့ ဆိုင်တစ်ဆိုင်ကဝယ်ခဲ့ပါတယ်"

"အဲဒါတရားမဝင်တဲ့ မှောင်ခိုပစ္စည်းဖြစ်မှာပေါ့"

"တရားဝင် မဝင် ကျွန်မဘယ်သိမလဲ၊ ဆိုင်မှာရောင်းတော့ လူတိုင်းဝယ်ကြသလို ကျွန်မလဲ ဝယ်ခဲ့တာဘဲ၊ မှောင်ခိုပစ္စည်းဖြစ်ရင် ဆိုင်ကို အရေးယူပါလားရှင့်"

"ဒါတွေ ငါ့ကိုပြောနေလို့ အပိုပဲ၊ သက်ဆိုင်ရာ ဌာနကျတော့မှ ရှင်းပြပေါ့၊ အခု လိုက်ခဲ့ရမယ်"

ကျွန်မသတိလစ်သွားသလို ဖြစ်သွားပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



အဒေါ်က "ခေါ်နေတာကို မလိုက်လို့ဖြစ်မလား တူမရယ်၊ ဟိုရောက်တော့ အကျိုးအကြောင်းရှင်းပြပေါ့" လို့ ဆိုကာ ကျွန်မကို အခန်းထဲခေါ်သွားပြီး အဝတ်အစားလဲပေးပါတယ်။

ကျွန်မလဲ ကြောက်အားကြီးပြီး ကယောင်ကတမ်းနဲ့ ပုလိပ်သားနောက် လိုက်ပါသွားတယ်။

အမေရိကန်စစ်တပ်က သုံးတဲ့ ဂျစ်ကားတစ်စီးဟာ ကျွန်မတို့အိမ်နဲ့ တော်တော်ဝေးတဲ့နေရာမှာ ရပ်ထားတာကို လှမ်းမြင်လိုက်ရတယ်ဆိုရင်ဘဲ ကျွန်မရင်ထဲမှာ ဒိန်းခနဲ ဝင်သောင့်လိုက်တော့တာပါပဲ။

ကျွန်မကို လာခေါ်တာက ဂျပန်ပတ္တရောင်ပုလိပ်ပါ။ ဒီတော့ ကျွန်မကို ဂျပန်ရဲဌာန ဒါမှမဟုတ်ရင်လဲ ဂျပန်ထောက်လှမ်းရေးဌာန၊ တစ်ခုခုကို ခေါ်သွားလိမ့်မယ် ထင်မိပါတယ်။ အခုတော့ အမေရိကန် စစ်ဌာနကို ခေါ်သွားလိမ့်မယ်ဆိုတာ တွေးမိပြီး အတိုင်းမသိ ထိတ်လန့်ကြောက်ရွံ့ပါတယ်။

ကျွန်မထင်တဲ့အတိုင်းပါပဲ၊ ပုလိပ်က ဂျစ်ကားစီးခေါ်သွားပါတယ်။ ကားပေါ်မှာ အမေရိကန် စစ်သားသုံးယောက် အမြိုင့်သား၊ အခန့်သား ထိုင်နေကြတာကို အမြင်ကတ်စရာ တွေ့ရပါတယ်။ ပတ္တရောင်ပုလိပ်ဟာ ကျွန်မကို ဂျစ်ကားနောက်ပိုင်းပေါ် တွန်းတင်လိုက်ပါတယ်။

ရှေ့ခုံမှာထိုင်နေတဲ့ စစ်သားနှစ်ယောက်က တုတ်တုတ်မျှမလှုပ်ဘဲ နောက်ခုံက စစ်သားက ကျွန်မကို ဆွဲတင်ပါတယ်။ အမေရိကန်စစ်သားတွေနဲ့ ပတ္တရောင်ပုလိပ်တို့ဟာ တစ်ယောက်နဲ့တစ်ယောက် အချီအချ စကားပြောနှုတ်ဆက်ကြပြီး ဂျစ်ကားထွက်ခဲ့ပါတယ်။

ကျွန်မတို့ တိုကျိုမြို့တော်ကြီးအတွင်းမှာ လူရော၊ မော်တော်ကားပါ အသွားအလာ များလွန်းလို့ မော်တော်ကားကို ဘယ်နှစ်မိုင်နှုန်းသာ မောင်းရမယ်လို့ စည်းကမ်းသတ်မှတ်ချက်ရှိပါတယ်။ ကျွန်မတို့ ဂျပန်လူမျိုးတွေဟာ စည်းကမ်းကို ရိုသေလေးစားတတ်ကြတဲ့အတိုင်း



သတ်မှတ်ထားတဲ့ အမြန်နှုန်းတာအတိုင်းသာ မော်တော်ကားကို မောင်းကြပါတယ်။ ဒီလူမျိုးကွဲ စစ်သားတွေကတော့ စည်းကမ်းတွေ၊ ဘာတွေကို ဂရုမစိုက်ဘဲ စစ်နိုင်လူမျိုးပီပီ တရားလွန်မောင်းပါတယ်။ တခြားမော်တော်ကားတွေကို ကျော်တက်ပြီး တရိပ်ရိပ်ပြေးအောင် မောင်းတော့တာပါပဲ။

သူတို့စခန်းရောက်လို့ ကျွန်မကို စစ်ဆေးမေးမြန်းရင် ပြန်ဖြေဖို့ အချက်အလက် ...စဉ်ဖြစ်ရပ်တွေကို တွေးတောစဉ်းစားကြည့်မိပါတယ်။

ကျွန်မတို့ မြန်မာလူမျိုးတွေရဲ့ ပင်ကိုယ်စရိုက်ဟာ အရှေ့တိုင်းသားပီပီ အေးအေး ...ချမ်းနေတတ်တဲ့ စရိုက်ရှိပါတယ်။ သို့ပေမယ့် နယ်ချဲ့အစိုးရတက်လာတဲ့အခါမှာဆိုရင်တော့ စစ်ကိုဖန်တီးကြပါတယ်။ ဒီလို စစ်ဖန်တီးမှုကြောင့်ဘဲ တရုတ်ပြည်မှာရော၊ အရှေ့တောင် အာရှ ဒေသတွင်မှာရော၊ ပစိဖိတ်သမုဒ္ဒရာ တစ်ဝိုက်မှာရော၊ ဆယ်နှစ်လောက် အဆက်မပြတ် စစ်တိုက်ခဲ့တော့ တစ်နိုင်ငံလုံး ချွတ်ခြုံကျပြီး အစားဆင်းရဲ၊ အဝတ်ဆင်းရဲ၊ အနေဆင်းရဲတဲ့ အဖြစ်မျိုး ကိုကြုံရတော့တာပါပဲ။

အမေရိကန်တွေကတော့ စစ်ကာလ နောက်ပိုင်းမှာမှ စစ်ကြေညာတာဖြစ်လို့ စီးပွားရေးတောင့်တင်းပါတယ်။

နောက်ပြီးတော့ သူတို့ပြည်ပေါ်မှာ ဗုံးတစ်လုံးမကျ၊ စစ်မြေပြင်လဲ မဖြစ်ရတော့ စက်ရုံ အလုပ်ရုံတွေဟာ မပျက်စီးဘဲ အလုပ်လုပ်နိုင်လို့ ကုန်ပစ္စည်း အမြောက်အများထွက်ပါတယ်။

ဒါကြောင့် စစ်ပြီးကာလ ကျွန်မတို့ ဂျပန်ပြည်ကို အမေရိကန်စစ်သားတွေ ဝင်ရောက်လာတဲ့အခါမှာ သူတို့နဲ့အတူ အစားအစာ၊ အဝတ်အစား၊ အသုံးအဆောင်တွေ အလျှံပယ် ပါလာပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီစစ်သားတွေဟာ သူတို့မှာ ပါလာတဲ့ပစ္စည်းတွေကို ဆိုင်တွေမှာ ရောင်းတယ် ဆိုင်တွေက ဝယ်ပြီးတစ်ဆင့် ရောင်းတော့ အဲဒီပစ္စည်းကို ကျွန်မ ဝယ်မိခြင်းသာ ဖြစ်ပါတယ်

ဒီတော့ အမှန်ပြောရရင် ပထမတရားခံက လူမျိုးကွဲ စစ်သားတွေပါ။ ဒုတိယ တရားခံက ဝယ်ယူပြီး ရောင်းချတဲ့ ဆိုင်ရှင်တွေပါ။ အခုတော့ ပထမတရားခံနဲ့ ဒုတိယတရား ကို အရေးမယူဘဲ သူတို့ရောင်းလို့ ဝယ်မိတဲ့ ကျွန်မကို အရေးယူတာဟာ တရားပါသလားရှင် နောက်တစ်ခုကလဲ ဆိုင်ကပစ္စည်းတွေကို ဝယ်တာဟာ ကျွန်မတစ်ယောက်တည်း မဟုတ်ပါဘူး လူတိုင်းဝယ်နေကြတာဖြစ်လျက်နဲ့ ကျွန်မလို အမျိုးသမီးကလေး တစ်ယောက်ကိုမှ ကွက်ပြီး အရေးယူတာဟာ နည်းလမ်းကျပါသလားရှင်။

နောက်တစ်မျိုး ကျွန်မစဉ်းစားမိတာကတော့ ကုန်စုံဆိုင် လူပေါင်းစုံ အမြောက်အမြား ဝယ်ခြမ်းနေကြတာမှာ ကျွန်မလို အမျိုးသမီးလေးတစ်ယောက်ကိုမှ အမှတ်တရ တိတိကျကျ သိတာက သူတို့ မရိုးသားဘူးလို့ ထင်ပါတယ်။ ဆိုင်မှာ ဘယ်သူဝယ်တယ်၊ ဘာပစ္စည်းဝယ် တယ်၊ ဝယ်တဲ့လူဟာ ဘယ်မှာ နေတယ်ဆိုတာ သိအောင်စုံထောက်တွေ၊ သူလျှိုတွေထားပြီး အကွက် ရိုက်စီစဉ်ကြတယ်လို့ ကျွန်မထင်ပါတယ်။ ဒီလိုဆိုရင် သူတို့ဟာ ကျွန်မကို ဘိန်းသစ်ဖမ်း သဘောမျိုး လုပ်ကြတာပါပဲ။ ကျွန်မကို တင်ဆောင်လာတဲ့ ဂျစ်ကားဟာ ကိုးဆယ်ဒီဂရီအပြင် ချိုးကွေ့လိုက်တဲ့အတွက် ကျွန်မအစဉ်းစားရပ်သွားပြီး အခြေအနေကို အကဲခတ်ကြည့်လိုက်ပါတယ်

အကျိုးကြီးနဲ့တောမှာပါဘဲရှင်၊ ကားကို တောလမ်းကလေးတစ်ခုတည်း အတင်းအ ကြမ်း မောင်းဝင်သွားပါတယ်။ လမ်းဘေးမှာ လူနေတဲ့ အဆောက်အအုံတစ်ခုမှ မရှိပါဘူး ယာခင်းတွေ၊ သစ်ပင်တွေ၊ တောင်ကုန်းတွေပဲရှိပါတယ်။ သူတို့ဟာ ဒီလမ်းကို ရောက်ဖူး ပေါက်ဖူးခဲ့ပြီးဖြစ်ဟန် တူပါတယ်။ လမ်းချိုးတွေ၊ လမ်းကွေ့တွေကို မမှားမယွင်းဘဲ မြန်မြန် ကြီး မောင်းနိုင်ပါတယ်။



ကျွန်မဘဝတုံးတော့မှာဘဲထင်ပါရဲ့ရှင်၊ ဒီလိုတွေးပြီး စိတ်တုန်လှုပ်ချောက်ချားလွန်း လို့ အရူးလို့ ဖြစ်သွားမိပါတယ်။

"ကျွန်မအလိမ်ခံရပါပြီ၊ အမျိုးယုတ်တွေ ကျွန်မကို တစ်ပတ်ရိုက်ပြီး ငရဲပြည်ကို မလို့ ခေါ်လာကြတာပဲဆိုတာ ကျွန်မတွေးမိတာနဲ့ တစ်ပြိုင်နက် ကျွန်မခေါင်းကို ကားအပြင် ထုတ်ပြီး အကူအညီတောင်းဖို့ ပတ်ဝန်းကျင်ကိုကြည့်ပါတယ်၊ တောတွင်းလမ်းကလဲဖြစ်၊ မိုးက ဲ ချုပ်လာတော့ လူသူတစ်ယောက်တလေမှ မမြင်မတွေ့ရပါဘူး။

တကယ်လို့ လူသူတွေလို့ ကျွန်မအော်ဟစ်ပြီး အကူအညီတောင်းသည့်တိုင်အောင် ကြမ်းမောင်းလာတဲ့ မော်တော်ကားကို မီအောင်လိုက်နိုင်မှာ မဟုတ်ပါဘူး၊ တကယ်လို့ မီ အောင်လိုက်နိုင်တယ်ပဲထားဦးတော့ ကျွန်မတို့ တိုင်းပြည်မှာ ဩဇာလွှမ်းမိုးနေတဲ့ ဒီလူမျိုးကွဲ စ်သားတွေကို ဘယ်သူဆန့်ကျင်ဝံ့ပါမလဲရှင်။

ကျွန်မသေတာထက် ဆိုးတဲ့ဘဝကို ရောက်တော့မှာဘဲလို့ တွေးမိပြီး မျက်ရည် ပေါက်ပေါက်ကျမိပါတယ်။ အမေရိကန်တွေ ကြံချတဲ့ အဏုမြူ ဗုံးအထ်ကြောင့် ဟီးရိုရှီးမား နာဂါစကီးမြို့တို့မှာ နေတဲ့ ကျွန်မတို့ သွေးမျိုးသားချင်းတွေ အမြောက်အမြား သေကျေပျက် ကြပါတယ်၊ ကျွန်မ အခုရောက်မယ့် ဘဝဟာဖြင့် သေတာထက်ဆိုးမှာဖြစ်လို့ အဏုမြူဗုံးအထ် သေသွားရရင် ကောင်းလေရဲ့လို့တောင် တွေးမိပါတယ်။

အဲဒီလို တွေးမိတာနဲ့ တစ်ပြိုင်နက် ကျွန်မကားပေါ်က ခုန်ချဖို့စိတ်ကို ဆုံးဖြတ်လိုက် တယ်။ ကျွန်မ အင်မတန် ကံဆိုးပါတယ်ရှင်၊ ကျွန်မအကြံကို စစ်သားက ရိပ်မိသွားဟန်တူ သူက ကျွန်မလက်မောင်းကို တင်းတင်းကျပ်ကျပ်ကြီး ဆုပ်ကိုင်ထားတော့တာပါပဲ။

ကျွန်မကံဆိုးမိုးမှောင်ကျဖို့ အချိန်တန်ပြီ ထင်ပါရဲ့၊ ဂျစ်ကားဟာ သစ်ပင်ကြီး သစ်ပင်ကြားတွေထဲ တိုးဝင်သွားပြီး ရုတ်တရက်ရပ်လိုက်ပါလေရော၊ ကားရှေ့ မီးလဲငြိမ်းသွား

www.burmeseclassic.com

www.burmeseclassic.com



ပြီး မှန်ဝါးဝါးလရောင်ကလေးသာရှိပါတယ်။ ကျွန်မရင်ထဲမှာ ဒိန်းခနဲ အလုံးကြီးဝင်ဆောင့်ပြီး သတိလစ်သလို ဖြစ်သွားပါတယ်။

ရှေ့ဆုံးမှာထိုင်တဲ့ စစ်သားကြီးနှစ်ယောက်ဟာ အမြန်ခုန်ဆင်းပြီး ကျွန်မကို ကြည့်ကာ "ဆင်း" လို့ အာဏာသံနဲ့ အမိန့်ပေးပါတယ်။

ကျွန်မကျောင်းတွင်နေစဉ်က ဘာသာခြားစကားပြောသင်ရာမှာ အင်္ဂလိပ်ဘာသာကိုယူခဲ့လို့ သူတို့ပြောတဲ့ စကားတွေကို ကျွန်မနားလည်ခြင်းပါ။

ကျွန်မနံဘေးတွင် ခုံမှာထိုင်နေတဲ့ စစ်သားကြီးက ကျွန်မကို အတင်းတွန်းချလိုက်တာ ကျွန်မ တလိမ့်ခေါက်ကွေးနဲ့ မြေပြင်ကို ကျလာပါတယ်။

ကားအောက်ရောက်နေတဲ့ စစ်သားနှစ်ယောက်က ကျွန်မလက်ကို တစ်ဖက်စီ ချုပ်ကိုင် ဆုပ်ဆွဲထားကြတော့တာပါပဲ။ ကျွန်မဟာ ကျားတွေလက်ထဲ ရောက်နေတဲ့ ယုန်ကလေးနဲ့ မထူးတော့ပါဘူးရှင်။ ကျွန်မသူတို့ လက်ထဲက အတင်းရုန်းထွက်ပါတယ်၊

သို့ပေမယ့် မိန်းကလေးတစ်ယောက်ဟာ စစ်သားကြီး သုံးယောက်လက်ထဲက ဘယ်လို လွတ်အောင်ရုန်းနိုင်ပါတော့မလဲရှင်၊ ကျွန်မသာချွေးသီးချွေးပေါက်ကျပြီးအမောဆို့နေတော့တာပါပဲ။

ကျွန်မက "ကယ်ကြပါ... ကယ်ကြပါ" လို့ သွေးရူးသွေးတန်းနဲ့ အားကုန်အော်ပါတယ်။ သို့ပေမယ့် ခွေးတွေအူသလို ဝိုင်းပြီး ရယ်ကြတဲ့သူတို့ရဲ့ အသံဆိုးကြီးတွေက ကျွန်မ အော်သံကို ဖုံးလွှမ်းသွားပါတော့တယ်ရှင်၊ ကျွန်မရဲ့တိမ်နစ်ရတော့မှာပါဘဲ။

ကျွန်မဖတ်ခဲ့ဖူးတဲ့ ဝတ္ထုတွေ၊ ကျွန်မကြည့်ခဲ့ဖူးတဲ့ ရုပ်ရှင်တွေထဲမှာတော့ လူယုတ်မာတွေ ဝိုင်းဝန်း နှိပ်စက်တာ ခံနေရတဲ့ အချိန်မှာ ကူညီမယ့်သူများ ရုတ်တရက်ပေါ် လာကြပါတယ်။ ဒါကို ဂျပန်လိုရော အင်္ဂလိပ်လိုပါ အော်ပြီး အကူအညီတောင်းနေမိပါသေး တယ်။



"အော်ပါ... ဒီထက်ကျယ်အောင်အော်လဲ တို့က ဂရုမစိုက်ပါဘူး" တဲ့။

သူတို့ဟာ စားနေကျ ကြောင်ပါးတွေ ဖြစ်ပါလိမ့်မယ်၊ ဒီနေရာ ဒီဒေသမှာ သူတို့ ယုတ်မာစော်ကားခဲ့ပေါင်း များလှပြီဖြစ်ဟန်တူပါတယ်။ ကျွန်မ ဘာလိုပဲ အော်အော် သူတို့ကတော့ ရွှင်ပြ...ာ၊ တဟဲဟဲရယ်နေကြတာပါဘဲ၊ အော်ရလွန်းတဲ့ ကျွန်မမှာသာ အမောဆို့ပြီး အသံကောင်း ...ောင်း မထွက်တော့ပါဘူး။

သူတို့ထပ်ပြီး ယုတ်မာလာကြပါပြီ ကျွန်မကို စစ်သားနှစ်ယောက်က ချုပ်ကိုင်ထား ...ီး တစ်ယောက်က ခပ်လှမ်းလှမ်းကနေပြီး တဏှာရူးမျက်စိနဲ့ စိုက်ကြည့်နေပါတယ်။

မှန်ဝါးဝါးလရောင်မှာ ဖြူဖွေးတဲ့ ကျွန်မကိုယ်ခန္ဓာကို အာသာငမ်းငမ်းနဲ့ တစ်ယောက် ...ါလှည့် ကြည့်ကြပါတယ်။

ကျွန်မဘယ်လောက်စိတ်ဆိုး ဘယ်လောက် စိတ်နာ၊ ဘယ်လောက်ရှက်၊ ဘယ် ...ာက်စိတ်မကောင်းဖြစ်ရမယ်ဆိုတာ စဉ်းစားသာ ကြည့်ကြပါတော့ရှင်၊ နောက်ဆုံးတော့ ကျွန်မ ...မှာ ရှက်လှပါတယ်၊ တစ်တစ်ခွခွ မပြောရဲပါဘူး။ မိန်းကလေး တစ်ယောက်ရဲ့ ဘဝမှာ ...ရာ၊ နာကြည်းစရာအကောင်းဆုံး ဘဝဆိုးကြီးကို ရင်ဆိုင်ရတော့တာပါပဲရှင်။

(၂)

အယုတ်တမာကောင်တွေ၊ တိရစ္ဆာန်တွေထက် မိုက်မဲတဲ့သတ္တဝါတွေဟာ ကျွန်မကို ...ားချင်တိုင်းစော်ကားကြတော့တာပါပဲရှင်။

ကျွန်မလဲ တစ်ကိုယ်လုံး ရိုက်ထားသလို နာကျင်နေပါတယ်၊ အင်အားဆိုတာ နဲနဲ ...မှ မရှိတော့ဘဲ မြေပြင်မှာ ဆန့်ဆန့်ကလေးလဲနေပါတယ်၊ သတိကလဲ မေ့...ချက် ...တစ်ချက်နဲ့။

www.burmeseclassic.com



ခွေးကောင်တွေဟာ စော်ကားချင်တိုင်း စော်ကားကြပြီး လဲနေတဲ့ ကျွန်မကို ရှုကြတယ်၊

"လိမ္မာတဲ့ ကောင်မလေး⋯အပျိုစင်လေး သင့်ကျူး" တဲ့။

နောက်ပြီတစ်ယောက်က "ဘဲရီး ဆောရီး" တဲ့။

ကျွန်မကတော့ သူတို့စကားတွေကို မကြားချင်လို့ နားပိတ်ထားလိုက်ပါတယ်၊ သူတို့ဟာ ကျွန်မကို တိရစ္ဆာန်တစ်ကောင်လောက်မှ သဘောမထားတဲ့အနေနဲ့ ယုတ်ယုတ်မာမာ စကားတွေ ခွေးအူသလိုပေါက်ကရ လျှောက်ပြော နေကြတော့တာပါပဲ။

ကျွန်မထပြေးချင်စိတ်ပေါက်နေပါတယ်၊ ပြေးနိုင်တဲ့ အင်အားမရှိတော့လို့ မပြေးနိုင် ပါဘူး။ ကျွန်မဘဝဟာ ဒီနေရာတွင် အသက်ပျောက်သွားရင် ကောင်းလေရဲ့လို့ တွေးမိပါတယ်၊ အသက်ကရှိနေတော့ သူတို့ပြောတဲ့ စကားတွေကို မကြားချင်ဘဲနဲ့ ကြားနေရတော့တာပါပဲ။

စစ်သားကြီးတစ်ယောက်ဟာ သူ့အင်္ကျီအိတ်ထဲက စီးကရက်တစ်လိပ်ထုတ်ပြီး မီးညှိသောက် ပါတယ်၊

"မင်း ဆေးလိပ်သောက်တတ်သလား" လို့ မေးပြီး စီးကရက်တစ်လိပ် ကျွန်မကို ပေးပါတယ်၊ ကျွန်မက မယူဘဲ မျက်နှာလွှဲနေလိုက်တယ်။

စစ်သားတစ်ယောက်ကတော့ စီးကရက်တစ်လိပ်ကို ကျွန်မနှုတ်ခမ်းမှာ အတင်း တပ်ပေးပြီး ဓာတ်မီးခြစ်မီးတောက်နဲ့ မီးညှိပေးမယ်လုပ်တယ်၊ ကျွန်မက စီးကရက်ကိုထွေး လွှင့်ပစ်လိုက်တော့ မီးခြစ်ကမီးနဲ့ ကျွန်မပါးကို ရှို့တော့တာပါပဲ။

ကျွန်မလဲ ပူလွန်းလို့ တွန့်တွန့်လူးအောင် ခံနေရတော့တာပါပဲ။ နောက်တစ်ယောက် ကလဲ စီးကရက်မီးနဲ့ ကျွန်မတစ်ကိုယ်လုံးကို ထိုးတယ်။ အဲဒီဒဏ်ရာတွေဟာ သေရာပါတော့ မှာပဲရှင်၊



သူတို့ဟာ ကျွန်မကို နှိပ်စက်ချင်တိုင်း နှိပ်စက်ပြီးတဲ့နောက် ခွေးသေကောင်ကို အသွဲ့သလို ဆွဲကြပြီး အမဲသတ်သမား အမဲဖျက်သလို ဖျက်ကြတော့တာပါပဲ။

ကျွန်မလဲ စိတ်ထိခိုက်လွန်းလို့ တစ်ကြောင်း၊ အားအင်ကုန်ခန်းလွန်းတာ တစ်ကြောင်း ကြောင့် သတိလစ်သွားပါတယ်။

(၃)

ကျွန်မ သတိပြန်ရလာတဲ့အခါမှာ မိုးစင်စင်လင်းနေပါပြီ၊ ခွေးရိုင်းတွေလဲ တစ်ကောင်မှ မရှိကြတော့ပါဘူး။ ကျွန်မလဲ ရှိသမျှ အင်အားကလေးနဲ့ပဲ လူးလဲထပြီး မြေပြင်ပေါ်မှာ ပြန့်ကြဲ နေတဲ့ အဝတ်အစားတွေကို ကောက်ဝတ်ရပါတယ်။ ချည့်ချည့်နဲ့နဲ့ နဲ့ပဲ အိမ်ကို ပြန်တော့မယ် လုပ်တုန်းမှာ မြေကြီးပေါ်ကျနေတဲ့ လက်ကိုင်ပုဝါကလေး တစ်ထည်ကိုမြင်ရလို့ ကောက်ယူ လိုက်ပါတယ်။

မိန်းမကိုင် လက်ကိုင်ပုဝါလေးပါ၊ လက်ကိုင်ပုဝါမှာ သွေးစသွေးနတွေလဲ တွေ့ရ တယ်။ ကျွန်မလို ကံဆိုးမလေးတစ်ယောက်ရဲ့ လက်ကိုင်ပုဝါကလေးပဲဆိုတာ ကျွန်မတွေးမိ တယ်။

ကျွန်မ ဘယ်လိုပြောရမလဲ စဉ်းစားမရအောင် ဖြစ်နေပါတယ်။ အခုဒေါ်အိမ် ပြန် ရင်ကလဲ အဝတ်အစား အစုတ်အပြတ်နဲ့ ရုပ်ပျက်ဆင်းပျက်ဖြစ်နေတဲ့ ကျွန်မကို မြင်ရင် မေမေ့အဖို့ စိတ်မချမ်းမသာဖြစ်တော့မှာပါဘဲ။ တခြားကိုသွားပြန်ရင်လဲ ကျွန်မကို ဘယ်သူလက်ခံ မှာလဲရှင်။

အဲ⋯ ကျွန်မကို လက်ခံမယ်နေရာတော့ ရှိပါရဲ့၊ အဲဒီနေရာတွေကတော့ လောက ကလိုက်ဆို ခေါ်တဲ့ အသက်မွေးမကောင်းသူတွေရဲ့ နေရာပါ။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မလဲ ကြံရာမရဖြစ်ပြီး ခြေဦးတည့်ရာ လျှောက်လာခဲ့တာဟာ နောက်ဆုံးတော

ကျွန်မဟာဝတ်း လူဖြစ်ရှုံးပြီး အသုံးမကျတဲ့ မိန်းကလေးတစ်ယောက် ဖြစ်ရတော့တာပါပဲရှင်

(၄)

ဒေါ်လှဲအေးလက်ထဲက စာအုပ်သည် ဖုတ်ခနဲ လွတ်ကျသွားလေ၏။

အဝဆိုးကို ပြန်လည် ပြောပြသည့် သနားစရာ ဂျပန်မလေး၏ ဖြစ်စဉ်ကို ဒေါ်လှအေ

မျက်စိထဲတွင် ကွင်းကွင်းထင်ထင်ပေါ်လာသည်။

တွေးရင်း၊ တွေးရင်းပင် ဂျပန်မကလေး၏ နေရာတွင် အသက် ၂၀-ရွယ် အ

ကလေး မလှအေးရောက်သွား၏။ အမေရိကန်စစ်သားတို့အစား ဂျပန်စစ်သားများ ဖြစ်နေသည်

ဒေါ်လှအေးသည် ရှေးဟောင်းနှောင်းဖြစ်တွေကို ပြန်လည်စဉ်းစားရင်း နှုတ်ခမ်

ကိုက်မိသည်။ မျက်နှာတွင် ဒေါ်သရောင်လွှမ်းလာ၏။ သက်မကြီးချမိ၏။ ဇောချွေးတွေ ပြ

သည်။ မျက်ရည်တွေလည်လာလေသတည်း။ ဒေါ်လှအေးက ရင်နာနာဖြင့် ငြည်းလေ

ဆိုလိုက်၏။

"ကျူးကျော်ရေး ဖက်ဆစ်ဝါဒီတွေရဲ့ လက်အောက်ရောက်ခဲ့ရတဲ့ တိုင်းပြည်

အမျိုးသမီးတွေဟာ ဒီလိုဘဲ အဝမ္မစော်ကား မတရားကျင့်တာကို ခံရတာချည်းပါပဲ ရှေ

မကလေးရယ်. . . "

ရန်အော



# မကြောင်နွဲ့ထံ ပေးစာ

မောင်ကြီး အထူးသတိရ တမ်းတ လွမ်းဆွတ်လှစွာနဲ့ စာရေးလိုက်ပါတယ် မကြောင်နွဲ့

ဒီစာကို ရေးတဲ့နေ့ဟာ ၁၉၈၈-ခုနှစ်၊ ဇွန်လ ၁၄-ရက်ဖြစ်ပါတယ်။ မိုးရာသီဖြစ်လို

င်ကြီးနေတဲ့ ရန်ကုန်မြို့မှာ မိုးတွေ အဆက်မပြတ် ရွာနေပါတယ်။

မိုးတွေရွာနေတဲ့အချိန်ဖြစ်လို့ မကြောင်နွဲ့ကို မောင်ကြီး ပိုသတိရ၊ ပိုလွမ်းဆွတ်တာသ

ဒီစာကို ရေးခြင်းဖြစ်ပါတယ်။

မိုးတွေ အုံ့မှိုင်းရွာသွန်းနေလေတော့ အလွမ်းစိတ်၊ အဆွေးစိတ်တွေ ပေါ်လာပြီး

င်းကလေးတစ်ပုဒ်ကို သီဆိုမိပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



"ရွှေမိုးရယ်ညို
ဘယ်ကိုမှ မောင်မလွှမ်း။
ဝင်းထရဲ့ ကြက်ခြေခတ်ကယ်နဲ့
ကြင်နွဲ့မေ နေတဲ့ရပ်ကို
ကမ်းသတ်ပါလို့ လွမ်း။

မကြင်နွဲ့ထံပေးဖို့ မောင်ကြီး စာစရေးသာနဲ့ တစ်ပြိုင်နက် မောင်ကြီးစိတ်ဟာ ... လွန်ခဲ့တဲ့ နှစ်ပေါင်း ၅၀-နီးပါးအချိန်ဆီကို ရောက်သွားတယ်။

၁၉၄၁-ခုနှစ်၊ လွန်ခဲ့သော ၄၇-နှစ်ကပေါ့၊ အဲဒီအချိန်က မောင်ကြီးဟာ ရန်... မြို့အနီးက ကမာကဆစ်မှာ ကျောင်းဆရာကြီး လုပ်နေတုန်း ပထမဇနီးနဲ့ ကွဲပါလေရော။

ဘာကြောင့်ကွဲရတယ်ဆိုတဲ့ အကြောင်းကိုတော့ မရေးတော့ပါဘူး။ ဘာဖြစ်လို့... ဆိုတော့ ဒီစာကို မောင်ကြီးရေးနေတဲ့အချိန်မှာ မောင်ကြီးရဲ့ ပထမဇနီးကွယ်လွန် သေဆုံး... ပြီး ဖြစ်လို့ပါပဲ။

အဲဒီ ပထမဇနီးနဲ့ကွဲတော့ မောင်ကြီးလဲ စိတ်မကောင်းဖြစ်လို့ ကျောင်းဆ... အလုပ်က ခွင့်ယူပြီး မောင်ကြီးတို့ မကြင်နွဲ့တို့ ဇာတိချက်ကြွေ မွေးရပ်မြေဖြစ်တဲ့ ဘင်... ကို ပြန်ခဲ့တယ်၊ မောင်ကြီးတို့အရပ်မှာ ဒိုက်ဒိုက်တုန်အောင် အေးချမ်းတဲ့ ဆောင်းတွင်း... မှာပေါ့။

တစ်နေ့သော နံနက်၁၀-နာရီ ဝေလီဝေလင်းအချိန်မှာ မောင်ကြီးအိပ်ရာက နိုး... လို့ အိမ်ရှေ့ကို ကြည့်လိုက်တော့ အတော်အံ့ဩသွားတယ်။

မောင်ကြီးတို့ မိဘများ အိမ်ရှေ့ မြေကွက်လပ်မှာ မီးဖိုကလေးဖိုပြီး မီးလှုံ... တော်တော်ချော၊ တော်တော်လှတဲ့ အမျိုးသမီးလေးတစ်ယောက်ကို တွေ့ရတာကိုး။



"ဘယ်က အမျိုးသမီးကလေး ဒီအိမ်ရှေ့လာပြီး မီးလှုံနေပါလိမ့်" လို့ မောင်ကြီး ...သွားတော့ အံ့ဩမိတယ်။

တော်တော်ကြာလို့ တစ်ခါကြည့်လိုက်တော့ အဲဒီအမျိုးသမီးမရှိတော့လို့ တစ်ခါ ...အံ့ဩရပြန်တယ်။

မောင်ကြီးတို့ အမေအိပ်ရာက နိုးလာတော့မှ မေးကြည့်ရတယ်။

"အစ်မ…မနက်အစောကြီးက ကျွန်တော်တို့ အိမ်ရှေ့မှာ မီးလာလှုံတာ ဘယ်က ...မိန်းကလေးလဲ"

အမေက ပြန်ပြောတယ်။

"တို့ အိမ်ရှေ့ဘက် နှစ်အိမ်ခြားမှာရှိတဲ့ အိမ်က မမိသမီး မကြင်နွဲ့ပေါ့"

"မကြင်နွဲ့က ကျွန်တော်တို့ အိမ်ရှေ့လာပြီး ဘာဖြစ်လို့ မီးလှုံရတာလဲ"

"မကြင်နွဲ့က မင်နမ မသန်းနွယ်နဲ့ သူငယ်ချင်း၊ သူတို့ချင်း အလွန်ချစ်ကြတယ်၊ ...ကြောင့် မကြင်နွဲ့က တို့အိမ်လာပြီး မသန်းနွယ်နဲ့ အတူအိပ်တာ၊ မနက်စောစော မကြင်နွဲ့ ...ပြီး အိမ်ရှေ့မှာ မီးမွှေးလှုံနေတာ"

"မကြင်နွဲ့က တော်တော်ချောတယ်နော်"

"ချောရုံတင်မကဘူး၊ လိမ်လဲ လိမ္မာတယ်၊ သဘောလဲကောင်းတယ်"

မောင်ကြီးတို့ အမေက ဒီလိုပြောတော့ မကြင်နွဲ့ကို မောင်ကြီးစိတ်ဝင်စားတယ်၊ ...သဘောလဲ ကျတယ်။

အဲဒီနောက်တော့ တယ်မကြာပါဘူး၊ မောင်ကြီးတို့ အမေက ပြောတာပါပဲ။

"ဟဲ့…ငရန်၊ နင်နဲ့ မကြင်နွဲ့နဲ့ပဲ ပေးစားမယ်ကြံတယ်၊ နင့်သဘောက ဘယ်လို ...တဲ့။

www.burmeseclassic.com

www.burmeseclassic.com



မောင်ကြီးက ပြောလိုက်တယ်။

"မယူချင်ပါဘူး" လို့။

နောက်ပြောတာကို တကယ်ပြောတယ်ထင်ပြီး အမေက စိတ်ဆိုးတယ်၊ နောက်တော့မှ မောင်ကြီးကလဲ မကြင်နွဲ့ကို စုံမက်မှန်းသိလို့ မိဘများ ဝမ်းသာကြတယ်။

အမေနဲ့ မောင်ကြီးတို့ အာလန်မြို့ သွားကြပြီး မင်္ဂလာဆောင်ပစ္စည်း ပရိဘောဂတွေ ဝယ်ကြတယ်။ ဖိတ်စာလဲ ရိုက်တယ်။

မကြင်နွဲ့နဲ့ မောင်ကြီး လက်ထပ်မင်္ဂလာ အခမ်းအနားလုပ်ခါနီးတော့ မောင်ကြီးတို့ အဖေလက်သမားဆရာကြီးက မကြင်နွဲ့တို့အိမ်ကို ပြင်ပေးတယ်နော်…။

မကြင်နွဲ့နဲ့ မောင်ကြီးလက်ထပ်မင်္ဂလာ အခမ်းအနားကျင်းပတာက ၁၉၄၁-ခုနှစ်၊ မြန်မာခုနှစ်ကတော့ ၁၃၀၃-ခုနှစ် တပို့တွဲလ။

မောင်ကြီးတို့ အရပ်ထုံးစံအတိုင်း အခမ်းအနား ကျင်းပတာဖြစ်တော့ သတို့သားနဲ့ သတို့သမီးယှဉ်ထိုင်တာတို့ ဘာတို့ မလုပ်ရပါဘူး။ သတို့သမီးအိမ်မှာပဲ နှစ်ဘက်သော မိဘဆွေမျိုးတွေ စုဝေးပြီး မင်္ဂလာစကားပြောကြ၊ ကျွေးမွေးညှဉ့်ခံကြ၊ စားကြသောက်ကြ၊ ရယ်ကြရယ်ကြပေါ့လေ။ မင်္ဂလာရှိတဲ့ အလုပ်တွေကို လုပ်ကြတာပါပဲ။

အဲ…မင်္ဂလာအခမ်းအနားကျင်းပပြီးတဲ့နေ့ရဲ့ ညအချိန်မှာတော့ မကြင်နွဲ့ကို ဆွေမျိုးတွေက မောင်ကြီးတို့အိမ် လိုက်ပို့ကြတယ်။

အဲဒီညမှာ မောင်ကြီးတို့ အရပ်ထုံးစံအတိုင်း ကာလသားတွေက မောင်ကြီးတို့အိမ်ကို ခဲနဲ့ပေါက်ကြတယ်။ ကာလသားတွေ ပျော်ပျော်ပါးပါး စားကြသောက်ကြဖို့ ခဲဖိုးပေးလိုက်တော့မှဘဲ ခဲပေါက်မခံရတော့ဘူး။

မကြင်နွဲ့နဲ့ မောင်ကြီး မညားခင်က မကြင်နွဲ့က မောင်းကြီးကို "ကိုမောင်ရန်" လို့



ခေါ်တယ်နော်၊ ညားပြီးကြတော့ မောင်ကြီးနှမများက မောင်ကြီးလို့ ခေါ်တဲ့အတိုင်း မကြင်နွဲ့
လဲ "မောင်ကြီး" လို့ပဲ အညာထုံးစံအတိုင်း ခေါ်တော့ မောင်ကြီးနားထဲမှာ အင်မတန် နား
ထောင်လို့ ကောင်းတယ်။ နားဝင်ချိုတယ်၊

မကြင်နွဲ့နဲ့ မောင်ကြီးနဲ့ ညားကြတဲ့အချိန်မှာ မကြင်နွဲ့အသက် ၂၃-နှစ်ပဲ ရှိသေး
တယ်။ မောင်ကြီးအသက်က ၃၆-နှစ်ရှိပြီဖြစ်လို့ အသက်ချင်း တစ်ဝက်နီးပါး ကွာနေတယ်နော်။

ဘာပဲဖြစ်ဖြစ်၊ မကြင်နွဲ့ရော-မောင်ကြီးပါ လင်ကောင်း၊ မယားကောင်းရကြပြီလို့
ဆွေမျိုးအားလုံးက ဝမ်းသာနေကြတယ်။

မောင်ကြီးခွင့်ရက်လဲစေ့၊ နွေရာသီကျောင်းပိတ်ရက်လဲ ကုန်ဆုံးလို့ ကျောင်းတွေ
ဖွင့်ကြတော့ မောင်ကြီးက ပုဇွန်တောင် အထက်တန်းကျောင်းမှာ အလုပ်ဝင်ရမှာဖြစ်လို့
ကြင်နွဲ့လည်း မောင်ကြီးနဲ့အတူ ရန်ကုန်ကို လိုက်ပြီး ၃၈-လမ်းမှာ အခန်းငှားပြီး နေကြ
တယ်။ အမှတ်တရပြောရရင် အဲဒီမောင်ကြီးတို့နေတဲ့တိုက်ဟာ လူထုဦးလှ ငယ်စဉ်က "ကြီးပွား
" မဂ္ဂဇင်းထုတ်ဝေရာ ဌာနတိုက်ပဲပေါ့။

မကြင်နွဲ့နဲ့ မောင်ကြီးတို့ ရန်ကုန်မြို့မှာ ၁၃၀၃-ခုနှစ်က နေကြတဲ့အချိန်မှာ
နောက်နိုင်ငံတွင် အင်္ဂလိပ်နဲ့ ဂျာမနီတို့ စစ်ဖြစ်နေကြပြီ။ မြန်မာပြည်မှာလဲ အင်္ဂလိပ်နဲ့
န်တို့ စစ်ဖြစ်ကြမယ့် တကဲကဲဖြစ်နေလို့ ညဆိုရင် ဥဩတွေပေး၊ အခန်းမှောင်ချ၊ နေရာ
ာ်တော်များများမှာ ပုန်းခိုဖို့ အဆောက်အအုံတွေ ဆောက်တဲ့ စစ်အတွက် တင်ကြိုပြင်ဆင်
တွေ တွေ့ရတော့ အထိတ်ထိတ် အလန့်လန့် နေကြရတယ်။

၁၉၄၁-ခုနှစ် အောက်တိုဘာလ အတွင်းမှာ သီတင်းကျွတ် ကျောင်းပိတ်ရက်မြ
မောင်ကြီးတို့ ဆင်ပေါင်ဝဲကို ပြန်ကြတယ်။ ကျောင်းပြန်ဖွင့်လို့ မောင်ကြီး ရန်ကုန်ပြန်
မကြင်နွဲ့က ဆင်ပေါင်ဝဲမှာပဲ နေရစ်ခဲ့တယ်။ ဘာဖြစ်လို့လဲဆိုတော့ အင်္ဂလိပ်နဲ့ ဂျပန်

www.burmeseclassic.com

www.burmeseclassic.com



စစ်ဖြစ်စို့ သေချာနေပြီ။ နောက်ပြီးတော့ မကြင်နွဲ့မှာလဲ ကိုယ်ဝန်ရှိနေတော့ အသွားအလာ ခက်ခဲတဲ့အတွက် ဆင်ပေါင်ဝဲမှာပဲ နေရစ်ခဲ့တာ။

မောင်ကြီးရန်ကုန်ပြန်ရောက်လို့ ၂-လလောက်အကြာ၊ ၁၉၄၁-ခုနှစ်၊ ဒီဇင်ဘာ ၈-ရက်၊ မြန်မာလို နတ်တော်လဆုတ် ၆-ရက်နေ့မှာ အင်္ဂလိပ်နဲ့ ဂျပန်စစ်ဖြစ်ကြတာပါပဲ။

အမှတ်တရပြောရရင် နတ်တော်လဆုတ် ၆-ရက်နေ့ဟာ မောင်ကြီးနဲ့ မွေးလ မွေးရက်ဖြစ်ပါတယ်။ မောင်ကြီးအသက် ၃၇-နှစ် တင်းတင်းပြည့်တဲ့ မွေးနေ့မှာ အင်္ဂလိပ် ဂျပန်စစ်ဖြစ်ကြတာပါပဲ။

စစ်ဖြစ်တယ်ဆိုတာနဲ့ တစ်ပြိုင်နက် မောင်ကြီးဆင်ပေါင်ဝဲကို ပြန်လာခဲ့တယ်နော်။

အဲဒီလို စစ်ဖြစ်လို့ ၂-လလောက်ပဲကြာရော မကြင်နွဲ့ မျက်နှာမြင်တော့မယ့် ဝမ်းနာတော့တာပါပဲ။

အဲဒီအချိန်က ဆင်ပေါင်ဝဲမှာ အစိုးရဝမ်းဆွဲ ဆရာမမရှိတော့ မြန်မာအရပ်ဝမ်း ဆွဲ မသက်ဖူးကိုပဲ ခေါ်ရတယ်။

တစ်ညလုံး မကြင်နွဲ့ ဝမ်းနာတဲ့ဝေဒနာကြီးကို ခံစားနေရပြီး မိုးလင်းခါနီး မွေးပြန်တော့ သမီးကလေးက အသက်မပါလာရှာတော့ဘူး။

အမွေးအဖွား ခက်ခဲလွန်းလို့ အတင်းတွန်းထိုးဆွဲရုန်းထုတ်ရလို့ ကလေးအသက် ပျောက်ရှာတာပါ။

ရန်ကုန်မြို့လို မြို့ကြီးမှာ ဆရာဝန်ကောင်းကောင်းတွေ၊ ဆေးပစ္စည်း စုံစုံလင်လင် နဲ့ သာမွေးရမယ်ဆိုရင် သမီးကလေး အသက်ရှင်နိုင်ပါတယ်၊ နောက်ဆုံးမရနိုင်ရင် ဗိုက်ခွဲ ခွဲမွေးရင်တောင် မိခင်ရော၊ ကလေးပါ အသက်ရှင် ကျန်းမာနိုင်ပါတယ်။ စစ်ကာလအတွင်း ခေတ်ဆိုး ခေတ်ပျက်ကြီးဆိုတော့ အရာရာမှ ဒုက္ခတွေ့ရတော့တာပါပဲ။



အဲဒီနောက် မကြာဘူး၊ ဂျပန်စစ်တပ်တွေ ချီတက်လာကြပြီး မောင်ကြီးတို့ဆင်ပေါင်ဝဲ မြို့မှာ ဝင်ချည်၊ ထွက်ချည်ဆိုတာလို ဖြစ်နေတော့ ဆင်ပေါင်ဝဲကို မုလိပ်က ဗုံးတွေကြဲချ တယ်နော်။

မကြင်နွဲ့ရော မောင်ကြီးပါ တစ်ခါမှ မတွေ့ဖူး၊ မကြုံဖူးလို့ ကြောက်လိုက်ကြတာ ပြောပါနဲ့တော့ ဆင်ပေါင်ဝဲမှာ မနေဝံ့လို့ ဆင်ပေါင်ဝဲနဲ့ ဆယ်မိုင်လောက်ဝေးတဲ့ ဘော်မြင့် ရွာကို ပြောင်းရွှေ့ နေထိုင်ကြရတယ်နော်။

ဂျပန်နဲ့ အင်္ဂလိပ်စစ်ဖြစ်လို့ ခြောက်လလောက်ကြာတဲ့အခါမှာ ရန်ကုန်က သတင်းများ ကြားရတယ်။ ရန်ကုန်မြို့မှာ အစိုးရဖွဲ့ပြီးပြီ။ အေးချမ်းပြီးလို့ သတင်းကြားတော့ မောင်ကြီးနဲ့ မကြင်နွဲ့ ရန်ကုန်ကို သွားကြဖို့ စီစဉ်ကြတယ်။

ရန်ကုန်မှာသာ ကျောင်းဆရာအလုပ်ဖြစ်စေ၊ စာပေနဲ့ ပတ်သက်တဲ့ အလုပ်ဖြစ်စေ ဆင်ကြီးကလုပ်တတ်တာဖြစ်တော့ ရန်ကုန်ကိုပဲ သွားကြရတော့မှာပေါ့။

သို့ပေမယ့် ခက်နေတာက အဲဒီအချိန်မှ သင်္ဘောတွေကလဲ သွားကြသေးတာ မဟုတ်တော့ ဖြစ်သလိုဘဲ လှေကြုံစီးပြီး သွားကြဖို့ လှေကြုံရှာနေရတယ်။

အဆင်သင့်ပါပဲ၊ ပြည်မြို့အထိ သွားမယ်၊ လှေကြီးတစ်စင်းတွေ့တော့ အခစားငှား ပြီး လိုက်ကြဖို့ စီစဉ်ရတော့တာပေါ့လေ။

မောင်ကြီးတို့ သွားခါနီးတော့မှ မကြင်နွဲ့က ပြောတယ်။

“မောင်ကြီးနဲ့အတူ ကျွန်မ ရန်ကုန်ကို မလိုက်တော့ဘူး”တဲ့။

ဒီတော့ မောင်ကြီး အလွန်အံ့ဩသွားပြီး-

“ဘာဖြစ်လို့ မလိုက်တာလဲ”လို့ မေးပေမယ့် မကြင်နွဲ့က ပြန်မပြောဘဲ နေတယ်။

မောင်ကြီး အတွေးရခက်တော့တာပေါ့လေ။

www.burmeseclassic.com

www.burmeseclassic.com



ဒီတော့ မောင်ကြီးတစ်ယောက်တည်း လှေကြုံစီးပြီး ပြည်မြို့ကို လာခဲ့ရတယ်၊ ပြည်မြို့မရောက်ခင် လမ်းမှာတစ်ည အိပ်ရသေးတယ်။

ပြည်မြို့ရောက်ပြန်တော့ မီးရထားကလဲ ပြေးသေးတာ မဟုတ်တော့ ကုန်တင်ကား ကြီးစီးပြီး ရန်ကုန်ကို လာခဲ့ရတယ်။ လမ်းက တံတားတွေ ဖျက်ထားတော့ ချောင်းတွေကို ခဲ ယဉ်းယဉ်း ဖြတ်လာရလို့ လမ်းမှာ တစ်ညအိပ်ရသေးတယ်။

ရန်ကုန်ရောက်တော့ ကျောင်းဆရာ ဝင်လုပ်တာပေါ့လေ။

တစ်ယောက်တည်း နေရတော့ မကြင်နွဲ့ကို ပိုသတိရတယ်၊ မောင်ကြီးနဲ့အတူ ရန်ကုန်မြို့ကို လိုက်မလာတာ ဘယ်လိုအကြောင်းထူးများ ရှိလို့ပါလိမ့်လို့လဲ တွေးမိတယ်။

အဲဒီအချိန်မှာ စာတိုက်ကလဲ မဖွင့်သေးတော့ စာပေးလို့လဲမဖြစ်သေးဘူး။

တစ်နေ့မှာတော့ ဆင်ပေါင်ဝဲက ကျောင်းဆရာကိုသော်ဒါ စွန့်စွန့်စားစားနဲ့ ရန်ကုန် မြို့ကိုရောက်လာတယ်။

ဆင်ပေါင်ဝဲက သတင်းတွေကို မောင်ကြီးကမေးတော့ ကိုသော်ဒါက ပြောတယ်

မကြင်နွဲ့ဆုံးရှာပြီ" တဲ့။

မောင်ကြီးရင်ထဲမှာ ဆို့သွားပြီး မျက်ရည်တွေ ကျလာတယ်၊ ရုတ်တရက် စကားမြ မပြောနိုင်ဘူး။ တော်တော်ကြာတော့မှ ကိုသော်ဒါကို ပြောလိုက်တယ်။

"ကျွန်တော်နဲ့သာ ရန်ကုန်လိုက်လာရင် သေချင်မှ သေမှာ၊ သူက လိုက်မှမလာ ကိုး"

ဒီတော့ ကိုသော်ဒါက ပြန်ပြောတယ်။

"သူကတော့ လိုက်ချင်တာပေါ့ မင်းအမေက ပြောတယ်တဲ့ စစ်အတွင်းသောင်း သောင်းကျန်းကြီးထဲမှာ ရန်ကုန်မယ် ဘယ်လိုရှာရ ဖွေရ၊ နေရ ထိုင်ရမယ် မသိဘူး တစ်ယောက်



တည်းဆိုရင် တော်သေးတယ်။ နှစ်ယောက်ဆိုရင် ပိုဝန်လေးနေတော့မှာဘဲ၊ ဒီတော့ အခုလိုက် မသွားနဲ့အုံး၊ နောက်တော့မှ အခြေအနေ ကြည့်လိုက်လို့ မင်းအမေက ပြောလို့ မလိုက်ရတာ" တဲ့။ မမာနေတော့ "မောင်ကြီးဆီပို့ပေးကြပါ" လို့ ပြောရင်း အသက်ပျောက်သွားရှာတယ်။

မောင်ကြီးကွယ်ရာမှာ မောင်ကြီးကို လွမ်းဆွတ်တမ်းတစွာနဲ့ ကွယ်လွန်သွားရှာတဲ့ မကြင်နွဲ့ကို မောင်ကြီးဘယ်တော့မှ မမေ့ပါဘူး၊ အမြဲသတိရပါတယ်။

အချိန်ကာလတွေ ကုန်မှန်းမသိ ကုန်သွားလိုက်တာ၊ ယခု မောင်ကြီးအသက် ၀၄-နှစ်ရှိလို့ သေဘက်ကို နီးလှပါပြီ။

မကြင်နွဲ့သာ အသက်ထင်ရှားရှိရင် အသက် ၇၀-အရွယ်ပေါ့ သမီးကလေး မဆုံးပါး ရင် ၄၆-နှစ်အရွယ်ရှိပြီ။

သေခါနီးအိုဖြစ်တဲ့ မောင်ကြီးဟာ ကုသိုလ်ကောင်းမှုတွေကို တတ်နိုင်သမျှပြုပြီး မကြင်နွဲ့တို့ သားအမိကို အမျှပေးဝေပါတယ်၊ အမျှရကြ၍ ကောင်းရာသုဂတိတွင် ချမ်းသာ ကြပါစေ။

ရန်အောင်

www.burmeseclassic.com

www.burmeseclassic.com



# အဘိုးကြီး

အဘိုးကြီးအကြောင်းကို ကျွန်မရေးမလို့ပါ။

ရေးတော့"အမှန်"ဖတ်တော့ "အသံ"ဆိုတဲ့အတိုင်း ရေးတော့သတ်ပုံအမှန်အတိုင်း ဘကုန်းနှင့် "အဘိုးကြီး"လို့ ရေးပေမယ့် ဖတ်တော့ ပြောရိုးပြောစဉ်အတိုင်း ဗဦးထုပ်သံနှင့် "အဖိုးကြီး" လို့ဖတ်ကြရန် ဖြစ်ပါတယ်။

BURMESE CLASSIC

(၁)

သည်စာကို ကျွန်မရေးနေတဲ့ ၁၉၈၆-ခုနှစ်မှာ အဘိုးကြီးအသက် ဟာ ၈၂-နှစ်ရှိပြီ လို့ အဘိုးကြီးလို့ခေါ်ဝေါ်ရေးသားခြင်းဖြစ်ပါတယ်။ ကျွန်မက အဘိုးကြီးထက် ၁၆-နှစ်ငယ် ကျွန်မအသက်၆၆-နှစ်ရှိပါပြီ။ ကျွန်မကိုလည်း အမယ်ကြီးလို့ခေါ်ချင်လျှင် ခေါ်နိုင်ပါပြီ။



အဘိုးကြီးနှင့်ကျွန်မနှင့်စတွေ့ကြတာကတော့ ဟိုးလွန်ခဲ့တဲ့နှစ်ပေါင်း ၄၈-နှစ်၊ ၁၉၃၈-ခုနှစ်ကပါ။ အဲဒီတုန်းက အဘိုးကြီးအသက်က ၃၄-နှစ်၊ ကျွန်မအသက်က ၁၈-နှစ်ဖြစ်ပါတယ်။ အဲသည်တုန်းက ကျွန်မတို့ချင်း ဆရာနှင့်တပည့်ပါ။

ပုဇွန်တောင် အထက်တန်းကျောင်းမှာ ကျွန်မက အထက်တန်းကျောင်းသူ။ အဘိုးကြီးက ကျွန်မတို့အတန်းကို ပြတဲ့ဆရာပါ။

အဲဒီတုန်းက အဘိုးကြီးဟာ ဆံပင်ရှည် သျှောင်ထုံးနှင့် ခေါင်းပေါင်းအုပ်ပေါင်း ပေါင်းလို့ ဇာတ်မင်းသားရုပ်ကို ဖမ်းနေသူပေါ့။

သို့ပေမယ့် ကျွန်မတို့အတန်းကို သင်ပြနေတုန်းမှာပဲ အဘိုးကြီးဟာ ဘယ်စိတ်-ဘယ်လောက်ပေါက်တယ်မသိနိုင်ဘူး။ ဆံပင်ရှည်ကိုဖြတ်ပြီး ဗိုလ်ကေ(အင်္ဂလိပ်ဆံတောက်)နှင့် ဖြစ်သွားပါတယ်။

ကျွန်မတို့အတန်းက နောက်တတ်ပြောင်တတ်တဲ့ ကျောင်းသားတွေကတော့ အဘိုးကြီး ယ်ရာမှာ နောက်ပြောင်ပြောကြတယ်။

ကျွန်မတို့ကျောင်းက သော်မဆင်လမ်း(ယခု ဗိုလ်တထောင်ဘုရားလမ်း)မှာပါ။ အဘိုးကြီးနေတာကလည်း သော်မဆင်လမ်းမှာပဲဖြစ်လို့ အဘိုးကြီးအိမ်နှင့်ကျောင်း နီးပါတယ်။ ဒါကြောင့် ကျွန်မတို့အတန်းက ကျောင်းသား၊ ကျောင်းသူတိုင်း အဘိုးကြီးအိမ်ကို ရောက်ဖူးကြပေမယ့် ကျွန်မကတော့ဖြင့်သူ့အိမ်ကို တစ်ခါမှမရောက်ဖူးပါဘူး။

သို့ပေမယ့် သူ့ဇနီးကိုတော့ တစ်ခါတွေ့လိုက် မြင်လိုက်ရပါတယ်။ ကျွန်မတို့ကျောင်းမှာ အခမ်းအနားတစ်ခုကျင်းပတော့ အဘိုးကြီးနှင့် သူ့ဇနီးကျောင်းကိုလာကြပါတယ်။

ကျွန်မကိုတွေ့တော့ အဘိုးကြီးက သူ့ဇနီးကိုပြောပါတယ်။

"ဟောဒါ ကိုယ်သင်ပြရတဲ့အတန်းက ကျောင်းသူမသန်းတင်"တဲ့။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မကသူတို့ကိုကျောခိုင်းထားလိုက်ပါတယ်။ အဘိုးကြီးဇနီးက အင်္ကျီခါးတို ဝတ်ထားတဲ့ ကျွန်မအင်္ကျီခါးစကို ဆွဲချပေးပါတယ်။

ကျွန်မကျောင်းထွက်သွားပြီးတဲ့နောက် အဘိုးကြီးနှင့်တစ်ခါမျှ မတွေ့ရတော့ဘူး။ ကျွန်မဘယ်မှာနေတယ်ဆိုတာ အဘိုးကြီးကမသိပေမယ့် သူဘယ်မှာနေတယ်ဆိုတာ ကျွန်မ သိပါတယ်။ သို့ပေမယ့် သူ့အိမ်သွားပြီး သူနှင့်တစ်ခါမျှမတွေ့ပါဘူး။

အဲ-တွေ့မယ့်တွေ့တော့ရင်…

BURMESE CLASSIC

(၂)

၁၉၄၂-ခုနှစ်၊ ဒုတိယကမ္ဘာစစ်ကြီး အတွင်းကဖြစ်ပါတယ်။

အဲဒီအချိန်က ကျွန်မဟာ မောင်ကလေးနှစ်ယောက်နှင့်အတူ ရန်ကုန်မြို့ အင်းလျှိုင် ကရိုလမ်းမှာနေပါတယ်။

တစ်နေ့တော့ကျွန်မတို့အိမ်ရှေ့လမ်းပေါ်မှာ လျှောက်သွားတဲ့အဘိုးကြီးကိုမြင်လိုက် တော့ ကျွန်မမောင်လေးကို အခေါ်ခိုင်းလိုက်ပါတယ်။

အဘိုးကြီးဟာ ကျွန်မကိုတွေ့တော့ ဝမ်းသာအားရနှင့်စကားတွေ တဖောင်ဖောင် ပြောတော့တာပါပဲ။

"အမယ်လေး-ဝမ်းသာလိုက်တာကွယ်၊ မတွေ့တာလည်းကြာပြီမဟုတ်လား၊ စစ်ကာလ အတွင်းမှာ မသေမပျောက် တွေ့ကြရတာ ကံကောင်းထောက်မလို့ဘဲ" စသည်ဖြင့်ပြောပြီး ရှေးဟောင်းနှောင်းဖြစ်တွေကို ဆရာတပည့်နှစ်ယောက် စားမြုံ့ပြန်ကြပါတယ်။

အဘိုးကြီးဇနီးဆုံးသွားလို့ ၄၆-လမ်းက သူ့နှမဝမ်းကွဲ အိမ်မှာနေကြောင်းလည်း ပြောပါတယ်။



အဲဒီအချိန်က အဘိုးကြီးဟာ ကျွန်မနေခဲ့ဖူးတဲ့ ကျောင်းမှာပဲဆရာလုပ်နေပါတယ်။

အဘိုးကြီးဟာ ကျွန်မတို့အိမ်ကို မကြာခဏ လာပါတယ်။ ကျွန်မကလည်း သူလာရင် ထမင်းကျွေးပါတယ်။ သူကလည်း ကျွန်မသုံးဖို့ ငွေပေးတတ်ပါတယ်။ တစ်ခါတလေတော့လည်း ကျွန်မတို့အိမ်မှာ သူအိပ်ပါတယ်။ စစ်ကာလအတွင်းဖြစ်တော့ မကြာခဏ ဗုံးကြဲတတ်တော့ ကျွန်မတို့ကြောက်ရွံ့ အားငယ်နေကြတာဖြစ်လို့ အဘိုးကြီးလာအိပ်တဲ့အခါ ကျွန်မတို့အားတက် ရပါတယ်။

ကျွန်မတို့ဆိုတာက ၁၃-နှစ်သားလောက် ကျွန်မ မောင်အလတ်ရယ်၊ ၈-နှစ် သားလောက်ရှိတဲ့ ကျွန်မ မောင်အငယ်ရယ်၊ ကျွန်မရယ် ဒီသုံးယောက်တို့ဖြစ်ပါတယ်။

ကျွန်မမှာ အစ်မတစ်ယောက်ရှိပါတယ်။ သူက မလှကုန်းရပ်ကွက်မှာ နေပါတယ်။ ညီမတစ်ယောက်ကတော့ တောရွာတစ်ရွာမှာနေပါတယ်။

တစ်နေ့မှာတော့ အစ်မရော ညီမပါ ကျွန်မအိမ် ရောက်လာကြပြီး ကျွန်မနေထိုင် စားသောက်ရေးကို မေးမြန်းစုံစမ်းကြပါတယ်။

အဲဒီအချိန်မှာ အဘိုးကြီးကလည်း ကျွန်မနှင့်အတူရှိနေတော့ အဘိုးကြီးအကြောင်း ကိုလည်း မေးကြတယ်။ ကျွန်မကအကျိုးအကြောင်း ပြောပြတော့ အဘိုးကြီးကို ယူဖို့နား ချကြတယ်။

အမှန်ပြောရရင်တော့ ကျွန်မဟာ အဘိုးကြီးကို ဆရာအနေနှင့် လေးစားခင်မင် ပါတယ်၊ သို့ပေမယ့် သူ့ကိုလင်လုပ်ဖို့တော့ စိတ်မပါပါဘူး။

သို့ပေမယ့် ဂျပန်ခေတ် ခေတ်ဆိုးခေတ်ပျက်ကြီးဖြစ်နေတော့ အားကိုးအားထားလို့ လည်းတစ်ကြောင်း၊ စားဝတ်နေရေးအတွက် ပြေလည်အောင်တစ်ကြောင်း အဘိုးကြီးကို ကျွန်မ ယူလိုက်ရပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



(၃)

ဒုတိယကမ္ဘာစစ်ကြီးက ကျွန်မတို့အာရှတိုက်မှာ ၁၉၄၁-ခုနှစ်၊ ဒီဇင်ဘာလမှ စဖြစ်တာဖြစ်လို့ စစ်ဖြစ်လို့တစ်နှစ်ပြည့်တဲ့ ၁၉၄၂-ခုနှစ်၊ ဒီဇင်ဘာလမှာ အင်္ဂလိပ်က နှစ်သစ်ကူး လက်ဆောင်ဆိုပြီး အကြီးအကျယ် ဗုံးချပါတယ်။

ကျွန်မနေတဲ့ ကရိလမ်း၊ မက်သဒစ်ကျောင်းမှာ ဂျပန်စစ်တပ် တပ်ချထားလို့ ကရိလမ်းတစ်ဝိုက်ကို ဗုံးမကြာမကြာကြဲပါတယ်။ ဒါကြောင့် ကျွန်မတို့ဟာ ကရိလမ်းမှာ မနေဝံ့တော့ဘဲ ဗဟန်းရပ်ကွက် ကြားတောရကျောင်းကို ပြောင်းရွှေ့နေထိုင်ကြပါတယ်။

အဘိုးကြီးကျောင်းဆရာလုပ်တဲ့ကျောင်းက ရန်ကုန်အရှေ့ပိုင်း သော်မဆင်လမ်းမှာ ဖြစ်လို့ ဗဟန်းကနေပြီး ကျောင်းသွားဖို့ မလွယ်ပါဘူး။ ဂျပန်ခေတ်ဖြစ်လို့စီးရေယာဉ်ကလည်း အလွန်ရှားပါတယ်။ နောက်ပြီးတော့ အဲဒီအချိန်က ကျောင်းဆရာလခကလည်း ဂျပန်ငွေ ၃၀-ဖြစ်လို့ ခရီးစရိတ်လောက်ပဲ လုံလောက်ပါတယ်။

ဒါကြောင့် အဘိုးကြီးဟာ ကျောင်းဆရာအလုပ်က ထွက်လိုက်ပါတယ်။

"ချစ်မယားနှင့်စစ်သားဝတ္ထု" နှင့် "လောကီနိဗ္ဗာန်ဝတ္ထု" တို့ကို အဘိုးကြီးက ရေးသား ထုတ်ဝေတဲ့အပြင် ကြားတောရလမ်းက ကျွန်မတို့နေတဲ့ အဆောက်အအုံရှေ့မှာ စာအုပ်ဆိုင် ဖွင့်လှစ်ရောင်းချပါတယ်။

၁၉၄၅-ခုနှစ်မှာ ဒုတိယကမ္ဘာစစ်ပြီးသွားတဲ့ နောက်ပိုင်းမှာတော့ အဘိုးကြီး ကိုယ်တိုင် ရေးတဲ့ စာအုပ်တွေ ရိုက်နှိပ်ထုတ်ဝေခဲ့ပါတယ်။

၁၉၄၇-ခုနှစ်မှာ ကျွန်မတို့သမီးအကြီးဆုံး ကြူကြူကိုမွေးပြီး ၁၉၄၈- ခုနှစ်မှာ ဒုတိယသမီး မြူမြူကို မွေးပါတယ်။

မြူမြူ လသမီးအရွယ်လောက်မှာပဲ အဘိုးကြီးနှင့်ကျွန်မ စကားများကြပြီး



အဘိုးကြီး အိမ်ပေါ်က ဆင်းသွားပါတယ်။ ကျွန်မ သူ့ကိုလိုက်ခေါ်ချင်တဲ့ဆန္ဒရှိပေမယ့် ဘယ်ကို လိုက်ခေါ်ရမှန်း မသိလို့ မခေါ်ရပါဘူး။

တစ်နေ့မှာတော့ မဂ္ဂဇင်းတစ်စောင်ထဲမှာ အဘိုးကြီးရေးတဲ့ဆောင်းပါးကို ကျွန်မဆက် ဖတ်ရပါတယ်။

သူဟာ အိမ်ကထွက်သွားပြီး မြို့တော်တော်များများကို လှည့်ပတ်ရောက်ရှိပြီးတဲ့နောက် ယခုအခါမှာတော့ မော်တင်မြို့ မော်တင်ဆရာသိန်းကြီးရဲ့သား ဦးလှဖေတို့အိမ်မှာ ရောက်နေကြောင်း အဘိုးကြီး ဆောင်းပါးထဲမှာပါပါတယ်။

အဲဒီဆောင်းပါးထဲမှာဘဲ သမီးကလေးနှစ်ယောက်ကို သတိရလွမ်းဆွတ်တဲ့အကြောင်း ကဗျာကလေး ရေးထည့်ထားပါတယ်။

အဲဒီကဗျာကတော့-

"ချစ်သမီး အကြီးရယ်တဲ့ကြူကြူ။ မင်းတို့ အဖေရွှေလိုဦးတယ် ထူးတဲ့မြူမြူ။ ချစ်ရင်သွေးရယ်နှင့် ကွာဝေးလို့သွားရသူ ပူပါဘိ လေနှလုံး။ သူ့မြို့ရွာ ရပ်ဝေးမြေတာဒွ အဖေမှာ နေမချိတယ် နွမ်းရိုခွေနုံး။"

အဘိုးကြီးနေတဲ့နေရာကိုသိရတော့ သမီးအငယ်မြူမြူကိုခေါ်ပြီး မော်တင်မြို့ကို ကျွန်မ လိုက်သွားပါတယ်။ သတင်းထောက် ဦးလှဖေအိမ်မှာ အဘိုးကြီးကိုတွေ့ပါတယ်။

ကျွန်မတို့သွားအခါ အိမ်ပေါ်မှာ ထိုင်ရုံရှိသေး အဘိုးကြီးဟာ ဖြုန်းခနဲ အိမ်ပေါ်က ဆင်းပြေးပါတယ်။ ညနေထိတောင်ပြန်မလာတော့ပါဘူး။ ကျွန်မတို့သားအမိ ရန်ကုန်ကိုပြန် ခဲ့ပါသည်။

အဘိုးကြီးနှင့်ကျွန်မ ၂-နှစ်လောက် ကွဲနေကြပြီးတဲ့နောက် ပြန်ပေါင်းကြပြန် ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီနောက် သမီးကလေး ၂-ယောက် ထပ်မွေးလို့ စုစုပေါင်း သမီး ၄-ယောက် ဖြစ်လာပါတယ်။

၁၉၅၄-ခုနှစ်မှာ ရန်ကင်းတွင်တိုက်ခန်းရလို့ ရန်ကင်းကိုပြောင်းနေကြပါတယ်။

ရန်ကင်းရောက်တော့မှ အငယ်ဆုံး သားကလေးကိုမွေးပါတယ်။ သားသမီးစာရင်း ပိတ်သလို အဘိုးကြီးနှင့်ကျွန်မ စာရင်းပိတ်ဖို့ ကိစ္စလည်း ပေါ်ပေါက်လာပါတယ်။

၁၉၆၀-ပြည့်နှစ်ကပါ။ လွန်ခဲ့တဲ့ ၂၆-နှစ်က ဖြစ်ပါတယ်။ အဲဒီအချိန်က အဘိုးကြီး အသက် ၅၆-နှစ်၊ ကျွန်မအသက် ၄၀-နှစ်ဖြစ်ပါတယ်။

တစ်ယောက်နှင့်တစ်ယောက် စိတ်သဘောချင်း မတိုက်ဆိုင်ကြဘူးဆိုပါတော့၊ တစ်နည်းပြောရရင် မေတ္တာစာတ်ခန်းခြောက်ကြပါပြီ။ ကံဆုံလို့ညားကြတဲ့ လင်မယားဟာ ကံကုန်တော့ သွားကြတယ်ပဲဆိုပါတော့။

ကျွန်မနှင့်အဘိုးကြီး အပြီးအပိုင်ကွာရှင်းပြတ်စဲလိုက်ကြပါတယ်။

အဘိုးကြီးကတော့သူ့ဝါသနာ သူ့စရိုက်အတိုင်းပဲ၊ သူတွေ့ကြုံဖြစ်ပျက်ခဲ့တဲ့ ဖြစ်ရပ်ကြောင်းရာကို ဝတ္ထုဖြစ်စေ၊ ဆောင်းပါးဖြစ်စေ ရေးတတ်လို့ ကျွန်မနှင့်သူကွဲကွာတဲ့အကြောင်း ဝတ္ထုတွေ၊ ဆောင်းပါးတွေရေးပါတယ်။ အဲဒီလိုရေးတာ[...]ထဲမှာ ကဗျာတစ်ပုဒ်ကလည်း ပါလိုက်ပါသေးတယ်။

အဲဒီကဗျာကတော့-

"ဒီဘဝမှာဖြင့် သည်မျှသာမောင်မယ်ပေါင်းရန်ဖို့ အကြောင်းက ဖန်လာဆုံ ကံကြမ္မာကုန်ပါပေါ့ မောင့်ချစ်ဦး၊ နောင်ဘဝတွင်မှ ပေါင်းရအောင် မေဆုတောင်းပေတော့ နောက်ကြောင်းကိုပြန်မတွေးလေနှင့် ပူဆွေးဗွယ်စာတ်အလုံးကို ဖုံးစို့ကြောမှုး"

လင်မယားဆိုတာ တစ်သက်လုံးပေါင်းသွားကြရတာလဲရှိပါတယ်။ တစ်သက်လုံး



ပေါင်းရဘဲ ကွဲကွာကွေကွင်းကြရတာလည်း ရှိပါတယ်။

ကျွန်မတို့ဟာအနှစ် ၂၀-နီးပါးပေါင်းသင်းခဲ့ကြပြီး ကွဲကွာရပါတယ်။ ဒါဟာ အဆန်းမဟုတ်ဘူးလို့ ဆိုနိုင်ပါတယ်။

သို့ပေမယ့် ကျွန်မတို့အဖြစ်အပျက်က ခပ်ဆန်းဆန်းဖြစ်ရပါတယ်။ အဲဒီခပ်ဆန်းဆန်း အကြောင်းအရာကြောင့်ပဲ ဒီစာကိုရေးဖြစ်ခြင်းဖြစ်ပါတယ်။

(၄)

"အချိန်နှင့်ဒီရေသည် မည်သူ့ကိုမျှမစောင့်" ဆိုတဲ့စကားပုံအတိုင်း အချိန်ကာလတွေဟာ တဖြည်းဖြည်းကုန်လွန်ကြာညောင်းခဲ့ပါတယ်။

၅-နှစ်၊ ၁၀-နှစ်၊ ၁၅-နှစ်၊ ၂၀-နှစ်၊ ၂၅-နှစ်၊ ၂၆-နှစ်၊ အဲဒီနှစ်တွေကုန်လွန်ကျော်ဖြတ်ခဲ့ပြီးတဲ့နောက်၊ ၂၆-နှစ်တိုင်တိုင် ကြာခဲ့ပါပြီ။ ငွေရတုသဘင်လို့ခေါ်တဲ့ ၂၅- နှစ်ကိုး ကျော်လွန်ရောက်ရှိလာပါသည်။

အဘိုးကြီးနှင့်ကျွန်မ ကွဲကွာခဲ့ကြတာက ၁၉၆၀-ပြည့်နှစ်ကဖြစ်လို့ ၂၆-နှစ်ကြာတဲ့အခါ ၈၆-ခုနှစ်ရောက်လာပြီး ကျွန်မအသက် ၆၆-နှစ်ရှိပါပြီ ငယ်ရုပ်ငယ်ရည်တွေမရှိတော့ပါဘူး။

"လုပကြောရှင်း၊ ပိုမှုမှိန်ခြင်းကား၊ အိုမင်းနောက်ဆုံးရှိချေ၏" ဆိုတဲ့သံဝေဂလင်္ကာအတိုင်း ဖြစ်နေပါပြီ။

အဘိုးကြီးအသက်က ၈၂-နှစ်ဖြစ်လို့ လူအိုကြီး၊ ခွတ်တွကြီး၊ ပျော့ခွေကြီးဖြစ်နေပြီ။

အဘိုးကြီးက အငယ်ဆုံးသမီးနှင့် အထွေးဆုံးသားတို့နှင့် ရန်ကင်းမှာနေပါတယ်။ ကျွန်မကတော့ တောင်ဥက္ကလာမှာ တစ်ယောက်တည်းနေပါတယ်။

သားသမီးတွေအားလုံး တက္ကသိုလ်ကတွဲ့ အသီးသီးရကြပြီး အလုပ်အကိုင် အသီးသီး

www.burmeseclassic.com

www.burmeseclassic.com



လုပ်ကာ သမီး၄-ယောက်စလုံး အိမ်ထောင်ကျကြလို့ ကျွန်မတို့မှာ မြေး ၈-ယောက် ရနေပါပြီ။

တစ်နေ့တော့ သမီးငယ်နှင့် တွေ့ချင်လို့ ကျွန်မ ရန်ကင်းကိုသွားပါတယ်။

သမီးရယ်၊ သမီးကမွေးတဲ့ နှိုနို့၊ နိုညာမြေးကလေး နှစ်ယောက်ရယ်တွေ့ပါတယ်။ သို့ပေမယ့် အဘိုးကြီးကတော့ မတွေ့ရပါဘူး။ အဘိုးကြီးက ရန်ကုန်မြို့ထဲကို အလုပ်သွားလုပ်တယ်တဲ့။ အသက် ၇၂-နှစ်အရွယ် အဘိုးကြီးက မဂ္ဂဇင်းတိုက်တစ်တိုက်မှာ အလုပ်လုပ်နေတယ်ဆိုတော့ အံ့ဩစရာပဲ။

အဘိုးကြီးနေတဲ့ အခန်းကပစ္စည်း ပရိဘောဂတွေ ရှုပ်ယှက်ခတ်နေတော့ အမြင်မတော်လို့ ကျွန်မ ရှင်းလင်းလှည်းကျင်းပေးရပါတယ်။ အဲဒီလို ရှင်းလင်းပြီးလို့ အမောဖြေအနားယူနေတုန်းမှာပဲ "အဖေပြန်လာပြီအမေ" လို့ သမီးကမပြောတော့ ချောင်ခပ်ကျကျနေရာမှာ ကျွန်မ ပုန်းကွယ်ပြီး ထိုင်နေပါတယ်။

"ဟာ..အိမ်လည်းရှင်းလို့ပါလား၊ သမီးရှင်းထားတာလား" လို့ အဘိုးကြီးက တအံ့တဩပြောပါတယ်။ အဘိုးကြီးက နားလေးတော့ သမီးကအမူအရာ လက်ဟန်နှင့်ပြပါတယ်။ "ကျွန်မရှင်းပေးတာ ကျွန်မရောက်နေပြီ" ပေါ့လေ။

"ဟေ..."လို့အဘိုးကြီးက သံရှည်ဆွဲညည်းပြီး နောက်ထပ်ဘာမှမပြောဘဲ ဒူးခုတင်ပေါ်လှဲအိပ်နေပါတယ်။ တော်တော်ကြာတော့ ကျွန်မလည်း သမီးကို နှုတ်ဆက်ပြီး ပြန်ခဲ့တယ်။

ကျွန်မအိမ်ပေါ်က ဆင်းခါနီးမှာ အဘိုးကြီးကို လှမ်းကြည့်လိုက်တော့ အဘိုးကြီးက ကျွန်မကို ကြည့်နေတာတွေ့ရပါတယ်။

နှစ်ပေါင်း ၂၆-နှစ်တိုင်တိုင်ကြာအောင် ကျွန်မတို့လင်မယားနှစ် မဆုံရဘဲ ကွဲကွာကျွေနေကြပြီးနောက် ရေဦးစွာ တွေ့ဆုံရခြင်းပါပဲ။



(၅)

အဲဒီနောက်တော့ မကြာခဏဘဲ အဘိုးကြီးအိမ်ကို ကျွန်မရောက်ပါတယ်။ အိမ်ကို သုတ်သင်ရှင်းလင်း လှည်းကျင်းပေးပါတယ်။

သမီးကိုကူပြီး ထမင်းဟင်းလည်း ချက်ပြုတ်ပေးပါတယ်။ အဘိုးကြီးက မြို့ထဲကိုအလုပ်သွားတဲ့အခါမှာ ရုံးသူရုံးသားတွေစီးတဲ့ ဖယ်ရီ(ကြိုပို့) ကားနှင့်သွားတာဖြစ်လို့ မနက်ရှစ်နာရီခွဲမှာ ကားကလာပါတယ်။ ဒီတော့ ရှစ်နာရီထိုးလျှင် အဘိုးကြီး ထမင်းစားပါတယ်။ ဒါကြောင့် ရှစ်နာရီမထိုးမီ ထမင်းဟင်းကျက်အောင် ချက်ရပါတယ်။

ဒီလိုစောစောစီးစီး ထမင်းဟင်းကျက်အောင် ချက်နေရတဲ့အခါ ရှေးဟောင်းနောင်းဖြစ်တွေ ပြန်လည်စဉ်းစားမိပါတယ်။

လွန်ခဲ့တဲ့အနှစ် ၃၀-လောက်ကပဲဆိုပါတော့။ အဲဒီတုန်းက မြို့ထဲကမဂ္ဂဇင်းတိုက်တစ်တိုက်မှာ အဘိုးကြီးအလုပ်လုပ်ပါတယ်။ ဖယ်ရီကားနှင့် မြို့ထဲသွားရတာဖြစ်တော့ မနက်ခုနစ်နာရီလောက်မှာ ထမင်းဟင်းကျက်ရပါမယ်။

အဲဒီတုန်းကတော့ ၈-နာရီမှာ ထမင်းဟင်းမကျက်လို့ အဘိုးကြီးထမင်းမစားဘဲ အလုပ်သွားရပါတယ်။

အဲဒီတုန်းက အဘိုးကြီးကပြောတယ်။ "ဟင်းမချက်ချင်ရင်နေပါကွာ၊ ထမင်းသာချက်ပါ၊ ထမင်းအိုးထဲမှာ ဘဲဥတစ်လုံးထည့်လိုက်ရင် ဘဲဥပြုတ်ဖြစ်ရော။ အဲဒီ ဘဲဥပြုတ်နဲ့ စားသွားပါ့မယ်"တဲ့။

သို့ပေမယ့် သူပြောတဲ့အတိုင်း ကျွန်မတစ်ခါမှ လုပ်မပေးခဲ့ပါဘူး။ အခုတော့ဖြင့် ရှစ်နာရီမှာ ထမင်းရောဟင်းပါကျက်အောင် ချက်ပေးပါတယ်။

သူ့အဝတ်တွေကိုလည်း ကျွန်မလျှော်ဖွပ်ရုံသာမကဘူး။ မီးပူပါတိုက် ပေးပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဖိုးရှေက လင်မယားအဖြစ်နှင့် အတူနေခဲ့ကြစဉ်ကဆိုရင် သူ့အဝတ်အစားတွေ လျှော်တော့ပေးပါတယ်၊ မီးပူတော့ဖြင့် တိုက်မပေးဘူး၊ မီးပူမတိုက်ရုံသာမက လျှော်ပြီး သူ့အင်္ကျီ လုံချည်တွေကို ခေါက်မထားဘဲ လုံးထားလိုက်တယ်။ ဒီတော့ သူကပြောတယ်

"ငါ့အဝတ်အစားကို မီးပူမတိုက်ချင်ရင်နေပါ လုံးတော့မထားပါနဲ့ ခေါက်ပြီး ခုနှင့် ဖိထားပါ"တဲ့-

သူက ဒီလိုပြောပေမယ့် ကျွန်မကတော့ မခေါက်ပါဘူး လုံးမြဲလုံးထားလိုက် ပါပဲ၊ အဝတ်လုံးကြီးကို သူဟာသူ ဖြေဖြန့်ဝတ်တော့ ရှုပ်ပွနေတာပေါ့လေ၊ ဖိုးတုန်းက ခုများ ဖြင့် မီးပူတိုက်တာမှ သေသေသပ်သပ် ပြန့်လို့ချောလို့"

ဖိုးရှေက ခုလိုသာ လုပ်ကိုင်ဆောင်ရွက်ပေးခဲ့လျှင် လက်မယားကွဲတောင် မ လို့ ထင်မှတ်မိပါတယ်။

(၆)

တစ်နေ့မှာတော့ သမီးကတစ်ဆယ်တန် ငွေစက္ကူတစ်ရွက်ပေးပါ "ဘယ်အတွက်ပေးတာလဲ"လို့ ကျွန်မကမေးတော့ သမီးက လက်ဟန်ခြေဟန်ဖြင့် ဖြေပါ

"အဖေကပေးတာ"တဲ့။ ကျွန်မအတွက်တော့ ဒီတစ်ဆယ်တန်စက္ကူဟာ အ အဆန်းပါပဲ။

၂၆-နှစ်တိုင်တိုင် သူ့ဆီက တစ်ပြားတစ်ချပ်မျှ မရခဲ့ဖူးပါဘဲလျက် ယခုရခြင်း ရေဦးစွာ ရခြင်းပါပဲ။

ကျွန်မလည်း အဘိုးကြီးအိမ် မကြာမကြာရောက်ပါတယ်။ ရောက်တိုင်းရောက် လည်း အိမ်မှုကိစ္စချက်ပြုတ်ရေး လျှော်ဖွပ်ရေးတွေကို လုပ်ကိုင်ဆောင်ရွက်ပေးပါတယ်

သို့ပေမယ့် သူနှင့်ကျွန်မ စကားတစ်ခွန်းမှ မပြောပါဘူး။ ကျွန်မကိုတော့ မကြာ



ငွေပေးပါတယ်။ ငွေပေးတာကလည်း သားသမီးများက တစ်ဆင့်ပေးတာပါ။

သူနှင့်ကျွန်မဟာ ၁၉၄၂-ခုနှစ်ကစတင်ပြီး အကြောင်းပါကြတာဖြစ်လို့ တကယ်လို့သာ မကွဲမကွာထာဝစဉ် နေလာခဲ့ကြရမယ်ဆိုရင် အိမ်ထောင်သက် ၄၄-နှစ်ကြီးတောင်ရှိပြီပေါ့။ ခုတော့ ပေါင်းခဲ့တာက နှစ်ပေါင်း ၂၀-ခန့် ကွဲကွာနေတာက နှစ်ပေါင်း ၂၀-ကျော် ဖြစ်ပြီးတဲ့နောက်မှ အခုအတူတကွလိုနေကြရပါတယ်။

သို့ပေမယ့် ရှေးကလို လင်မယားအဖြစ်မျိုး မဟုတ်ကြတော့ဘဲ တစ်ယောက်နှင့်တစ်ယောက် စကားမပြောကြတဲ့ လင်ဟောင်းမယားဟောင်း အဖြစ်မျိုးဖြစ်နေကြပါတယ်။

ဘာပဲဖြစ်ဖြစ် သူနှင့်အတူနေရတာ စိတ်တော့ချမ်းသာရပါတယ်၊ ကုသိုလ်လည်း ဖြစ်သင့်သလောက်တော့ ဖြစ်ပါတယ်။

ကျွန်မကို သူစကားမပြောပေမယ့် ကျွန်မကြားစေချင် သိစေချင်တဲ့ စကားများကို သူ့သားနှင့်သမီးကိုပြောတဲ့အနေနှင့် မကြာခဏ ပြောပြတတ်ပါတယ်။

"လူ့ဘဝဟာ အင်မတန်ရခဲတဲ့ ဘဝပဲ၊ အဲဒီလို ရတဲ့ ဘဝမှာ ကုသိုလ်ကောင်းမှု ပြုရကောင်းမှန်း သိတဲ့ဘဝ ကုသိုလ်ကောင်းမှုပြုနိုင်တဲ့ဘဝ ဒီတော့ ကုသိုလ်ကောင်းမှုများအောင် အကုသိုလ်မကောင်းမှုနည်းအောင် သတိထားပြီး ကြိုးစားဆောင်ရွက်ကြ။"

"ဘယ်သူတရားမပျက်ပျက်၊ ကိုယ်ကတော့တရားမပျက်စေနှင့်ဆိုတဲ့ စကားရှိသလို ဘယ်သူကပဲ ဆိုးဆိုး ကိုယ်ကတော့ ပြန်မဆိုးနှင့် ကောင်းသာကောင်းလိုက် သူတစ်ပါးကဆိုးလို့ ကိုယ်ကပြန်ဆိုးရင် ကိုယ်ပါလူဆိုးဖြစ်ပြီး မကောင်းကျိုးခံစားရမယ်။ ဒီတော့ ကုသိုလ်ကောင်းမှုဖြစ်ပြီး ကောင်းကျိုးရအောင် သူတစ်ပါးက ကောင်းသည်ဖြစ်စေ၊ ဆိုးသည်ဖြစ်စေ ကိုယ်က တော့ မဆိုးနဲ့ အမြဲတမ်းကောင်းလိုက်၊ အဲဒါဟာ အကျိုးရှိတဲ့အလုပ်ပဲ။"

"လောကကြီးမှာ ဘယ်သင်း ဘယ်ဟာ၊ ဘာတစ်ခုမှမမြဲဘူး၊ မြဲပြီးလျှင် ပျက်တာ

www.burmeseclassic.com

www.burmeseclassic.com



ချည်းပဲ၊ မမြဲလို့သာအိုမှု၊ နာမှု၊ သေမှုတွေဖြစ်တာပေါ့ မြဲလျှင်ဘယ်မှာ အို-နာ-သေ ဖြစ်မလည်း"

"အဲ-မမြဲလို့ ဆင်းရဲဒုက္ခ ရောက်ကြရတယ် မြဲနေ၊ တည်နေ မပျက်မစီးဖြစ်နေရင် ဘယ်မှာဆင်းရဲ ဒုက္ခရောက်မလဲ"

"မြဲချင်တယ် မမြဲဘူး၊ မဆင်းရဲချင်ဘူး၊ သို့ပေမယ့် ဆင်းရဲရတယ်၊ အဲဒါဟာ မိမိကိုယ်မိမိ မစိုးမပိုင်တဲ့အနတ္တ သဘောပဲ။ "

"မမြဲတဲ့ အနိစ္စ၊ ဆင်းရဲတဲ့ဒုက္ခ၊ မစိုးမပိုင်၊ မိမိရဲ့အတ္တမဟုတ်တဲ့ အနတ္တသဘော တရားကို တကယ်ပိုင်ပိုင်သိရှိထင်မြင် သဘောပေါက်ရင် အပါယ်တံခါးပိတ်ပြီး နိဗ္ဗာန်တံခါး ပွင့်တာပဲ။ "

"တရားရှာ ကိုယ်မှာတဲ့ ကိုယ့်ကိုယ်ကို ကြည့်ရှုသုံးသပ်ပြီး တရားရှာရတယ် မိမိတို့ကိုယ်မှာ အမြဲဖြစ်ပေါ်တည်ရှိနေတာ ဝင်သက်ထွက်သက်ပဲ၊ ဝင်သက်ဝင်လျှင်ဝင်မှန်း သိနေရမယ်၊ ထွက်သက်ထွက်လျှင် ထွက်မှန်းသိနေရမယ်။ အဲဒီလို ဝင်သက်ထွက်သက် သာ စိတ်မပျံ့လွင့်ဘဲ အမြဲသိမှတ်နေရင် သီလလည်းမြဲပြီ၊ သမာဓိလည်းမြဲပြီ။ "

"ထွက်သက်ဝင်သက်သည် ရုပ်တရား၊ သိမှတ်နေမှုသည် နာမ်တရားလို့ သိမှတ်ရင် တကယ်ပိုင်ပိုင်သဘောပေါက်ရင် ဝိပဿနာလုပ်ငန်း ပညာစခန်းဆိုက်ပြီး နိဗ္ဗာန်ကို မျက်မှောက် ပြုနိုင်တော့တာပါပဲ"

အဘိုးကြီးဟာ သူ့သားသမီးတွေကို ပြောသလိုနှင့် ကျွန်မကြားအောင် အားထုတ် တတ်အောင်ပြောပြပါတယ်။ နောက်ပြီးတော့ အဘိုးကြီးက ပြောပါသေးတယ်။

"အဖေ့အသက်ရှစ်ဆယ့်နှစ်နှစ်ရှိပါပြီကွာ၊ သေဘက်နီးနေပါပြီ၊ ဘဝသံသရာ ဒုက္ခအတိပဲဆိုတာကိုလည်း သဘောပေါက်ပါတယ်။ သည်တော့ ဘဝသံသရာမလည်ရအောင် ကြိုးစားအားထုတ်နေပါတယ်"



(၇)

တစ်နေ့မှာတော့ အဘိုးကြီးနှင့် သူ့တပည့်တစ်ယောက် တီးတိုးပြောနေကြပေမယ့် ကျွန်မကတော့ နားပါးသူဖြစ်လို့ အဘိုးကြီးပြောတာတွေကို အားလုံးကြားပါတယ်။

"ဝင့်များလည်တတ်တယ်ကွ၊ တို့ငယ်ငယ်တုန်းက တို့မြို့မှာ ဦးပြားကြီးနှင့် အရိုး ယယ်ယာဆိုတဲ့ အဘိုးကြီးနှင့်အဘွားကြီး လင်မယားနှစ်ယောက်ရှိတယ်။ သူတို့ချင်း တစ်အိမ်တည်း မှာ အတူနေကြတယ် သို့ပေမယ့် တစ်ယောက်နှင့်တစ်ယောက် စကားမပြောကြဘူး။ သူတို့ကို မြင်တော့ ငါက ကဲ့ရဲ့မိတယ်၊ ရှုတ်ချမိတယ်၊ လှောင်ပြောင်သရော်မိတယ်၊ အဲဒီ ဝင့်တွေအခု ငါ့မှာလည်နေပြီကွ" ဆိုပြီး အဘိုးကြီးက သူ့ထုံးစံအတိုင်း တဟားဟားရယ်နေပါတယ်။

နောက်ပြီးတော့ သီချင်းကလေးတစ်ပုဒ်လည်း ဆိုပြနေပါတယ်။

"မကြည့်ချင်၊ မြင်ချင်ရဲ့ ချစ်ဦး၊ ပို့တို့မောင်ကွယ်ရာက ပြုံးရတယ် မုန်းလို့ဟုတ်တူး"

(၈)

ဒေါ်သန်းသန်း (ခေါ်) ဒေါ်သန်းတင်သာ ကျွန်တော်တို့ စာရေးဆရာများကဲ့သို့ စာရေးတတ်လျှင် အထက်ပါအတိုင်း ရေးပေလိမ့်မည်။ သို့သော် ဒေါ်သန်းသန်း မရေးသဖြင့် ကျွန်တော်က သူ့ကိုယ်စား "ရှဲနီး" လုပ်ကာ ရေးလိုက်ခြင်းဖြစ်ပါသည်။ ဒေါ်သန်းသန်းက အဘိုးကြီးဟုခေါ်သူမှာ အခြားသူ မဟုတ်ပါ။ ဤစာကိုရေးသူ ကျွန်တော်။

ရန်အောင်

www.burmeseclassic.com

www.burmeseclassic.com



# ဘကြီးသာမှန်

ဘကြီးတို့ရွာကို ဥယျာဉ်ရွာဟုခေါ်ပါတယ်။ ဥယျာဉ်မြေစိုက်ပျိုးတဲ့လူတွေကစပြီး ရွာတည်ထောင်ကြလို့ ဥယျာဉ်ရွာလို့ခေါ်တာပါပဲ။

တဖြည်းဖြည်းနဲ့ အိမ်ခြေတွေများ လူစည်ကားလာလိုက်တာ အခုတော့ အိမ်ခြေပေါင်း ၃၀၀-လောက် ရှိနေပါပြီ။ မူလရွာတည်စက အိမ်၅-အိမ်ပဲရှိသတဲ့၊ အဲဒီအိမ်၅-အိမ်ထဲမှာ ဘကြီးမိဘများအိမ်လည်းပါသပေါ့။ ရွာတည်လို့တစ်နှစ်တောင်မပြည့်သေးဘူး ဘကြီးကိုမွေးတယ်။ ရွာသက်နဲ့ဘကြီးအသက်နဲ့ကအတူတူပဲပေါ့။

ဘကြီးအသက်၇၅-နှစ်ရှိလို့ ရွာသက်လဲ၇၅-နှစ်ပါပဲ။ ရွာတည်စကအိမ်၅-အိမ်သာရှိတော့ မြေတွေပိုလျှံများပြားနေတာပေါ့။ ဒီတော့အိမ်ဝင်းတစ်ဝင်း တစ်ဝင်းဟာ အကျယ်ကြီးပိုင်ကြတယ်။ အိမ်ဝင်းတစ်ခုဟာ ဥယျာဉ်ကြီးတစ်ခုပဲပေါ့။

ဒါ့ကြောင့် ဘကြီးပိုင်တဲ့အိမ်ဝင်းကြီးက ကျယ်လွန်းလို့ အုန်း၊ ငှက်ပျော၊ သရက်၊



…၊ ပိန္နဲ၊ ဩဇာ၊ မာလကာ၊ ဒူရင်း စသည်ပေါ့လေ။ စားလို့ရသမျှသစ်ပင် ရောင်းလို့ဖြစ်သမျှ …ပင်တွေ ဝင်းကြီးနှင့်အပြည့်အနှက် စိုက်ပျိုးထားနိုင်တာပေါ့။

မူလရွာတည်စ အိမ်၅-အိမ်ကတော့ဖြင့် ဘကြီးခြံလိုပဲ အကျယ်ကြီးတွေပေါ့။ …မယ့် လူတွေကများလာ၊ အိမ်နေရာကလိုလာတော့ အိမ်၄-အိမ်က သူတို့မြေကိုခွဲဝေစိတ်ဖြာ…ရောင်းတယ်။ ဘကြီးမိဘများကတော့မရောင်းဘူး။သားစဉ်မြေးဆက် စိုက်နိုင်ပျိုးနိုင်၊ အကျိုး…အောင်ပေါ့လေ။ ဒါကြောင့်လဲ တစ်ရွာလုံးမှာ ဘကြီးအိမ်ဝင်းကြီး ခြံဝင်းကြီးဟာ အကျယ်…နေတာ။ ဘကြီးခြံကထွက်တဲ့ သစ်သီးဝလံတွေကို ရောင်းလို့ရတဲ့ငွေဟာ ဘကြီးတို့တစ်အိမ်…စားဝတ်နေရေးအတွက် ကောင်းကောင်းကြီးမှလုံတဲ့အပြင် ပေးနိုင်၊ ကမ်းနိုင်၊ လှူဒါန်း…တယ်။

ရွာဦးကျောင်းကြီးဟာ ဘကြီးရဲ့ မိဘများ ဆောက်လုပ်လှူဒါန်းခဲ့ကြတာပေါ့။ အဲ-…ဟာ ဥယျာဉ်စိုက်ပျိုးပြုစုတဲ့အိမ် ၅-အိမ်ကစပြီး အခုတော့အိမ်ခြေ ၃၀၀-ရာလောက်ဖြစ်…တော့ ဥယျာဉ်စိုက်ပျိုးတဲ့ သူချည်းမဟုတ်တော့ဘူး။ လယ်လုပ်သူ၊ ယာလုပ်သူ၊ ကိုင်းလုပ်သူ၊ …လုပ်သားစသည်ပေါ့လေ အလုပ်အမျိုးမျိုးလုပ်ကြရတယ်။

ဘကြီးတို့ရွာမှာတစ်ခု ထူးခြားတာကတော့ တစ်ရွာလုံးဟာ ဆွေမျိုးသားချင်းတွေ…ချည်းပါပဲ။ အမျိုးချင်းပဲ လက်ဆက်ကြ၊ အကြောင်းပါကြတော့ ဆွေရိပ်၊ မျိုးရိပ် မကင်းကြတဲ့…တွေချည်းဖြစ်နေကြတယ်။

ဘကြီးတို့ငယ်စဉ်က အဖြစ်အပျက်တွေကို နောင်လာနောက်သားလူငယ်များ ဗဟု…ရကြအောင် ပြောပြရအုံးမယ်။ ဘကြီး၆-နှစ်သားအရွယ်လောက်မှာ ရွာဦးကျောင်း…ရာတော်ကြီးဦးဇောတိက ကျောင်းမှာနေပြီး ပညာသင်ရတယ်။ ဆရာတော်ကြီးဇောတိက …ဘိုးမြို့က။

www.burmeseclassic.com

www.burmeseclassic.com



ဆရာတော်ကြီးက အင်္ဂါသားကိုး။ ဒီတော့ ဆရာတော်ကြီးက မကြာမကြာအမိန့်ရှိဖူးတယ်။

"အင်္ဂါသားဘုန်းကြီးများ အကျော်အမော်ဖြစ်တတ်သကွ။ ထွတ်ခေါင် ဆရာတော်ဘုရားကြီးလဲ အင်္ဂါသားပဲ၊ ဆရာတော်ကြီး ဦးဗုဒ်လဲ အင်္ဂါသားပဲ၊ လယ်တီဆရာတော်တို့ မန်လည်ဆရာတော်တို့လည်း အင်္ဂါသားပဲ၊ ကျော်စောတော်မူကြ၊ ထင်ရှားတော်မူကြပါပေတယ်။ အင်္ဂါသားငါကတော့ မထင်ရှားပါဘူးကွာ" လို့ ဆရာတော်ကြီးက ဟာသနှောပြီးပြောတော့ ဘကြီးတို့ကျောင်းသားတွေ ပြုံးကြရယ်ကြရတယ်။

နောက်ပြီးဆရာတော်ကြီးက ရှေးဟောင်းနှောင်းဖြစ်တွေ ပြောသေးတယ်။ ရှေးဆရာတော်ကြီးတွေဟာ အလွန်ရိုးကြတယ်။ ငွေကြေးကို ကိုင်တွယ်ဖို့မပြောနဲ့သေသေချာချာတောင် မကြည့်တူ။ မသိဘူး။ တစ်ခါတော့ ဆရာတော်ကြီးတစ်ပါးကို ဒကာတစ်ယောက်က အနာမာသဝတ္ထု ငွေဒင်္ဂါးတစ်ဆယ်ကျပ်လှူသတဲ့ ဒီတော့ဆရာတော်ကြီးက ငါ့အိပ်ရာသင်ဖြူးအောက်မှာထားလိုက်လို့ အမိန့်ရှိသတဲ့ တစ်နေ့တော့ဆရာတော်ကြီးက သင်ဖြူးလှန်ကြည့်ရင်း "ဟဲ့ ‥ကြည့်ကြစမ်း။ ငွေဒင်္ဂါးတွေ သေးသွားသလား"လို့ပြောသတဲ့။

အမှန်တော့ကျောင်းသားတွေက ဒင်္ဂါးကျပ်ပြားတွေကိုယူပြီး ငါးမူးပြားတွေနဲ့ လဲထားတာ နောက်တော်တော်ကြာတော့ ဆရာတော်ကြီးကပြောပြန်သတဲ့ "ဘယ်နှယ်လဲဟဲ့ ငွေဒင်္ဂါးကသေးသွားပြန်တယ်ထင်တယ်။ မဖြစ်ချေဘူးဟေ့၊ ကြာရင်ပျောက်သွားချေရဲ့ သုံးဖက်လိုက်ကြ" လို့ အမိန့်ရှိသတဲ့။

ကျောင်းသားတွေက ငါးမူးစေ့တွေကိုယူပြီး မတ်စေ့နဲ့လဲထားတာလေ၊ ရှေးဘုန်းကြီးတွေများ အဲဒီလောက်ရိုးတာ။

ဘုန်းကြီးတစ်ပါးအကြောင်းပြောရအုံးမယ် တစ်ညမှာ ဆရာတော်ကြီးတစ်ပါးဟာ



ည၃နာက်သန်းခေါင်ထိအောင် ကျိန်းစက်တော်မမူဘဲ စကြံလျှောက်ရင်း ပဋ္ဌာန်းအားထုတ်တော်မူနေသတဲ့။

အဲဒီအခိုက်မှာ သူခိုးတစ်ယောက်က ကျောင်းပေါ်တက်လာတာကို ဆရာတော်ကြီးက မြင်တော့-

"ဟဲ့ ‥နင်ဘယ်သူလဲ"လို့မေးလိုက်သတဲ့။

ဟိုရှေးကတော့ဆရာတော်ကြီးတွေကို ဖိမ့်ဖိမ့်တုန်အောင်ကြောက်ကြတာကိုး။ ဒီတော့သူခိုးက ကြောက်ကြောက်ရွံ့ရွံ့နဲ့ ရှိခိုးပြီး "တပည့်တော်ဆင်းရဲလွန်းလို့ခိုးရအောင်လာမိပါတယ် ဘုရား"လို့ လျှောက်သတဲ့။

"ဒီတော့ ဆရာတော်ကြီးက နင်ဆင်းရဲတာဟာ အတိတ်က ဒါန နည်းလို့လဲဖြစ်မယ်၊ ယခုပစ္စုပ္ပန်မှာ အပျင်းထူပြီး အလုပ်မလုပ်လို့လဲဖြစ်မယ်။ ဘာပဲဖြစ်ဖြစ်ပေါ့လေ၊ ဘုန်းကြီးဆီတာက နင်ဒါကိုယူသွားတော့လို့ မပေးကောင်းဘူး။ ဒီတော့ နင်ကိစ္စကိုနင်သဘောကျသလို မြန်မြန်ဆောင်ရွက်သွား။ မောင်ပဥ္စင်းတွေ နိုးလာလို့ နင့်ကိုတွေ့ရင် ရိုက်လားနှက်လားလုပ်နေမှာ စိုးရတယ်လို့ အမိန့်ရှိတော်မူတယ်။

"ဒီတော့ သူခိုးဟာနောင်တ တရားရသွားပြီး "တပည့်တော်နိုးဝက်တဲ့ အလုပ်ကိုစွန့်လွှတ်ပြီး အလုပ်အကိုင်ကိုကြိုးကြိုးစားစားလုပ်ကိုင်စားသောက်ပါတော့မယ် ဘုရား"လို့ ရှိခိုးလျှောက်ထားပြီး ပြန်သွားသတဲ့"

"အေး ‥ပြောလက်စနဲ့ ဆရာတော်ကြီးနှစ်ပါးအကြောင်း ပြောရအုံးမယ်။ "ရောဝတီမြစ်ကမ်းကမြို့တစ်မြို့မှာ သီတင်းသုံးကြတဲ့ ဆရာတော်ကြီးနှစ်ပါးဟာ မြစ်ကမ်းစပ်မှာတွေ့ကြတော့ စကားစမြည်ပြောနေကြတယ်။ အချိန်ကာလက သီပေါမင်းပါတော်မူပြီးစအချိန်၊ အဲဒီအချိန်မှာ ရေမရက်မှန် မီးသင်္ဘောကြီးဟာ ဘေးတစ်ဖက်တစ်ချက်မှာ လှေကြီး ၂-တွဲစီတွဲ

www.burmeseclassic.com

www.burmeseclassic.com



ပြီး ရောဝတီမြစ်ကို မြည်သံတဟိန်းဟိန်းနဲ့ ဆန်တက်လာတာကို ဆရာတော်ကြီးနှစ်ပါးက မြင်တော်မူတော့။

"ဆရာတော်ကြီးတစ်ပါးက ပြောသတဲ့ "ကြည့်စမ်းပါဒါးကိုယ်တော် သင်္ဘောကြီး ဟာဘောတဲ့ကြီး ၄-တွဲနဲ့ ရောဝတီမြစ်ကြီးကို ဆန်တက်လာတာဟာ အံ့သြစရာ ချီးကျူးစရာပေပဲ။ အင်္ဂလိပ်လူမျိုးများတတ်တဲ့ စက်မှုပညာဟာ အဖိုးတန်ပါပေတယ်လို့ပြောတော့"။

တခြားဆရာတော်ကြီးတစ်ပါးက ပြန်ပြောသတဲ့။ "အင်္ဂလိပ်လူမျိုးတွေ လောကီပညာကို ဘယလောက်ပဲတတ်တတ်၊ တပည့်တော်တို့တတ်ထားတဲ့ လောကုတ္တရာ ပညာထဲက (အနိစ္စတစ်လုံးသိတာလောက်) အဖိုးမတန်ပါဘူး ဘုရား"တဲ့။

"ဘကြီးတို့ငယ်စဉ်က ရွာဦးဆရာတော်ဘုရားကြီး ပြောတာတွေကို မှတ်သားပြီး နောင်လာနောက်သားတွေကို ဖောက်သည်ချပြောပြရတယ်။

ဘကြီးအရွယ်ရောက်တော့ အမျိုးသမီးတစ်ဦးနဲ့ အကြောင်းပါတယ်။ ဘကြီးဇနီးအမည်က မခါဉတဲ့။ မစာဉမဟုတ်ဘူးနော်‥မခါဉ။

"စကားစပ်မိလို့ ပြောလိုက်ရအုံးမယ်။ တစ်ခါတော့ ရန်ကုန်မြို့က စာရေးဆရာတစ်ယောက်ဘကြီးတို့ရွာကိုရောက်လာတယ်။ လေ့လာရေးအောင်လာတာတဲ့။

အဲဒီစာရေးဆရာဘကြီးတို့အိမ်ရောက်လာတော့ ဘကြီးဇနီးအမည်မခါဉဆိုတာ သိတော့သူကပြောတယ်။

"စာရေးဆရာသခင်ဘသောင်းရေးတဲ့ ပန်းသာမစာဉဆိုတဲ့ စာအုပ်ထွက်တယ်။ သခင်ဘသောင်းမူလရေးတဲ့အမည်က မစာဉမဟုတ်ဘူး။ မခါဉ။ ပုံနှိပ်တိုက်က စာစီတဲ့ စာပြင်ဆရာတို့က ခါကောင်တို့ခါဉတို့ကို မကြားဖူးဘူးထင်ပါရဲ့။ မစာဉလို့စီလိုက်၊ ပြင်လိုက် ပန်းသာမခါဉ ရေးတာဟာ ပန်းသာမစာဉလို့ ဖြစ်သွားတယ်။ ခါဉကစာဉလို့မဟုတ်ဘူး။ အလွန်လှတယ်။



အကြောင့်စာရေးဆရာ သခင်ဘသောင်းက သူ့ဝတ္ထုထဲက ဇာတ်လိုက်အမျိုးသမီးအမည်ကို "မခါဉ" လို့မှည့်တာလို့ ရန်ကုန်မြို့က စာရေးဆရာတစ်ယောက်က ပြောသွားဖူးတယ်"

(၂)

မကြာသေးခင်ကပေါ့။ ဘကြီးတို့ရွာက မောင်စံခင် ဘကြီးတို့အိမ်ရောက်လာပြီး မေးတယ်။

"ဘကြီးအသက်ဘယ်လောက်ရပြီလဲ"တဲ့။

ဘကြီးကပြန်ပြောလိုက်တယ်။ "၇၅-နှစ်"လို့။

"ဘကြီးမိန်းမဆုံးတာ ဘယ်လောက်ကြာပြီလဲ"

"ဘကြီးအသက် ၅၀-အရွယ်ကဆုံးတာဖြစ်လို့ အနှစ်အစိတ်ကြာပြီပေါ့ကွာ‥ "

"ဒါဖြင့် ဘကြီးကိုဘယ်သူထမင်းချက်ကျွေးသလဲ "

"ငါ့ဟာငါချက်စားတာပါပဲ တစ်ခါတလေနေမကောင်းရင်တော့ အိမ်နီးချင်းတွေကို ပြီး အချက်ခိုင်းရတယ်"

"ဘကြီးကိုချက်ပြုတ်ကျွေးဖို့ တစ်ယောက်လောက်တော့လိုတာပဲနော်"

"ဘာလဲ မင်းကငါ့ကို မိန်းမယူခိုင်းချင်လို့လား"လို့ ပြောပြီးနှစ်ယောက်သား ရယ် ကြတယ်။

မောင်စံခင်က" ဘကြီးကိုမယားယူခိုင်းတာမဟုတ်ပါဘူး။ ကျွဲဖော်လောင်ဖက် ကလေးတစ်ယောက်လောက်ရှိရင် ကောင်းမယ်လို့ပြောတာပါ"လို့ ပြောတယ်။

"အေး‥ကျွဲဖော်ဆိုရင်တော့ ကောင်းပါတယ်။ လောင်ဖက်ကတော့မကောင်းဘူး ောင်မယ်မြိုက်မယ်၊ ပူမယ်ပေါ့ကွာ"

နှစ်ယောက်သားရယ်ကြပြန်တယ်။

www.burmeseclassic.com

www.burmeseclassic.com



"လုမေကို ဘကြီးသိမှာပေါ့"

"ဘယ်လုမေလဲ၊ မောင်ချစ်နှင့် မိသိန်းတို့ သမီးကလေး လုမေလား"

"ဟုတ်တယ် ဘကြီး သူ့မိဘတွေဆုံးသွားတော့ အားကိုးရာမဲ့ဖြစ်ပြီး ဟိုအိမ်တက်နေ ဒီအိမ်တက်နေနဲ့ နောက်ဆုံးတော့ ကျွန်တော်တို့ အိမ်ရောက်နေတယ်"

"အေး ကောင်းသားပဲ လက်ခံထားပေါ့"

"ကျွန်တော်ကတော့ လက်ခံချင်ပါတယ် ကျွန်တော့်မယားမယ်အေးက သူ့ကို သောင်းသောင်းကျွန်းကျွန်း လုပ်လို့ခက်နေတယ်"

"မင့်မယားမယ်အေးက မယ်ပူဖြစ်နေပါပေါ့ကလား။ ဒီလိုဆိုရင်လုမေကို တစ်အိမ် အိမ်ပို့ထားလိုက်ပေါ့"

"ဘကြီးတို့အိမ်ကို ပို့ထားချင်လို့ အခုကျွန်တော်လာမေးတာပါ"

"လုမေကနေချင်တယ်ဆိုရင် ပို့ပေါ့ သူပျော်သလောက်နေပေစေ။ သူမပျော်ရင် ပျော်ရာသွားပေါ့"

"ဟုတ်ကဲ့ဘကြီး၊ လုမေကိုကျွန်တော်မေးကြည့်ပါဦးမယ်။ လုမေကဘကြီးအိမ်မှာ နေချင်တယ်ဆိုရင် ခေါ်ခဲ့မယ်နော်"

"အေးပါရပါတယ်"

မောင်စံခင်ပြန်သွားပြီး မကြာခင်တွင်ပဲ လုမေကိုခေါ်လာတယ်။ လုမေကာ၈-နှစ် သမီးအရွယ်၊ ဘကြီးမြေးအရွယ်ပေါ့ ဘကြီးမှာမြေးကလေးတစ်ယောက်ကောက်ရသလိုဖြစ်ပြီး ဝမ်းသာရပါတယ်။

လုမေကအလိုက်လဲသိတယ်။ အသုံးလဲကျတယ်၊ လုပ်တတ်ကိုင်တတ်လဲရှိ တယ်။ မနက်ဆိုရင်သူ့ကိုမနှိုးရဘူး။ အစောကြီးထပြီး ထမင်းဟင်းချက်တာပဲ၊ ဘကြီးအိပ်ရာက ထတာနဲ့



တစ်ပြိုင်နက် မျက်နှာသစ်ဖို့ရေအဆင်သင့် ဘကြီးရေချိုးပြန်တော့ ဆပ်ပြာတိုက်ပေးတယ်။ ကျောတွန်းပေးတယ်။

အိမ်ပေါ်အိမ်အောက် လှည်းကျင်းသုတ်သင်ထားလိုက်တာများ ပြောင်လို့ရှင်းလို့ အမှိုက်တစ်မျှင်မရှိစေရဘူး။ ဒါတွင်မကသေးဘူး။ ဘကြီးခြံအကျယ်ကြီးကိုလည်း တစ်တိတစ်တိ နဲ့ ရှင်းလိုက်လင်းလိုက်တာ လုမေရောက်လာလို့ တစ်လလောက်လဲရှိရော လူတိုင်းအံ့ဩရလောက် အောင် ရှင်းလင်းပြောင်စင်နေလိုက်တာ ဘုန်းကြီးကျောင်းဝင်းကြနေတာပဲ။

ဘကြီးအိပ်ခါနီးရင်လဲ လုမေကနင်းနှိပ်ပေးသေးတယ်။ တော်ပါတော့ဆိုတာတောင် မတော်ဘူး။ အတင်းနှိပ်နေတော့တာပဲ။ ထမင်းဟင်းချက်တာကလည်း အလွန်တော်တယ် လုမေ အချက်အပြုတ်ကောင်းလွန်းလို့ စားဝင်အိပ်ပျော်ဆိုတာလိုဖြစ်ပြီး ဘကြီးတောင်အတော်ဝဖြိုးဖြိုး ဖြစ်လာတယ်။

ဩော်… အိမ်တကာမှာနေလာရတော့ အိမ်ရှင်တွေကျေနပ်အောင်၊ မျက်နှာသာရ အောင် လုပ်ခဲ့တဲ့ အကျင့်တွေပါလာတယ် ထင်ပါရဲ့။ နောက်ပြီးတော့သူ့မှာ မှီခိုကပ်ရပ်နေစရာ အိမ်ကလည်းရှားတော့ မတော်တဆ ဘကြီးကမကျေနပ်လို့နှင်ချလိုက်ရင် ခက်ရချေရဲ့လို့တွေးပြီး ဘကြီးကျေနပ်အောင်လုပ်ရရှာတာနဲ့တူပါတယ်။

ဒါကြောင့် တစ်ခါတစ်ခါဘကြီးက "ဟဲ့… လုမေ သမီး သိပ်ပင်ပင်ပန်းပန်းမလုပ်ပါနဲ့ သမီးရယ်၊ နားနားနေနေပေါ့" လို့ပြောရင်၊

သူက "မပင်ပန်းပါဘူး တခြားအိမ်တွေမှာဆိုရင် ဒါထက်တောင်ပိုလုပ်ရသေးတယ်။ ဒီလိုလုပ်ရက်သားနဲ့တောင် မျက်နှာကောင်းမရပါဘူး" တဲ့သနားစရာပြောရှာတယ်။တစ်နေ့မှာ ဘကြီးအိမ်ကို မပိုက်ရောက်လာတယ်။

ဘကြီးက "မပိုက်ဘာကိစ္စများရှိသလဲ" လို့မေးတော့-

www.burmeseclassic.com

www.burmeseclassic.com



မပိုက်က "ကျွန်မမှာကလေးတွေကများလွန်းလို့ ကလေးထိန်းဖို့လူလိုနေတယ်ဘကြီ
ဒီတော့လှမေကို ကျွန်မတို့အိမ်မှာ ခေါ်ထားပါရစေ" လို့ပြောတယ်။

"ဘကြီးမှာလဲ သူ့ရှိတာအသုံးဝင်သကွ အသက်ကလည်းကြီးလာပြီးဖြစ်လို့ လက်
တုံး တောက်ဝှေးဆိုတာမျိုးလိုသာအမှန်ပဲ သို့ပေမယ့် သူ့ကိုမေးကြည့်အုံးလေ၊ သူကလိုက်
ချင်တယ်ဆိုရင်တော့ခေါ်သွားပေါ့၊ သူပျော်ရာမှာနေပါစေပေါ့ကွယ်"

အဲဒီအချိန်မှာ ဘကြီးတို့ခြံထဲက ရေတွင်းမှာ လှမေက ရေငင်နေတယ်။

ဒါကြောင့် မပိုက်က "လှမေရေ့ ‥လာစမ်းပါအုံးကွယ်" လို့ လှမ်းခေါ်လိုက်တော့
လှမေ အိမ်ပေါ်တက်လာတယ်။

"လှမေ တို့အိမ်မှာ ညည်းနေပါအေ၊ ငါကအဝတ်အစားလဲဆင်ပါ့မယ်၊ လ
ပေးပါ့မယ်" လို့မပိုက်ကပြောတယ်။

ဒီတော့လှမေက "ကျွန်မတခြားသွားနေရင် ဘကြီးအစားအသောက်ဆင်းရဲတော့
ပေါ့၊ ဒါကြောင့် ကျွန်မဘကြီးနဲ့ပဲနေတော့မယ်" လို့ လှမေကပြန်ပြောလိုက်တယ်။

"ညည်းဘကြီးကပြောပါတယ်၊ လှမေ ပျော်ရာမှာနေပါစေတဲ့"

"ဟုတ်ပါတယ် ကျွန်မ ဘကြီးနဲ့နေရတာပျော်ပါတယ်။ ဘာအနှောင်အယှက်မှမ
ဘူး၊ ဆူလားပူလား ရိုက်လားနက်လားလဲ တစ်ခါမှမလုပ်ပါဘူး" လို့လှမေကပြောတယ်။ မပိုက်
မကျေမနပ်ဖြစ်တဲ့ အမူအရာနဲ့ ပြန်သွားတယ်။

ဘကြီးအိမ်ကို လှမေရောက်လာလို့ ၅-လလောက်အကြာ တစ်နေ့မှာ လူအ
ယောက်လောက် တစ်စုတရုံးတည်း ဘကြီးအိမ်ပေါ်ကို တက်လာကြလို့ ဘကြီးအံ့ဩသွားတယ်။

အဲဒီလူတွေကိုဦးဆောင်လာတာကတော့ ဘကြီးတို့ရွာက ရွာမိရွာဖ လူကြီး
ဖြစ်တဲ့ ကိုကျူး။ သူကဘကြီးနဲ့ သက်တူရွယ်တူလောက်ပါပဲ။ နောက်ပြီးတော့ မောင်စံခင်



ပါတယ်။ မောင်စံခင်ဆိုတာက ဘကြီးတို့အိမ်ကို လှမေလာပို့တဲ့လူ။ ပိုပြီးထူးခြားတာကတော့
ဘကြီးတို့ရွာက ဝမ်းဆွဲသရာမနဲ့ မပိုက်လဲပါလာတယ်။

ဘကြီးက တအံ့တဩနဲ့ "ပရိသတ်ကြီးများလှချေလား ဘာကိစ္စလာကြသလဲ"
လို့မေးလိုက်တော့ ကိုကျူးကပြောတယ်။

"ကိုယ်လုပ်တဲ့ ကိစ္စကိုယ်အသိဆုံးဖြစ်မှာပေါ့တဲ့"

ကိုကျူးစကားကဆန်းတော့ ဘကြီး ပိုပြီးအံ့ဩသွားတယ်။

"ကိုယ်လုပ်တဲ့ကိစ္စဆိုတာဘာလဲ" လို့ဘကြီးကမေးတယ်။

"မသိချင်ယောင်ဆောင်မနေပါနဲ့ လှမေကိစ္စပေါ့" တဲ့ ကိုကျူးကပြောတယ်။

"လှမေကိစ္စဆိုတာဘာလဲ"

"ရှင်းရှင်းပဲ ပြောလိုက်မယ်၊ လှမေကိုယ်ဝန်ရှိနေတဲ့ကိစ္စ"

"ဟင် လှမေကိုယ်ဝန်ရှိနေသလား။ ဘယ်သူနဲ့တုံး"

"မင်းနဲ့ ‥မင်းနဲ့" လို့ ကိုကျူးကပြောတော့ ဘကြီးရှက်လဲရှက်၊ စိတ်လဲဆိုးပြီး
သတိလစ်သလိုတောင် ဖြစ်သွားတယ်။

"မဟုတ်မဟတ်လာပြီးမစွပ်စွဲကြနဲ့ ကာယကံရှင်ကိုမေးကြည့်ရင် အမှန်တိုင်းသိရမှာ
ပေါ့"

"ကာယကံရှင်ကိုမေးကြည့်တယ်၊ ဘာမှမပြောဘူး ငိုနေတယ်၊ အဲဒီလိုမပြောတာကို
ထောက်ရင် မင်းနဲ့ကိုယ်ဝန်ရှိတယ်ဆိုတာထင်ရှားတာပေါ့၊ ဘာဖြစ်လို့လဲဆိုတော့ မင်းအိမ်မှာနေ
ရတော့ မင်းစကားနားထောင်ပြီး မင်းကမပြောနဲ့ဆိုလို့ မပြောဘဲနေရတာဖြစ်မှာပေါ့"

"ကာယကံရှင်ကမပြောဘဲနဲ့ ဘာဖြစ်လို့ ငါ့လာစွပ်စွဲရတာလဲကွ"

"ကာယကံရှင်က မပြောလို့မင်းပဲဆိုတာ သိရတာပေါ့၊ တခြားလူနဲ့သာကိုယ်ဝန်ရှိရင်

www.burmeseclassic.com

www.burmeseclassic.com



လုမေကမပြောဘဲနေမလား။ ပြောမှာပေါ့။ အခုတော့ မင်းနဲ့ဖြစ်တာမို့ မင်းကိုကြောက်လို့မပြောဘဲနေတာပေါ့"

"ကိုင်း . . ဒီလိုဆိုရင် လုမေကိုအခုခေါ်မေး။ လုမေမှန်တဲ့အတိုင်းပြောပါလို့ ငါတိုက်တွန်းမယ်။ ဒီတော့မှဘယ်သူဘယ်ဝါဆိုတာ သိမယ်"

ဘကြီးကဒီလိုပြောတော့ ဝမ်းဆွဲဆရာမကပြောတယ်။

"လုမေကိုမမေးကြ၊ မစမ်းကြပါနဲ့ရှင်၊ လုမေကို ကျွန်မအမျိုးမျိုးမေးကြည့်ပြီးပြီ။ ငိုသာနေပါတယ်၊ ဘာမှပြန်မပြောပါဘူး။ နောက်ပြီးတော့လုမေက ပြောပါသေးတယ် "ကျွန်မကိုအတင်းမမေးကြပါနဲ့ အတင်းမေးရင် ကျွန်မကိုယ်ကျွန်မသတ်သေလိုက်မယ်" တဲ့။ အဲ့ဒီလိုသာသတ်သေသွားရင် ကလေးရော၊ လုမေရောဆုံးရမှာပါရှင်။ ဒီတော့လုမေကိုဘယ်သူမှ ဘာမှမမေးကြပါနဲ့"

"ကဲ . . အဲဒါကိုသာ ထောက်ကြည့်တော့ တခြားလူနဲ့ဆိုရင် လုမေကပြောမှာပေါ့။ မင်းနဲ့ဖြစ်လို့သာ မင်းကိုကြောက်လဲကြောက် မင်း အရှက်ကွဲမှာလဲစိုး၊ နောက်ပြီးတော့ မင်းနဲ့လင်လိုမယားလို နေလို့လဲ မတင့်တယ်တဲ့အရှယ်မို့ မပြောတာပေါ့။ ရွယ်တူတန်းတူချင်းသာဖြစ်ကြရင် အခုလိုဖုံးဖိထားဖို့ ဘာလိုသလဲ၊ မှန်ရာကန်ရာပြောမှာပေါ့။ ပြောနေဖို့တောင်မလိုတော့ပါဘူးကွာ၊ ရွယ်တူတန်းတူချင်းဖြစ်ကြရင် သူတို့ချင်းအတူပေါင်းနေကြမှာပေါ့" တဲ့ ကိုကျူးကပြောတယ်။

ကိုကျူးစကားကိုသေသေချာချာနားထောင်ကြည့်တော့လဲ သူပြောတာ ဟုတ်တုတ်တုတ်။ သူတို့ကထင်မယ်ဆိုရင်လဲ ထင်စရာဖြစ်နေတယ်။

ဒီတော့ဘကြီးကပြောလိုက်ရတယ်။ "မင်းတို့ထင်မယ့်သာထင်ကြတယ် ငါနဲ့မဟုတ်ပါဘူး ကိုကျူးရာ၊ မင်းတို့ပေးချင်တဲ့သစ္စာကိုပေးပါ"



"သစ္စာတွေဘာတွေပေးနေဖို့မလိုဘူး ကိုသာမှန်၊ မင်းနဲ့၊ အတူနေ၊ အတူအိပ်အတူစား၊ အမြဲတမ်းတွဲနေတဲ့ မိန်းကလေး ကိုယ်ဝန်ရှိတာဟာ မင်းမဟုတ်လို့ဘယ်သူဖြစ်ရမှာလဲ" တဲ့ ကိုကျူးကပြောတယ်။

"ဟော့ . . ကိုကျူး၊ မင်းနဲ့ငါနဲ့အသက်ချင်းအတူတူဘဲ၊ ငါတို့အသက်၇၅-နှစ်ရှိပြီ။ ငါ့လဲအိုလှပြီ အိုမင်းမစွမ်းဆိုတဲ့စကားအတိုင်းဘဲ၊ ဒီကိစ္စမျိုးဟာ တို့နဲ့မဆိုင်ဘူးဆိုတာမင်းသိပါတယ်ကွာ"

"ဟဲ . . ဟဲ၊ ကိုလေသာမှန်ပြောတဲ့ဆင်ခြေကလေးတွေက မဆိုးဘူးကွ၊ သို့ပေမယ့် စကားစဉ်ရှိတယ် မဟုတ်လား။ ယောကျ်ားတွေဟာအသက်တယ်လောက်ပဲကြီးကြီး ဖွဲတစ်ဆုပ်နိုင် မိန်းမယူနိုင်သေးတယ်တဲ့"

"ဝါး" ခနဲအားလုံးကစိုင်းရယ်ကြတော့ ဘကြီးတော်တော်ရှက်သွားတယ်။

"ဟော့ ကိုကျူး မင်းတို့ထင်ချင်သလိုထင် ပြောချင်သလိုပြော၊ ငါဘယ်သူ့ကိုမှဂရုမစိုက်ဘူး။ ကိုင်းမင်းတို့ပြောချင်တာတွေပြောပြီးပြီမဟုတ်လား။ ပြောပြီးရင်ပြန်ကြတော့"

"မပြန်နိုင်သေးဘူး ကိုသာမှန် ပြောစရာတွေအများကြီးကျန်သေးတယ်။ ကိုင်း ဆရာမက မင်းအတွေ့အကြုံကိုပြောပြစမ်းပါအုံး"

ကိုကျူးကဒီလိုပြောတော့ မပိုက်ကပြောတယ်။

"ကျွန်မ အတွေ့အကြုံက ဒီလိုပါ ဟိုတစ်လောက ဘကြီးသာမှန်အိမ်ကို ကျွန်မရောက်ပါတယ်၊ ရောက်တဲ့ကိစ္စကတော့ ကျွန်မတို့အိမ်မှာ ကျူဖော်လောင်ဖက်လိုလို့ လုမေငှားချင်လို့ လာတာပါ။ လုမေကို ကျွန်မအမျိုးမျိုးပြောပြ တောင်းပန်ပြီးခေါ်ပါတယ်၊ ဘယ်လိုမှ မလိုက်ရပါဘူး။ ဘကြီးသာမှန်နဲ့ပဲသေတစ်ပန်သက်တဆုံး နေမယ်လို့ပြောပါတယ်၊ ဒီကတည်းက ဘကြီးနဲ့လုမေ ငြိနေကြပြီလို့ ကျွန်မသိလိုက်ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဝါး"ခနဲ ရယ်ကြပြန်တယ်။

"ကိုင်း-မင်းတို့ငါ့ကို အရက်ခွဲချင်တိုင်းခွဲလို့ပြီးပြီ မဟုတ်လား။ ပြန်ကြတော့။ မောင်စံခင်၊ မင်းလာပို့တဲ့လှမေကိုမင်းပဲပြန်ခေါ်သွား"

ဒီတော့မောင်စံခင်က ပြောတယ်။

"ကျွန်တော်ပြန်ခေါ်ချင်ပါတယ် ဘကြီး၊ သို့ပေမယ့် လှမေကို ပြန်မခေါ်ရဘူး ဘကြီးအိမ်မှာပဲ ထားရမယ်လို့ အများကပြောနေကြတယ်"

"ဘာဖြစ်လို့ ငါ့အိမ်မှာထားရမှာလဲ၊ ငါထပ်-ထပ်ပြီး အရက်ကွဲအောင်လို့လား"

"ဒီလိုပါ ဘကြီး"

ဒီတစ်ခါ စကားပြောသူက ဝမ်းဆွဲဆရာမဖြစ်ပါတယ်။

"လှမေကိုလဲ လူတိုင်းက မုန်းနေကြတယ်၊ မုန်းတဲ့အကြောင်းက ဒီအိုကြီးအိမ် အဘိုးကြီးကို ယူရမလားဆိုပြီး မုန်းကြတာပါ။ ဒီတော့သူ့ကိုဘယ်အိမ်ကမှ လက်ခံမထားကြတော့ဘူး။ ဒါကြောင့် လှမေကို ဘကြီးအိမ်မှာပဲထားပါ။ ကျွန်မလဲ သူ့ကိုယ်ဝန်ကြီး မကြာမကြာ လာကြည့်ပါ့မယ်။ ကျွန်မပဲ သားဖွားပေးပါ့မယ်"

ဆရာမပြောပြီးတော့ တစ်ယောက်ကဝင်ထွက်တယ်။

"လှမေကို မုန်းကြတာက အဘိုးကြီးကိုယူလို့ချည်းမဟုတ်ပါဘူး။ မုန်းရကန်းရ မပြောလို့ သူ့လင်ဖက်က ကာဆီးကာဆီး လုပ်နေလို့လဲ မုန်းကြတာပါ"

"မင်းတို့ထင်ချင်သလိုထင်ကြ ငါဒီအမှုမဖြူတာကိုတော့ ဘုရားသိပါသကွာ" ဘကြီးကပြောလိုက်ရတယ်။

ကိုကျူးကဆက်ပြန်တယ်။

"ကိုသာမှန်ဖြစ်ပုံက မစိုး ဖြစ်ပုံမျိုးများလား"တဲ့။



"မစိုး ဘယ်လိုဖြစ်လို့လဲ"လို့ ဘကြီးကမေးလိုက်တယ်။

"မစိုး အိပ်ပျော်နေတုန်း ထပြီး ရေခပ်တယ်။ မောင်းထောင်းတယ်၊ ပြီးတော့ ပြန်အိပ်တယ်၊ မနက်မိုးလင်းလို့ မစိုးနိုးလာတော့ ညကသူအိပ်နေတုန်း လုပ်တာတွေကိုဘာမှ မမှတ်မိတော့ဘူး။ ကိုသာမှန်လဲ အဲဒီပုံမျိုးများဖြစ်လေရော့သလား"

အားလုံးက ဝိုင်းပြီးဟားတိုက်ကြတယ်။ ဘကြီးလဲစိတ်ဆိုးလာလို့-

"ကိုင်း-မင်းတို့ ငါ့အိမ်ပေါ်က ဆင်းမသွားကြရင် ငါကပဲဆင်းသွားရတော့မှာပဲ "လို့ ပြောပြီး အိမ်ပေါ်က ဘကြီးဆင်းသွားတော့မှ သူတို့တစ်တွေ ရယ်လားမောလားနဲ့ ဟားတိုက်ရင်း ဆင်းသွားကြတယ်။

အဲဒီနောက်တော့ ဘကြီးကို တစ်ရွာလုံးကပဲခေါ်လား ပြောလားမေးလား စမ်းလား မပြုကြတော့တဲ့ သပိတ်မှောက်ကာ ထားကြတယ်ဆိုပါတော့။ ဘကြီးဘယ်မှာ စိတ်ကောင်းတော့မလဲ ဘကြီးမဟုတ်ရပါဘဲနဲ့ အစွပ်စွဲခံရ၊ သွားမှုပ်လေလွင့် အပြောခံရ၊ သပိတ်မှောက်ခံရတော့ မြန်မြန်သေသွားရင်အေးမှာပဲလို့တောင် တွေးမိတယ်။ လှမေကတော့ ဘကြီးနှင့်အတူ နေလျက်ပါပဲ။ လှမေကိုဟုတ်တိုင်းမှန်ရာ ပြောအောင်မေးကြည့်မယ်ကြံပေမယ့် ဝမ်းဆွဲဆရာမပြောသွားသလို သူမစိတ်ထိခိုက်ပြီး သူ့ကိုယ်သူသတ်သေသွားရင် အကျိုးနည်းရချည်ရဲ့လို့ တွေးပြီး လှမေကို ဘာမှမမေးတော့ပါဘူး။

ဝမ်းဆွဲဆရာမကတော့ မကြာမကြာလာပြီး လှမေကိုကြည့်ရှုစမ်းသပ်တယ်။ ဆေးတိုက်သင့်ရင်တိုက်တယ်။

"မလှမေ ဘာမှမပူနဲ့ မစိုးရိမ်နဲ့ ဆရာမ ဂရုစိုက်ပြီးမွေးပေးမယ်"လို့ အားပေးတယ်။ ဆရာမက ဘကြီးကိုလဲပြောပါတယ်။ "ဘကြီးရယ်၊ ဘကြီးကို မဟုတ်မဟုတ် အစွပ်စွဲခံရတာဟာ တစ်နေ့မှာတော့ အမှန်အတိုင်းသိကြမှာပေါ့။ တရားကိုနှလုံးသွင်းပါ ဘကြီးရယ်"

www.burmeseclassic.com

www.burmeseclassic.com



လို့ ဘကြီးစိတ်ချမ်းသာအောင် ပြောပါတယ်။

မောင်စံခင်လဲ တစ်ခါတစ်ခါလာပြီး လုပ်စရာကိုင်စရာရှိရင် လုပ်ကိုင်ပေး၊ ဝယ်စရာခြမ်းစရာရှိရင် ဝယ်ခြမ်းပေးသွားပါတယ်။

"မောင်စံခင်ရေ-ငါ့ကိုဘာများပြောကြသေးသလဲ" လို့မေးတော့-

မောင်စံခင်ကပြောတယ် "အများအားဖြင့်ပြောကြတာကတော့ "အသက်ကြီးလို့ မိန်းမယူရဘူး မဟုတ်ပါဘူး။ ယူရပါတယ်။ ယူပေမယ့် မိမိနဲ့လိုက်လျောတဲ့ မိန်းမကိုယူပေါ့။ အခုတော့ မြေးအရွယ်ကလေးယူတာတော့ ဘယ်ကောင်းမလဲ၊ နောက်ပြီးတော့ ကိုယ့်အိမ်မှာ မိုက်ရပ်နေရတဲ့ မိန်းကလေးကို အနိုင်ကျင့်ပြီးယူတာက သာဆိုးတယ်" လို့ပြောကြတယ်"

""ဒီလိုဆိုတော့ ငါ့ကို အထင်အမြင်မသေးတာ ဆရာမနဲ့မောင်စံခင်နှစ်ယောက်ပဲ ရှိတော့တာပေါ့နော်"

"ကျွန်တော်တို့ နှစ်ယောက်အပြင် ရှာဦးဆရာတော်ကြီးလဲပါပါတယ်။ ဟိုတလောက ဆရာတော်ကျောင်းကို ကျွန်တော်ရောက်လို့ ဘကြီးအကြောင်းကို ကျွန်တော်က လျှောက်တော့ ဆရာတော်ကြီးက "ဒကာသာမှန် ဒီလိုလုပ်မယ့် လူစားမျိုးမဟုတ်ပါဘူး။ ကွယ်လိုမိန့်တော်မူတယ်။ နောက်ပြီးတော့ ဒကာသာမှန် ကျောင်းကိုလာပါအုံးလို့ ပြောလိုက်ပါလို့လဲ မှာလိုက်တယ်"

ဘကြီးနဲ့လက်ရှိ ဆရာတော်က ကျောင်းနေဖက်သူငယ်ချင်းပါ။ ပထမ ဆရာတော်ဘုရားကြီးထံမှာ အတူပညာသင်ကြရတာပါ။

တစ်နေ့တော့ ဆရာတော့်ထံရောက်သွားတယ်။ ဆရာတော်က တရားပြပြီးနာရတယ်။

"ဒကာသာမှန်အကြောင်းကို ဘုန်းကြီးကြားရလို့ စိတ်မကောင်းဘူး။ ဒကာ သာမှန်က ပိုပြီးတောင် စိတ်မကောင်းဖြစ်ရလိမ့်အုံးမယ်။ ဒီတော့ ဒကာသာမှန် စိတ်မကောင်းတာ လျော့



တဲ့နည်း ပျောက်စေတဲ့နည်းကို ဘုန်းကြီးပြောပြမယ်။

"ဒကာ သာမှန်ကို ပုတ်ခတ်ကြ စွပ်စွဲကြတော့ ဒကာသာမှန် စိတ်ဆိုးတယ်၊ ဒေါသထွက်တယ်။ ဘာကြောင့် စိတ်ဆိုးသလဲ ငါ့ကိုစော်ကားတယ်၊ ငါ့ကိုအရှက်ခွဲတယ်ဆိုတဲ့ ငါစွဲကြောင့် စိတ်ဆိုးတာ ငါမရှိရင် အတ္တမစွဲရင် အနတ္တကို ထင်မြင်ရင် စိတ်ဆိုးစရာမရှိတော့ဘူး။

"အတ္တပျောက်တဲ့နည်း တစ်နည်းကတော့ မရဏာနုဿတိ သေခြင်းတရားကို ဆင်ခြင်ပွားများခြင်းပဲ၊ ငါသေမယ်၊ ငါအမှန်သေမယ်လို့ ထပ်ကာထပ်ကာ အကြိမ်ဖန်များစွာ ဆင်ခြင်စဉ်းစား ဘာဝနာပွားရင် ငါလျော့ပါးနိုင်တယ်၊ ငါသေမယ်၊ ဘာကြောင့်သေသလဲ၊ မမြဲမှုအနိစ္စတရားကြောင့် သေတယ်၊ သေခြင်းဟာ ဆင်းရဲခြင်း ဒုက္ခတရားပဲ၊ မသေချင်သော်လဲ သေရတယ်၊ သေခြင်းဆင်းရဲကို မတွေ့ချင်သော်လည်းတွေ့ရတယ်။ အဲဒါဟာ မစိုးမပိုင်မှု၊ အနိုင်မဆိုင်မှု ငါမဟုတ်မှုပဲ၊ ငါမဟုတ်ရင် ငါမရှိရင် ငါယူတယ်။ ငါဆွေတယ် ငါဒေါသဖြစ်တယ်ဆိုတာလဲ မရှိတော့ဘူး"

ဆရာတော် ဟောကြားတဲ့ သေခြင်းသဘောတရား မရဏာနုဿတိဘာဝနာကို ထပ်ကာထပ်ကာ ဆင်ခြင်စဉ်းစားပွားများတဲ့အခါမှာ သောကတွေ ဒေါသတွေ တော်တော်ကြီး လျော့ပါးပျောက်ကင်းသွားပါတယ်။

(၆)

အချိန်ဟာ တဖြည်းဖြည်း ကြာလွန်ကုန်ညောင်းခဲ့တာဟာ ဘကြီးကိစ္စပေါ်ပြီးတော့နောက် နှစ်ပေါင်း ၅-နှစ်လောက် ကြာသွားပါပြီ။ လှမေ သားကလေးငထူးတောင် ၃-နှစ်နီးပါး အရွယ်ရောက်နေပြီ။

www.burmeseclassic.com

www.burmeseclassic.com



ဘကြီးကိုတော့မခေါ် မပြောကြဘဲ ကြည့်ထားကြတုန်းပါပဲ၊ ဘကြီးအသက် ၈၀-ရှိလာပြီ။

ဘကြီးသေသွားရင်တောင် "လူယုတ်မာကြီး လူရမ်းကားကြီး" လို့ ထင်မှတ် ပုတ်ခတ်နေကြတော့မှာပဲ။

အသက်၈၀-အရွယ်ရှိတဲ့ ဘကြီးက မသေသေးဘဲ၊ အသက် ၅၀-လောက်သာ ရှိသေးတဲ့ မောင်စံခင့်ဇနီး မယ်အေး ဆုံးသွားရှာတယ်။

ရွာသူရွာသားတွေနဲ့ မျက်နှာချင်း မဆိုင်ချင်တာနဲ့ အသုဘလဲ မပို့တော့ပါဘူး မယ်အေးအတွက်ရည်စူးပြီး သပိတ်သွတ်တဲ့နေ့ပေါ့ သပိတ်သွတ်ပြီးလို့ အတော်ကလေးကြာတဲ့ အချိန်လောက်မှာ အံ့သြစရာပဲ လာကြပါလေရော။ လာသမျှ ယောက်ျား မိန်းမ လူတစ်ရာလောက် ရှိတယ်။ ရှေ့ဆုံးကရွာဦးကျောင်းဆရာတော်၊ ဆရာတော်နောက်နားမှာ ကပ်လို့က ကိုကျူး အဲဒီနောက်တော့ ပရိသတ်ကြီး ၁၀၀-လောက်။

ဘကြီးအိမ်ပေါ်တက်လာကြပြီး အိမ်ဦးခန်းမှာ ဆရာတော်က ထိုင်တော်မူတယ်။ ဆရာတော်အနီးမှာ ဘကြီးနဲ့ကိုကျူးကထိုင်ကြတယ်၊ ကျန်သူတွေကတော့ ဆရာတော်နဲ့ ဘကြီး ဘက်ကို မျက်နှာပြုပြီး ထိုင်ကြတယ်။

ဘကြီးက အံ့သြတကြီး ပရိသတ်ကို ကြည့်နေတုန်း ကိုကျူးက "အားလုံးပဲဟေ့ တို့ကျေးဇူးရှင် ကိုသာမှန်ကို ကန်တော့ကြ" လို့ပြောပြီး သူရော ပရိသတ်ပါ ဘကြီးကို ဦးအကြိမ် ကြိမ်ချပြီး ရှိခိုးကန်တော့ကြတယ်။

နောက်ပြီးတော့ ကိုကျူးက ရှင်းပြတယ်။

"ဒီလို ကိုသာမှန်ရေ… လှမေကိုယ်ဝန်ဟာ မောင်စံခင့်ပစ္စည်းတဲ့ ဟိုတုန်းက ဖွင့်မပြောတာက ဖွင့်ပြောလိုက်ရင် မောင်စံခင့်မယား မယ်အေးက မယ်ပူဖြစ်ပြီး လှမေ့ တပ်ပစ်မှာတောင် စိုးရလို့ဖုံးဖိထားတာတဲ့ အခု မယ်အေးဆုံးသွားလို့ သပိတ်သွတ်တဲ့နေ့ကျမှ နဲ့သတ်ဝိုလ်အလယ်မှာ မောင်စံခင်က ဟုတ်တိုင်းမှန်ရာ ဖွင့်ပြောတယ်။ ကျုပ်တို့တစ်ရွာလုံး ကိုသာမှန်ကို ငါးနှစ်တိုင်တိုင် စော်ကားခဲ့တဲ့ အပြစ်တွေ ကျေပါနော်၊ ကိုင်း ထပ်ပြီးရှိခိုးလိုက် ကြအုံးဟေ့"

ဘကြီးဖြင့် ဝမ်းသာလွန်းလို့ ပီတိဖြစ်လွန်းလို့ မျက်ရည်များတောင်လည်မိတယ်။



ရန်အောင်

www.burmeseclassic.com

www.burmeseclassic.com



# တစ်သက်နှင့်တစ်ကိုယ်

မိုးရောလေပါ အပြင်းအထန် ရွာသွန်းတိုက်ခတ်နေ၏။ ကျွန်ုပ်နေသည့် ညောင်ရွှေ[illegible] မြဝတီလမ်း၊ တောင်ဘက်အစွန်းဆုံးရှိ အိမ်ကလေးမှာ မိုးလေတို့၏ ဒဏ်ကြောင့် တဝုန်း[illegible] မြည်ကာ တသိမ့်သိမ့်တုန်၍နေသည်။ ထိုအခိုက်၊ ပိုမိုပြင်းထန်သောအသံများသည် မိုး[illegible] လေသံတို့ကို ထိုးဖောက်ပေါ်ထွက်လာ၏။ အိမ်ကလေးမှာလည်း ပို၍တုန်လှုပ်သွားသည်၊ တံခါး[illegible] ပြင်းထန်စွာရိုက်ပုတ်သံများနှင့်အတူ "တံခါးဖွင့်...တံခါးဖွင့်" ဟူသောကျယ်လောင်သည့် အသံ[illegible] ကြီးများကို ကြားရ၏။



အိမ်ကလေးတစ်လုံးတွင် ကျွန်ုပ် တစ်ယောက်တည်းနေရသဖြင့် မှုန်းရိုငြီးငွေ့နေခိုက် အသိအကျွမ်း တစ်ယောက်ယောက်နှင့် တွေ့ရတော့မည် ဖြစ်သည့်အတွက် ကျွန်ုပ်ဝမ်းသာသွား ကာ တံခါးကိုလျင်မြန်စွာ ဖွင့်ပေးလိုက်သည်။

ကျွန်ုပ် မမြင်ဖူးမတွေ့ဖူးသော မျက်နှာစိမ်းလူ ၃-ယောက်သည် တံခါးဝတွင် ရပ်ကာ ကျွန်ုပ်ကို စားမတတ် ဝါးမတတ်မျက်နှာထားများနှင့် ကြည့်နေသည့်အတွက် ကျွန်ုပ် အံ့ဩသွားကာ ထိုသူများကို ငေးစိုက်ကြည့်ရှုနေမိသည်။

ထိုသူ ၃-ယောက်မှာ အသက် ၄၀-ကျော်ပတ်ဝန်းကျင်လောက်ဖြစ်ကြ၏။ [illegible]ယောက်ဆီလက်တွင် ထီးများကိုင်ထားလျက် တစ်ယောက်ကား မိုးကာအင်္ကျီ ဝတ်ထားသဖြင့် မိုးကာအင်္ကျီကို ချွတ်နေသည်။

"မောင်ရင်တို့က ဘယ်ကတုံး"

ကျွန်ုပ်က သူတို့ကိုအကဲခတ်ကာ ကြည့်ရင်းမေးလိုက်သည်။

"ကျုပ်မျက်နှာကို သေသေချာချာကြည့်စမ်းပါဦး ဘယ်သူလဲဆိုတာ ခင်ဗျားသိမှာ သို့"

မိုးကာအင်္ကျီနှင့်လူက မခန့်လေးစား အမူအရာဖြင့် ပြော၏။ ကျွန်ုပ်မှာ မေ့တတ်သူ [illegible]သဖြင့် တစ်ခါနှစ်ခါတွေ့ရုံဖြင့် မမှတ်မိတတ်။ ယခုလာသူများသည် ကျွန်ုပ်ကိုသိ၍ လာခြင်း [illegible]ပေလိမ့်မည်။ ကျွန်ုပ်ကမေ့နေသဖြင့် စိတ်ပေါက်ကာ မခန့်လေးစား ပြောခြင်းဖြစ်လိမ့်မည် [illegible]ထင်၏။ မိုးကား သည်းထန်စွာရွာနေစဲပင်ဖြစ်သည်။

"ကိုင်း...အထဲကိုဝင်ကြဦး။ မောင်ရင်တို့ကို ကိုယ်မမှတ်မိဘူး။ ဘယ်သူဘယ်ဝါ [illegible]ဆိုတာလဲ ပြောကြပါဦး" ဟု ကျွန်ုပ်ကပြောလိုက်ရာ ထိုသူ ၃-ယောက်သည် အိမ်[illegible]သို့ ဝင် [illegible]ကုလားထိုင်များပေါ်တွင် ထိုင်ကြ၏။

www.burmeseclassic.com

www.burmeseclassic.com



မိုးတွေရွာနေသဲဖြစ်သဖြင့် ကျွန်ုပ်ကတံခါးကိုပိတ်ထားလိုက်သည်။ ထိုလူ ၃-ယောက်သည် ကျွန်ုပ်ကို စူးစူးစိုက်စိုက်ကြည့်နေကြသည်။ မိုးကာအင်္ကျီဝတ်လာသူက မှုးကာ ကျွန်ုပ်ကို မုန်းတီးရွံရှာသည့်မျက်နှာထားဖြင့် ကြည့်ကနေ၏။

"ကိုင်း..ဘယ်သူတွေလဲ ပြောစမ်းပါအုံး"ဟု ကျွန်ုပ်ကမေးလိုက်သည်။

"အသိသားနဲ့များ မသိချင်ယောင်ဆောင်မနေစမ်းပါနဲ့"ဟု မိုးကာအင်္ကျီဝတ်လာသူက ပြောသည်။

"တကယ်မသိလို့မသိဘူးပြောတာပါ"

"အိပ်ချင်ယောင်ဆောင်နေတဲ့လူကို အနှိုးရခက်တယ်ဆိုတာ ဒါမျိုးပဲ"

"အိပ်ချင်ယောင်ဆောင်နေတာ မဟုတ်ပါဘူး မောင်ရင်တို့ရဲ့ တကယ့်ကိုမသိတာပါ"

"ခင်ဗျား မသိချင်ယောင်ဆောင်နေရင် ကျွန်ုပ်ကပြောရတော့မှာပေါ့။ မိုးကုတ်က မောင်ထွန်း၊ ကဲ..သိပြီမဟုတ်လား"

"ဩော်..မိုးကုတ်ကမောင်ထွန်းကိုး ဟုတ်ပြီ..နေတော့ဘယ်မှာနေသလဲ၊ မိုးကုတ်မှာပဲလား၊ ဒီညောင်ရွှေမှာနေသလား"

"မိုးကုတ်မှာနေတာကို ခင်ဗျားအသိသားနဲ့ အပိုတွေမေးမနေစမ်းပါနဲ့ဗျာ"

"မသိလို့မေးတာပါ။ နေစမ်းပါအုံး ကိုရင်ကကိုယ့်ကို ဘယ်မှာသိတာလဲ"

"မိုးကုတ်မှာ သိတာပေါ့ဗျ"

"ဟာ..မောင်ရင်လူမှားနေပြီ၊ ကိုယ်က မိုးကုတ်ကိုတစ်ခါမှ မရောက်ဖူးဘူး"

လူ ၃-ယောက်သည် ကျွန်ုပ်ကိုကြည့်ကာ ဟားတိုက်၍ရယ်ကြသည်။ ကျွန်ုပ်ကလည်း သူတို့ကိုကြည့်ကာ ဟက်ဟက်ပက်ပက်ရယ်လိုက်၏။

"ပြဿနာရှင်းသွားပါပြီလေ၊ ကိုယ်ကမေ့တတ်တော့ ကိုရင်တို့ကို သိလျက်



နေတယ်လို့ထင်တာ။ မိုးကုတ်မှာ ကိုရင်တို့နဲ့ သိတယ်ဆိုမှတော့ အမှန်ကိုစဉ်းစားမိတယ်။ ကိုရင်တို့လူမှားနေတာပါပဲ"

"မမှားပါဘူး ခင်ဗျားမှ ခင်ဗျားအစစ်၊ လွန်ခဲ့တဲ့သုံးလက ခင်ဗျား မိုးကုတ်ရောက်လာပြီး ကျုပ်တို့အိမ်မှာနေသွားတာပဲ"

"မောင်ရင်လူမှားတာ ဒီ့ပွဲ၊ ကိုယ်ကမိုးကုတ်ကိုတစ်ခါမှ မရောက်ဖူးဘူး။ ရှမ်းပြည် ဘောင်လိုင်းကိုတောင် ဒီတစ်ခါပဲရောက်ဖူးတယ်၊ ရှမ်းပြည်ကို နိုဝင်ဘာလကရောက်တာ တစ်နှစ်နီးပါး ကြာသွားပြီ။ နေစမ်းပါအုံး မိုးကုတ်လာပြီး ကိုရင်တို့အိမ်မှာ နေသွားတဲ့လူက ကိုယ်နဲ့တော် တော်တူလို့လား"

"တူတာမဟုတ်ဘူးဗျို့ ခင်ဗျားအစစ်"

"ဟေ..ဒီလောက်ပဲတူသလား။ နေစမ်းပါအုံး အဲဒီလူနာမည်က ဘယ်သူတဲ့တုံး"

"အသိသားနဲ့များ မေးနေရသေးတယ်။ ခင်ဗျားနာမည်အတိုင်းပေါ့"

"လူချင်းသာတူချင်တူမှာပေါ့ကွာ၊ နာမည်ချင်းတော့ အတူနိုင်ပါဘူး၊ ငါက စာရေးဆရာ ရန်အောင်ပါ"

"ဟုတ်တယ်လေ၊ ကျုပ်တို့အိမ်နေသွားတာလဲ စာရေးဆရာ ရန်အောင်ပဲ"

"ဟေ..ဘယ်လို မင်းတို့အိမ်မှာ စာရေးဆရာရန်အောင်နေသွားတယ်၊ ဒီလိုဖြစ်လိမ့်မယ်ဟေ့၊ အဲဒီလူက မင်းတို့ပြောသလိုဆိုရင် ငါနဲ့သိပ်တူနေတော့ ငါ့ကိုသိတဲ့လူတွေက သူ့ကို တွေ့ပြီး ရန်အောင်လို့ခေါ်ကြပြောကြလိမ့်မယ်၊ အဲဒါကို သူက အခွင့်ကောင်းယူပြီး သူ့ကိုသူ ရန်အောင်လို့ ပြောတာဖြစ်လိမ့်မယ်"

မောင်ထွန်းသည် ခေတ္တမျှတွေဝေစဉ်းစားနေ၏။ ထို့နောက် ခေါင်းတဆတ်ဆတ် ညိတ်ကာ ပြောလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားဟာ စာရေးဆရာပီပီ တော်တော်စကားအလှည့်အပတ်တတ်တယ်နော် သို့ပေမယ့် ခင်ဗျားပြောတာတွေဟာ ယုတ္တိမရှိပါဘူး။ ဒီတော့ခင်ဗျားလုပ်သွားတဲ့ကိစ္စ ပြေလည်အောင်သာ လုပ်ပေးပါတော့"

"ဟာ…ဘယ်လို ငါကဘယ်လိုလုပ်ခဲ့လို့လဲ အေးလေ…ယောင်လို့ အဲဒီလူကဘာ လို့များလုပ်သွားလို့လဲ ပြောစမ်းပါဦး"

"ခင်ဗျားလုပ်သွားတာကို ခင်ဗျားအသိဆုံးပဲ ဖြစ်မှာပေါ့။ ကျုပ်တို့မှာ ခင်ဗျားအတွက် ဒုက္ခများလိုက်တာမပြောပါနဲ့တော့။ မန္တလေးမှာလဲ နှံ့အောင်လိုက်ရှာရတယ်။ မန္တလေးကစာရေးဆရာတစ်ယောက်က ခင်ဗျားတောင်ကြီးမှာ နေတယ်ပြောလို့ တောင်ကြီးသွားရှာရတယ်။ တောင်ကြီးကလူတွေက ခင်ဗျား အောင်ပန်းမှာနေတယ်ပြောလို့ အောင်ပန်းသွားရှာရပြန်ရော၊ အောင်ပန်းကလူတွေကပြောတယ်။ အောင်ပန်းမှာအရင်ကတော့ နေသွားဖူးတယ်။ အခုတော့ ပင်းတယတို့ ပွေးလှတို့ကို သွားတတ်တယ်ဆိုလို့ ပင်းတယနဲ့ ပွေးလှလိုက်ရှာရတယ်။ နောက်ဆုံးတော့ ခင်ဗျား ညောင်ရွှေမှာနေတယ်ဆိုတာ သေသေချာချာသတင်းရလို့ လိုက်လာတော့ အခုတွေ့ရတော့တာပဲ"

"ဒီလောက်အပင်ပန်းခံပြီး လိုက်ရှာနေတာဟာ အဲဒီလူက မောင်ရင်တို့ကို ဘယ်လို လုပ်သွားလို့လဲ"

"အဲဒီလူမဟုတ်ဘူးဗျို့။ ခင်ဗျားမှ ခင်ဗျားအစစ်။ ခင်ဗျားလုပ်တာ ခင်ဗျားသိမှာပေါ့"

"မောင်ရင်ကကျုပ်ကိုပဲ စွပ်စွဲနေတော့တာကိုး ထားပါတော့လေ၊ မောင်ရင်တို့ ပြဿနာက ဘယ်လိုဖြစ်ကြလို့တုံး"

"ဘယ်လိုဖြစ်ရမှာတုံး ငွေတွေခိုးသွားတာ ခင်ဗျားအသိသားနဲ့"

ကျွန်ုပ်မှာအံ့ဩလွန်းသဖြင့် ရုတ်တရက် စကားမပြောနိုင်ဘဲ ပါးစပ်အဟောင်းသား ဖြင့်



မောင်ထွန်းကိုငေးစိုက်ကြည့်နေမိသည်။ မောင်ထွန်းကား ထိုအယောင်ဆောင်သူသည် ကျွန်ုပ်ပင် ဖြစ်သည်ဟု တပ်တပ်အပ်အပ်စွဲနေသည်။

ငွေတွေခိုးသွားသည်ဆိုသဖြင့် မောင်ထွန်းတို့ကို သနားမိသည်။ ဤမျှအပင်ပန်းခံကာ တွေ့မနေရှာဖွေခြင်းကို ထောက်လျှင် ငွေမှာ မနည်းလှဟု ထင်မိသည်။

"ခိုးသွားတယ်ဆိုတာက ငွေဘယ်လောက်လဲ"

"ခင်ဗျား လက်ထဲရောက်တော့ ခင်ဗျားလဲ ရေကြည့်တာပဲ မဟုတ်လား။ တစ်သောင်း တစ်သောင်း"

"အမယ်လေး…မနည်းပါကလား။ ပြောစမ်းပါဦး။ ဘယ်လိုလုပ်ပြီးခိုးသွားတာလဲ"

ကျွန်ုပ်က ကရုဏာသက်စွာဖြင့်မေးလိုက်သည်။

"အသိသားနဲ့များ အပိုတွေ မေးမနေစမ်းပါနဲ့ ဆရာကြီးရယ်၊ ဆရာကြီးကို ကျွန်တော် ယုံကြည်ခဲ့ပါတယ်။ ဆရာကြီးနဲ့တွေ့စကကျွန်တော် ဝမ်းသာလွန်းလို့ ဆရာကြီးကို မလေးမခန့် ပြောမိတာကိုလည်း တောင်းပန်ခဲ့ပါတယ်။ ငွေတွေကိုဆရာကြီးယူသွားတော့ စောစောကကျွန်တော် ပြောပြတဲ့အတိုင်းပါပဲ။ မန္တလေး၊ တောင်ကြီး၊ အောင်ပန်း၊ ပင်းတယ၊ ပွေးလှနဲ့ ဟောဒီ ညောင်ရွှေမြို့ပါ အပန်းတကြီးလိုက်ပြီးရှာရပါတယ်။ ကုန်လိုက်တဲ့စရိတ်တွေကလည်းမနည်းပါဘူး။ ဆရာကြီးသတင်းကို မေးမြန်းစုံစမ်းရင်း ဆရာကြီးအကြောင်းကိုလဲ မေးကြည့်ဖူးပါတယ်။ ဆရာကြီးဟာ သားသမီးတွေတစ်ပြုံကြီးနဲ့ အင်မတန်ဆင်းရဲဒုက္ခရောက်နေတယ်လို့လဲ ကြားရတယ်"

"အေးကွ မင်းကြားရတဲ့ သတင်းအတိုင်းပဲကွ"

"ဟုတ်ပါတယ်ခင်ဗျာ၊ ဆရာကြီးမှာအသုံးအစွဲကျပ်လွန်းလို့ မလွှဲသာယူရတယ်ဆိုတာ ကျွန်တော်နားလည်ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



"အေး . . မလုတော့စုန်းရှိ၊ မရှိတော့ခိုးနိုးဆိုတာလိုဖြစ်နေပြီ။ ငါဆင်းရဲတာ မှန်ပါတယ်၊ သို့ပေမယ့် ခိုးဝှက်ယူဖို့ကိုတော့ စိတ်ကူးထဲတောင်မထည့်ပါဘူးကွာ"

"အပိုစကားတွေကိုပြောမနေပါနဲ့ ဆရာကြီးရယ်၊ လိုရင်းကိုသာ ပြောကြပါ။ ခုတင်က ကျွန်တော်ပြောပြသလို ဆရာကြီးကိုလိုက်ရှာရတာ စရိတ်လဲကုန်လှပါပြီ။ လူတွေ ပင်ပန်းလှပါပြီ။ ဒီတော့ဆရာကြီး ရှိုးပြီး ကျွန်တော်တောင်းပန်ချင်တာကတော့ ဆရာကြီးယူသွားတဲ့ ငွေတစ်သောင်းထဲက ဆရာကြီးတစ်ထောင်ယူပြီး ကိုးထောင်ကို ကျွန်တော့် ပြန်ပေးပါခင်ဗျာ"

"အေး . . မင်းပြောသလို ငါတကယ်ရတယ်ဆိုရင်တော့ ငါပြန်ပေးပါတယ်ကွာ။ တကယ်မရတော့ဘယ်လိုလုပ်ပြီးပြန်ပေးနိုင်မလဲ"

"လှည့်ပတ်ပြီး ပြောမနေနဲ့ဆရာကြီးရယ်၊ ဆရာကြီးယူတာအမှန်ပါပဲ။ ကျွန်တော်တို့က ဆရာကြီးအပေါ် စေတနာထားပါတယ် ကျွန်တော်တို့ငွေတွေကို ဆရာကြီးယူသွားသျှင် ဂတ်တိုင်ရင်အခုလောက်ဆို ဆရာကြီးအချုပ်ထဲရောက်နေပါပြီ။ ကျွန်တော်တို့က ဆရာကြီးကိုညှာပြီး ဂတ်မတိုင်ပါဘူး။ တကယ်လို့သာဆရာကြီးကို ဂတ်တိုင်ရင် ဆရာကြီး အကြောင်းသတင်းစာတွေ ထဲမှာပါပြီး ဆရာကြီးအရှက်ကွဲရမှာပါ။ ကျွန်တော်တို့ ဆရာကြီး အပေါ်မှာညှာတာသလို ဆရာကြီးကလဲ ကျွန်တော်တို့အပေါ်မှာ ညှာတာပြီး ငွေတစ်ထောင်ယူပါ။ ကိုးထောင်ကို ပေးပြီး ပါ ခင်ဗျာ"

ကျွန်ပ်မှာအခက်ကြီးခက်နေတော့သည်။

ကျွန်ပ်မယူရသည်မှာ အမှန်ပင်ဖြစ်၏။ သို့သော် ကျွန်ပ်နှင့် ရုပ်ဆင်းသဏ္ဌာန်တူနေသူက ကျွန်ပ်အယောင်ဆောင်ကာ ငွေတစ်သောင်း ခိုးသွားခြင်းအတွက် ကျွန်ပ်မကြာ ဖြစ်တော့သည်။

ကျွန်ပ်မဟုတ်ပါ မယူပါဟု ပြောခြင်းကိုလည်း မယုံကြည်သဖြင့် ကျွန်ပ်မှာ အကျပ်တွေ့နေတော့သည်။ လေရောဗိုးပါစဲ့ရှိသွားပြီဖြစ်၏။

မောင်ထွန်းသည် ကျွန်ပ်ကိုတွေ့စက ဒေါသတကြီး ပြောနေသော်လည်း ယခုမူကား လေအေးဖြင့်ပြောလေသည်။

"တစ်ထောင်ဆိုတဲ့ငွေဟာ မနည်းပါဘူးဆရာကြီးရယ်၊ ကျွန်တော်တို့ကိုလဲ သနားပါအုံး ကျွန်တော်တို့ကိုသနားသဖြင့်ကိုးထောင်တော့ ပြန်ပေးပါ"

"မင်းတို့ကိုသနားပါတယ်ကွယ်။ သို့ပေမယ့် ဆရာမယူတာကို ဘယ်လိုလုပ်ပြီးပြန်ပေးနိုင်မလဲ"

"ကိုးထောင်ပြန်မပေးရင်တော့ ဆရာကြီးကို ဂတ်တိုင်ပြီး တရားစွဲရပါလိမ့်မယ်"

"ဒါကတော့မင်းတို့သဘောပဲ။ ဂတ်တွေရုံးတွေရောက်တော့မှ ဆရာဖြေရှင်းရတော့မှာပေါ့"

"စဉ်းစားပါအုံး ဆရာကြီး။ ဆရာကြီး တစ်ထောင်ယူပြီး ကိုးထောင်ပြန်ပေးမလား။ အချုပ်နှောင်ခံပြီး အရှက်တကွဲ အကျိုးနည်းဖြစ်တာခံမလား။ သေသေချာချာစဉ်းစားပါအုံးခင်ဗျာ"

"ဆရာ တကယ်ယူရင်တော့ မင်းပြောသလိုစဉ်းစားရမှာပေါ့ခုတော့ တကယ်မှမယူတဲ့ဟာ ဘယ်လိုလုပ်ပြီး မင့်ကို ငွေကိုးထောင်ပြန်ပေးမလဲ"

"ဆရာကြီးဆုံးဖြတ်ချက်က ဒီတိုင်းပဲနော်"ဟုမောင်ထွန်းက ခပ်ပြတ်ပြတ်မေး၏။

"အေး . . ဒီအတိုင်းမဆုံးဖြတ်လို့ ဘယ်လိုဆုံးဖြတ်ရမလဲ ။ငါမယူတာအမှန်"

"ခင်ဗျာ တော်တော်လေဘာကြီးတဲ့လူကြီး"မောင်ထွန်းကဒေါသသံနှင့်ပြော၏။

"မင်းထင်ချင်သလိုထင် ပြောချင်သလိုပြောနိုင်ပါတယ်။ ခိုးတဲ့လူဟာငါပဲလို့ မင်းအာ ခံထစ်ချထင်နေတော့ ဒီလိုပဲပြောမှာပေါ့။ ဂတ်တို့ရုံးတို့ရောက်တဲ့အခါ ဒီကိစ္စ ရှင်းသွားပါလိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ငွေကိုတော့ ပြန်ပေးမလား မပေးဘူးလား။ တစ်ခွန်းတည်းပြော"

မောင်ထွန်းကဒေါသသံနှင့်ပြောရာ ကျွန်ုပ်မှာလည်း စိတ်မရှည်တော့သဖြင့် "ငါ့ကား ကို နှစ်မျိုးမပြောတတ်ဘူး။ တစ်မျိုးတည်းပဲ ပြောတတ်တယ်"ဟု အော်ငေါက်၍ ပြောလိုက်သည်။

မောင်ထွန်းသည်သူနှင့်အတူပါသူနှစ်ယောက်ကို တီးတိုးပြောပြီးနောက် သူတစ်ယောက် တည်းအိမ်ပေါ်မှဆင်းသွားရာ ထိုသူနှစ်ယောက်မှာ ကျွန်ုပ်၏အိမ်ပေါ်တွင်ပင် ကျန်ရစ်သည်။

"မောင်ရင်တို့ကကော မိုးကုတ်ကပဲလား"ဟု ကျွန်ုပ်ကမေးလိုက်၏။

"ဟုတ်ပါတယ်။ ကိုထွန်းနဲ့ အိမ်နီးချင်းပါ"

"မောင်ထွန်းတို့ငွေတွေကို ခိုးသွားတဲ့လူကို မင်းတို့မြင်ဖူးသလား"

ထိုသူနှစ်ယောက်သည် ကျွန်ုပ်၏အမေးကို မဖြေဘဲ ကျွန်ုပ်ကိုပြုံး၍ကြည့်နေကြ ၏။

မောင်ထွန်း၏ငွေကိုခိုးယူသူမှာ ကျွန်ုပ်ပင်ဖြစ်သည်ဟု ထိုသူနှစ်ယောက်ကလည်း ယုံကြည် ထင်မှတ်နေကြဟန်တူသည်။

"ငွေတွေခိုးသွားတာ ဘယ်လောက်ကြာပြီလဲ"

ကျွန်ုပ်ကထပ်၍မေးလိုက်ရာ "သုံးလလောက်ရှိပါပြီ"ဟု တစ်ယောက်ကဖြေ၏။

"အဲဒီခိုးတဲ့လူဟာ မောင်ထွန်းတို့အိမ်မှာ ဘယ်လောက်ကြာနေသွားသလဲ"

"တစ်လလောက်နေသွားပါတယ်"

"ငါ ညောင်ရွှေရောက်နေတာ ရှစ်လလောက်ရှိပြီ။ တောင်ကြီးကိုတစ်ခါတလေသွား တယ်။ နှစ်ရက်သုံးရက်ပဲကြာတယ်။ ဒါကိုတိုက်ပိုင်တို့မြို့ပိုင်တို့ အားလုံးသိပါတယ်။ သူ အမြဲလိုလိုတွေ့နေတာပဲ"

ကျွန်ုပ်ပြောသည်ကို အယုံအကြည်ရှိဟန်မတူ။ ထိုသူနှစ်ယောက်သည် ကျွန်ုပ်ကိုကြ



ည့်နေကြ၏။ အတန်ကြာလျှင် မောင်ထွန်းပြန်ရောက်လာ၏။ မောင်ထွန်းနှင့်အတူ ရဲအရာရှိများ ပါလာလိမ့်မည်ဟု ကျွန်ုပ်ထင်မြင်ထားချက်မမှန်ပေ။ မောင်ထွန်းနှင့်အတူပါလာသူမှာ အသက် ငယ်ရွယ် အမျိုးသမီးတစ်ယောက်ဖြစ်၏။ ထိုအမျိုးသမီးသည် ကျွန်ုပ်ရှေ့ ကြမ်းပြင်တွင် ထိုင်ကာ ကျွန်ုပ်ကိုမျက်တောင်မခတ် ငေးစိုက်ကြည့်ရှုနေသည်။

"သမီးကလဲ မိုးကုတ်ကပဲလား"ဟု ကျွန်ုပ်ကမေးလိုက်၏။

"ဟုတ်ပါတယ်။ ကိုထွန်းဇနီးပါ"ဟုဖြေသည်။

"သမီးနာမည်ကကော..."

"မမြပါ..."

"သိလျက်သားနဲ့ မသိချင်ယောင်ဆောင်ပြီး မေးနေတာများ မင်းကဖြေနေရသေး သလား"ဟု မောင်ထွန်းက မကျေနပ်သံဖြင့် ဝင်ပြောသည်။

"ဆရာကြီးကို ကျွန်မ တောင်းပန်ပါရစေ။ ကျွန်မတို့ငွေထဲက ဆရာကြီးကို နှစ်ထောင် ပြီး ကျွန်မတို့ကို ရှစ်ထောင်ပဲ ပြန်ပေးပါတော့ ဆရာကြီးရယ်။ ကျွန်မတို့ကိုလည်း သနားပါဦး"

ကျွန်ုပ်သည် မိန်းကလေးကိုကြည့်ကာ သနားသွား၏။ သို့သော် ကျွန်ုပ်မယူသည့် ငွေကို အဘယ်မှာ ပြန်ပေးနိုင်ပါမည်နည်း။ ကျွန်ုပ်မှာ မည်သို့ပြန်ပြောရပါမည်နည်းဟု တွေးတော နေသည်။

"ဆရာကြီးရယ်.. ဆရာကြီးအပေါ်မှာ ကျွန်မတို့စေတနာ ကောင်းကောင်းနဲ့ ပြုခဲ့တာတွေကိုပြန်ပြီး စဉ်းစားစမ်းပါဦး။ ဆရာကြီး ကျွန်မတို့မြို့ကို ရောက်လာတယ် သတင်း ကြားတာနဲ့ တစ်မြို့င်နက် ဆရာကြီးကိုလာခေါ်တယ် မဟုတ်လား။ ကျွန်မတို့လင်မယား နှစ်ယောက် စလုံး ဆရာကြီးရဲ့ စာဖတ်ပရိသတ်ပါ။ ဆရာကြီးကို ကျွန်မတို့ အိမ်ဦးခန်းမှာ တင်ထားပြီး

www.burmeseclassic.com



ဘုရားသာသနာတစ်လုံး ပြုစုကျွေးမွေးခဲ့တယ်မဟုတ်လား။ ကျွန်မတို့ငွေတွေကို ဆရာကြီးယူသွားတော့ ကျွန်မတို့ငွေကိုတော့ နှမြောပါတယ်။ သို့ပေမယ့် ဆရာကြီးကို စိတ်မဆိုး ပါဘူး။ ဆင်းရဲလွန်းလို့ ယူရှာတာလို့ သနားတောင်သနားမိပါသေးတယ်။ ဆရာကြီး အရက်တကဲ့ အကျိုးနည်းဖြစ်မှာစိုး ကျမတို့ ဂတ်ကိုတော့မတိုင်ဘူး။ တွေ့အောင်သာရှာပါတယ်။ ဆရာကြီးလို နိုင်ငံသိစာရေးဆရာကြီး တစ်ယောက်ကို ရာဇဝတ်မခံယဉ်ဘူးလို့ ကျွန်မတို့တွေမိတဲ့အတိုင်း အခု ဆရာကြီးကိုတွေ့တာပါ။ ငွေတစ်ထောင် လောက်သာဆိုရင် ဆရာကြီးကိုလိုက်တောင်မရှာပါဘူး။ အဆုံးခံလိုက်မှာပါ။ ခုတော့ ငွေကတစ်သောင်းတောင်ဆိုတော့ များလွန်းလို့လိုက်ရှာရတာပါ။ ဒီတော့ဆရာကြီး နှစ်ထောင်ယူပြီး ကျွန်မတို့ကို ရှစ်ထောင်ပဲပြန်ပေးပါတော့ . . ."

မိန်းကလေး၏ စကားစုံလင်လင်ကြားရသောအခါ ကျွန်ုပ်၏စိတ်ထဲတွင် မရှိတော့ လိုက်လှဲဝမ်းနည်းလာသည်။ ကျွန်ုပ်၏ အယောင်ဆောင်က ငွေတစ်သောင်းယူသွားသည်ကိုလည်း ခံပြင်းစိတ်ဆိုးမိသည်။

"ကြားရတာနည်းနည်းမှ စိတ်မကောင်းပါဘူးကွယ်။ ဒါထက် အဲဒီလူဟာ ငါနဲ့ လောက်ပဲတူသလား"

"တူမှာပေါ့ဆရာကြီးရယ် ဆရာကြီးပဲဟာ"

"ငါမဟုတ်ဘူးမိန်းကလေးရဲ့ ငါနဲ့တူတဲ့လူဖြစ်လိမ့်မယ်"

"ဆရာကြီးနဲ့ရွေးမရအောင် တူတဲ့လူရှိလို့လား" ဟု မမြက မေး၏။

"ရှိလို့သာမင်းတို့အိမ်မှာ ငါနဲ့ပုံမှားကြိတ်နေပြီး မင်းတို့ငွေတွေကို ခိုးသွားနိုင်တာပေါ့ ရန်ကုန်မှာနေစဉ်က ငါ့သားသမီးတွေက တစ်ခါတစ်ခါပြောဖူးတယ်။ အဖေနဲ့သိပ်တူတဲ့ လူရှိ တယ်တဲ့။ အဖေမှတ်လို့သွားပြီးခေါ်ကြည့်တော့မှ အဖေမဟုတ်မှန်းသိတယ်တဲ့။ သားသမီးတောင် လူမှားတယ်ဆိုတော့ ငါနဲ့သိပ်တူလိမ့်မယ်။ ငါ့ကိုတွေ့တဲ့ လူတွေက အဲဒီလူကိုတွေ့ရင် ငါလို့



ပြီးမှတ်ဆက်ကြလိမ့်မယ်။ ဒီတော့ အဲဒီလူစိတ်ထဲမှာ ငါ့အယောင်ဆောင်ပြီး လိမ်ရကောက်ရ ခိုက်ရအောင် အကြံရပြီး လုပ်သွားတာဖြစ်လိမ့်မယ်"

မမြသည် ကျွန်ုပ်၏စကားကိုနားထောင်ရင်း ကျွန်ုပ်ကိုသေချာစွာ ခြေဆုံးခေါင်းဆုံး ကြည့်နေသည်။

"အဲဒီလူဟာ ငါနဲ့ ချွတ်စွပ်တူတယ်ပဲထားအုံးတော့ အသံချင်းကွဲချင်ကွဲမှာပေါ့။ အသံချင်းလဲတူတယ်ပဲထားအုံးတော့ စကားပြောတဲ့အခါ အသုံးအနှုန်းချင်း ကွဲချင်ကွဲမှာပေါ့"

"ဒါထက် ဆရာကြီးဒီအိမ်မှာနေတာ တစ်ယောက်တည်းပဲလား။ မိန်းမကောရှိ သလား"

"မိန်းမ မရှိပါဘူး။ တစ်ယောက်တည်းနေတာပါ။ ဘာဖြစ်လို့မေးတာတုံး"

"ဟိုမှာချွတ်ထားတဲ့ ဖိနပ်က မိန်းမစီးဖို့လို့မေးတာပါ"

"ငါ့ခြေထောက်ကသေးသကွ ဒါကြောင့်မိန်းမစီးဖိနပ်ကိုစီးရတယ်"

"ဆရာကြီးနားက နားကြပ်တပ်မထားရင် မကြားရဘူးလား"

"နားကြပ်မတပ်ရင် ကြားတော့ကြားတယ်။ သို့ပေမယ့် နားနားမှာကပ်ပြီး အော် ပြောရတယ်"

"နားကြပ်တပ်ရတာ တော်တော်ကြာပြီလား"

"ဆယ်နှစ်ကျော်ပြီ အရင်ကတော့ နားကြပ်ဝယ်မရလို့ မတပ်ရတာ။ တခြားနိုင်ငံတွေ နားကြပ်ပေါ်နေတာတော့ ကြာလှရောပေါ့။ မြန်မာပြည်မှာတော့ လွတ်လပ်ရေးရပြီးမှ နားကြပ် ဝယ်ရတယ်"

"အခုနားကိုခွဲစိတ်ကုပေးတဲ့ ဆရာဝန်ရှိတယ်။ ဆရာကြီးကောမရှိဘူးလား"

"ကုမယ်ကုမယ်နဲ့ ကုပဲမကုဖြစ်သေးဘူး။ နာမှာ ကျင်မှာ ကြောက်တာလည်းတစ်

www.burmeseclassic.com

www.burmeseclassic.com



ကြောင်းပဲ။ နောက်တစ်ကြောင်းကတော့ စကားပြောချင်တဲ့အခါ နားကြပ်တပ်၊ စာရေးချင်တဲ့ အခါကျတော့ နားကြပ်ချွတ်ထား ဆူညံသံအသံတွေ မကြားရလို့ စာရေးကောင်းတယ်"

ကျွန်ုပ်၏ စကားကို မမြက သဘောကျကာပြုံးနေသည်။

"ဆရာကြီး နားကြပ်ခလာကြည့်ပါရစေ" ဟု မမြကပြောသဖြင့် ကျွန်ုပ်က နားကျပ်ကို ချွတ်ကာ မမြအားပေးလိုက်သည်။

မမြသည် နားကြပ်ကိုကိုင်ထားရင်း မောင်ထွန်းနှင့် အချီအချစကားပြောနေ[illegible] သူတို့ပြောသည့်စကားကို ကျွန်ုပ်မကြားစေချင်သဖြင့် နားကျပ်ကိုယူထားခြင်းဖြစ်လိမ့်မည်[illegible] ကျွန်ုပ်အကဲခတ်မိသည်။

သူတို့ချင်းအတန်ကြာ စကားပြောကြပြီးနောက် နားကြပ်ကို ကျွန်ုပ်အားပြန်ပေး[illegible] "ညောင်ရွှေမြို့က ဦးချမ်းသာကို ဆရာကြီးသိသလား" ဟု မမြကမေးသည်။

"သိတယ် ဦးချမ်းသာတို့အိမ်ကို မကြာမကြာရောက်ဖူးတယ်။ သူတို့သားသမီးတွေ[illegible] တချို့လည်း ကောလိပ်ရောက် တချို့လည်း ဆယ်တန်း ကိုးတန်းမှာ ပညာသင်နေကြတယ်[illegible] သမီးအကြီးကလေးက တော်တော်လှတယ် ကိုယ်ကတောင် "သမီးကိုချွေးမတော်ချင်လိုက်[illegible]" လို့ ပြောမိသေးတယ် ကိုယ်မှာလဲ သားတစ်ယောက်ရှိတာကိုး"

မမြသည် ဘယ်စိတ်တယ်လက် ပေါ်လာသည်မသိ လက်ပွေ့အိတ်ကိုဖွင့်ကာ ငွေစ[illegible] များကိုထုတ်ပြီးနောက် ကျွန်ုပ်ရှေ့တွင်ချပေး၏။

"ဆရာကြီးကို ကျွန်မတို့ငွေတစ်ရာနဲ့ ကန်တော့ပါတယ်။ ငွေတွေပျောက်တဲ့အ[illegible] ဒီလောက်သာကန်တော့ရတာပါ။ ကျွန်မတို့စေတနာက ဒါထက်ပိုမြင့်တယ်၊ ဆရာကြီးကို ကျွ[illegible] ပြောမိဆိုမိစွပ်စွဲမိတာ တောင်းပန်ကန်တော့ပါတယ်"

မမြက ဤသို့ပြောပြီးနောက် မောင်ထွန်းနှင့်အတော်နှစ်ယောက်ပါ အားလုံးကျွန်[illegible]



ရှိုးကန်တော့ကြသည်။ "ဘယ်လိုဖြစ်သွားကြတာလဲ ပြောကြစမ်းပါဦး" ဟုကျွန်ုပ်က တအံ့တသြ မေးလိုက်သည်။

"ကျွန်မတို့ညောင်ရွှေရောက်တော့ ဦးချမ်းသာတို့အိမ်မှာတည်းပါတယ်။ ဆရာကြီးကို တွေ့ချင်တဲ့အကြောင်း ကျွန်မတို့ကပြောတော့ ဦးချမ်းသာတို့အိမ်က ဆရာကြီးနေတဲ့နေရာကိုပြော ပြပါတယ်။ ကိုထွန်းတို့ဆရာကြီးနှင့်တွေ့ပြီး ကျွန်မဆီပြန်လာပြီး အကျိုးအကြောင်းပြောပြတော့ မှကျွန်မတို့ငွေတွေပျောက်တဲ့အကြောင်း ဆရာကြီးယူသွားတဲ့အကြောင်း ဦးချမ်းသာတို့အိမ်ကိုပြော ပြရပါတယ်။ ပြောပြရတဲ့အကြောင်းကတော့ ဆရာကြီးကမယူဘူးလို့ ငြင်းနေတော့ ဂတ်တိုင်ရ ဖယ့်အခြေအနေ ရောက်နေတဲ့အတွက် ဦးချမ်းသာတို့ကိုပြောပြတာပါ။ ဒီတော့ဦးချမ်းသာသမီး အကြီးကလေးကပြောတယ်။ ဆရာကြီးညောင်ရွှေရောက်နေတာကြာပြီ။ လွန်ခဲ့တဲ့သုံးလလောက်က [illegible] ညောင်ရွှေမှာရှိတာပဲတဲ့။ ဘယ်ကိုမှ ကြာရှည်လေး မြင့်မသွားပါဘူးတဲ့။ ဆရာကြီးသူတို့အိမ်ကို တစ်ပတ်တစ်ခါလောက် မှန်မှန်လာလို့ဆရာကြီး တခြားအရပ်ကိုမသွားကြောင်းသိရတယ်တဲ့။ ဒီလိုပြောတော့ ကျွန်မစိတ်ထဲမှာ ဆရာကြီးကို ယုန်ထင်ကြောင်ထင်ဖြစ်လာပြီး ကိုယ်တိုင်လာ ကြည့်တာပါ"

"ကိုယ်တိုင်လာကြည့်တော့ ဘယ်လိုသဘောပေါက်သွားသလဲ" ဟုကျွန်ုပ်ကမေးလိုက် သည်။

"ကျွန်မတို့ငွေတွေကို ယူသွားတဲ့လူနဲ့ ဆရာကြီးနဲ့ရုပ်ချင်းတော့ အလွန်တူပါတယ်။ [illegible] ပေမယ့်အသံချင်းတော့ သိပ်မတူလှဘူးလို့ ကျွန်မသတိထားမိတယ်။ အထူးသဖြင့်စကားအသုံး [illegible] နှုန်းချင်းမတူဘူး။ ဟိုလူ ကျွန်မတို့အိမ်မှာ တစ်လလောက်နေသွားတုန်းက ကျွန်မတို့လင်မယား [illegible] ခင်ဗျားနဲ့ ကျွန်တော်နဲ့ ပြောတယ်။ ဆရာကြီးကတော့ မင်းနဲ့ငါနဲ့ပြောတယ် နောက်ပြီးတော့ [illegible] လုံစီးတဲ့ဖိနပ်က ယောက်ျားစီးကြိုး ဆရာကြီးက မိန်းမစီးဖိနပ်ကို စီးတယ်။ အသင်ရှားဆုံးက

www.burmeseclassic.com

www.burmeseclassic.com



ဟိုလူကနားကြပ်မတပ်ဘူး။ ဆရာကြီး နားလေးလို့နားကြပ်တပ်ရတယ်ဆိုတာကို ကျွန်မဖတ်ဖူးထား တော့ဟိုလူကိုမေးကြည့်တယ်။ အရင်ကနားကြပ်တပ်ရတယ်တဲ့။ အခုတော့ နားခွဲပြီးကုလို့ နားကျပ် မတပ်ရတော့ဘူးတဲ့"

"ယုတ္တိရှိအောင် တော်တော်လိမ်တတ်တဲ့လူနော် တော်ပါသေးရဲ့ကွာ။ မမြက အကင်း ပါးပေလို့ မောင်ထွန်းလိုသာဖြင့် ခက်ကောင်းခက်ရချေရဲ့"ဟုကျွန်ုပ်ကပြောလိုက်သည်။

"ကျွန်တော်တို့အိမ်မှာတည်းခိုနေပြီး ကျွန်တော်တို့ငွေတစ်သောင်းကို ယူသွားတော်ဟာ စာရေးဆရာကြီးဦးရန်အောင်ပဲလို့ ကျွန်တော်တို့ထင်နေတာကိုး အခု ဆရာကြီး တွေ့ရတော့ ဟိုလူနဲ့ဆရာကြီးတစ်ယောက်တည်းဘဲလို့ ထင်ပြီးဆရာကြီးကို အတင်းစွပ်စွဲမိတာပါ။ ကျွန်တော် ပြောမိဆိုမိတာကို တောင်းပန်ပါတယ်"ဟုမောင်ထွန်းကဆို၏။

"ကျေပါတယ်လေ ငွေမယူပါဘူး။ ဒါထက်ငွေတွေယူထားတဲ့ ငါ့ပုံတူကိုစွလဲ ဒေး နေနဲ့အုံး ငွေကနည်းတာမှမဟုတ်တဲ"

"ဟုတ်ကဲ့ ဂတ်တိုင်ပြီး တရားဥပဒေအရ အရေးယူရမှာပဲ"

"ဂတ်တိုင်တဲ့အခါသေသေချာချာပြောတိုင်နော်။ ဟိုလူကငါနဲ့တူပေမယ့် နားကြပ် တပ်ရဘူး နားမလေးဘူး။ နောက်ပြီးတော့ ယောက်ျားစီးဖိနပ်စီးတယ်ဆိုတာပါ ထည့်တိုင် တော်တော်ကြာ ငါ့ကိုဂတ်က ဖမ်းပြီး စစ်ဆေးနေရင် အလုပ်ပိုနေရအုံးမယ်"

"စိတ်ချပါ ကျွန်မတို့ သေသေချာချာ ပြောပြီးတိုင်ပါ့မယ်။ ဒါထက် ကျမတို့ပြန်အုံး မယ်နော်" ဟု မမြကပြောကာ သူတို့တစ်တွေပြန်သွားကြလေရာ ကျွန်ုပ်မှာ ထူးထူးဆန်းဆန်း တွေ့ရပုံကို ပြန်လည်စဉ်းစားနေမိပါသတည်း။

ရန်အောင်



# ဘိုးတော်အမိန့်

(၁)

စာရေးဆရာမလေး ယဉ်သီတာ၏ အိမ်ရှေ့သို့ ဖိတ်ဖိတ်တောက် မော်တော်ကားကြီး တစ်စီး ရပ်လိုက်သည်ကိုမြင်သဖြင့် ယဉ်သီတာသည် ထိုင်နေရာမှထကာ အိမ်တံခါးဝတွင် ရပ်ကြည့်နေ၏။

အိုင်ဘာက မော်တော်ကားတံခါးဖွင့်ပေးရာ အမျိုးသမီးတစ်ယောက်သည် မော်တော် ကားပေါ်မှဆင်းလျက် ဆင်မယဉ်သာ သွားခြင်းမျိုးဖြင့် ယဉ်သီတာ၏အိမ်ဘက်သို့ နွဲ့နွဲ့မျှောင်း မျှောင်း လျှောက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



ယဉ်သီတာသည် တစ်ခါမျှမမြင်ဖူးသော ထိုအမျိုးသမီးကို အာရုံစိုက်ကာကြည့်နေ စဉ် အမျိုးသမီးက ဝင်းလက်သော ရွှေသွားများပေါ်အောင်ပြုံးရင်း . .

ယဉ်သီတာ ထိုအမျိုးသမီး မည်သူမည်ဝါဖြစ်သည်ကို သိလိုသဖြင့် ပြောလိုက်သည်။

"မြန်နှကျက်သရေ ကုမ္ပဏီဆိုတာ ယဉ်သီတာကြားဘူးမှာပေါ့"

"ဟုတ်ကဲ့သိပါတယ်၊ ဟိုခေတ်တုန်းက ကုန်သည်လမ်းမှာ ရှေ့စာလုံးဆိုင်းဘုတ်ကြီး နဲ့ ဟိန်းနေတာပဲ"

"အဲဒါ မမတို့ပိုင်တဲ့ ကုမ္ပဏီပေါ့၊ မမတို့အိမ်က ကိုကိုနဲ့ပွားရေးလုပ်ငန်း ကိုင်နေ တွေကို နားလည်တယ်။ နောက်တော့ မမလဲဘတ်လာတာပါပဲ မမတို့တစ်လတစ်လမှာ သိန်းချီ ဝင်ငွေရှိခဲ့တာပေါ့"

ခေတ်ဟောင်းက အင်ပို့လိုင်စင် သူဌေးများကို ယဉ်သီတာမြင်ယောင်လာသည်။

"မမနာမည်ကို ကျွန်မမေ့တော့တော့ဖြစ်နေတယ်"

ယဉ်သီတာ အဆင်ပြေအောင်ပြောလိုက်ရသော်လည်း ဤအမျိုးသမီးကို ယခုမှ တွေ့ဖူးခြင်းဖြစ်သည်။

"မမကို မမလို့ပဲခေါ်ပါကွယ်၊ အများအားဖြင့်တော့ မမကို သူဌေးကတော်လို့ ခေါ် ကြတာပဲ။ တချို့ကလဲ စိန်မြမြလို့ခေါ်ကြတယ်။ မမတို့ကောင်းစားစဉ်ကတော့ ငွေပိုငွေလျှံတွေ စိန်ဝယ်တာများတယ်။ သူဌေးကတော်တွေထဲမှာ မမကစိန်အများဆုံးရှိတဲ့ သူဌေးကတော်ပေါ့"

ယဉ်သီတာသည် သူဌေးကတော်၏ စကားကိုနားထောင်ရင်း စိတ်ထဲကပြုံးမိ၏။ ထို့နောက် စိန်မြမြဆိုသူကို အကဲခတ်ကြည့်၏။ စိန်မြမြမှာ ယခုလည်း စိန်တွေညွတ်နေအောင် ဆင်တုန်းပင်။ စိန်နားကပ်၊ စိန်ဘီး၊ စိန်လည်တုန်၊ စိန်ကြယ်သီးများအပြင် စိန်လက်စွပ်ကြီးများ မှာ လက်ချောင်းအားလုံးလောက် နီးနီးဝတ်ဆင်ထားသည်။



"မမလာတာ ကိစ္စထူးများရှိပါသလား" ဟု ယဉ်သီတာက မေးလိုက်၏။

"ရှိတာပေါ့ မမက မြန်မာစာနည်းနည်းပါးပါးဖတ်တယ်၊ အင်္ဂလိပ်စာအုပ်ဆိုရင်တော့ လက်မလွှတ်တမ်း ဖတ်တာပဲ၊ မမငယ်စဉ်က ဂါဝန်ဝတ်ကျောင်းမှာ နေခဲ့တာ၊ ဒီတော့ အင်္ဂလိပ်စာကို မြန်မာစာထက်ပိုတတ်တယ်"

ဤတစ်ကြိမ်တွင် ယဉ်သီတာသည် စိတ်ထဲကသာလျှင်မက နှုတ်ခမ်းကပါပြုံးလိုက် သည်။ စိန်မြမြသည် ယဉ်သီတာကို ဂရုမစိုက်ဘဲ သူပြောချင်သည့်စကားကိုဆက်ပြော၏။

"တစ်လောက ပြည်သူ့အောင်လံမဂ္ဂဇင်းထဲမှာ ယဉ်သီတာရေးတဲ့ ဝတ္ထုတစ်ပုဒ် မမဖတ်ရတယ်။ "ကျွန်မချစ်သောမမ" ဆိုတဲ့ ဝတ္ထုပေါ့။ မမတော်တော်သဘောကျတယ်။ ယဉ်သီတာ နဲ့ တွေ့ချင်စိတ်ပေါက်လာတယ်။ ဒါကြောင့် မဂ္ဂဇင်းတိုက်ကို ဖုန်းဆက်ပြီး ယဉ်သီတာနေတဲ့ နေရာကိုမေးရတယ်။ ဒါထက်ယဉ်သီတာကို မမတို့တိုက်ခေါ်သွားချင်တယ်"

"ဘာကိစ္စလဲမမ" ဟုယဉ်သီတာကမေး၏။

"မမတို့အခြေအနေကို ယဉ်သီတာသိရတာပေါ့၊ မမအကြောင်း ဝတ္ထုရေးစရာ သိချင်လဲပေါ်လာလိမ့်မယ်။ မမတို့က လူတိုင်းနဲ့ ပေါင်းတာမဟုတ်ဘူး။ အဆက်တန်းကျတဲ့လူကိုမှ ပေါင်း တာ။ မမတို့ဖေဖေရှိစဉ်က ပြောဖူးတယ်။ အနေစုတ်ရင် အကျင့်ယုတ်တတ်သတဲ့"

"အနေစုတ်တယ်ဆိုတာ ဆင်းရဲတဲ့လူတွေကိုပြောတာလား" ဟု ယဉ်သီတာကမေး လိုက်သည်။

"ဆိုပါတော့ ပညာမရှိလို့ဆင်းရဲတယ်၊ ဆင်းရဲတော့အနေစုတ်ပြီး အကျင့်လဲယုတ် တယ်"

"ဆင်းရဲတိုင်း အကျင့်ယုတ်တာ မဟုတ်ပါဘူး။ ကျွန်မဇာတိက တောရွာကပါ ကျွန်မတို့ ရွာသူရွာသားတွေဟာ ဆင်းရဲကြပါတယ်။ သို့ပေမယ့် အကျင့်မယုတ်ပါဘူး။ စိတ်ကောင်း

www.burmeseclassic.com

www.burmeseclassic.com



စေတနာ ကောင်းရှိကြပါတယ်။ မြို့ပေါ်က တချို့လူချမ်းသာတွေဟာ တောကလူတွေလောက် စိတ်ကောင်း စေတနာကောင်း မရှိကြပါဘူး"

"ယဉ်သီတာပြောတာလဲ ဟုတ်တုတ်တုတ်ပဲ။ သို့ပေမယ့် မမတို့ကတော့ ဟိုလူချမ်းသာတွေလို အဟုတ်ပါဘူး။ စိတ်ကောင်းရှိပါတယ်။ ယဉ်သီတာကို မမကိုယ်တိုင် မော်တော်ကားနဲ့ လာခေါ်တာကိုပဲကြည့်တော့၊ ကဲ..သွားကြစို့ မမကသူများအိမ်မှာ ကြာကြာမနေတတ်ဘူး"

ယဉ်သီတာသည် စိန်မြမြကို ကြည့်၍မရပေ။ သို့သော်အတင်းခေါ်နေသဖြင့် ငြင်းမည်ကို အားနာ၏။ စိန်မြမြတို့၏ အကြောင်းကိုလေ့လာပြီး စာတစ်ပုဒ်ရေးရလျှင် ကောင်းလိမ့်မည်ဟု တွေးကာ အဝတ်အစားလဲပြီး စိန်မြမြ၏မော်တော်ကားဖြင့် လိုက်သွားလေသည်။

မော်တော်ကား၏ နောက်ပိုင်းတွင် စိန်မြမြနှင့် ယဉ်သီတာတို့ ယှဉ်တွဲ၍ထိုင်နေကြလေရာ စိန်မြမြ၏မျက်နှာထားအမူအရာကို ယဉ်သီတာအကဲခတ်ကြည့်ရှုနေ၏။

စိန်မြမြ၏မျက်နှာထားမှာ ဝင့်ကြွားမောက်မာနေ၏။ သူ့လိုလူ ဗမာ့တွင်မရှိဟူသော အမူအရာမျိုးပေါ်နေသည်။ ကိုယ်ပိုင်ကားစီးသွားရသည့်အရသာကို လိုက်လိုက်လှဲလှဲ ခံစားနေဟန်အသွင်ကို ဖော်ပြနေသည်။

"တိုးတက်တဲ့နိုင်ငံတွေမှာတော့ လူတိုင်းလိုလို ကိုယ်ပိုင်ကားစီးနိုင်ကြတယ်"

ယဉ်သီတာက စိတ်ထဲတွင်ပေါ်လာသည်ကို ပြောလိုက်၏။

"ဟုတ်တာပေါ့ မမက ကမ္ဘာအနှံ့ ရောက်ခဲ့ဖူးတယ်၊ ဘယ်တိုင်းပြည်မှာ ဘယ်လို အခြေအနေရှိတယ်ဆိုတာ မြန်မာအမျိုးသမီးထဲမှာ မမအသိဆုံးပဲ။ တချို့တိုင်းပြည်မှာ အိမ်တိုင်း လိုလို ကိုယ်ပိုင်ကားစီးနိုင်တယ်။ မြန်မာပြည်မှာတော့ အိမ်ထောင်တစ်သောင်းမှာ တစ်အိမ်လောက်ပဲ မော်တော်ကားစီးနိုင်လိမ့်မယ်ထင်တယ်။ ဒါကြောင့်မမတို့လို ကိုယ်ပိုင်ကားစီးနိုင်တဲ့ လူက ဂုဏ်ယူရတာပေါ့"



"ကျွန်မအထင်တော့ ဒီကိစ္စဟာ ဂုဏ်ယူထိုက်တယ်လို့အထင်ပါဘူး။ ပြည်သူလူထု လူများစု ဆင်းရဲနေကြသေးတဲ့အချိန်မှာ"

"ယဉ်သီတာ ဟိုမှာကြည့်စမ်းပါဦး။ မိန်းမကြီးတစ်ယောက်က မော်တော်ဘတ်စ်ပေါ်အတက်မှာ မော်တော်ဘတ်စ်က အတင်းထွက်သွားလို့ ပက်လက်လန်ပြီး လဲကျကျန်ရစ်ခဲ့တယ် ဟား..ဟား..ဟား"

စိန်မြမြကလက်ခုပ်လက်ဝါးတီး၍ ရယ်ကာမောကာဖြင့် ယဉ်သီတာမှာ ပြောနေသည့်စကား ပြတ်သွားကာ လဲကျနေသူ အမျိုးသမီးကြီးကို ကရုဏာသက်သောမျက်လုံးများဖြင့် စိုက်ကြည့်နေသည်။

"အဲဒါကိုတဲ့ကြည့်တော့၊ မော်တော်ဘတ်စ်ကိုသာ စီးနိုင်တဲ့လူတွေမှာ နေ့စဉ်နဲ့အမျှ ဒုက္ခအမျိုးမျိုးတွေ့နေကြရတယ်၊ ကျပ်လိုက်တာကလဲ ငါးသေတ္တာထဲက ငါးကလေးတွေလိုပဲ"

"နိုင်ငံခြားမှာလဲဒီလိုတဲ့ကျပ်တာပါပဲ။ ဒါကြောင့်မမနိုင်ငံခြားကိုသွားတဲ့အခါမှာ ဘယ်တော့မှ မော်တော်ဘတ်စ်မစီးဘူး။ တက္ကစီငှားစီးတယ်။ နိုင်ငံခြားက တက္ကစီတွေဟာ မြန်မာပြည်က သူဌေးတွေစီးတဲ့ မော်တော်ကားထက်တောင် ကောင်းသေးတယ်"

"ရန်ကုန်မြို့မှာ လူဦးရေတစ်ဆယ့်ရှစ်သိန်းရှိတယ်။ မကြာမီသိန်းနှစ်ဆယ်လောက် ရှိလာ မှာပဲ။ လူဆယ်ယောက်မှာ တစ်ယောက်ဟာမော်တော်ဘတ်စ်နဲ့ ခရီးသွားရတယ်ဆိုရင် နေ့စဉ်လူ နှစ်သိန်းဟာ မော်တော်ဘတ်စ်ဒုက္ခကို ခံနေရတာပဲ"

"လူတွေကများ မော်တော်ကားကနည်းနေတာကိုး ဒီလိုပဲဒုက္ခခံရမှာပေါ့"

"ဂိတ်တွေမှာ မော်တော်ဘတ်စ်တွေ စုပုံပြီးရပ်ထားကြတာကို ကျွန်မ မကြာခဏ တွေ့ရတယ်။ ဒီလိုရပ်မထားကြ ရှိသမျှကားတွေဆွဲပေးရင် လူကျပ်တဲ့ ဒုက္ခနည်းသွားမယ်။ နောက်ပြီးတော့ မှတ်တိုင်မှာရပ်မပေးလို့ လူတွေမလိုက်ရတဲ့ဒုက္ခ ရပ်ပြန်တော့လည်း တက်နေတုန်း

www.burmeseclassic.com

www.burmeseclassic.com



အတင်းထွက်သွားလို့ ခုတင်က မြင်ရတဲ့အမှိုးသမီးကြီးလို လဲကျကျန်ရစ်ခဲ့တဲ့အခွ တချို့မော်တော်ဘတ်စ်တွေမှာ လက်ကိုင်တန်းမရှိလို့ လဲကျပြိုကျတဲ့ဒုက္ခ၊ လူကျပ်လွန်းတော့ မကြာခဏ ခါးပိုက်နှိုက်ခံရတဲ့ဒုက္ခတွေ နေ့စဉ်နဲ့အမျှ ခံနေကြရပါတယ်"

ယဉ်သီတာက လူထု၏ဒုက္ခများကို စီကာပတ်ကုံး ပြောနေသော်လည်း စိန်မြမြ ယဉ်သီတာ၏စကားကို စိတ်မဝင်စားဘဲ မော်တော်ဘတ်စ်မှတ်တိုင်များတွင် လူတွေရုန်းကြ မော်တော်ဘတ်စ်ပေါ်သို့ အတင်းတိုးဝှေ့ တက်နေကြသည်များကို ကြည့်ကာ တခစ်ခစ်ရယ်နေလေသည်။

(၂)

"အဲဒါ ကိုကိုနဲ့မမ နိုင်ငံခြားတွေကို အနှံ့လည်ကြတုန်းက ရိုက်ခဲ့တဲ့ဓာတ်ပုံတွေပေါ့"

စိန်မြမြတို့၏တိုက် ဧည့်ခန်းတွင် ယဉ်သီတာထိုင်မိသည်နှင့်တစ်ပြိုင်နက် စိန်မြမြ ဓာတ်ပုံတွေကပ်ထားသည့် စာအုပ်ကြီးများကိုထုတ်ပြကာ ပြောခြင်းဖြစ်သည်။

"ဟောဒီ အယ်လ်ဗန်ထဲမှာ အမေရိကားသွားတုန်းက ဓာတ်ပုံတွေ၊ ဒီအယ်လ်ဗန်ထဲမှာတော့ အင်္ဂလန်နဲ့ ယူရှတ်ကပုံတွေ ဟောဒါကတော့ ဂျပန်ပြည်ကပုံတွေပေါ့"

စိန်မြမြကယင်းသို့ နိဒါန်းချီပြီးနောက် နိုင်ငံခြားတွင် သူတို့လင်မယားရိုက်ခဲ့ကြသည့်ပုံများကို တစ်ခုစီပြရင်း ထိုပုံတို့၏ အကြောင်းအရာကိုလည်း မမောနိုင်မပန်းနိုင် ပြောပြနေ ယဉ်သီတာမှာ နားညည်းမျက်စိနောက်လာ၏။

"နိုင်ငံခြားကတိုက်တွေကို နမူနာယူပြီး မမတို့တိုက်ကြီးကိုဆောက်တာပဲ။ အဲဒီ ကွန်ဒီရှင်းတို့၊ ရေခဲသေတ္တာတို့၊ အဝတ်လျှော်စက်တို့ဆိုရင် မြန်မာပြည်မှာ မမတို့ကစသုံးတာ ပေါ့။ အရင်ကဆိုရင် မမတို့မှာ မော်တော်ကားသုံးစီးတောင်ရှိတာ၊ အခုတော့နှစ်စီးပဲထားနိုင်တော့တယ်"



ယဉ်သီတာမှာ လိုက်လာမိသည်ကိုပင် ဝမ်းနည်းမိသည်။ ဟိတ်ကြီးဟန်ကြီးစကားတွေကို နားထောင်နေရရုံသာလျှင်မက တစ်တိုက်လုံးနှံ့အောင် စိန်မြမြကပြသဖြင့် အမိုးတန်အိမ်ထောင်ပရိဘောဂများ၊ ခမ်းနားသော အိပ်ခန်းကြီး လူတကာမသုံးနိုင်သည့် အသုံးအဆောင်တွေကိုမြင်ရ၏။

"မမတို့မှာ အရင်ကလောက် မချမ်းသာတော့ပါဘူး" ဟု စိန်မြမြက ဝမ်းနည်းစကားဆို၏။

"ဆင်ပိန်ရင်ကျွဲလောက်ရှိတယ်ဆိုတဲ့ စကားရှိပေမယ့် မမတို့အတွက်တော့ ဆင်ပိန်ရင်ကြံ့ဖြစ်နေသေးတာပါပဲ" ဟု ယဉ်သီတာက ငေါ်၍ပြောလိုက်သည်။

"ဟုတ်တယ်ဟုတ်တယ်။ ယဉ်သီတာပြောတာ သိပ်မှန်တာပဲ။ မမတို့အတွက်တော့ ဆာမကြံ့အကြီးစားကြီး ဖြစ်နေတာပဲ၊ ဟဲဟဲ" စိန်မြမြက ကျေနပ်နစ်သိမ့်စွာ ရယ်လိုက်၏။

"ဟော ကိုကိုပြန်လာပြီ"

စိန်မြမြကပြောသဖြင့် ယဉ်သီတာကြည့်လိုက်ရာ သူဌေး ဦးသန်းမြင့် တိုက်တွင်းသို့ ဝင်လာသည်ကိုမြင်ရ၏။

"ကိုကို ဟောဒါ စာရေးဆရာမကလေး ယဉ်သီတာလေ၊ ကျွန်မသူ့အိမ်သွားပြီးခေါ်လာခဲ့တာ"

"ဘာကိစ္စခေါ်လာခဲ့တာလဲ"

ဦးသန်းမြင့်က မျက်နှာထားကြီးတစ်ခွဲသားဖြင့် မေးလိုက်၏။

"ယဉ်သီတာက အင်မတန်စာရေးကောင်းတယ်ကိုကိုရဲ့။ ဟိုတလောက ယဉ်သီတာ ရေးတဲ့ "ကျွန်မချစ်သော မမ" ဆိုတဲ့ ဝတ္ထုဖတ်ရတယ်။ သိပ်ကောင်းတာပဲ။ ကျွန်မအကြောင်းလဲ ယဉ်သီတာရေးချင် ရေးရအောင်လို့သွားခေါ်တာ"

www.burmeseclassic.com

www.burmeseclassic.com



"မလိုပါဘူး"

"လိုတာပေါ့ ကိုကိုရဲ့၊ ကျွန်မတို့အကြောင်းက စိတ်ဝင်စားစရာချည်းပဲ မဟုတ်လား"

"စာရေးဆရာမကလေး စာရေးတာတစ်လကို ဘယ်လောက်ရသလဲ"

ဦးသန်းမြင့်က မေးလိုက်၏။

"စာရေးဆရာဆိုတာ အမှန်မရှိပါဘူး။ ရတဲ့အခါလဲရ မရတဲ့အခါလဲ မရပါဘူး"

"ဝင်ငွေမှန်မှန်မရတဲ့ အလုပ်ကိုဘာဖြစ်လို့ လုပ်နေရတာလဲ။ ကိုယ်ဖြင့် ငွေများများမ တဲ့အလုပ်ကို ဘယ်တော့မှမလုပ်ဘူး"

"စာရေးဆရာမတွေဟာ ငွေများများရအောင်လို့ စာရေးတာ မဟုတ်ပါဘူး။ တိုင်းပြည် ကောင်းရာ ကောင်းကြောင်းကို တတ်နိုင်သမျှ ဆောင်ရွက်မယ်ဆိုတဲ့ စေတနာနဲ့ စာရေးကြတာပါ ဒီတော့စာရေးဆရာတွေဟာ ငွေများများမရပေမယ့် ကောင်းမှုများများ ပြုရာရောက်ပါတယ် ပစ္စည်းဓနမကြွယ်ဝပေမယ့် စေတနာကြွယ်ဝပါတယ်"

ယဉ်သီတာက အားကျမခံပြန်၍ပြောသော်လည်း သူ့ဇွေလင်မယားမှာ ယဉ်သီတာ၏ စကားကို စိတ်မဝင်စားကြချေ။

ဦးသန်းမြင့်က လက်ပတ်နာရီကိုကြည့်ကာ "စထရင်းဟော်တယ်မှာ ကျင်းပမယ့် မင်္ဂလာဆောင်ကို သွားဖို့ အချိန်နီးနေပြီ" ဟုပြောလိုက်၏။

စိန်မြမြက-

"ယဉ်သီတာကို အားတော့နာပါရဲ့ကွယ်၊ မမတို့ မင်္ဂလာဆောင်ကို သွားရမှာမို့ ယဉ်သီတာကို မော်တော်ကားနဲ့ပြန်မပို့နိုင်တော့ဘူး" ဟုဆို၏။

"ကိစ္စမရှိပါဘူး ကျွန်မအမြဲတမ်း မော်တော်ဘတ်စ်နဲ့ သွားနေကျပါ" ဟု ယဉ်သီတာကဆိုကာ စိန်မြမြတို့တိုက်မှ ပြန်ခဲ့လေသည်။



(၃)

မြည်သူ့အောင်လံမဂ္ဂဇင်းတိုက် အတွင်းသို့ ယဉ်သီတာဝင်လာကာ အယ်ဒီတာ ကိုတင်ထူး၏ စားပွဲအနီးရှိ ကုလားထိုင်တွင် ထိုင်လိုက်သည်။

"ယဉ်သီတာ ဒနေ့ကောင်းရဲ့နော်"

"ကောင်းပါတယ်ဆရာ၊ ဒါထက် ကျွန်မဝတ္ထုတစ်ပုဒ်ပေးရအောင် လာတာပါ" ဟု ယဉ်သီတာကပြောပြောဆိုဆို ဝတ္ထုစာမူကို ကိုတင်ထူးအားပေးလိုက်၏။

ကိုတင်ထူးသည် ဝတ္ထုအမည်ကိုဖတ်ရင်း ပြုံးလိုက်သည်။

"တိမ်လွှာထဲမှစိန်မမဆိုပါကလား။ နာမည်ကတော့စိတ်ဝင်စားစရာပဲ"

"အကြောင်းအရာ အဖြစ်အပျက်ကလဲ စိတ်ဝင်စားစရာကောင်းပါတယ်။ ကျွန်မကိုယ်တွေ့ အမျိုးသမီးတစ်ယောက်အကြောင်း ရေးထားတာပါ"

"ဒီလိုဆိုရင်ကောင်းမှာပေါ့ အရင် ယဉ်သီတာရေးတဲ့ "ကျွန်မချစ်သော မမ" ဝတ္ထုကို ကောင်းတယ်လို့ ပြောကြပါတယ်"

"ဟိုဝတ္ထုနဲ့ ဒီဝတ္ထု မတူဘူးဆရာ တစ်ဘာသာစီပဲ။ ဟိုဝတ္ထုက ဖရုဟိတစိတ်ဓာတ် အပြည့်အဝရှိတဲ့ စေတနာရှင်အမျိုးသမီးကြီး အကြောင်းရေးထားတာ" ဒီဝတ္ထုကတော့ အတ္တဟိတ စိတ်ဓာတ်အပြည့်အဝရှိတဲ့ ဝေဒနာရှင် အမျိုးသမီး အကြောင်းရေးထားတာ။

ကိုတင်ထူးက ဘာမျှစကားပြန်မပြောဘဲ ယဉ်သီတာ၏ ဝတ္ထုကို စိတ်ဝင်စားဟန်ဖြင့် ကြည့်နေသည်။

ယင်းသို့ဖတ်ရင်း တစ်ခါတစ်ခါပြုံး၏။ တစ်ချက်တစ်ချက်တွင် ဦးခေါင်း တဆတ်ဆတ် ညိတ်သည်။

"ဘယ်လိုသဘောရသလဲ ဆရာ"

www.burmeseclassic.com

www.burmeseclassic.com



ကိုတင်ထူးဝတ္ထုကိုဖတ်ပြီးနောက် ယဉ်သီတာက မေးလိုက်၏။

"ကောင်းပါတယ်။ သိပ်ကောင်းတာပဲ။ ဒီခေတ်မှာဒီလို ငါးနုံးမအကြွင်းအကျန်[illegible] အကြောင်းဖော်ထုတ်ရေးဖို့လိုတယ်"

"ဟုတ်ပါတယ် ဆရာ၊ ကျွန်မလဲ အဲဒါကြောင့်ရေးတာပါပဲ"

"နေစမ်းပါအုံး၊ ဒီအမျိုးသမီးနဲ့ ယဉ်သီတာနဲ့ ဘယ်လိုတွေ့ကြတာလဲ"

"ကံကောင်းချင်တော့ဆရာရေ့ ..၊ သူက ကျွန်မအိမ်လာပြီး သူတို့နေတဲ့တိုက်[illegible] ကို ခေါ်သွားတယ်"

"ဘာကိစ္စခေါ်တာတဲ့လဲ"

"သူတို့အကြောင်းကို ဖွဲ့ဖွဲ့နွဲ့နွဲ့ ခမ်းခမ်းနားနားရေးစေချင်လို့ပေါ့ ဆရာ"

"ယဉ်သီတာအရင်ရေးတဲ့ ဝတ္ထုကိုသူဖတ်ရလို့ အားကျတယ်ထင်ပါရဲ့"

"ဟုတ်ပါတယ်။ သူအရေးမခိုင်းလဲ ကျွန်မကရေးမှာပါပဲ၊ ရေးကွက်ကလည်း[illegible] လှသကိုး ဆရာရဲ့။ ခေတ်နဲ့မလျော်တော့တဲ့ အမျိုးသမီးတစ်ယောက်အကြောင်းကို ခေတ်လူ[illegible] ဖတ်ရရင် သင်ခန်းစာတစ်ရပ်ရတာပေါ့"

"ဒီဝတ္ထုမဂ္ဂဇင်းထဲပါသွားလို့ အဲဒီအမျိုးသမီးဖတ်ရရင်တော့ ထွန့်ထွန့်လူးဖြစ်[illegible] မှာပဲ"

"အဲဒီလိုဖြစ်မှာစိုးလို့ မဂ္ဂဇင်းထဲထည့်ဖို့ ဝန်လေးနေသလား ဆရာ"

"ဝန်မလေးပါဘူး၊ လူအများကောင်းစားရေး၊ လူအများအသိပညာရရေးအတွက် လူတစ်ဦးငြိုငြင်တာကို ခံရမှာပေါ့၊ ဒါဟာစာရေးဆရာ၊ အယ်ဒီတာတွေရဲ့တာဝန်ပဲ"

"ဒီလိုကြားရတာ ဝမ်းသာပါတယ်ဆရာ၊ ကျွန်မပြန်လိုက်ပါအုံးမယ်"

ယဉ်သီတာသည် အယ်ဒီတာ ကိုတင်ထူးကို နှုတ်ဆက်ကာ ပြန်သွားလေသည်။



(၄)

ပြည်သူ့အောင်လံ မဂ္ဂဇင်းတွင် ယဉ်သီတာ၏ "[illegible] စိန်မ" ဝတ္ထုပါလာ လေရာ စာဖတ်ပရိသတ်က ဖတ်ရင်းမဲ့ပြုံးပြုံးကြလေသည်။

တစ်နေ့တွင် ပြည်သူ့အောင်လံမဂ္ဂဇင်းတိုက်သို့ မော်တော်ကားကြီးတစ်စီး [illegible] ရောက်လာ၏။

အယ်ဒီတာကိုတင်ထူးသည် စိန်မြမြကိုတစ်ခါမျှ မမြင်ဖူးသော်လည်း ရုပ်ဆင်း သဏ္ဌာန်ကို တွေ့လိုက်ရသည်နှင့်တစ်ပြိုင်နက် ယဉ်သီတာ၏ ဝတ္ထုထဲကစိန်မမဖြစ်လိမ့်မယ်ဟု တွေးမိလေသည်။

"ဦးညိုထွေးဘယ်မှာလဲ၊ ဦးညိုထွေး"

စိန်မြမြက အရေးကြီးမေးရာ စာရေးတစ်ယောက်က မဂ္ဂဇင်းတိုက်ပိုင်ရှင်ဦးညိုထွေး ၏ အခန်းသို့ စိန်မြမြကိုလိုက်ပို့သည်။

"အစ်ကိုကြီးရယ် လုပ်မှလုပ်ရက်ပလေ၊ ရက်စက်လှချည်လားရှင်"

စိန်မြမြက ဘာမျှနိဒါန်းမချီဘဲ အပြစ်တင်စကားကို စ၍ပြောလေသည်။

"ထိုင် .. ထိုင်"

ဦးညိုထွေးက စိန်မြမြအား ကုလားထိုင်တစ်လုံးကိုညွှန်ပြကာ ထိုင်စေပြီးနောက် [illegible]တွင်ချိတ်ထားသည့် ဓာတ်ပုံကြီးတစ်ပုံကို လက်အုပ်ချီကာ နှုတ်ခမ်းလှုပ်ရုံမျှဆုတောင်း ပတ္ထနာ [illegible]နေသည်။

စိန်မြမြသည်လည်း ဦးညိုထွေး ရှိခိုးနေသည့် ဓာတ်ပုံကိုကြည့်ပြီး..

"အစ်ကိုကြီးလည်း ဘိုးတော်ကိုကိုးကွယ်သကိုး။ ကောင်းတယ် ကောင်းတယ်၊ [illegible]မတို့လဲ ဘိုးတော်ကို အမြဲကိုးကွယ်တာပဲ။ ဟိုအရင်က ကျွန်မတို့အိမ်ပို့လိုင်စင်လျှောက်ကြတုန်း

www.burmeseclassic.com

www.burmeseclassic.com



ကဆိုရင် ဘိုးတော်ကို ပွဲတင်ပြီးမှလျှောက်တာပေါ့"

စိန်မြမြပြောသည့်စကားများကို အပြင်ခန်းတွင်ထိုင်နေသည့် အယ်ဒီတာ ကိုတင်ထူး ကြားသဖြင့် ပြုံးလိုက်လေသည်။

"ခုတော့အင်ပို့ လိုင်စင်ရအောင် ဘိုးတော်က မ မ နိုင်တော့ဘူး ဟုတ်လား" ဟု ကိုတင်ထူးစိတ်ထဲကပြောလိုက်၏။

စိန်မြမြသည်ကုလားထိုင်မှထကာ ကြမ်းပြင်ပေါ်တွင်ထိုင်လျက် ဘိုးတော်၏ပုံကို ဦးသုံးကြိမ်ချရင်းပါးစပ်က ပွစိပွစိလုပ်ကာ ဆုတောင်းနေသည်။

စိန်မြမြကုလားထိုင်ပေါ်သို့ ပြန်ထိုင်သည်နှင့်တစ်ပြိုင်နက် ဦးညိုထွေးကမေး၏။

"ပြောစမ်းပါဦး နှမကြီးစိတ်ဆိုးလာတယ်ထင်တယ်၊ ဘယ်အတွက်စိတ်ဆိုးတာတုံး"

"စိတ်ဆိုးရုံတင်တောင်မကဘူး ဖြစ်နိုင်ရင်မဂ္ဂဇင်းကို မထုတ်တော့ဘဲ ရပ်တောင်ပစ်လိုက်ချင်တာ‥"

"ဟင်‥ဘယ်လိုကြောင့်တုံး ပြောစမ်းပါဦး‥" ဟု ဦးညိုထွေးက မှာမှာသေးသေး မေးသည်။

"ဒီလထုတ်တဲ့မဂ္ဂဇင်းထဲမှာပါလာတဲ့မစိန်မေ ဝတ္ထုကိုအစ်ကိုကြီးတွေ့ဘယ်မဟုတ်လား"

"အင်း‥တွေ့တယ်အဲဒီဝတ္ထု ဘာဖြစ်လို့လဲ"

"အဲဒီဝတ္ထုကို အစ်ကိုကြီးမဖတ်ရသေးဘူးထင်တယ်‥"

"ဟုတ်တယ်မဖတ်ရသေးဘူး၊ စာရေးဆရာမယဉ်သီတာရေးတာ၊ ယဉ်သီတာအခုတစ်ပတ်က ရေးတဲ့ဝတ္ထုကို လူတွေကြိုက်ကြလွန်းလို့ ချီးမွမ်းစာတွေရတယ်။ ဒီတစ်ခါရေးတဲ့ဝတ္ထုလဲကောင်းမှာပဲလို့ ထင်နေတာကိုး၊ ပြောစမ်းပါဦး၊ အဲဒီဝတ္ထုကနှမကြီးနဲ့ ပတ်သက်နေလို့လား"



"ပတ်သက်ရုံ မကဘူး ကျွန်မကိုအကြီးအကျယ်စော်ကားထားတာ"

"ပြောစမ်းပါဦး ဘယ်လိုစော်ကားသလဲ" ဟု ဦးညိုထွေးထိတ်ထိတ်ပျာပျာ မေးလိုက်သည်။

"ကျွန်မတို့ဟာ အင်ပို့လိုင်စင်ရောင်းသွားပြီး မတရားသဖြင့် ချမ်းသာလာတဲ့လူတွေတဲ့၊ ဒီခေတ်ကကျွန်မတို့ နိုင်ငံခြားတွေတွေလျှောက်ပြီး အလေလိုက်နေတဲ့အတွက် နိုင်ငံခြားသုံးငွေအမြောက်အမြား ပြုန်းတီးကုန်တယ်တဲ့"

"ဟင်‥ဒီလိုပဲရေးသလား" ဟု ဦးညိုထွေးက အံ့သြတုန်လှုပ်သံဖြင့် မေးလိုက်သည်။

"အဲဒါထက် နင့်သီးတာတွေတောင် ပါသေးတယ်၊ ကျွန်မတို့ဟာ မတရားရတဲ့ငွေတွေနဲ့ ဝယ်ရစ်နေတဲ့ဗီမ်ကောင်တွေတဲ့။ အို‥ကုန်ကုန်ပြောလိုက်မယ်၊ ကျွန်မတို့တိုက်မှာရှိတဲ့ အသုံးအဆောင် အိမ်ထောင်ပရိဘောဂတွေကို တစ်ခုစီအနုစိတ် ဖော်ပြပြီး အဲဒါတွေဟာ ဗီမ်ကောင်တွေ ဝယ်ရစ်နေတဲ့ ဗီမ်ပစ္စည်းတွေချည်းပဲလို့ ရေးတယ်"

"တော်တော်ကြမ်းပါကလား"

"ကြမ်းတာမဟုတ်ဘူး၊ မိုက်ရိုင်းတာ၊ စော်ကားတာ၊ ကျွန်မတို့ဟာဆင်ပိန်လို့ကျွဲဖြစ်တာမဟုတ်ဘူး။ ကြွံကြီးဖြစ်နေတာတဲ့၊ ဆင်တို့ကျွဲတို့ကလူတွေအတွက် အသုံးကျသေးတယ် ပြီးတော့လူတွေကို အန္တရာယ်ပေးတဲ့အကောင်တဲ့ ကြွံသမုကြွံသွေးကို လူတွေ အသုံးချနိုင်တာတဲ့ ဒီလူတွေက ကျွန်မတို့ကို ဝိုင်းပြီးသတ်ပစ်ချင်အောင် ရေးထားတယ်"

"ဒီလိုဆိုတော့ဆိုးတာပေါ့"

"ဒါထက်ဆိုးတာတွေတောင် ပါသေးတယ်၊ အစ်ကိုကြီးကိုယ်တိုင်ဖတ်ကြည့်ရင်သိမှာပါ၊ နောက်ပြီးတော့ကျွန်မတို့ဝတ်တာ စားတာတွေ၊ သုံးစွဲတဲ့ပစ္စည်းတွေဟာ နိုင်ငံခြားကလာတဲ့ မှောင်ခိုကုန်တွေချည်းပဲတဲ့"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လဲ အဟုတ်သားပဲ"

အခန်းအပြင်ဘက်က နားထောင်နေသောအယ်ဒီတာ ကိုတင်ထွန်းက တီးတိုးပြော[illegible]သည်။

"အစ်ကိုကြီးဖတ်ကြည့်ပါအုံးမယ်လေ၊ ဖတ်ပြီးတော့အယ်ဒီတာကို ပြော[illegible] ဒီဝတ္ထုထည့်တာက အယ်ဒီတာပါ"

"အစ်ကိုကြီးဖတ်ကြည့်ရင် ကျွန်မပြောတာထက်ဆိုးတာတွေ တွေ့ရလိမ့်[illegible] နောက်ပြီးတော့ ကျွန်မတို့ဟာ အရင်ကလည်းအရင်းရှင်ကြီးတွေ အခုလည်းအရင်းရှင်[illegible] ပဲတဲ့၊ ဘာပြုလို့လဲဆိုတော့ အခုလဲ ပုဂ္ဂလိကပိုင်တဲ့ လုပ်ငန်းကြီးတွေထဲမှာ ငွေရင်း[illegible] မြှုပ်နှံပြီး အမြတ်ကြီးစားနေတာပဲတဲ့"

"အမယ်‥ဒီအကြောင်းတွေကို စာရေးဆရာမကလေးက ဘယ်ကများသိ[illegible] လိမ့်"

ဦးညိုထွေးကအံ့ဩသံဖြင့်ပြောသည်။

"သွားနုပ်လေလွင့်ပြောလိုက်တာတွေလဲစုံလို့ပါပဲ အစ်ကိုကြီးရယ်၊ အို‥ကန်[illegible] လိုက်မယ် ကျွန်မတို့ကကိုယ်ပိုင်ကားကြီးတွေစီးပြီး မော်တော်ဘတ်စ်စီးရတဲ့ ဆင်းရဲသား[illegible] ပုတ်ခတ်ရှုတ်ချနေတဲ့အရူးတွေတဲ့"

"ဟုတ်လဲ ဟုတ်သားပဲ"

အယ်ဒီတာကိုတင်ထွန်းကအခန်းအပြင်ဘက်မှ မကြားတကြားပြောလိုက်၏။

"ဒီတော့အစ်ကိုကြီးရယ်အချုပ်ပဲ ပြောပါရစေတော့ အစ်ကိုကြီးအယ်ဒီတာ[illegible] ပစ်ပါ"

"ဒီခေတ်မှာအလုပ်သမားတစ်ယောက်ကို အကြောင်းမဲ့ဖြုတ်ပစ်ဖို့ မလွယ်[illegible]



"ဒီတော့လဲ အသိသားပဲ" ဟု ကိုတင်ထွန်းကပြောလိုက်သည်။

"အယ်ဒီတာကို ဖြုတ်ပစ်ဖို့မလွယ်ရင် မဂ္ဂဇင်းကိုပိတ်ပစ်လိုက်ပေါ့"

"မဂ္ဂဇင်းကလည်းအကျိုးရှိနေတော့ ပိတ်လိုက်ရမှာနမြောစရာကြီး"

"ဒီလိုဆိုရင် ကျွန်မအစုဝင်ထားတဲ့ ငွေတွေကိုပြန်ပေးတော့"

ဦးညိုထွေးမျက်လုံးပြူးသွားသည်။ အပြင်ဘက်မှကြားရသည့် ကိုတင်ထွန်းမှာလည်း [illegible]ညသွား၏။ ပြည့်သူ့အောင်လံမဂ္ဂဇင်းတွင် စိန်မြမြ၏ငွေတွေပါနေကြောင်း ကိုတင်ထွန်းမသိ [illegible]ပြားလည်း စာရေးဆရာမကလေး ယဉ်သီတာကသိကာ ဝတ္ထုထဲတွင် အရိပ်အမြွက် ထည့် [illegible]သဖြင့် ကိုတင်ထွန်းအံ့ဩရခြင်းဖြစ်သည်။

"ဒီကိစ္စကို ဒီလိုလုပ်မယ်ကွာ၊ မောင်တင်ထွန်းကို သူ့သဘောအလျောက် ထွက်ပါလို့ [illegible]ာင်းပန်ရမှာပဲ၊ တောင်းပန်မရရင်လဲ တစ်မျိုးတစ်ဖုံကြံရမှာပေါ့၊ ဒါထက် ဘိုးတော်ထံမှာလဲ [illegible]တောင်း ဒီကိစ္စပြီးစီးအောင် ဘိုးတော်ကမပါလိမ့်မယ်"

ဦးညိုထွေးသည်ပြောပြောဆိုဆို ဘိုးတော်၏ပုံကိုရှိခိုးပြီး တီးတိုးဆုတောင်းနေ၏။ [illegible]မျက်ကြမ်းပြင်တွင် ကုန်းကုန်းထိုင်က ဘိုးတော်ကိုဦးချပြီး ဆုအရှည်ကြီးတောင်းသည်။

"ကဲ‥ကျွန်မပြန်မယ် ကျွန်မဆန္ဒတွေအားလုံးပြည့်ပါစေလို့ ဘိုးတော်ထံမှာ ဆုတောင်း [illegible]ဦး"

ကိုတင်ထွန်းက တခစ်ခစ်ရယ်နေလေသတည်း။

(၇)

"မောင်တင်ထွန်းခဏလာပါအုံး"

ဦးညိုထွေးကခေါ်သဖြင့် ကိုတင်ထွန်းသည် ဦးညိုထွေး၏ အခန်းတွင်းသို့ဝင်သွား၏။

www.burmeseclassic.com

www.burmeseclassic.com



ဦးညိုထွေးကား သူထုံးစံအတိုင်း ဘိုးတော်ပုံကို လက်အုပ်ချီကာ ပါးစပ်မှ တွတ်တွတ် ရွတ်နေသည်။

"စိန်မြမြကိစ္စပြောမလို့လား"

ကိုတင်ထူးက မေးလိုက်၏။

"ခပ်စောစောက စိန်မြမြနဲ့ကိုယ် ပြောနေကြတာကို မောင်တင်ထူး ကြားတယ် မဟုတ်လား။ တယ်"

"ကျွန်တော့်နားကမကြားဘူး။ စိတ်ကကြားတယ်"

"အလို...စိတ်ကကြားတယ်၊ ဟုတ်လား မောင်တင်ထူး ၊ အကြားအမြင်များ ပေါက်နေသလား" ဟု ဦးညိုထွေးကအံ့ဩသံဖြင့် မေးလိုက်သည်။

"ကျွန်တော်အကြားအမြင်ပေါက်တာပေါ့ ကျွန်တော်လည်းဘိုးတော်ကို ကိုးကွယ်တဲ့လူပဲ"

"အမယ်လေး...ဒီလိုဆိုရင် မောင်တင်ထူးက ကိုယ်တို့ထက်တောင် အဆင့်အတန်း မြင့်နေပါပေါ့လား"

ဦးညိုထွေးက အံ့ဩသော၊ လေးစားသောအပြောဖြင့် ပြောလိုက်ရာ ကိုတင်ထူးမှာ ဟားတိုက်၍မရယ်မိအောင် စိတ်ကိုချုပ်တည်းထားရ၏။

"စိန်မြမြကိစ္စကတော့ မောင်တင်ထူးလည်း ကြားပြီးသိပြီးဆိုတော့ အထူးပြောစရာ မလိုပါဘူး။ မောင်တင်ထူးအယ်ဒီတာအလုပ်က မိမိသဘောလျှောက်နုတ်ထွက်စေချင်တယ် တဲ့"

"ဘာအပြစ်ရှိလို့ နုတ်ထွက်ရမှာလဲ"

"စိန်မြမြကို ထိခိုက်တဲ့ ဝတ္ထုမဂ္ဂဇင်းထဲမှာ ပါနေလို့ပေါ့"



"မဟုတ်တာရေးတာမှမဟုတ်တဲ့ ဟုတ်တိုင်းမှန်ရာရေးတာပဲ ၊ ကျွန်တော့်မှာ ဘာအပြစ်မှမရှိပါဘူး"

"ဟုတ်တိုင်းမှန်ရာ ရေးပေမယ့် သူ့ဂုဏ်သိက္ခာကို ထိခိုက်နေလို့တဲ့"

"သူ့အရင်က လုပ်ခဲ့တာတွေလဲ နေရာမကျဘူး အခု လုပ်နေတာတွေကလဲ ခေတ်နှင့်နည်းနည်းမှ မဆီလျော်ဘူး ဒီလိုလူမျိုးတွေအကြောင်းကို စာရေးဆရာတွေကလဲ ရေးရမယ် အယ်ဒီတာကလဲထည့်ရမှာပဲ"

"ခက်နေတာက မောင်တင်ထူးအလုပ်ကမထွက်ရင် သူ့အစုဝင်ထားတဲ့ ငွေထုတ်ယူ ရမယ်လို့ စိန်မြမြကပြောနေတယ်"

"ဒီလိုဆိုရင်သူ့ငွေပြန်ပေးလိုက်ပေါ့ မြတ်စွန်းနေတဲ့ မဂ္ဂဇင်းတစ်စောင်ပဲ အစုဝင်ချင်နေတဲ့ လူတွေအများကြီးရှိပါတယ်"

ဦးညိုထွေးမတွေးနိုင် မကြံနိုင်ဖြစ်ကာ စိတ်ညစ်နေသည်။ သူနှင့်မျက်နှာချင်းဆိုင်နံရံတွင် ချိတ်ထားသည့်ဘိုးတော်ပုံကို လက်အုပ်ချီကာ တပွပွဆုတောင်းနေ၏။ ကိုတင်ထူးက ဦးညိုထွေးဖြစ်ပုံကို ကြည့်ပြီးမဲ့ပြုံးပြုံးလိုက်သည်။

"အဲဒီဝတ္ထုကိုထည့်တာက အကြောင်းထူးရှိလို့ထည့်တာ" ဟုကိုတင်ထူးကခပ်မာမာ ပြောလိုက်၏။

"ဟင်...ဟုတ်လား။ ဘယ်လိုအကြောင်းထူးရှိလို့လဲ" ဟုဦးညိုထွေးက အံ့ဩသံဖြင့် မေးလိုက်သည်။

"စာရေးဆရာမ ယဉ်သီတာ ဝတ္ထုစာမူလာပေးတော့ ကျွန်တော်ဖတ်ကြည့်တယ်၊ ထည့်ရကောင်းမလား၊ မထည့်ဘဲထားရကောင်းမလားလို့ စဉ်းစားနေတုန်း ဘိုးတော်က ကျွန်တော့်နားနားကပ်ပြောတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား ဘိုးတော်ကဘာယ်လိုပြောသလဲ"ဟု ဦးညိုထွေးက အထိတ်တလန့် မေးလိုက်၏။

"ဒီခေတ်ဟာ ပြည်သူ့ခေတ်တဲ့ ပြည်သူ့ခေတ်နဲ့မတော်တဲ့ လူတွေအကြောင်းရေးတဲ့ ဝတ္ထုကို ထည့်ရမယ်တဲ့ ဒါကြောင့်ကျုန်တော်ထည့်လိုက်တာ"

ဦးညိုထွေးသည် သက်ပြင်းကြီးချလိုက်ပြီး အားတက်သရော ပြောလေသတည်း။

"ယဉ်သီတာကို ဒီဝတ္ထုမျိုး အရေးခိုင်းပြီး လစဉ်တစ်ပုဒ်ကျ ထည့်သွားရမယ်"

ရန်အောင်



# ဦးပေါကြွယ်

(၁)

"မငွေခင်ရေ••ဆရာကြီးရောက်နေပြီဟေ့"

ဦးပေါကြွယ်၏ ဝမ်းသာအားရရွှင်မြူးတက်ကြွသော အသံနှင့် မရှေးမနှောင်းပင် ဦးပေါကြွယ်ရော ဒေါ်ငွေခင်ပါ သူတို့တိုက်ရှေ့တွင် ရပ်ထားသည့် မော်တော်ကားဆီပြေးသွားကြ၏။ ဦးပေါကြွယ်က မော်တော်ကားတံခါးကိုဖွင့်ပေး၏။

ဒေါ်ငွေခင်က "ဆရာကြီးရောက်လာတာ ဝမ်းသာလိုက်တာဆရာကြီးရယ် လိုက်မလာဘူးလို့ စိတ်တထင့်ထင့်နဲ့"ဟုပြောကာ စာရေးဆရာကြီး ဦးအောင်မင်္ဂလာ၏ လက်မောင်းကိုကိုင်၍ ဆွဲကာ မော်တော်ကားပေါ်မှချပေး၏။

www.burmeseclassic.com

www.burmeseclassic.com



"အိမ်း ... အသက်ကြီးလာတော့နေကောင်းတဲ့ နေ့ရယ်လို့မရှိလှဘူးကွ။ ဒီကနေ့တော့ နည်းနည်းနေကောင်းသလိုရှိလို့လိုက်လာနိုင်တာ။ အကြောင်းထူးရှိလို့ အခေါ်လွှတ်တာလား"

"ဟုတ်ကဲ့ အကြောင်းထူးရှိပါတယ်။ တိုက်ထဲရောက်တော့မှ အေးအေးဆေးဆေး ပြောပါ့မယ်"ဟု ဦးပေါ်ကြွယ်ကပြောပြီး လင်မယားနှစ်ယောက်ဆရာကြီး၏လက်ကို တစ်ဖက်စီ ဆွဲကာ တိုက်ထဲသို့ ခေါ်ဆောင်ခဲ့လေသည်။

သုံးယောက်သား အခန်းကြီးတစ်ခုအတွင်းမှာ ထိုင်မိကြသည်နှင့်တစ်ပြိုင်နက် "မယ်အေးရေ..ဆရာကြီးဖို့ ပြင်ဆင်ထားတာတွေယူခဲ့ပေ့"ဟု ဒေါ်ငွေခင်ကပြောလိုက်ရာ အစေခံမကလေး မယ်အေးသည် စားစရာများထည့်ထားသည့် လင်ပန်းများကို တစ်ခုပြီးတစ်ခု အခန်းတွင်းသို့ယူလာကာ ဆရာကြီး၏ရှေ့ရှိ စားပွဲပေါ်တွင်ချပေး၏။

"အမယ်..စားစရာတွေတယ်များ"

ဆရာကြီး၏စကားမဆုံးခင် ဦးပေါ်ကြွယ်က "ဟေ့..မောင်စံမြင့် လာလေကွာ လုပ်စရာရှိတာလုပ်"ဟု ဆိုလိုက်ရာ အခန်းတွင်းသို့မောင်စံမြင့်ဝင်လာပြီး အသံဖမ်းစက်ကိုပြင်ဆင် ဆရာကြီး၏ရှေ့သို့ စားပွဲပေါ်တွင်ချ၏။

"အဆင်သင့်ဖြစ်ပါပြီ"ဟု မောင်စံမြင့်ကပြောရာ ဦးပေါ်ကြွယ်က "ကဲ..ဆရာကြီး ပြောချင်တာမှန်သမျှ အာလုံးပြောနိုင်ပါပြီခင်ဗျား"ဟု ဆိုလေသည်။

"ဘာပြောရမှာတုံး"ဟုဆရာကြီးကမေး၏။

"ဆရာကြီးအကြောင်းတွေပေါ့ခင်ဗျာ။ ဆရာကြီးငယ်စဉ်ကစပြီး ယနေ့အထိ စာပေလောကမှာ သံသရာလည်ခဲ့တဲ့အကြောင်းတွေ နောက်ပြီးတော့စာရေးဆရာအဖြစ်နဲ့ တွေ့ခဲ့ကြုံခဲ့တဲ့ အဖြစ်အပျက်တွေပေါ့ ခင်ဗျာ၊ ကောင်းတာတွေရော ဆိုးတာတွေပါ အားလုံးသိချင်ပါတယ်"

"ဒါတွေသိတော့ဘာလုပ်မှာလဲ"



"နောင်လာနောက်သားတွေ ဗဟုသုတရတာပေါ့ခင်ဗျာ"

"ငါ့အတွေ့အကြုံတွေ မကြာမကြာရေးနေတာပဲကွ ငါ့စာဖတ်ပရိသတ်က ငါ့အကြောင်းကို ငါ့ထက်တောင် ပို၍သိနေကြသေးတယ်၊ ငါကတော့ရေးပြီးရင် မေ့သွားတတ်တယ်၊ စာဖတ်ပရိသတ်က မမေ့ဘူး၊ တစ်ခါတလေများ ငါမေ့နေတဲ့ ငါ့အကြောင်းတွေပြောပြကြတာကို တအံ့တသြနားထောင်ရဖူးတယ်"

"ဆရာကြီးအသက်ဘယ်လောက်ရှိပြီလဲ"

"ရှစ်ဆယ့်ခြောက်နှစ်"

"ဘယ်အရွယ်လောက်က စာစရေးပါသလဲ"

"ဆယ့်ရှစ်နှစ်သားလောက်က"

"စာစရေးစဉ်က အတွေ့အကြုံကိုပြောပြပါခင်ဗျာ"

"ငါပြောတာတွေကို အသံဖမ်းစက်နဲ့ဖမ်းထားမယ်ထင်ပါရဲ့"

"ဟုတ်ပါတယ်ခင်ဗျာ"

"အဲဒီလိုအသံဖမ်းပြီး ဘာလုပ်မလို့လဲ"

"တစ်နေ့တော့အသုံးချချင်ချရတာပေါ့ခင်ဗျာ"

"ဘယ်လိုအသုံးချမှာလဲ"

ဦးပေါ်ကြွယ်က ပြုံးမပြောဘဲ စိတ်ပျက်သောမျက်နှာထားဖြင့် ဆရာကြီးကိုငေးစိုက်ကာ ကြည့်နေ၏။ အတန်ကြာမှ "ကျွန်တော်ကဆရာကြီးအကြောင်းကိုသိရအောင် မေးမယ်စမ်းမယ် ကြံတာပါ၊ ဆရာကြီးကျွန်တော့်ကိုပြန်မေးနေတော့ အခက်တွေ့နေပြီ"

"မခက်ပါဘူးကွ လွယ်လွယ်ကလေးပါ။ ငါပြောတာတွေကို မင်းကအသံဖမ်းယူပြီး ဘာလုပ်မလို့လဲ၊ ငါမေးတာမှန်မှန်ပြောစမ်း"

www.burmeseclassic.com

www.burmeseclassic.com



"ဆရာကြီးက ဘယ်လိုထင်လို့လဲ"

"ငါထင်တာကတော့ ငါ့အကြောင်း ငါ့အတ္ထုပ္ပတ္တိကို မင်းကရေးပြီး စာအုပ်ထုတ်မယ်လို့ထင်တယ်"

ဦးပေါ်ကြွယ်ရော ခေါ်ငွေခင်ပါအံ့ဩသော မျက်နှာထားများဖြင့် ဆရာကြီးဦးအောင်မင်္ဂလာကို ငေးစိုက်ကာကြည့်နေကြသည်။

"ငါထင်တာဟုတ်သလား မဟုတ်ဘူးလား မှန်မှန်ပြောစမ်း" ဟုဆရာကြီးကမေး၏။

ဦးပေါ်ကြွယ်သည် မချိသွားပြုံးကျဲကျဲရယ်ရင်း "ဆရာကြီးတော်တော်ပါးတယ်နော်" ဟုအံ့ဩသံဖြင့်ပြောလေသည်။

"ဟ . . စာပေလောကမှာ အနှစ်ခုနှစ်ဆယ်နီးပါးကျင်လည်ခဲ့တဲ့ စာရေးဆရာကြီးတစ်ယောက် မဟုတ်လားကွ။ တခြားနေရာမှာ မပါးဘဲနေချင်နေမယ်။ စာပေလောက၊ စာရေးရာ၊ စာပေကိစ္စမှတော့ ချက်ဆိုနားကွက်ကမီးတောက်တဲ့ငါပါကွာ"

"အဲဒါတွေကြောင့်ဆရာကြီး အတ္ထုပ္ပတ္တိကို ကျွန်တော်ရေးချင်တာပေါ့ခင်ဗျာ"

"ဟော-ခုမှပဲပေါ်တော့တယ်။ ငါ့အတ္ထုပ္ပတ္တိကို ငါကိုယ်တိုင်ရေးပြီး မင်းတို့က ထုတ်ရင်ကော မဖြစ်ဘူးလားကွာ"

"ဆရာကြီးရေးတာကတစ်မျိုး ကျွန်တော်ရေးတာကတစ်တာသာပေါ့ခင်ဗျာ၊ ဆရာကြီးအတ္ထုပ္ပတ္တိကို ကျွန်တော်ရေးထုတ်ပြီးတဲ့နောက် ဆရာကြီးကိုယ်တိုင်ရေးချင်သေးသပဆိုရင်လဲ ရေးနိုင်ပါတယ်"

"မဖြစ်နိုင်တာကို မင်းပြောနေတာပဲ ငါ့အတ္ထုပ္ပတ္တိကိုမင်းကရေးထုတ်ပြီးမှ ငါကနောက်ထပ်ရေးလို့ ဖြစ်ပါတော့မလားကွ။ အကြောင်းအရာထပ်နေတော့ စာဖတ်ပရိသတ်ကို ဖော်ထားသလိုဖြစ်နေတာပေါ့"



"ဒီတော့ ကျွန်တော့်ဆန္ဒကို ဆရာကြီးသဘောမတူဘူးပေါ့"

"နေစမ်းပါအုံး ငါကိုယ်တိုင်ရေးတာကို မင်းကဘာဖြစ်လို့ မထုတ်ချင်ရတာတုံး"

"ကျွန်တော်ပြောပြီးပါပကော ဆရာကြီးရေးတာနဲ့ကျွန်တော်ရေးတာ တစ်မျိုးစီတစ်တာသာစီပါလို့"

"ဟ-မောင်ပေါ်ကြွယ်ရ ရှင်းရှင်းပြောပါကွ။ ငါ့ကိုအရေးခိုင်းတော့ ငွေများများပေးရမယ်။ အခုလို ငါကပြောရုံပြောတော့ ကျွေးမွေးခနည်းနည်းပဲကုန်မယ်။ ဒီတွက်ကိန်းနဲ့ မင်းကိုယ်တိုင် ရေးချင်တာမဟုတ်လား"

ခေါ်ငွေခင်ကမကျေနပ်သံဖြင့်ဝင်ပြော၏။ "ဒီလိုပုတ်ပုတ်ခတ်ခတ်တော့ မပြောပါနဲ့ ဆရာကြီးရယ်။ ဆရာကြီးမပြောချင်ရင်လဲ မပြောဘဲနေနိုင်ပါတယ်။ အသံဖမ်းစက်ဖွင့်ထားပြီး မည်မည်ရရဘာမှ ဖမ်းရတာမဟုတ်ဘဲနဲ့ တိပ်ခွေတွေတော်တော်ကုန်သွားပါပြီ"

"အမယ် . . မယ်ငွေခင်ကသူတို့စီးပွားထိခိုက်လို့ စိတ်ဆိုးသွားဟန်တူရဲ့။ ကိုင်း စိတ်လဲမဆိုးနဲ့ မင်းကိုဆန္ဒပြည့်စေရမယ်။ မောင်ပေါ်ကြွယ်ကမေးချင်တာတွေမေး ငါကဖြေမယ်။ အားလုံးမေးဖြေပြီးတဲ့အခါကျတော့ ငါ့အတ္ထုပ္ပတ္တိကို မောင်ပေါ်ကြွယ်ရေးနိုင်ရောပေါ့"

"ဟုတ်တယ်ဆရာကြီး ကျွန်တော်လဲဒီတိုင်းဆန္ဒရှိတာပါပဲ" ဟု ဦးပေါ်ကြွယ်က အားတက်သရောပြော၏။

"ကျွန်မပြောမိဆိုမိတာတောင်းပန်ပါတယ်ရှင်။ တကယ်တော့ဆရာကြီးဟာ သူတော်ကောင်းကြီးပါ" ဟုခေါ်ငွေခင်ကပြောသည်။

"အေး-မယ်ငွေခင်ကငါ့ကို ချီးမွမ်းစကားပြောတော့ ဟိုတလောက စာအုပ်ထုတ်ဝေသူတစ်ယောက်က စာရေးဆရာတစ်ယောက်ကို ချီးမွမ်းတာသွားသတိရတယ်"

"ဘယ်လိုချီးမွမ်းသလဲ ဆရာကြီး" ဟု ဦးပေါ်ကြွယ်မေး၏။

www.burmeseclassic.com

www.burmeseclassic.com



"အင်မတန်တော်တဲ့ စာရေးဆရာ၊ သဘောသကာယသိပ်ကောင်း စေတနာလည်း အပြည့်အဝရှိ၊ ဒီလိုစိတ်ကောင်းစေတနာကောင်းရှိတဲ့စာရေးဆရာ ဒီတစ်ခါပဲတွေ့ဖူးတယ်လို့ ထုတ်ဝေသူတစ်ယောက်က ချီးမွမ်းနေတော့ ငါကမေးလိုက်တယ်။ အဲဒီစာရေးဆရာ စိတ်ကောင်းရှိတာကို ဘာပြုလို့သိသလဲလို့ ဒီတော့ထုတ်ဝေသူကပြန်ဖြေတယ်၊ စာမူခမတောင်းဘဲ အလကား ရေးပေးလို့တဲ့"

"ကဲ-ဆရာကြီး အလုပ်စခန်းစကြစို့" ဟု ဦးပေါကြွယ်ကဆို၏။

"ဒီလိုလုပ်ကွာ နက်ဖြန်နေ့လယ် နာရီပြန်တစ်ချက်လောက်မှာ ငါ့လာခေါ်"

"မနက်စောစောခေါ်ပါရစေခင်ဗျာ၊ မနက်စာရေး ညစာရေး ကျွန်တော်တို့ကကျွေးပါ့မယ်။ ညအိပ်ခါနီးတော့ပြန်ပို့ပါ့မယ်။ ကျွန်တော်တို့အိမ်မှာ ဆရာကြီးအိပ်နေနိုင်တယ်ဆိုရင်တော့ ကျွန်တော်တို့က ပိုတောင်ဝမ်းသာပါသေးတယ်"

"အေး...မောင်ပေါကြွယ်ကငါ့ကို မနက်အိပ်ရာထက ညအိပ်ရာဝင်အထိ အလုပ်လုပ်ခိုင်းချင်သကိုးကွ မလုပ်ပါနဲ့မောင်ရာ၊ မင်းလုပ်ပုံကငါ့ကိုအမှည့်ခြွေ ခြွေသလိုဖြစ်တော့မှာပဲ။ နေ့လယ်တစ်နာရီလာခေါ်၊ ညနေလေးနာရီပြန်ပို့၊ တစ်နေ့သုံးနာရီ မင့်အလုပ်ကို လုပ်ပေးမယ် ကိုင်းဒါပဲ ငါပြန်မယ်"

ဦးပေါကြွယ်မှာ သူ့စိတ်တိုင်းကျမဖြစ်သဖြင့် မျက်နှာမသာယာပေ။ သို့သော်မတတ်နိုင်သဖြင့် ဒရိုင်ဘာမောင်သာမြတ်ကိုခေါ်ကာ ဆရာကြီးဦးအောင်မင်္ဂလာကို သူ့အိမ်သို့ ပြန်အပို့ခိုင်းရလေသည်။

(၂)

နောက်နေ့နေ့လယ် ၁-နာရီအချိန်တွင် ဦးအောင်မင်္ဂလာရောက်လာသောအခါ ဦးပေါကြွယ်က သူမေးလိုရာများမေးပြီး ဆရာကြီးဖြေသည်များကို အသံသွင်း၍ထားလေသည်။



"အေး...မင်းက ခရေစေ့တွင်းကျ နိုက်နိုက်ချွတ်ချွတ်မေးတော့မှပဲ ရေးဟောင်းနှောင်းဖြစ်တွေပေါ်လာတော့သကွာ။ ဒီအကြောင်းတွေကိုမှား ငါကိုယ်တိုင်ရေးလိုက်ရရင် ဘယ်လောက်ကောင်းလိုက်မလဲ"

"ဆရာကြီးလဲ ရေးချင်ရင်ရေးနိုင်ပါတယ်၊ တစ်ယောက်တစ်မျိုးစီပေါ့၊ စာဖတ်သရိုသတ်တွေက လက်သံအမျိုးမျိုး ကြားရဖတ်ရတာပေါ့။ ဒါထက်ဆရာကြီးဘဝ သက်တမ်းတစ်လျှောက်မှာ စာအုပ်ထုတ်ဝေသူ အမျိုးမျိုးနှင့် တွေ့ဖူးကြုံဖူးမှာပေါ့နော်"

"တွေ့ဖူးတာပေါ့၊ အများကြီးကြုံဖူးပါတယ်။ သူတို့အကြောင်း ဘာသိချင်သလဲ"

"စာအုပ်ထုတ်ဝေတဲ့လူတိုင်းကို စီးပွားရေးသမားတွေ၊ စီးပွားရေးသမားတွေလို့ပြောကြတယ်။ ထုတ်ဝေသူထဲမှာစီးပွားရေးကိုအဓိကမထားဘဲ စာစိတ်ပေစိတ်နဲ့ထုတ်တဲ့လူကော မရှိဘူးလား ဆရာကြီးရယ်"

"အေး...ဒီကိစ္စနဲ့ပတ်သက်လို့ မောင်ပေါကြွယ်ကိုပဲငါပြန်မေးမယ်၊ ငါ့အတ္ထုပ္ပတ္တိကိုမောင်ပေါကြွယ် ရေးထုတ်ချင်တာဟာ စာစိတ်ပေစိတ်ကြောင့်ပဲ မဟုတ်လား"

"ဟုတ်တာပေါ့ဆရာကြီးရဲ့ သက်ကြီးရွယ်အိုစာရေးဆရာကြီးတစ်ယောက်ရဲ့ အတ္ထုပ္ပတ္တိကို ရေးချင်ထုတ်ချင်တာဟာ စာစိတ်ပေစိတ်ရှိလို့သာပေါ့"

"ဒါတော့ ဟုတ်ပြီ ငါ့အတ္ထုပ္ပတ္တိထုတ်လို့ ရှုံးမှာသေချာတယ်ဆိုရင် မောင်ပေါကြွယ် ထုတ်မလား"

"ဟာ ရှုံးမယ်ဆိုရင်တော့ ဘယ်ထုတ်နိုင်မလဲ ဆရာကြီးရယ်"

"အဲဒါဟာအဖြေပဲကွ ထုတ်သင့်ထုတ်ထိုက်တဲ့စာအုပ်ကို ရှုံးသည်ဖြစ်စေ၊ မြတ်သည်ဖြစ်စေ၊ ထုတ်ဖြစ်အောင်ထုတ်တဲ့လူဟာ စာပေကိုအဓိကထားတဲ့လူ၊ အမြတ်အစွန်းရမှထုတ်မယ် အမြတ်အစွန်းမရရင် မထုတ်ဘူးဆိုတဲ့လူက ငွေကြေးကိုအဓိကထားတဲ့လူ၊ စီးပွားရေးသမား။

www.burmeseclassic.com

www.burmeseclassic.com



ဒါပဲ။ သို့ပေမယ့်ကွာ” ဆရာကြီးသည် စကားကိုဆုံးအောင် မပြောဘဲ ရှေးဟောင်းနှောင်းဖြစ်များကို တွေးတော စဉ်းစားနေလေသည်။

“ဘာသို့ပေမယ့်ကွာလဲ ဆရာကြီး စကားကိုဆုံးအောင်ဆက်စမ်းပါအုံး”ဟု ဦး ပေါ်ကြွယ်ကမေး၏။

“ငါ့စာရေးသက်တစ်လျှောက်လုံးမှာ ထုတ်ဝေသူတွေ၊ စာအုပ်တိုက်တွေအများကြီး တွေ့ခဲ့ဖူးတယ်။ ရာခိုင်နှုန်းပြီးတွေတယ်ဆိုပါတော့၊ သူတို့နဲ့ငါနဲ့ရှာယှဉ်လိုက်ရင် ဝင်ငွေချင်း အခြေအနေချင်း အများကြီးကွာတယ်”

“ထုတ်ဝေသူတွေက အခြေအနေကောင်းတယ်လို့ဆိုတာလား ဆရာကြီး”

“အေး-ဟုတ်တယ်။ သို့ပေမယ့် နှစ်ကာလရှည်ကြာလာတဲ့အခါကြတော့ အဲဒီထုတ်ဝေသူတွေ၊ စာအုပ်တိုက်တွေဟာ တစ်ယောက်ပြီးတစ်ယောက် တစ်တိုက်ပြီးတစ်တိုက် ပြုတ်ပျက် ပျောက်ကွယ်သွားကြတယ်။ သို့ပေမယ့် စာရေးဆရာတွေကတော့ ခေါက်တက်ခေါက်တက်နဲ့ကျန်ရက်ပဲ၊ ရေးရက်ပဲ၊ ပရိသတ်နဲ့ ထိတွေ့ဆက်ဆံရက်ပဲ”

“ဒီလိုဖြစ်ရတာဘာကြောင့်လဲ ဆရာကြီး”ဟု ဦးပေါ်ကြွယ်က မေး၏။

“တိုတိုပြောရမယ်ဆိုရင်တော့ ကိုယ့်စေတနာအတိုင်း အကျိုးပေးတယ်လို့ဆိုရမှာပဲ ဝေဒါသီချင်းသွားအတိုင်း စာရေးဆရာရာကို စာဖွဲ့ရမယ်ဆိုရင် “စာရေးဆရာတောင်မယ် ပန်းပန်လျက်ပဲ၊ ဆင်းတော့ဆင်းရဲပေါ့ကွာ”

(၃)

“နေမကောင်းလို့ဆရာကြီး မလိုက်နိုင်ဘူးတဲ့ဆရာ”ဟု အိုင်ဘာမောင်သာမြတ်က ပြောရာ ဦးပေါ်ကြွယ်အကြီးအကျယ် မျက်နှာပျက်သွား၏။

“တယ်ခက်တဲ့အဘိုးကြီးပဲကွာ၊ အရေးကောင်း ဒီနံ့ခေါင်းချက် ဆိုတာလိုဖြစ်နေပြီ



အသံဖမ်းစက်ကိုမော်တော်ကားပေါ်တင်ပေ့။ အဘိုးကြီးဆီငါကိုယ်တိုင်သွားပြီး အသံဖမ်းယူမယ်”

ထို့နောက်မကြာမီတွင် ဦးပေါ်ကြွယ်သည်ဆရာကြီး၏ အိမ်သို့ရောက်သွားသည်။

“ဘယ်လိုလုပ်တာလဲဆရာကြီးရယ်။ အင်မတန်အရေးကြီးပါတယ် ဆိုနေရက်သားနဲ့ နေမကောင်းဖြစ်ရတယ်တဲ့”

ဦးအောင်မင်္ဂလာက ဦးပေါ်ကြွယ်ကို ပြုံးပြုံးကြည့်ပြီး “မောင်ပေါ်ကြွယ်ပြောပုံက တယ်သင်းသကိုးကွ။ ဘာတဲ့ဘယ်လိုလုပ်တာလဲ ဆရာကြီးရယ်တဲ့။ ဟုတ်လား။ နေထိုင်မကောင်း ဖြစ်အောင် ငါကပဲတမင်လုပ်ထားသလို။ သေနဲ့ကိုယ် သားနဲ့ကိုယ် နေထိုင်မကောင်းဖြစ်တဲ့အခါ လဲ့ရှိမှာပေါ့ကွ။ ငါ့အသက်က ရှစ်ဆယ်တောင်ကျော်နေပေပြီ။ မသေသေးတာဘဲ ကံကောင်းတယ် လို့ဆိုရမယ်”

“ဒါတွေထားပါတော့လေ”ဟု ဦးပေါ်ကြွယ်က စိတ်မရှည်သံမျိုးဖြင့် ပြောလိုက်၏။

“ဒါတွေထားပါတော့ဆိုတော့ ဘယ်ဟာကိုတော့ ဘယ်လိုလုပ်ရမှာတုံး”ဟုဆရာကြီးက သရော်ပြုံးပြုံးကာမေးသည်။

“ဆရာကြီးအတွက်ကျွန်တော်ဆရာဝန်ခေါ်ပေးပါ့မယ်”

“ငါမြန်မြန်နေကောင်းစေချင်သကိုးကွ။ အေးကောင်းသပေ့။ မင်းကဆရာဝန် ခေါ်ပေးမယ်ဆိုတော့ ရှေးကာပုံနှိပ်တိုက်ရှင်တစ်ယောက် သူ့အလုပ်သမားအတွက် ဆရာဝန်ခေါ်ပေး တာကို သွားသတိရတယ်”

“ဟုတ်ကဲ့ အဲဒီအကြောင်းပြောစမ်းပါအုံး”ဟု ဦးပေါ်ကြွယ်ကပြောပြီး အသံဖမ်းစက်ကိုအသင့်ပြင်လေသည်။

“နေမကောင်းတာတောင် မင်းကိစ္စက လုပ်ချင်သေးသကိုးကွ”

“ဆရာကြီးပြောတဲ့ ရှေးဟောင်းနှောင်းဖြစ်တွေမှတ်တမ်းတင်ချင်လို့ပါ။ ပုံနှိပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



ရှင်က ဆရာဝန်ခေါ်ပေးတာ ပြောပါဆရာကြီး"

"ပုံနှိပ်တိုက်တစ်တိုက်မှာ အလုပ်လုပ်တဲ့စက်သမားတစ်ယောက်ဟာ တစ်နေ့တော့ စက်ညှပ်သွားလို့ လက်မှာအကြီးအကျယ်အက်ရာရတယ်၊ ပုံနှိပ်တိုက်ရှင်က သူတို့လက်သုံးဆရာဝန်ကိုလှမ်းခေါ်ပေးခဲ့တယ်။ နောက်ပြီးတော့အဲဒီဆရာဝန်ရဲ့ ဆေးခန်းမှာ ငွေကုန်ကြေးကျခံပြီးကုပေးတယ်"

"ဒီလိုဆိုတော့လဲ အဲဒီပုံနှိပ်တိုက်ရှင်ဟာ အတော်သားပဲ" ဟုဦးပေါ်ကြွယ်ကဆိုင်၏။

"အချိုးမွှမ်းအရင်မလိုနဲ့အုံး၊ စကားဆုံးအောင်နားထောင်အုံး။ အဲ့ဒီအလုပ်သမားဟာ ဆေးခန်းမှာပဲ လက်ဖြတ်ပစ်ရတယ်။ လက်မကောင်းတော့လို့ အလုပ်ဆက်မလုပ်နိုင်ဘူး၊ သူ့မိန်းမက ဈေးရောင်းကျွေးတယ်၊ အလုပ်ရှင်ဆီက လျော်ကြေးလဲမရဘူး၊ အလုပ်ရှင်ကငွေကုန်ကြေးကျခံပြီး ဆေးခန်းမှာကုပေးတာကိုတောင် အလုပ်သမားက ကျေးဇူးတင်နေရသေးတယ်"

"ဟုတ်တာပေါ့ဆရာကြီး၊ ကျေးဇူးတင်လိုက်တာပေါ့။ ဆေးခန်းမှာတောင်ကုပေးတယ် မဟုတ်လား"

"ဆေးခန်းကုပေးတာက ရည်ရွယ်ချက်ရှိလို့ကွ။ အစိုးရဆေးရုံမှာတင်ကုရင် အစိုးရ ဆရာဝန်တွေက လျော်ကြေးရဖို့ကိစ္စ ဆောင်ရွက်ပေးကြမှာစိုးလို့ လျော်ကြေးမပေးရအောင် ဆေးခန်းမှာတိတ်တိတ် ကုပေးလိုက်တာ"

"ဩော်... ဒီလိုကိုး၊ ကျွန်တော်ကဆရာကြီးကို ဆရာဝန်နဲ့ကုပေးချင်တာကတော့ အဲဒီလိုစေတနာမျိုးမဟုတ်ပါဘူး"

"အေးလေ ငါမြန်မြန်နေကောင်းမှ မင်းစာအုပ်မြန်မြန်ထွက်မယ်ဆိုတဲ့ ရည်ရွယ်ချက်မဟုတ်လား။ ငါ့အတွက်တော့မပူပါနဲ့၊ ငါ့သားသွားပြီး ဆရာဝန်ကိုခေါ်နေပါပြီ။ နေကောင်းတဲ့အခါ မင်းဆီလာပြီး အသံသွင်းပေးပါ့မယ်"



"နေမကောင်းတုန်းလည်း တတ်နိုင်သလောက်ပြောပြပါလား ဆရာကြီးရယ်" ဟု ဦးပေါ်ကြွယ်က တောင်းပန်၏။

ဦးအောင်မင်္ဂလာက ဦးပေါ်ကြွယ်ကို မျက်မှောင်ကြုတ်ကာကြည့်ပြီး အကြာကြီးတွေနေ၏။ ထို့နောက်ပြောလိုက်လေသည်။

"ငါနေမကောင်းတုန်း မင်းကငါ့အိမ်လာပြီး အသံသွင်းနေရောဆိုပါတော့၊ ငါနေမကောင်းတာကိုမေးရေစမ်းရအောင်လာတဲ့ တခြားထုတ်ဝေသူတစ်ဦးက မင်းလုပ်နေတာကိုမြင်တော့ အကြံရသွားပြီး ငါ့အတ္ထုပ္ပတ္တိကို သူနည်းသူဟန်နဲ့ မင်းအရင်ထုတ်လိုက်မှာ မစိုးရိမ်ရဘူးလား"

ဦးပေါ်ကြွယ်ကား ဘာစကားမျှမပြောတော့ဘဲ အသံသွင်းစက်ကိုလျှပ်မြန်စွာသိမ်းကာ သုတ်ခြေတင်၍ပြန်သွားလေသတည်း။

(၄)

"ဒီအဘိုးကြီးနဲ့ ဆက်ဆံရတာ အခွံမပါမငွေခံရ၊ ငါတော့လူညံ့ပါးပြီ။ လုပ်လက်စနဲ့မို့သာ ဆက်လုပ်နေရတယ်။ အလုပ်ကိုရပ်တောင်ထားလိုက်ချင်ပြီ။ ဒီသေခါနီးကြီးဟာ ကြာလေဆိုးလေပါပဲကလားကွာ"

ဦးပေါ်ကြွယ်ကား ရုံးကားမဲ့ကာဖြင့် ချွေးသံပါအောင် ညည်းညူနေလေတော့သည်။

"ဘယ်အဘိုးကြီးကို ပြောတာလဲ၊ ဟိုစာရေးဆရာသက်ကျားအိုကြီးကို ပြောတာလား" ဟု ဒေါ်ငွေခင်ကမေး၏။

"ဒီအဘိုးကြီးမဟုတ်လို့ ဘယ်အဘိုးကြီးဖြစ်ရအုံးမှာလဲဟ"

"ဘယ်လိုဖြစ်နေပြန်လို့လဲ"

"သူ့မှာနေထိုင်မကောင်းလိုက်ရတာ မကြာမကြာ၊ နေကောင်းပြန်တော့လဲ ဟိုသွား

www.burmeseclassic.com

www.burmeseclassic.com



ဒီသွားနဲ့ အိမ်မှာနေတယ်လို့မရှိဘူး။ သူ့ကိုအခေါ်ခိုင်းတိုင်း မတွေ့တာများတယ်။ သူ့အကြောင်း စာအုပ်ရေးဖို့ တစ်လလောက်နဲ့ပြီးလိမ့်မယ်လို့မှန်းထားတာ၊ အခုသုံးလကျော်လာပြီး တစ်ဝက် လောက်ပဲပြီးသေးတယ်"

"တစ်နေ့တော့ပြီးမှာပေါ့ကွာ၊ ဒီလောက်ပူမနေစမ်းပါနဲ့"

ဆရာကြီးဦးအောင်မင်္ဂလာ၏အသံကို ကြားလိုက်ရသဖြင့် ဦးပေါ်ကြွယ်သည် ပျာယာ သလဲထကာ ခရီးဦးကြိုပြု၏။

"ဆရာကြီးကို မျှော်လိုက်ရတာဆရာကြီးရယ်"ဟု ဒေါ်ငွေခင်ကပြောသည်။

ဆရာကြီးသည် ကုလားထိုင်တစ်လုံးတွင်ထိုင်ပြီး "အေး-မျှော်လည်းမျှော်၊ ပြောလည်း ပြောပေါ့ကွာ။ လူတွေဟာဒီလိုပဲ ကိုယ့်အလိုဆန္ဒမပြည့်ရင် မကျေနပ်ဘူး။ စိတ်ဆိုးတယ် တစ်ဖက်သားကို အပြစ်တင်တယ်၊ မင်းတို့ပြောနေကြတာကိုငါကြားပါတယ်"ဟုပြောရာ ဦးပေါ်ကြွယ် တို့လင်မယား မျက်ကလဲဆန်ပျာ ဖြစ်ကြရသည်။

"ဘာတွေကြားတာတုန်း ဆရာကြီး"ဟု ဦးပေါ်ကြွယ်က မဝံ့မရဲမေးလိုက်၏။

"စိတ်မကောင်းစရာ၊ ဒေါသထွက်စရာ၊ အကုသိုလ်ဖြစ်စရာကို ထပ်ပြီးမကြားချင်ပါ နဲ့တော့ကွာ။ အေး-မောင်ပေါ်ကြွယ်ကို ငါတစ်ခုတော့ပြောချင်တယ်"

"ဘာပြောချင်သလဲဆရာကြီး"ဟု ဦးပေါ်ကြွယ်ကပျာပျာသလဲမေးသည်။

"မင်းတို့တစ်တွေ ပြောပြောနေကျတဲ့ အကျိုးအမြတ်၊ အကျိုးစီးပွား၊ စီးပွားဥစ္စာ ဆိုတဲ့ အကြောင်းကို ငါသဘောပေါက်သလောက် ပြောချင်တယ်၊ အများအားဖြင့် ထင်နေတာကြ တာက စီးပွားဥစ္စာဆိုတာ ငွေကိုခေါ်တယ်လို့ အဓိပ္ပာယ်ဖွင့်ကြတယ်၊ ဒါဟာတော်တော်သေးနုပ်တဲ့ အယူအဆ၊ အင်မတန်အောက်တန်းကျတဲ့ အတွေးအခေါ်ကွ"

"စီးပွားဥစ္စာဆိုတာ ငွေမဟုတ်ဘဲ ဘာကိုခေါ်တယ်လို့ဆရာကြီးကြားနေလို့လဲ"ဟု



ဦးပေါ်ကြွယ်ကမေး၏။

"စီးပွားဥစ္စာဆိုတာ အကြံအစည်အောင်မြင်ခြင်း၊ စိတ်ချမ်းသာခြင်း၊ ကောင်းကျိုး ချမ်းသာရခြင်း၊ လိုရာဆန္ဒပြည့်ခြင်းစတဲ့ ဣဋ္ဌာရုံတွေကိုခေါ်တာကွ"

"ဆရာကြီးပြောတဲ့ ဣဋ္ဌာရုံတွေဟာ ငွေရှိရင် ရနိုင်ဖြစ်နိုင်တယ် မဟုတ်လားခင်ဗျာ"

"ဣဋ္ဌာရုံတွေပြည့်ဝလို့ အဓိက အချက်က ငွေမဟုတ်ဘူးကွ။ စေတနာမေတ္တာဖြစ် တယ်။ စေတနာမေတ္တာခေါင်းပါးပြီး ငွေသာရှိတဲ့လူဟာ ဘယ်တော့မှစိတ်မချမ်းသာရဘူး။ စိတ်မ ချမ်းသာရရင် စီးပွားဥစ္စာဖြစ်တယ်။ အကျိုးစီးပွားဖြစ်တယ်လို့ ဘယ်မှာခေါ်နိုင်တော့မလဲ"

"ဒါတွေထားပါတော့ ဆရာကြီးရယ်၊ ဆရာကြီးအကြောင်းပဲ ကျွန်တော်မေးပါရစေ၊ ဆရာကြီးအတ္ထုပ္ပတ္တိကို ကျွန်တော်မြန်မြန်ထုတ်ချင်လှပါပြီ"

"ဟုတ်တယ်လေ၊ အခုငါပြောနေတာတွေဟာ ငါ့အတ္ထုပ္ပတ္တိစာအုပ်ထဲမှာ ထည့်သင့် ထည့်ထိုက်တဲ့ အကြောင်းအရာတွေကွ"

"ဟုတ်ကဲ့ ဒီလိုပြောတာ ကျွန်တော်ကျေနပ်ပါတယ်။ အတ္ထုပ္ပတ္တိထဲမှာ ကျွန်တော် ထည့်ရေးပါ့မယ်"

"အေး-မင်းက ငါ့အတ္ထုပ္ပတ္တိရေးမယ်ဆိုတော့ တစ်ခါကငါရေးဖူးတဲ့ ဝတ္ထုကလေးတစ် ခုကိုသတိရလာတယ်"

"ပြောပြပါခင်ဗျာ၊ အတ္ထုပ္ပတ္တိထဲမှာ ထည့်သင့်ရင်ထည့်ရအောင်"

"စာရေးဆရာကြီးတစ်ယောက်ပေါ့ကွာ၊ ငါ့လိုစာရေးဆရာကြီးပဲ ဆိုပါတော့၊ အဲဒီ စာရေးဆရာကြီးက သူသေသွားရင် သူ့အတ္ထုပ္ပတ္တိကို ရေးစေချင်လို့ သူ့တပည့်တစ်ယောက်ကို စုံလင်လင်ပြောပြသတဲ့၊ အခုငါကမင့်ကို ပြောပြသလိုပဲ ဆိုပါတော့၊ အားလုံးပြောပြပြီးလို့ ကြာခင်ဘဲ အဲဒီတပည့်သေသွားရှာရောသတဲ့"

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်ကတော့ မသေနိုင်ပါဘူး ဆရာကြီး" ဟု ဦးပေါ်ကြွယ်ကပြော၏။

"ဟုတ်ပါတယ်၊ မင်းသေမယ်လို့ ငါကပြောတာမဟုတ်ပါဘူး၊ ငါ့ဝတ္ထုထဲက ဇာတ်လမ်းကိုပြောပြတာပါ"

"ဆရာကြီး ဝတ္ထုက ဒါပဲလား"

"မဆုံးသေးပါဘူး၊ စာရေးဆရာကြီးက ဒီတစ်ခါတော့ တစ်ယောက်တည်းကိုသာ မဟုတ်ပဲ၊ စာရေးဆရာအများကို သူ့အတ္ထုပ္ပတ္တိပြောပြသတဲ့၊ မဆိုစကောင်း တစ်ယောက်ယောက်သေရင် ကျန်တဲ့လူတွေရေးနိုင်အောင်ပေါ့၊ ဒီတစ်ခါတော့ စာရေးဆရာကြီးသေသွားရုတယ်၊ သူ့အတ္ထုပ္ပတ္တိကို သိတဲ့လူတွေကများတော့ သူရေးလိမ့်မယ်၊ ငါရေးလိမ့်မယ်နဲ့ ဘယ်သူမှမရေးဖြစ်ကြတော့ဘူးတဲ့"

"ကျွန်တော်ကတော့ မသေမပျောက်တဲ့ ဆရာကြီးအတ္ထုပ္ပတ္တိကို တကယ်ရေးမှာပါ" ဟု ဦးပေါ်ကြွယ်ကပြော၏။

(၅)

ဆရာကြီးဦးအောင်မင်္ဂလာ၏ အတ္ထုပ္ပတ္တိကို ဦးပေါ်ကြွယ်ရေးရန်အတွက် အသံသွင်းခဲ့သည်မှာ ၆-လခန့်ကြာသောအခါတွင်မှ လုံးဝပြီးစီးလေတော့သည်။

ဦးပေါ်ကြွယ်က ဝမ်းသာအားရပြော၏။ "ဆရာကြီးကို အထူးကျေးဇူးတင်ပါတယ်၊ စာအုပ်ထွက်ပြီးတဲ့အခါ ဆရာကြီးကို ကျွန်တော်ကန်တော့ပါမယ်"

"အေးဟင်း…အဟင်း…"

ဆရာကြီးက လှောင်ရယ်ရယ်ပြီးပြောသေး၏။

"မောင်ပေါ်ကြွယ် မသေမချင်းမှတ်ထားဖို့ ပြောရအုံးမယ်၊ ငါကထုတ်ဝေသူ ငါ့ချင်တာရေးပြီးထုတ်မှာပေါ့ဆိုတဲ့ သဘောနဲ့အခု ငါ့အတ္ထုပ္ပတ္တိကို မောင်ပေါ်ကြွယ်ရေးပြီး ထုတ်မှာပဲမဟုတ်လား၊ အေး…စာပေဆိုတာ ကကြိုးခကွေးအက္ခရာတွေကို ရေးတာခြစ်တာမဟုတ်ဘူးကွ၊ စိတ်ကိုရေးတာ၊ တခြားနည်းပြောရရင် စာပေပီသတဲ့ စာပေကို လူတိုင်းထရေးလို့ဖြစ်တာမျိုးမဟုတ်ဘူး၊ စာပေအနုပညာရှင်တွေသာ ရေးနိုင်တာ၊ မင်းကိုယ်တိုင် ရေးကြည့်တော့ သိပါလိမ့်မယ်ကွာ"



ဆရာကြီးသည် စိတ်ထဲရှိရာ ပါးစပ်ထဲတွေ့ရာတွေကို ရော်ရမ်းမယ်ဖွဲ့ လျှောက်ပြောခြင်းဖြစ်သည်။ တစ်နည်းပြောရလျှင် ဆရာကြီးသည် စာရေးဆရာတွေကို သိဒ္ဓိတင်လွန်းခြင်းဖြစ်သည်ဟု ဦးပေါ်ကြွယ်အယူရှိပြီး ပြောင်မြောက်သောစာတစ်အုပ်ဖြစ်အောင် ရေးပါသော်ကောဟု အားတင်းကာရေးရန် ကြိုးစားစိုင်းပြင်းလေသည်။

ဦးပေါ်ကြွယ်၏ စာရေးစားပွဲပေါ်တွင် လက်နှိပ်စက်ရိုက်ထားသော စာရွက်တွေတစ်ကြီး တစ်ထပ်ကြီးရှိ၏။ ဦးပေါ်ကြွယ်၏အမေး ဆရာကြီး၏အဖြေများကို အသံသွင်းစက်ဖွင့်ပြီး လက်နှိပ်စက်ကျွမ်းကျင်သူက ရိုက်ထားသည့်စာရွက်များဖြစ်သည်။

ဦးပေါ်ကြွယ်သည် ထိုစာရွက်များကိုဖတ်ရင်း ဘာကစပြီး ဘယ်လိုရေးရမည်မသိသဖြင့် စိတ်အိုက်နေ၏။ ကြံရာမရဖြစ်နေ၏။ ဇောချွေးပြန်နေသတည်း။

ဖြစ်လိုဖြစ်ငြား စမ်း၍ရေး၏။ စ၍ရေး၏။ သို့သော မိမိရေးသည်ကို မိမိကိုယ်တိုင် သဘောမကျ။ ထို့ကြောင့် ရေးပြီးစက္ကူများကို စုတ်ဖြဲကာ စက္ကူစုတ်ခြင်းထဲသို့ထည့်လိုက်ရ၏။

ထပ်၍ရေးပြန်၏။ စိတ်တိုင်းကျမဖြစ်၊ သုတ်ဖြဲပစ်၏။ ခြင်းထဲသို့ပစ်ထည့်လိုက်ရပြန်၏။

နားထဲမှာလည်းကြားယောင်လာ၏။

"စာပေပီသတဲ့ စာပေကို လူတိုင်းထရေးလို့ဖြစ်တာမဟုတ်ဘူး၊ စာပေအနုပညာရှင်တွေသာ ရေးနိုင်တာ"

www.burmeseclassic.com

www.burmeseclassic.com



ဆရာကြီး ဦးအောင်မင်္ဂလာ၏အသံကြီး။

ယင်းသို့ရေး-သုတ်၊ ရေးသုတ်ဖြင့် ရက်ပေါင်းအတော်ကြာညောင်း၍ သွားသောအခါ ဘာပဲဖြစ်ဖြစ် ကောင်းကောင်း ဆိုးဆိုး စာဖြစ်ရင်တော်ပြီ၊ စာအုပ်ထွက်လာရင် ကျေနပ်ပြီဟူသော သဘောဖြင့် ဦးပေါကြွယ်ဆက်ကာဆက်ကာ ရေးလေတော့သတည်း။

(၆)

တစ်နေ့တွင် ဦးပေါကြွယ်နှင့် ဒေါ်ငွေခင်တို့သည် သတင်းစာတွေပါလာသော ကြော်ငြာကို ကြည့်ရင်း စိတ်ဆိုးရမှာလား၊ ကျေနပ်ရမှာလား၊ ဝမ်းနည်းရမှာလား၊ ဝမ်းသာရမှာလား ဝေခွဲဆုံးဖြတ်၍ မရနိုင်အောင်ဖြစ်နေကြလေသည်။

အောင်မင်္ဂလာ ကိုယ်တိုင်ရေးသားသော

"အောင်မင်္ဂလာဘဝ" အတ္ထုပ္ပတ္တိ ထွက်ပြီ။

ကြော်ငြာကို ဖတ်ကြည့်ပြီးနောက် ဦးပေါကြွယ်က အသံကလေးယဲ့ယဲ့ဖြင့် ညည်းတွားလိုက်၏။

"ဆရာကြီးကိုယ်တိုင် ရေးတာဟာ ငါရေးတာထက်တော့ ကောင်းမှာပါပဲကွာ"

ရန်အောင်



# ဇာတ်ချင်း ခင်နှင့်မောင်မတူ

(၁)

ဒုတိယကမ္ဘာစစ်ကြီးအတွင်းကပေါ့ ခင်ဗျာ။

မင်းကြီးဦးထွန်းမြတ်တို့မိသားစု ကျွန်တော်တို့ရွာကို စစ်ပြေးအဖြစ်နဲ့ ရောက်လာကြတယ်၊ ဦးထွန်းမြတ်ရယ်၊ သူ့မိန်းမရယ်၊ သူ့သမီး ခင်မျိုးမြတ်ရယ်၊ အစေခံအဘိုးကြီး ဦးတုတ်ရယ်ပေါ့ ခင်ဗျာ။

ဦးထွန်းမြတ်တို့က လူချမ်းသာတွေဖြစ်လို့ စိန်တွေ၊ ရွှေတွေ၊ ငွေတွေအများကြီး ပါလာတယ်လို့ ရွာသူရွာသားတွေက ပြောကြတယ်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ရွာသား ဦးပဉ္စင်းလူထွက် ကိုသာအေးပြောတာကတော့ "တို့ရွာက ဧရာဝတီမြစ်ကမ်းမှာရှိလို့ ရေလမ်းပေါက်ပေမယ့် မီးရထားလမ်းတို့ မော်တော်ကားလမ်းတို့ မရှိလို့ ကုန်းလမ်းမပေါက်ဘူး။ ဂျပန်စစ်သားတွေဟာ ကုန်းလမ်းကအလာများတော့ တို့ရွာကို ရောက်ဖို့ ခဲယဉ်းတယ်၊ ဦးထွန်းမြတ်က အင်္ဂလိပ်လက်ထက်က မင်းကြီးဆိုတော့ ဂျပန်စစ်သား စစ်သားတွေကို အလွန်ကြောက်လို့ ဂျပန်စစ်သားတွေ အရောက်အပေါက်နည်းမယ့် တို့ရွာကို လာနေကြတာ"

ဦးထွန်းမြတ်တို့ ကျွန်တော်တို့ရွာကို ရောက်လာပြီး ဗိုလ်တဲမှာ တည်းတယ်ဆိုရင်ပဲ သူကြီးနဲ့ရွာသားတွေဟာ ဦးထွန်းမြတ်ထံသွားပြီး နှုတ်ဆက်ကြတယ်။ "ခိုင်းစရာ၊ စေစရာရှိရင် ဘာမှအားမနာပါနဲ့ခိုင်းပါ" လို့ ပြောကြတယ်။

ဒီတော့ ဦးထွန်းမြတ်က သူတည်းတဲ့ ဗိုလ်တဲပတ်ဝန်းကျင်မှာ ဆူးတပ်ခတ်ချင်တယ် လို့ပြောတယ်။

ရွာနဲ့ဗိုလ်တဲက တော်တော်ဝေးတော့ ညမှုညတာအတွက် စိုးရိမ်ဟန်တူပါတယ်။

ကျွန်တော်တို့ရွာသားတွေက ချက်ချင်းပဲ ဗိုလ်တဲပတ်ပတ်လည် ဆူးတပ်ခတ်ပြီး ဝင်ပေါက်မှာ တံခါးတပ်ထားတယ်။ အဲဒီဆူးတပ်ခတ်သူမှာ ကျွန်တော်လဲပါတာပေါ့။

ဆူးတပ်ခတ်ပေးတဲ့လူတွေကို ငွေတွေဆုချပါတယ်။ တော်တော်သဘောသကာ ကောင်းတဲ့ လူကြီးပါပဲ ခင်ဗျာ။

နောက်ပြီးတော့ တစ်ညတစ်ညမှာ ရွာသား ၅-ယောက်ကျ ဗိုလ်တဲမှာကင်းစောင့်ဖို့ သူကြီးကိုပြောလို့ သူကြီးက ဦးထွန်းမြတ်ဆန္ဒအတိုင်း ရွာသားတွေကို တစ်ည ၅-ယောက်ကျ ကင်းစောင့်ခိုင်းပါတယ်။

အဲဒီလို ကင်းစောင့်တဲ့ လူတွေကိုလဲ ပိုက်ဆံပေးသေးတယ်ခင်ဗျ။ ပိုက်ဆံရ[illegible]



သိတော့ သူကင်းစောင့်မယ် ငါကင်းစောင့်မယ်နဲ့ လုနေကြတဲ့အတွက် အလှည့်နဲ့စောင့်ကြရတယ်။

တစ်ညမှာတော့ ဦးပဉ္စင်းလူထွက် ကိုသာအေးရယ်၊ ကျွန်တော်ရယ်၊ ရွာသား ၃-ယောက်ရယ် ကင်းစောင့်အလှည့်ကျတယ် ခင်ဗျာ။

ကျွန်တော်တို့ရောက်လို့ မကြာခင်မှာပဲ ကျွန်တော်တို့ကို ကော်ဖီရည်တွေတိုက်တယ် ပေါင်မုန့်ခြောက်ဆိုတာလဲ ကျွေးတယ်ခင်ဗျ။

ကာဖီရည်တို့ ပေါင်မုန့်ခြောက်တို့ဆိုတာ ကျွန်တော်တို့ရွာမှာ စားရသောက်ရခဲပါပြီးခြင်း ဖြစ်တော့ ဟက်ဟက်ပက်ပက်စားကြသောက်ကြတာပေါ့ ခင်ဗျာ။

ဦးပဉ္စင်းလူထွက် ကိုသာအေးက စာတော်တော်တတ်တဲ့အပြင် ကဗျာလည်းစပ်တယ်လို့ စာတစ်ပုဒ်ချိုးလိုက်တယ်ခင်ဗျ။

ကော်ဖီရည်
ကောင်းပေရဲ့အတူ။
ပေါင်မုန့်ခြောက်ကိုလ
တစ်ဂျောက်ဂျောက်ကိုက်ကာ
ဝါးလို့
စားရမေ့ဘူး။

တော်တော်ကလေး ညဉ့်နက်လာတယ်ဆိုရင်ပဲ ကျွန်တော်တို့အိပ်ချင်မှာစိုးလို့တဲ့ လက်ဖက်သုပ်နဲ့ လက်ဖက်ရည်ကြမ်းတွေပေးတယ်။

အင်း…ကျွန်တော်တို့ရွာသားတွေ ကင်းစောင့်ချင်ကြတာဟာ ပိုက်ဆံရဖို့တင်မကဘဲ [illegible]ကြိုက်ပြီ ဗိုက်လန်အဝနှံ့ရတဲ့အတွက် ကင်းစောင့်ချင်ကြတာကိုလို့ သဘောပေါက်သွားတော့တာပါပဲ။

အဲဒီလို ကင်းစောင့်ရင်းတွေ့ရတဲ့ထူးခြားချက် တစ်ခုကတော့ ဗိုလ်တဲပေါ်က တန်တန်

www.burmeseclassic.com

www.burmeseclassic.com



တိန်တိန်မြည်တဲ့ အသံပဲခင်ဗျ။

"ကိုသာအေးရေ-အခုကြားရတာ ဘာသံလဲခင်ဗျ" လို့ ကျွန်တော်က မေးလိုက်တော့ ကိုသာအေးက "စန္ဒရားသံကွ" တဲ့။

စန္ဒရားဆိုတာကို ကြားတော့ကြားဖူးပါရဲ့ အသံကိုတော့ တစ်ခါမှနားမထောင်ဖူးဘူး။ သီချင်းဆိုသံကိုလည်းကြားရတယ်၊ မိန်းကလေးတစ်ယောက်ရဲ့ အသံဖြစ်လို့ မင်းကြီးသမီးအသံပဲဆိုတာသိပါတယ်။

တော်တော်ကောင်းတဲ့ အသံပါပဲခင်ဗျ။ အသံကောင်းသလောက် ရုပ်ချောမယ်ဆိုရင်တော့ ဘယ်ပြောကောင်းလိမ့်မယ်လဲ ခင်ဗျာ၊ နတ်သမီးကလေးလောက်လှမှာပဲ။

သက်ကြီးခေါင်းချ ကြက်တွန်ချိန်လောက်ကျတော့ သီချင်းသံရော စန္ဒရားသံပါ ပျောက်သွားတော့တာပါပဲ။

ဗိုလ်တဲပေါ်က ဘာသံမှမကြားရပဲ တိတ်ဆိတ်ငြိမ်သက်နေတဲ့အချိန်မှာ ကိုသာအေး သီချင်းတစ်ပုဒ်တီးတိုးဆိုပြတယ်။ သူ့သီချင်းက မိန်းကလေးချောကြောင်း လှကြောင်းဖွဲ့တဲ့ သီချင်းခင်ဗျ။ ကောင်းလွန်းလို့ စာရွက်တစ်ရွက်နဲ့ ကျွန်တော်ရေးယူပြီး အရကျက်ထားရတယ်။

(၂)

နောက်နေ့ကျတော့ ဗိုလ်တဲနားမှာ ကျွန်တော်နွားကျောင်းတယ်၊ မင်းကြီးသမီးကို မြင်ချင်လို့ခင်ဗျ။

ဟော-မြင်ရပါပြီ၊ မင်းကြီးသမီးလေးဟာ ဗိုလ်တဲဝရန်တာမှာ ထွက်ရပ်တယ်ခင်ဗျ။ လှသမှ တော်တော်ကြီးလှပါတယ်ခင်ဗျာ။ ဒီလောက်လှတဲ့မိန်းကလေးမျိုး ကျွန်တော်တစ်ခါမှ မမြင်ဖူးပါဘူး။



အဲဒီနေ့ကစပြီး ကျွန်တော်ဟာ ဗိုလ်တဲနားမှာပဲ နွားကျောင်းရင်း ကိုသာအေး ပြောသလို "စက္ခုရူပေနသံဝါသ" လုပ်နေမိပါတယ်။

တစ်ညမှာတော့ ကျွန်တော်နဲ့တစ်ခြားရွာသား ၄-ယောက်တို့ ကင်းစောင့်ဖို့ အလှည့်ကျပါတယ်။ ဝါဆိုလဆန်း ၁၄-ရက်နေ့ ခင်ဗျ။ အဲဒီညမှာ ဗိုလ်တဲပေါ်က မင်းကြီးတို့မိသားစုဟာ တော်တော်ညဉ့်နက်အောင်မအိပ်ပဲ တစ်လှုပ်လှုပ်၊ တစ်ရှုပ်ရှုပ်လုပ်နေကြတာကို ဗိုလ်တဲအောက်မှာကင်းစောင့်နေတဲ့ ကျွန်တော်တို့သိရပါတယ်။

မနက်ဝေလီဝေလင်းအချိန်လောက်ရောက်တော့ ဗိုလ်တဲပေါ်က မင်းကြီးသမီး ခင်မိုးမြတ်နဲ့ အစေခံအဘိုးကြီးတို့ ဆင်းလာကြပါတယ်၊ ခင်မိုးမြတ်လက်ထဲမှာ ပန်းအိုးကလေး ကိုင်လို့၊ အဘိုးကြီးလက်ထဲမှာ ဆွမ်းတော်တင်လင်ပန်းကိုင်လို့။

ခင်မိုးမြတ်က ကျွန်တော့်ဆီလာပြီး "ဟောဟိုတောင်ကုန်းပေါ်က စေတီတော်မှာ ဆွမ်းတော်တင်ချင်လို့ လိုက်ပို့ပါလားရှင်" လို့ပြောပါတယ်။

"ဟုတ်ကဲ့၊ ပို့ပါ့မယ်" လို့ ကျွန်တော်ကပြောပြီး ခင်မိုးမြတ်တို့နှင့်အတူ ထွက်လာခဲ့ကြပါတယ်။

စေတီတော်ရှိတဲ့ တောင်ကုန်းကလေးပေါ်ကို တက်ရင်း ခင်မိုးမြတ်က "ဒီဘုရားကို ဘာဘုရားခေါ်သလဲရှင်" လို့မေးပါတယ်။

"နတ်တော်ဘုရားလို့ခေါ်ပါတယ်၊ မင်းတုန်းမင်းကြီးလက်ထက်က မင်းတုန်းမင်းကြီးရဲ့ နန်းသင့်ရာ အင်္ဂါထောင့်မှာ တည်ထားတဲ့ဘုရားဖြစ်ပါတယ်" လို့ကျွန်တော်ကပြောပြလိုက်ပါတယ်။

စေတီတော်မှာ ဆွမ်းတော်တင်၊ ပန်းကပ်၊ ရေချမ်းကပ်ပြီး ကျွန်တော်တို့သုံးယောက် ဘုရားရှိခိုးကြပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်နဲ့ခင်မျိုးမြတ်ဟာ ပရိယာယ် ဘဝအဆက်ဆက်က ရေစက်ဆုံစည်ကြဖို့အတွက် အခုလိုတွေ့ကြရပြီး စေတီတော်မှာ ကုသိုလ်ကောင်းမှု အတူပြုကြရတယ်၊ နောင်ဘဝမှာလဲ တွေ့ကြရအုံးမယ်ထင်တယ်"

ခုဘဝမှာလဲ ရေစက်စုံပြီး…အဲ…အဲ ကျွန်တော့်အတွေးတွေဟာ မီးခိုးမဆုံးမြူမဆုံး ဆိုတာလိုပါပဲ။ စေတီတော်က ထွက်လာခဲ့ကြတဲ့အခါမှာ ခင်မျိုးမြတ်ကရှေ့က၊ ကျွန်တော်က နောက်က ပြန်လာကြတော့၊ ခင်မျိုးမြတ်ကို ကျွန်တော်အားရပါးရကြည့်ရပါတယ်။

ခင်မျိုးမြတ်ဟာ မျက်နှာကလေးသာ ချောတာမဟုတ်ပါဘူး၊ ကိုယ်လုံးကိုယ်ပေါက်ကလေးက အင်မတန်ချော၊ အင်မတန်လှ၊ အလွန်တစ်ရာပဲ တင့်တယ်ပါတယ်၊ သွားပုံလေးကလေးကလည်း ညက်ညောပါဘိသနဲ့။

ကျွန်တော် သူ့နောက်ကလိုက်ပြီး သူ့ကို တစ်စိမ့်စိမ့်ကြည့်ရတာကြည့်လို့ မဝနိုင်ပါဘူး ခင်ဗျာ။ ခင်မျိုးမြတ်ကို ဗိုလ်တဲရောက်အောင်ပြန်ပို့ပြီး ကျွန်တော်ရွာကိုပြန်လာခဲ့တယ်။

ရွာရောက်တော့ ကိုသာအေးနဲ့တွေ့လို့ အကျိုးအကြောင်းပြောပြတော့ ကိုသာအေးက သူ့ကျက်မှတ်ရရှိထားတဲ့ကဗျာကို ရွတ်ပြပါတယ်။

"သောက်ရောင်ခြည်ကျော်၊ နေဝန်းပေါ်က၊ ကမ်းမော်အတွက်၊ စေတီမြတ်ဝယ် ဆွမ်းကပ်ပန်းတင်၊ သွန်ရေစင်နှင့်၊ မင်္ဂလာဆောင်မင်း၊ ဖွဲ့နှန်ဆင်းသို့၊ စိတ်ချင်းခင်နှင့်မောင်အတူ"

ကိုသာအေးရွတ်ပြတဲ့ ကဗျာကို ကျွန်တော်သဘောကျလွန်းလို့ စာရွက်ထဲမှာရေးပြီး အလွတ်ရအောင် ကျက်ထားရတယ်။

(၃)

အဲဒီနောက်တော့ ကျွန်တော်နဲ့ခင်မျိုးမြတ်ဟာ ယယ်ပေါင်းကြီးဖော်တွေလို ခင်မင်



သွားကြပါတယ်။ အဲ…တစ်နေ့မှာတော့ တော်တော်ထူးခြားတဲ့အဖြစ်တစ်ခု ကြုံရပါတယ်။ ဝါခေါင်လ မြစ်ရေတွေ ဖောင်ဖောင်လျှံတက်ပြီး ရေကြီးတဲ့အခါဖြစ်လို့ မြစ်ထဲကရေတွေဟာ ချောင်းထဲထိအောင် ဝင်လာလို့ ချောင်းရိုးတစ်လျှောက် ရေတွေပြည့်နေပါတယ်။

အဲဒီအချိန်မှာ ဗိုလ်တဲနား နွားကျောင်းနေတဲ့ ကျွန်တော့်ကိုက ခင်မျိုးမြတ်ကခေါ်ပြီး "ကိုအောင်ထူးလှေလှော်တတ်သလား" လို့မေးတော့ "လှော်တတ်ပါတယ်" လို့ပြန်ပြောလိုက်တယ်။

"လှေလှော်တတ်ရင် ချောင်းရိုးလျှောက်ပြီး လှေစီးရအောင်ရှင်" လို့ပြောတဲ့အတွက် ကျွန်တော်တို့နှစ်ယောက် ချောင်းကမ်းစပ်ကို လျှောက်ခဲ့ကြပြီး ကမ်းစပ်မှာဆိုက်ထားတဲ့ လှေကလေးတစ်စင်းပေါ်တက်ကြပါတယ်။

ခင်မျိုးမြတ်က လှေဦးမှာထိုင်၊ ကျွန်တော်ကလှေပဲ့မှာထိုင်ပြီး လှော်ခဲ့တာပေါ့ခင်ဗျာ။

အချိန်က ညနေအေးဖြစ်လို့ တော်တော်ကြည်နူးစရာကောင်းပါတယ်။ ခင်မျိုးမြတ် ခေါင်းမှာလဲ ပန်းတွေဝေနေအောင်ပန်ထားတယ်ခင်ဗျ။

ကျွန်တော်လှေကို ချောင်းဟူးဆီလှော်ခဲ့တယ်။ တော်တော်လှော်မိတော့ ခင်မျိုးမြတ်က "ကိုအောင်ထူး သီချင်းမရဘူးလား" လို့မေးတယ်။

"ဟုတ်ကဲ့ သီချင်းနည်းနည်းပါးပါးတော့ရပါတယ်" လို့ကျွန်တော်ကပြန်ပြောလိုက်တယ်။

"ရရင် ဆိုရှင်…"

ကျွန်တော်ရထားတဲ့သီချင်းကို ဆိုပြလိုက်ပါတယ်။ ဗိုလ်တဲကို ကင်းစောင့်ရင်း ကိုသာအေးဆိုလို့ ကျွန်တော်ကူးယူ ကျက်မှတ်ထားတဲ့သီချင်းပါ။

"ကောင်းခြောက်ဆယ်လေးရပ်၊ သွေးထပ်ရုပ်ညီ၊ ရေနှံပါတ်ထုတ်မှီတယ်၊ မုဿတီ ချက်ထား၊ ပိဋကတ် ကိန်းရှိလို့၊ တသိဂီ ယိုးတော့မမှား။"

www.burmeseclassic.com

www.burmeseclassic.com



"ဥမ္မဒ ရစာမယ်လို့ နတ္တာတယ်အသား၊ သမုန္ဒယ်နုတ်ဖုရား၊ ပတ္တမြားသဖွယ် ကြယ်ဥက္ကာ ညဥ့်ရောင်မီးလို၊ ခင်မောင်ကြီးထင်လိုက်လှတယ်။

"မြင့်ဆောင်းထီးညောင်လယ်မှာ၊ ချစ်စဖွယ်ပဝင်းလို့ လမင်းထက်နှစ်လေးသား အေးမြလိုက်တာ၊ မြင်ရသူဖေသက်သာတယ်၊ ရွှေမျက်နှာ ကြည်လွန်းလို့လေး"။

ကျွန်တော်သီချင်းဆိုပြီးတော့ ခပ်ရှက်ရှက်ဖြစ်တာနဲ့ မျက်နှာကိုလွှဲထားလိုက်ပါတယ်။

"အံမယ်၊ ကိုအောင်ထူးက သီချင်းဆိုအကောင်းသားပဲ၊ သီချင်းကလဲ ကောင်းတယ် နော်၊ ရှေးသီချင်းကြီးရှင့်"လို့ချီးမွမ်းပါတယ်။

အဲဒီနေ့က တော်တော်မိုးချုပ်မှ ဗိုလ်တဲပြန်ရောက်ပါတယ်။ ကျွန်တော်ဗိုလ်တဲက ရွာကိုပြန်ရောက်တော့ ကိုသာအေးနဲ့တွေ့လို့ ဖြစ်ကြောင်းကုန်စင်ပြောပြတဲ့အခါ ကိုသာအေးက သူ့ရေးထားတဲ့ကဗျာလေးကို ရွတ်ပြပါတယ်။

"ရောင်စုံတိမ်သွေး၊ ညနေအေးက၊ ယီးလေးသံချိုး သာယာဆိုလျက်၊ နွယ်ညိုပန်း လျှင်၊ ဝေဝေဆင်၍၊ မြစ်ပြင်ဂယက်၊ နေခြည်လက်ဝယ်၊ ရွှေထက်မြိုင်မြိုင်၊ ငွေရှက်ပြိုင်နှင့် လှိုင်လှိုင်ပျော်ခင်း၊ ရှင်ရှင်ကျင်းဖို့၊ စိတ်ချင်း ခင်နှင့်မောင်အတူ"

ခင်မိုးမြတ်နဲ့ ကျွန်တော်ဟာ တစ်နေ့ထက်တစ်နေ့ ခင်မင်ရင်းနှီးလာကြပါတယ်။ ဒိုင်းစရာရှိရင်လည်း ကျွန်တော့်ပဲ၊ ကျွေးစရာရှိရင်လည်း ကျွန်တော့်ပဲ၊ လမ်းလျှောက်ထွက်ရင် လည်း ကျွန်တော်နှင့်အတူတူပဲ။

ရွာသားတွေကပြောကြတယ်။

"ဖိုးအောင်ထူးတစ်ယောက်တော့ မင်းကြီး သမက်ဖြစ်တော့မယ်"တဲ့။

သို့ပေမယ့် ကိုသာအေးကတော့ "အမြင့်လှမ်းလွန်းရင် ပေါင်ကားပြီး ဒုက္ခရောက် တတ်တယ်"တဲ့။



(၄)

တစ်နေ့မှာတော့ ခင်မိုးမြတ်က ကျွန်တော်ကိုခေါ်ပြီး "ကိုအောင်ထူး၊ စစ်ကြီးပြီး သွားပြီ ရေဒီယိုက အသံလွှင့်ပြောတယ်"လို့ပြော ကျွန်တော်ဝမ်းသာလွန်းလို့ ထတောင်ကချင်စိတ် ပေါက်လာပါတယ်။

သို့ပေမယ့် ခင်မိုးမြတ်ဆက်ပြောတဲ့ စကားကို ကြားရပြန်တော့ ခင်မိုးမြတ်နဲ့ ကျွန်တော်နဲ့ ကွဲကွာကွေကွင်းရတဲ့ စကားက "ကျွန်မတို့သဘက်ခါ ရန်ကုန်ပြန်တော့မယ်"တဲ့။

အဲဒီညမှာတော့ ကျွန်တော်တစ်ရေးမှ အိပ်မပျော်တော့ပါဘူး။ ခင်မိုးမြတ်နဲ့ ခွဲရ တော့မှာပါလားလို့ တွေးပြီး အသွေးကြီး အပူကြီးပူနေတော့တာပါပဲ။

နောက်နေ့ကျတော့ ကိုသာအေး ကျွန်တော့်ထံပေါက်လာပြီး "ဟေ့…အောင်ထူး မင်းကို မင်းကြီးသမီးကခေါ်နေတယ်"လို့ပြောတော့ ကျွန်တော်ဝမ်းသာလုံးဆို့ပြီး ဗိုလ်တဲကို အသုန်ပေါက်ပြေးခဲ့တော့တာပါပဲ။

ခင်မိုးမြတ်နဲ့တွေ့တော့ "ကိုအောင်၊ ကျွန်မတို့ နက်ဖြန်ခါ ရန်ကုန်ကိုပြန်တော့မယ်လို့ လိုက်နိုင်ရင် ခေါ်သွားချင်တယ်"လို့ပြောတော့ ကျွန်တော်ဝမ်းသာလုံးဆို့ပြီး ထပြီး ကျွမ်းထိုး ချင်စိတ်ပေါက်လာတယ်။

"ကျွန်တော် လိုက်ခဲ့ပါ့မယ်"လို့ အားတက်သရော ပြန်ပြောလိုက်ရတယ်။

အဲဒီနေ့ညမှာပဲ ကျွန်တော်ဝမ်းသာလုံးဆို့ပြီး အိပ်မပျော်ပြန်ပါဘူးခင်ဗျာ။ တယ်ခက် ပါလားနော်၊ စိတ်မချမ်းသာပြန်တော့လဲ ဒုက္ခ၊ ဝမ်းသာပြန်တော့လဲဒုက္ခပါပဲလား ခင်ဗျာ။

နောက်နေ့ကျတော့ ခင်မိုးမြတ်တို့ မိသားစုနဲ့အတူ ကျွန်တော်ပါလှေကြီးတစ်စင်း စီးခဲ့ရပါတယ်။ ကျွန်တော်တော့ ပျော်လို့မဆုံး၊ မော်လို့မဆုံးပေါ့လေ။

မော်တော်ကားလမ်းရှိတဲ့ မြို့တစ်မြို့ကိုရောက်တော့မှ မော်တော်ကားနဲ့ ရန်ကုန်မြို့ကို

www.burmeseclassic.com

www.burmeseclassic.com



လာခဲ့ကြတာ၊ ချောချောမောမောရောက်ကြတော့တာပါပဲ။

(၅)

ခင်မျိုးမြတ်တို့ တိုက်ကြီးက ကန်တော်ကြီး အနီးမှာခင်ဗျ။ ကြီးကကြီးပါဘိသနဲ့ နှစ်ထပ်တိုက်ကြီးဖြစ်လို့ ကျွန်တော့်အတွက် အောက်ထပ်မှာ အခန်းတစ်ခန်းပေးထားတယ်။

ကျွန်တော်မှာ တိုက်ကြီးနဲ့နေ အဝတ်ကောင်းဝတ်၊ အစားကောင်းစားရလို့ပဲ ပီးလို့ချောလို့၊ လှလို့ပေါ့ခင်ဗျာ။ ကျွန်တော်တို့ရွာက တောသားတွေ ကျွန်တော့်ကိုမြင်ရင် မှတ်မိမှမှတ်မိပါ့တော့မလားလို့ ထင်မိတယ်။

ခင်မျိုးမြတ်ကလဲ ကောင်းရှာပါတယ်။ ကျွန်တော့်ကို "ကိုအောင်-ကိုအောင်" နဲ့ ခေါ်ပြီး အင်မတန်အရေးပေး ဂရုစိုက်ရှာတယ်။ စားကောင်းသောက်ဖွယ်ကလေးများနဲ့ ကျွန်တော့်ကို ခေါ်ခေါ်ကျွေးတယ်။

ကျွန်တော်နေရတဲ့တိုက်ဟာ အဆောက်အအုံကြီးနဲ့ ကျွန်တော်ဝတ်ရ၊ စားရတာတွေ ကြည့်ပြီး တစ်ကယ်မှ ဟုတ်ပါလေလား၊ အိပ်မက်များလားလို့တောင် ထင်မိပါတယ်။

တစ်နေ့နေ့မှာ ခင်မျိုးမြတ်နဲ့ နီးရတော့မှာ အမှန်ပဲလို့ တွေးပြီး ကျွန်တော်အတိုင်း မသိ ဝမ်းသာရပါတယ်။

ဝမ်းသာရုံနဲ့လည်း မပြီးသေးဘူး၊ ကျွန်တော်ဟာ ခင်မျိုးမြတ်နဲ့ ထိုက်တန်သူဖြစ်အောင် ကြိုးစားရလိမ့်မယ်။ ဒါကြောင့် တစ်နေ့မှာတော့ ကျွန်တော်က ခင်မျိုးမြတ်ကိုပြောမြရတယ်။

"မမျိုးမြတ်ရာ ကျွန်တော်ဟာ ပညာဗဟုသုတ ပြည့်စုံတဲ့လူ သိပ်ဖြစ်ချင်ပါတယ်၊ ဒါ့ကြောင့် ကျွန်တော့်ကို စာသင်ပေးပါခင်ဗျာ"

ဒီတော့ ခင်မျိုးမြတ်က "ကိုအောင် စာမတတ်ဘူးလား" လို့မေးပါတယ်။



"ကျွန်တော်ဘုန်းကြီးကျောင်းမှာ ပညာသင်ခဲ့ရလို့ မြန်မာစာတော့ တတ်ပါတယ်၊ အင်္ဂလိပ်စာမတတ်လို့ အင်္ဂလိပ်စာသင်ပေးပါ"

"ဟုတ်ကဲ့သင်ပေးပါ့မယ်" လို့ ခင်မျိုးမြတ်က သင်ပေးပါတယ်။

ကျွန်တော့်ဘဝဟာ တစ်မျိုးတစ်ဖုံ ပြောင်းလဲတော့မှာပဲလို့တွေးပြီး ဝမ်းမြောက်အား တက်နေမိပါတယ်။

(၆)

တစ်နေ့မှာတော့ ကျွန်တော့်အခန်းထဲကို မင်းကြီးကတော်ဝင်လာပြီး "ကဲ-မောင်အောင်ထူး မင်းအဝတ်အစားလေးတွေကို ထုပ်ပိုးပြင်ဆင်ပေတော့" ပြောတယ်ခင်ဗျ။

ဒီတော့ကျွန်တော်အံ့ဩသွားပြီ "ဘာဖြစ်လို့လဲခင်ဗျာ" လို့ ကျွန်တော်ကပြန်မေးလိုက်တယ်။

"မင်းတောကိုပြန်ပေတော့၊ မင့်ကိုခေါ်လာတာက လမ်းမှာ အဖော်အလှော်မရှိလို့ ခေါ်လာတာ၊ ရန်ကုန်မှာ မင်းအတွက် အဖော်မရှိတော့ဘူး" လို့ ပြောပါတယ်။

ကျွန်တော် ဘယ်လိုဖြစ်သွားလဲဆိုတာ စဉ်းစားသာကြည့်ပါတော့ခင်ဗျာ။

ကျွန်တော် မျှော်လင့်ထားတဲ့တောင်ကြီးဟာ အစိတ်စိတ်အမြွာမြွာပြိုကွဲ ပျက်စီးသွားပါပြီ။

ကျွန်တော်ဘာမှ ဆင်ခြေမပေးနိုင်တော့ဘဲ၊ အဝတ်အစားကလေးများကို ထုပ်ပိုးပြီး တိုက်ရှေ့မှာ ရပ်ထားတဲ့ ကုန်တင်မော်တော်ကားကြီးပေါ် တက်ရတော့တာပါပဲ။

သွားခါနီး ခင်မျိုးမြတ်ကို နှုတ်ဆက်ချင်လို့ တွေ့လိုတွေ့ငြား ကြည့်ပါသေးရဲ့၊ ဘယ်မှာမှ မမြင်ရဘူးခင်ဗျ။ သည်အချိန်မှာ ခင်မျိုးမြတ် တိုက်မှာမရှိဘူးထင်ပါရဲ့ခင်ဗျာ။

www.burmeseclassic.com

www.burmeseclassic.com



မော်တော်ကားကြီးလဲထွက်သွားပါလေရော။ ကျွန်တော်ဟာ မော်တော်ကားပေါ်မှာ လိုက်ပါခဲ့ရင်း အပျော်မီးလောင်ရတော့တာပါပဲ။

မော်တော်ကားလမ်းဆုံးတဲ့ မြို့ရောက်တော့ လှေကြုံစီးပြီး ကျွန်တော်တို့ ရွာကိုပြန်ရပါတယ်။ လှေပေါ်မှာ လိုက်ပါရင်း ခင်မိုးမြတ်နဲ့ ချောင်းရိုးတစ်လျှောက် လှေစီးခဲ့ရတာတွေကို သတိရပြီး အလွမ်းကြီးလွမ်း၊ အဆွေးကြီးဆွေးတဲ့အတွက် ကျွန်တော်ရထားတဲ့ သီချင်းတစ်ပုဒ်ကိုဆိုမိပါတယ်။

"လှအေဝီ မေပို့ပြန်ရောက်ကြောင့် ညနေလေးချိုးကျပြန်တော့၊ ဖေဝိုခန်းပေါ်တာ အရုပ်ဝေးဆီက၊ မြတ်တောင်ငေါ် ရွှေဖီနဲ့၊ တော်ဒေဝီသူဆင်မြန်း ရော့သလား၊ ပန်း ရန့်ကြိုင်တစ်ပတ်လျှို့ ကောသိရှေ့ပါလို့ မောင်ရိုကျရာနှုန်းထုံ၍ ကန်တော့ရော့ထင့် ကုန်းယံမော့ မြေမှုန်ကို လေလတ်ယာရယ်က ဆောင်ယူသွေး။"

"ဆန်းစွာရယ်စုံ ဂန္ဓာရုံဆောင်ယူပြီပြန်တော့၊ ခင်တို့ကွယ် နေတဲ့ရုပ်ကာယ်က၊ ဘီးဆင်အသားပြေရော့ထင့် ကမ္ဘာလေ သုတ်ယူလွင့်ပြန်တော့၊ မဟာဆွေ ကျုပ်ပျံပြုံးပါတီး မောင့်ထံမှာ ဖျာနင့်ရည်နှံ့မွေး"

ရွာရောက်တော့ ရွာသူရွာသားတွေက အကိုအကြောင်းမေးကြတဲ့အခါမှာ အဆင်ပြေအောင်ပြောလိုက်ရပေမယ့် ဦးပွင့်းလူထွက် ကိုသာအေးကိုတော့ ဟုတ်တိုင်းမှန်ရာကို ပြောပြတယ်။ သည်တော့ ကိုသာအေးက ကဗျာတစ်ပုဒ်ရွက်ပြုပြန်ရောခင်ဗျ။

"သို့တစ်မှလည်း၊ နွဲ့လျကြည်ကား၊ ဖူးမည်ရွှေဟော်၊ ပြိုသာဒ်ပျော်တည့်၊ မောင်ဆောင်မှာကား၊ တင်းကုပ်ကြားဝယ်၊ ပျော်ပါးအလျှင်း၊ မရှိကင်းသည်၊ ဇာတ်ချင်းခင်နှင့်မောင်မှာ"

ရန်အောင်



# အစေခံမ

(၁)

အိမ်တွင် ခိုင်းစေသည့် မိန်းကလေးများကို ယခုခေတ်တွင် အိမ်ဖော်၊ အိမ်စေဟု ခေါ်ကြသော်လည်း ကျွန်တော်တို့ငယ်စဉ်ကမူကား အစေခံ၊ အစေခံမ ဟူ၍သာ ခေါ်ကြပါသည်။

ကျွန်တော် ယခုရေးသားဖော်ပြမည့် အမျိုးသမီး၏ဖြစ်ရပ်နှင့် ဟပ်မိအောင်၊ ပို၍ လေးနက်ထိမိုက်အောင် "အစေခံမ" ဟု နင့်နင့်သီးသီးပင် သုံးနှုန်းလိုက်ပါသည်။

ထိုအစေခံမ၏ အမည်ကို "မကြင်" ဟု ရရစ်ဖြင့်ရေးရမည်လော၊ "မကျင်" ဟု ယပင့်ဖြင့် ရေးရမည်လောဟု တွေးတောဒွိဟ သံသယဖြစ်နေသောကြောင့် သတ်ပုံစာအုပ်တစ်အုပ်တွင် ကြည့်မိပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ကြြင်၏ အမိပ္ပာယ်မှာ ကြင်နာသည်၊ ကြင်ဖော်၊ လွန်းကြင်ငှက်၊ ကြင်စဦးဆို ဖြစ်ရာ မေတ္တာရသ၊ မေတ္တာသရုပ်ဖော်သည်ဟု ထင်ပါ၏။

ကျင်၏ အဓိပ္ပာယ်ကား ကျင်ပေါက် ကစားသည်၊ ရွက်ကျင်၊ ရွက်ဟောင်း၊ ဆန် ကျင်၊ သံသရာ၌ ကျင်လည်သည်၊ သံတံကျင်၊ ကျင်ကြီးကျင်ငယ်၊ ကျွမ်းကျင်၊ ဆံထိုးဆံကျင် ဟူ၍ ဖြစ်ရာ ဂရုဏာရသနှင့် ဒုက္ခသရုပ်ပို၍ ပေါ်သည်ဟု ထင်ပါ၏။

ဟုတ်ပါသည်။ မကျင်သည် ကလေးတွေပေါက်၍ ကစားသည့် ဂျင်လို အပေါက် အခတ်ခံခဲ့ရပါသည်။ ဒုက္ခဝဲဩဃတွင် ဂျင်ကဲ့သို့ ချာချာလည်း လည်ခဲ့ရပါသည်။ ရွက်ကျင် ရွက်ဟောင်းကဲ့သို့ သူတပါး မထင်မှတ်ပြုခြင်း၊ ဂရုမစိုက်ခြင်း ခံရရှာပါသည်။ အများကလည်း ဆန့်ကျင်ဖက် ပြုကြ၏။ ဒုက္ခသံသရာတွင်လည်း ကျင်လည်ခဲ့ပါသည်။ သံတံကျင်ဖြင့် အထိုး ရသည့်သဖွယ် ဆင်းရဲခြင်းအဖုံဖုံ ကြုံခဲ့ရပါ၏။ ကျင်ကြီးကျင်ငယ်နှင့်မခြား စက်ဆုပ်ရွံရှာခြင်း လည်း ခံရရှာပါသည်။

သို့သော် သူ့လုပ်ငန်းတာဝန်တို့ကိုကား ကျွမ်းကျင်စွာ ဆောင်ရွက်ခဲ့ပါ၏။ ကျွန်တော် အနေဖြင့် ပြောရလျှင် သူသည် ဆံထိုးဆံကျင်သဖွယ် လေးစားထိုက်၊ ဂုဏ်ပြုထိုက်သူ တည်း။

ထို့ကြောင့် ကျွန်တော်ရေးသားဖော်ပြမည့် အစေခံမ အမည်ကို "မကျင်" ဟု ယပင်နှင့် ရေးပါမည်။

ကျွန်တော် လူမှန်းသူမှန်းသိစ သူတစ်ပါးပြောသည့် စကားကို နားလည်စအရွယ် ကပင် မကျင်ကို သိပါသည်။ တနည်းပြောရလျှင် မကျင်၏ အမည်ကြားနေရပါသည်။

"ဟဲ့ ... မကျင် ဘာလုပ်လိုက်စမ်း၊ ဟဲ့ ... မကျင်ဘယ်သွားလိုက်စမ်း၊ မကျင် ဒီကိုလာအုံး" စသည်ဖြင့် မကျင်၏ အမည်ကို ခေါ်သံအော်သံများမှာ နေ့စဉ်နှင့်အမျှ အချိန်တိုင်



ပင် ကြားနေရလေရာ မကျင်ဟူသော ဝေါဟာရကို ကျွန်တော် ရှေးဦးရေးဖျား နားရည်ဝခဲ့ပါ သည်။

မကျင်နှင့် ကျွန်တော် အဘယ်မျှ ကံစပ်မိသနည်းဆိုသော် သူ့အမည်ကို ကြားရ ခြင်းများသဖြင့် ကျွန်တော်စ၍ စကားပြောသည်မှာ "မကျင်" ဟုခေါ်ခြင်း ပြောခြင်းပင် ဖြစ်ပါ၏။

မကျင်သည် ကျွန်တော့်ထက် အသက် ၁၆-နှစ်ကြီးသဖြင့် အဒေါ်အရွယ်၊ အစ်မကြီး ဖြစ်သော်လည်း အခြားသူများ ခေါ်ကြသည်ကို ကျွန်တော် သံယောင်လိုက်ကာ "မကျင်" ဟု ပင် ခေါ်ပါ၏။

မကျင်ကလည်း သူ့ကို မကျင်ဟု ခေါ်သည်ကို သဘောကျဟန် တူပါ၏။ ကျွန်တော် နှင့် စကားပြောလျှင် သူ့ကိုယ်သူ မကျင်ဟုသုံးကာ "မကျင်ပြောမယ်၊ မကျင်လုပ်ပေးမယ်၊ မကျင်နဲ့ သွားကြရအောင်" ဟု ပြောတတ်ပါသည်။

မကျင်ကား ကျွန်တော်၏ ဒုတိယ မိခင်၊ တနည်းပြောရလျှင် ကျွေးမိခင်ဟု ခေါ် ရပါသည်။ မေမေသည် ကျွန်တော်ကို မွေးရုံသာ မွေးထုတ်လိုက်ပြီး ကျွန်တော်၏ စားရေး နေရေး၊ ကျွန်တော့်ကို အစစပြုစုစောင့်ရှောက်ရေးမှန်သမျှ မကျင်က လုံးဝတာဝန်ယူရပါသည်။

ကျွန်တော့်ကို မကျင်က ထိန်းသိမ်းချီချော့ရ၏။ ကျွန်တော်အိပ်လျှင် မကျင်ပင် ယက်လွှဲပေးရ၏။ ကျွန်တော် နို့စာလျှင် မကျင်က ဖျော်လိုက်ရ၏။ ကျွန်တော့် အဝတ်အစား ကို လျှော်ဖွပ် ပေးရသည်မှာလည်း မကျင်၊ ကျွန်တော်ကို ရေချိုးပေး၊ အဝတ်အစားလဲပေး ရသည်မှာလည်း သူပင်၊

ညအိပ်လျှင်ပင် ကျွန်တော်နှင့်မကျင်မှာ တခန်းတည်းအိပ်ရလျက် ကျွန်တော် နိုးလာလျှင် ချော့၊ ကျွန်တော်နို့ဆာလျှင် တိုက်ဖြင့် မကျင်မှာ ကျွန်တော့်မိခင်ရင်းအကပင် အလုပ်များနေရှာပါသည်။

www.burmeseclassic.com

www.burmeseclassic.com



(၃)

ကျွန်တော်တို့အိမ်တွင် အစေခံ လုပ်နေရရှာသူ မကျင်၏ အကြောင်းကို အစပျိုးပြီး နောက် ကျွန်တော့်မိဘများအကြောင်း ပြောပြဖို့ လိုပါလိမ့်မည်။

ကျွန်တော့်ဖခင်မှာ ကိုယ့်အား ကိုယ်ချွန်ကာ ပညာသင်ကြားကြိုးစား ဆောင်ရွက်ခဲ့ သဖြင့် အရာရှိကြီးတစ်ဦးဖြစ်လာသူ ဖြစ်ပါသည်။

ဖေဖေက သူ့အကြောင်းကို အောက်ပါအတိုင်း ပြောပါသည်။

"ဖေဖေတို့ မျိုးရိုးဟာမညံ့ပါဘူး။ ဖေဖေ့အဖိုးဟာ မြန်မာရှင်ဘုရင်လက်ထက်က မြို့တစ်မြို့ကို အုပ်ချုပ်ရတဲ့ မြို့ဝန်ပါ၊ မြန်မာရှင်ဘုရင်ကို အင်္ဂလိပ်က ဖမ်းသွားတော့ ဖေဖေ့ အဘိုးဟာလဲ မြို့ဝန်မဟုတ်တော့ဘူး၊ သာမန်ဆင်းရဲသာ ဖြစ်သွားတာပေါ့၊

"ဖေဖေ့ အမေကျတော့ ဆင်းရဲသာဘာဝ လုပ်ကိုင်ရှာဖွေစားရပေမယ့် ဖေဖေ့ကို မြို့တစ်မြို့ပို့ပြီး အင်္ဂလိပ်ကျောင်းမှာ ထားပေးတယ်။ ဆင်းရဲသာဆိုတော့ ကျောင်းစရိတ် ထမင်းစရိတ်အတွက် ဖေဖေတို့ အမေမှာ အင်မတန် ဝန်လေးနေရှာတယ်ဆိုတာ ဖေဖေသိ တယ်။ ဒါကြောင့် တစ်နှစ်တတန်း အောင်အောင်ကြိုးစားခဲ့တယ်။

"ဆယ်တန်းအောင်တဲ့အခါ ကောလိပ်ကို ဆက်မနေဘဲ ကျောင်းထွက်ပြီး ကျောင်း ဆရာလုပ်တယ်။ အဲဒီလို ကျောင်းဆရာလုပ်ရင်း အိုင်အေကို အလွတ်ဝင်ဖြေတယ်။ အိုင်အေ အောင်တော့ ဘီအေဖြေတယ်။

"ဘီအေအောင်တဲ့အခါ အရာရှိကလေးဖြစ်လာတယ်။ ဖေဖေရိုးရိုးသားသား ကြိုးကြိုးစားစား လုပ်ခဲ့ပါတယ်။ ဒါကြောင့်လဲ တစ်ဆင့်ပြီးတစ်ဆင့်ရာထူးတက်တက်လာပြီး အခု ဒီအခြေနေမျိုးရောက်လာရတယ်"

ဖေဖေသည် ရိုးသားရုံ၊ ကြိုးစားရုံသာလျှင်မက အလွန်အေးဆေးသူတစ်ယောက်လည်း



ဖြစ်ပါသည်။

မေမေ့အကြောင်းကို မေမေကိုယ်တိုင်ကလဲပြောသည်။ ဖေဖေကလဲပြောသည်။ အခြားသူများ ပြောကြသည်များကိုလည်း ကျွန်တော်ကြားရဘူးပါ၏။

မေမေသည်ငွေကြေးမိုးကြိုးမှ ပေါက်ဖွားလာသူဟု အဆိုရှိပါ၏။ မေမေတို့ ဘိုးစဉ် ဘောင်ဆက်မှစ၍ ဆွေမျိုးသားချင်းအားလုံးတို့သည် ရာကြီးထူးကြီးရှိသူများ၊ ချမ်းသာကြွယ်ဝသူ များချည်း ဖြစ်သည်ဟုဆိုပါသည်။

ထို့ကြောင့်မေမေသည် အမျိုးဂုဏ်၊ စည်းစိမ်ဂုဏ်၊ လင့်ရာထူးဂုဏ်တို့ကြောင့် လွန်စွာ မာန်မာနခက်ထန်သူဟု ကျွန်တော်ဆိုချင်ပါသည်။

ကျွန်တော်တို့အိမ်တွင် အစေခံ၊ ထမင်းချက်၊ မာလီ၊ ဒရိုင်ဘာ၊ ကလေးထိန်း စသည်ဖြင့် အလုပ်သမားတော်တော်များများရှိရာ နေထွက်ကနေဝင်ဆိုသလို ကိုယ့်အလုပ်သမား တွေကို မေမေကဆူသံ ဆဲသံကြိမ်းမောင်းသံများကို နေ့စဉ်နှင့်အမျှ ကြားနေရလေရာ မေမေ့ ကို ကျွန်တော်ပင်ကြောက်ရွံ့နေမိပါ၏။

မေမေသည် ကြောက်လည်းကြောက်စရာပင်။ အိမ်မှအလုပ်သမားများကို ကြိမ်း မောင်းရုံဆဲဆိုရုံသာလျှင်မက သူ့ဒေါသထွက်လာလျှင် တစ်ဆယ်သားခန့်ရှိမည်ထင်ရသော ဝတ် ထားသည့်ကြိုးလိမ်လက်ကောက်ကြီးဖြင့် အလုပ်သမားတို့၏ခေါင်းကို ခေါက်တတ်ရိုက်တတ်ပါသေး သည်။

ထို့ကြောင့် မေမေစိတ်ဆိုး၍ ဆူညံပွက်လောင်လုပ်လျှင် ကျွန်တော်အကြောက်ကြီးကြောက် ကာ နေစရာမရှိဖြစ်လျက် ဖေဖေ့အနားသို့ဖြစ်စေ၊ မကျင်အနားသို့ဖြစ်စေ ကပ်ရပါသည်။

ထိုအခါတွင် ဖေဖေက ကျွန်တော်စိတ်ပြောင်းသွားစေရန် အခြားစကားများကိုပြော နေ၏။

www.burmeseclassic.com

www.burmeseclassic.com



မကျောင်အနားသို့ကပ်လျှင် မကျောင်ကကျွန်တော့်ကို အိပ်ခန်းတွင်းသို့ခေါ်သွားကာ အိပ်ပျော်အောင်ချော့သိပ်တတ်ပါသည်။ ကျွန်တော်အိပ်မပျော်လျှင် အိပ်ယာပေါ်မှ ဆင်းခဲ့ကြပြီး အိပ်ဝင်းထဲ၌ စိုက်ထားသော ပန်းများကိုရှုခြင်း၊ သို့မဟုတ် အိန်းပေါ်တွင် ကျွန်တော့်ကိုတင်ကာ မကျောင်က လွှဲပေးခြင်းဖြင့် ကျွန်တော်စိတ်ပျော်မွေ့အောင် ပြုပေးပါသည်။

ထို့ကြောင့်ကျွန်တော်သည် မေမေ့ကိုအချစ်ဆုံးဖြစ်လျက် မကျောင်ကို ဒုတိယချစ်ကာ မေမေတတိယလိုက်ပါသည်။

ကြောက်ရွံ့ထိတ်လန့်ခြင်းသည် မုန်းတီးရွံရှာခြင်းပင် ဖြစ်သည်ဟူသော သဘောကို ကျွန်တော်ငယ်စဉ်ကပင် နားလည်ခဲ့ပါသည်။

တစ်နေ့တွင် မေမေ၏ဆူသံဆဲသံ ရိုက်သံပုတ်သံများကြားရသဖြင့် ကျွန်တော်ပြေး၍ကြည့်ရာ အခြားသူကိုမဟုတ်၊ မကျောင်ကို ရိုက်နှက်နေခြင်းဖြစ်ရာ…

"မေမေတော်ပါတော့"ဟု သံကုန်ဟစ်ပြီး အော်ငိုမိပါသည်။

ကျွန်တော်၏ ငိုသံကြားသဖြင့် မေမေအပေါ်ထပ်မှ ပြေးဆင်းလာကာ "ကလေးရှေ့မှာ မနှိပ်စက်ပါနဲ့"ဟုပြော၏။

"ဘာလဲ၊ ရှင့်မယားကိုနှိပ်စက်လို့ နာသလား"ဟု မေမေက ရန်တွေ့၏။

"ကလေးငယ်ငယ်အရွယ်မှာ ရိုက်တာ၊ နှက်တာ၊ နှိပ်စက်တာတွေကို မြင်ရရင် စိတ်ဓာတ်ပျက်ပြားပြီး ဦးနှောက်ဝေဒနာဖြစ်တတ်တယ်"ဟု ဖေဖေက တည်ငြိမ်စွာပြောပြီး အပေါ်ထပ်သို့ ပြန်တက်သွား၏။

ကျွန်တော်လည်း မကျောင်လက်ကိုဆွဲကာ ကျွန်တော့်အိပ်ခန်းသို့လာခဲ့သည်။

"မကျောင်ကို မေမေကဘာဖြစ်လို့ရိုက်တာလဲ"ဟု ကျွန်တော်က မေးလိုက်၏။

"အလကားပါ ရိုက်တာမဟုတ်ပါဘူး၊ မမကစိတ်ဆိုးရင် အော်တတ်တယ်မဟုတ်လား"



ဟု မကျောင်ကပြော၏။

ကျွန်တော်စိတ်မကောင်းဖြစ်မည်ဆိုးသဖြင့် မကျောင်က လျှော၍ပြောခြင်း ဖြစ်ပါလိမ့်မည်။

ထို့နောက် ကျွန်တော့်စိတ်ပြောင်းသွားစေရန် အခြားစကားများကို မကျောင်ပြောပြနေလေသည်။

(၄)

မေမေက သူ့စရိုက်အတိုင်း အိမ်ရှိအလုပ်သမားများကို ဆူဆဲ ရိုက်နှက်မြဲဖြစ်ရာ ကျွန်တော် စိတ်မကောင်းဖြစ်ရ၏။ အထူးသဖြင့် မကျောင်ကိုဆဲလျှင်၊ ရိုက်လျှင် ကျွန်တော်ငိုရသည်။

ဖေဖေသည် ကျွန်တော်စိတ်ချမ်းသာစေရန် ဆောင်ရွက်ပေး၏။ ကျွန်တော်တို့မြို့တွင် အင်္ဂလိပ်ကပြား အမျိုးသမီးကြီးတစ်ဦးက ကလေးကျောင်းဖွင့်ထား၏။

အသက် ၃-နှစ်မှ ၅-နှစ်ရွယ် ကလေးများကို ထိုကျောင်းက လက်ခံကာ စာအနည်းငယ်မျှသာ သင်ပေးပြီး ကဗျာရွတ်၊ အက၊ ကစားနည်း၊ စည်းကမ်းတကျနေထိုင်နည်း၊ ယဉ်ကျေးခြင်း စသည်တို့ကို သင်ပေးသည်။

ကျွန်တော့်အသက် ၃-နှစ်အရွယ်တွင် ထိုကျောင်း၌ ကျွန်တော်နေရရာ မေမေကစိတ်မချသဖြင့် မကျောင်လိုက်၍ ကြည့်ရှုစောင့်ရှောက်နေရသည်။

ထို့ကြောင့် ကျွန်တော်လည်း နားမငြီးရ၊ စိတ်မညစ်ရတော့၊ မကျောင်လည်း အဆဲအရိုက် မခံရတော့၊ မေမေ့ကို ကျွန်တော်တို့ နှစ်ယောက်စလုံးက ကျေးဇူးတင်လိုက်ရပါသည်။

ကလေးကျောင်းတွင် ကျွန်တော် ၃-နှစ်နေပြီးနောက် အစိုးရကျောင်းသို့ပြောင်းရွှေ့ထိုင်ရာ မကျောင်ကကျောင်းသို့လိုက်ပို့ပြီး ကျွန်တော့်ကို တစ်နေ့လုံးကြည့်ရှုစောင့်ရှောက်နေပါသည်၊ ညနေကျောင်းလွှတ်သောအခါအတွင်မှ မကျောင်နှင့်ကျွန်တော် အိမ်သို့ပြန်ခဲ့ကြ၏။ ဤကဲ့သို့

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းပို့ ကျောင်းစောင့်အလုပ်ကိုကား မကျင်ကလည်း အလွန်လုပ်ချင်၏။ မေမေကလည်း သဘောကျကျေနပ်ပါသည်။

တစ်နေ့တွင် နံနက်စောစော ကျွန်တော်အိပ်ရာမှထသည်နှင့် တစ်ပြိုင်နက် မကျင်က နေ့စဉ်ပြုမြဲအတိုင်း ကျွန်တော့်ကိုမျက်နှာသစ်ပေးပြီး ကော်ဖီနှင့်မုန့်များတိုက်ကျွေးသည်။

ထိုစဉ်တွင် ကျွန်တော်မကျင်၏ မျက်နှာကို ကြည့်မိရာ ခါတိုင်းနှင့်မတူ စိတ်မချမ်းသာသည့် အမူအရာပေါ်နေပါသည်။

"မကျင်ကို မေမေရိုက်သလား"ဟု ကျွန်တော်မေးလိုက်၏။

"မရိုက်ပါဘူး ဘာဖြစ်လို့မေးတာလဲ"ဟု မကျင်ကပြန်မေးသည်။

"မကျင်မျက်နှာက စိတ်ညစ်နေသလို့ပဲ"

"စိတ်မညစ်ပါဘူး၊ နည်းနည်းနေမကောင်းလို့ပါ"ဟု မကျင်ကပြန်ပြော၏။

မကျင်၏မျက်နှာကို ကျွန်တော်မကြာမကြာကြည့်မိရာ ကျွန်တော်ကြည့်တိုင်း မကျင်သည် ပြုံးပြုံးရွှင်ရွှင် လုပ်ပြသော်လည်း ဟန်ဆောင်၍ပြုံးနေကြောင်း ကျွန်တော်ရိပ်မိပါသည်။

ထမင်းစားခါနီးတွင် မကျင်က ကျွန်တော့်ကိုရေချိုးပေး၊ အဝတ်အစားလဲပေးပြီး ထမင်းခူး၍ကျွေးပါသည်။

ဤနေ့တွင်မကျင်အလုပ်လုပ်နေပုံမှာ ခါတိုင်းထက် နေးကွေးလေးကန်နေသည်ဟု ကျွန်တော်ထင်မိသည်။

ထမင်းစားပြီးလျှင် မကျင်သည် ကျွန်တော်၏မျက်နှာကို စူးစိုက်ကြည့်ရှုနေပုံမှာလည်း ထူးခြားလှသည်ဟု ထင်စရာပင်။

"ဟဲ့. . .မကျင်၊ သားသားကို ခုထက်ထိကျောင်းသွားမပို့သေးဘူးလား"

မေမေ၏ အော်ဟစ်မေးမြန်းသံကြားရ၏။



"ဟုတ်ကဲ့မမ၊ ပို့ပါတော့မယ်"

မကျင်ကပြောပြောဆိုဆို ကျွန်တော့်လက်ကိုဆွဲကာ အိမ်ထဲမှထွက်ခဲ့လျက် ကျောင်းသို့ လာခဲ့ကြသည်။

မကျင်အတွက် ကျွန်တော့်စိတ်ထဲမှာထင့်နေ၏။ မကျင်စိတ်မကောင်းစရာတစ်ခုခု တွေ့နေပြီဟု ကျွန်တော်တွေးမိကာ ကျွန်တော်လည်းစိတ်မကောင်းဖြစ်မိသည်။

ကျွန်တော်ကျောင်းတက်နေစဉ်တွင်လည်း မကျင်အကြောင်းကိုပင် မကြာခဏတွေးမိကာ စိတ်မကြည်မသာဖြစ်ရသည်။

နေ့လယ်မုန့်စားလွှတ်ချိန်တွင် မကျင်ကကျွန်တော့်ကို ကော်ဖီနှင့်မုန့်တိုက်ကျွေးသဖြင့် ကျွန်တော်စားသောက်နေစဉ် မကျင်မျက်ရည်ကျနေသည်ကိုတွေ့ရ၏။

"မကျင်ဘာဖြစ်လို့ငိုနေတာလဲ"ဟု ကျွန်တော်က မေးလိုက်သည်။

"မကျင်မငိုပါဘူးလူမလေးရဲ့ မျက်စိထဲကိုဖုံးကောင်ဝင်သွားလို့ပါ"ဟု မကျင်က ပြောကာမျက်ရည်များကို သုတ်ပစ်၏။

ကျွန်တော်ကျောင်းပြန်တက်သောအခါတွင်လည်း မကျင်၏အကြောင်းကိုပင်စဉ်းစား နေမိပါသည်။

ညနေကျောင်းလွှတ်ချိန်၌ မကျင်ကျွန်တော့်ကို မကျင်စောင့်မျှော်နေကြနေရာတွင် မကျင်ကိုမတွေ့ရဘဲ ကျွန်တော်တို့အိမ်ဖော်အမျိုးသမီး မပုကိုသာတွေ့ရ၏။

"မကျင်ဘယ်သွားသလဲ"ဟု ကျွန်တော်က မပုအားမေးရာ မပုက "မမနိုင်းလို့တခြား သွားနေတယ်၊ နင်ငါနဲ့လိုက်ခဲ့"ပြောကာ ကျွန်တော့်လက်ကိုဆွဲခေါ်သွားပါသည်။

အိမ်သို့ရောက်သည်နှင့် တစ်ပြိုင်နက် မေမေ့အား "မကျင်ဘယ်သွားသလဲ"ဟုမေးရာ မေမေကလည်း မပုပြောသလိုပင် "မေမေခိုင်းလိုက်လို့ တခြားသွားတယ်"ဟု ပြော၏။

www.burmeseclassic.com

www.burmeseclassic.com



"မကျောင်ဘယ်တော့ပြန်လာမှာလဲ"ဟု ကျွန်တော်ကမေးရာ မေမေက "တော်တော်ကြာ ပြန်လာမယ်"ဟု ပြော၏။

သို့သော် တော်တော်ကြာသော်လည်း မကျောင်ပြန်မလာ၊ ညစာစားချိန်တွင်လည်း မရောက်၊ အိပ်ချိန်ကျသည့်တိုင်အောင် မကျောင်ကိုမတွေ့ရသောအခါတွင်ကား မကျောင်ကို ကျွန်တော် သတိရဝမ်းနည်းကာ ငိုပါသည်။

ဖေဖေကျွန်တော့်ကို ချော့သဖြင့် ဖေဖေ့ကိုပင်-

"မကျောင်ဘယ်သွားသလဲ"ဟုမေးပါသည်။

"မကျောင်ကိုစွရှိလို့ သူတို့ရွာပြန်သွားတယ်"ဟု ဖေဖေကပြော၏။

"သူတို့ရွာကဘယ်မှာလဲ"

"ဒီမြို့နဲ့ဆယ်မိုင်လောက်ဝေးတယ်"

"ကျွန်တော် မကျောင်ဆီကိုလိုက်သွားချင်တယ်။ မကျောင်ကိုလွမ်းတယ်"

"မကျောင်မကြာခင်ပြန်လာပါလိမ့်မယ် သားရယ်"ဟုဖေဖေကချော့၍ ပြောပါသည်။

ညစာစားချိန်တွင် မပုက ကျွန်တော့်ကိုကျွေး၏။ အစဉ်သဖြင့် မကျောင်ကျွေးနေကြ ဖြစ်ရာ မပုကျွေးသည်ကို မကျေနပ်သဖြင့် ကျွန်တော်များများမစားပေ။

ကျွန်တော်ထမင်းစားနေစဉ်တွင် မေမေက မပုကိုမေး၏။

"သားသားထမင်းကောင်းကောင်းစားနိုင်ရဲ့လားဟေ့"

"သိပ်မစားဘူးမမ၊ မကျောင်မကျွေးလို့စိတ်ကောက်နေတယ်"

"ချော့ကျွေးလိုက်ပါအေ"

မပုက ကျွန်တော့်ကို ချော့ကျွေးသော်လည်း ကျွန်တော်မစားတော့ပဲ ထမင်းစားပွဲမှ ထသွားသည်။



ညအိပ်ချိန်သို့ရောက်သောအခါ ကျွန်တော်အိပ်ရာဝင်၏။ အရင်ကဆိုလျှင် အိပ်ခန်း တစ်ခုထဲတွင် ကျွန်တော်ကခုတင်တစ်လုံး၊ မကျောင်ကခုတင်တစ်လုံးဖြင့် အိပ်၏။ သို့သော်မကျောင် သည် သူ့အိပ်ရာကိုခင်းရုံခင်းထားပြီး ကျွန်တော်နှင့်အတူ တစ်ခုတင်တည်းအိပ်၏။

"လူကလေး မတော်တဆခုတင်ပေါ်မှ လိမ့်ကျမှာစိုးလို့ လူကလေးနဲ့အတူ မကျောင်အိပ် တာ၊ ဒီလိုအိပ်တဲ့အကြောင်း မမကိုမပြောပါနဲ့နော်"ဟု မကျောင်ကပြောသည်။

မကျောင်ပြောပြမှာကြားသည့်အတိုင်းပင် မကျောင်နှင့်ကျွန်တော်အတူ အိပ်ကြောင်း မေမေ့ကို ပြောမပြပါ။ ဤအကြောင်းကို မေမေသိလျှင် မကျောင်ကိုဆူမည်၊ ဆဲမည်၊ ရိုက်မည်မှာ သေချာပါ၏။

မကျောင်သည် မေမေ၏ ဆူဆဲ ရိုက်နှက်ခြင်းခံခဲ့ရသည်များကို ကျွန်တော် မကြာခဏ ကြားမြင်တွေ့ရှိရသဖြင့် မကျောင်ကိုသနားသည်။ သနားခြင်းသည် ချစ်ခြင်းထက်ပင် အသဲနိုက်တတ် ကြောင်း ကျွန်တော်ငယ်စဉ်က မသိသော်လည်း ကြီးသောအခါ ကောင်းစွာ သဘောပေါက်ပါ၏။

မကျောင်မရှိသဖြင့် ကျွန်တော့်အခန်းထဲတွင် မပုလာ၍အိပ်သောအခါ ကျွန်တော် မကျေမနပ်ဖြစ်သဖြင့် "သွား၊ မပုလာမအိပ်နဲ့"ဟု အော်ဟစ်ပြောလိုက်ပါသည်။

မပုကား ကျွန်တော့်အခန်းထဲက ခုတင်တစ်လုံးတွင် အိပ်မြဲအိပ်နေရာ ကျွန်တော်မှာ မကျေနပ်ခြင်း၊ စိတ်ဆိုးခြင်းများကြောင့် အိပ်၍မပျော်တော့ပဲ မကျောင်အကြောင်းကိုသာ တွေးနေ မိသည်။

မကျောင်က ကျွန်တော့်ကို ကြင်နာယုယပုံများ၊ ကျွန်တော့်အတွက် မကျောင်လုပ်ကိုင်ဆောင် ရွက်ပေးခဲ့ပုံများစသည်ဖြင့် မကျောင်၏အကြောင်းကိုသာ ကျွန်တော်တွေးနေမိရာ အိပ်၍မပျော်နိုင် ဘဲ မျက်စိအကြောင်သားဖြစ်နေ၏။

"ဟဲ့-မပု၊ သားသားအိပ်ပြီလား"

www.burmeseclassic.com

www.burmeseclassic.com



မေမေလှမ်း၍မေးသဖြင့် မပုသည် ကျွန်တော့်အနီးသို့လာ၍ကြည့်ပြီး-

"မအိပ်သေးဘူးမမ" ဟုပြောလိုက်၏။

"သားသားအိပ်တော့လေ၊ ညဉ့်နက်နေလှပြီ" ဟုမေမေကပြောသည်။

"မအိပ်ဘူး မကျောင်နဲ့မှအိပ်မယ်" ဟု ကျွန်တော်ကပြောရင်း ဝမ်းနည်းလာပြီးငိုနေမိသည်။

ဖေဖေသည် ကျွန်တော့်အခန်းသို့ဝင်လာကာ

"ဖေဖေတို့နဲ့ အတူအိပ်နော်၊ သားကလိမ္မာပါတယ်" ဟုချော့ပြီး ကျွန်တော့်ကိုခေါ်သွားပါ၏။

ဖေဖေနှင့်မေမေ၏အလယ်တွင် ကျွန်တော်အိပ်ရသော်လည်း မကျောင်ကိုသတိရကာ ဝမ်းနည်းပက်လက်ဖြစ်ပြီး "မကျောင်ကိုခေါ်ပေး၊ မကျောင်ကိုခေါ်ပေး" ဟုအော်ရင်းငိုနေမိသည်။

"အခုညတော့ ညဉ့်နက်နေပြီသားရဲ့၊ မကျောင်တို့ရွာက ဆယ်မိုင်လောက်ဝေးတာ နက်ဖြန်တော့မှ မကျောင်ကိုသွားခေါ်ပေးမယ်" ဟု ဖေဖေကပြော၏။

ကျွန်တော်အတန်ငယ်စိတ်အေးသွားကာ အငိုတိတ်ပြီး အိပ်မပျော်တပျော်ဖြစ်နေစဉ် ဖေဖေနှင့်မေမေပြောဆိုနေကြသည့် စကားများကို ကြားရပါသည်။

အမှန်မှာကား ကျွန်တော်အိပ်ပျော်သွားပြီထင်သဖြင့် သူတို့စကားပြောနေကြခြင်းဖြစ်၏။

"သားကိုသနားပါတယ်ကွာ နက်ဖြန်တော့ မကျောင်ဆီတစ်ယောက်ယောက်လွှတ်ပြီး အခေါ်ခိုင်းမှဖြစ်မယ်" ဟု ဖေဖေကပြောသည်။

"ကျွန်မတော့ ဒီကောင်မကိုခေါ်တောင်မခေါ်ချင်ဘူး၊ သားသားက ဒီကောင်မကို ပိုချစ်နေတာကို နည်းနည်းမှမကျေနပ်ဘူး" ဟု မေမေကပြော၏။



"မင်းကလဲ သဝန်တြောင်လိုက်တာကွာ၊ ကလေးဆိုတာ ဒီလိုပဲပေါ့၊ လက်သာတဲ့လူကို ချစ်တာမို့ပေါ့ဘဲ၊ နောက်ပြီးတော့ မကျောင်ကလည်း တို့သားအပေါ်မှာ အင်မတန်ဂရုစိုက်တယ်၊ ချစ်တယ်မဟုတ်လား၊ ဒီတော့ သားကလဲပြန်ချစ်တာပေါ့"

"ကျွန်မတို့သားက ကျွန်မတို့ကိုပဲ ချစ်စေချင်တယ်၊ တခြားလူကို မချစ်စေချင်ဘူး"

"ချစ်တာဟာ ကန့်နိုင်သန်းနိုင်တာမှ မဟုတ်ဘဲကွာ၊ တွန့်တိုနေစရာမရှိပါဘူး၊ ချစ်တာက ကောင်းတာပေါ့ကွ၊ စိတ်အေးချမ်းသာဖြစ်တယ်၊ မုန်းတာဟာ ဒေါသပဲ၊ စိတ်မချမ်းသာရဘူး"

"ဘာပဲဖြစ်ဖြစ် သားသားက ကျွန်မကိုဘဲ အမေလိုချစ်စေချင်တယ်"

"ဟုတ်ပါတယ်လေ၊ သားက မင်းကိုအမေလိုချစ်မှာပေါ့၊ အမေပဲဟာ၊ မကျောင်ကိုတော့ အဒေါ်လို အစ်မလိုချစ်မှာပေါ့၊ ဒါထက် အရေးကြီးတာရှိတယ်"

"ဒါထက် အရေးကြီးတာကဘာလဲ" ဟု မေမေကမေး၏။

"မကျောင်က သားကိုချစ်လို့ ဂရုစိုက်လို့ သားက မကျောင်ကိုပြန်ချစ်တယ်၊ အခု သူချစ်တဲ့ မကျောင်မရှိတော့လို့ အကြီးအကျယ်စိတ်မကောင်းဖြစ်နေတယ်၊ တို့သားကလေး ဒီလို စိတ်မကောင်းဖြစ်နေတာကို ဒီလိုဘဲ ကြည့်နေထိုက်သလား၊ စိတ်ကောင်းအောင် လုပ်မပေးထိုက်ဘူးလား"

"ခဏပဲ့ စိတ်မကောင်းဖြစ်တာပါ၊ ကြာတော့လဲ မေ့သွားမှာပေါ့" ဟု မေမေကပြော၏။

"မင်းထင်ချင်သလို မေ့သွားရင်တော့ ကောင်းပါရဲ့၊ မမေ့ပဲဆိုးသထက်ပိုပြီး ဆိုးလာမယ်ဆိုရင်တော့ သိပ်ပြီးစိုးရိမ်စရာကောင်းလာလိမ့်မယ်၊ ဘာဖြစ်လို့လဲဆိုတော့ ကလေးအရွယ်ဆိုတာ ဦးနှောက်တို့ နှလုံးသားတို့ အင်မတန်နုတယ်၊ ဒီတော့ ကလေးအရွယ်မှာ သောကတွေ ဒုက္ခတွေ ပူပန်စရာတွေ များများတွေ့ရရင် သူတို့ဦးနှောက်နဲ့နှလုံးသားကလေးတွေကို ထိခိုက်ပြီး

www.burmeseclassic.com



ကြီးလာတဲ့အခါ လူစဉ်မမှီ လူတန်းမစေ့တဲ့ ဦးနှောက်ဝေဒနာရှင် ဖြစ်လာတတ်တယ်”ဟုပြောပြ ရှင်းပြ၏။

“ကျွန်မ မကျေနပ်တာကတော့ မကျင်က သားသားကိုချစ်တာ ဂရုစိုက်တာလေ လွန်လွန်းတယ်ထင်လို့ဘဲ၊ ဥစ္စာရှင်ထက် သူခိုးကနမျောဆိုတာလို အမေအရင်းထက် သူကပို လွန်းနေတော့ သားသားကကျွန်မထက် မကျင်ကိုပိုချစ်သွားမှာ သိပ်စိုးရိမ်နေတယ်”

မေမေ၏စကားကိုကြားရသောအခါ ကျွန်တော်ကပြောလိုက်၏။

“မကျင်ကို မေမေ့ထက်ပိုမချစ်ပါဘူး။ မေမေ့ကိုသာ မကျင်ထက်ပိုချစ်ပါတယ် မကျင်ကိုပြန်ခေါ်ပါ”

“ဟော-သားသားတောင် အိပ်မပျော်သေးပါကလား”

မေမေရော ဖေဖေပါ သံပြိုင်ဆိုလိုက်ကြ၏။ ထို့နောက် မေမေကပြောသည်။

“နက်ဖြန်လူလွှတ်ပြီး မကျင်ကို အခေါ်ခိုင်းပေးမယ်၊ သားသားအိပ်တော့”

ထိုအခါတွင်မှ ကျွန်တော် နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်သွား၏။

(၃)

မေမေ၏ ကတိအတိုင်းပင် မကျင်းကိုအခေါ်ခိုင်းရာ မကျင်ရောက်လာသဖြင့် ကျွန်တော်ဝမ်းသာလုံးဆို့နေ၏။

ထိုအခါတွင် မကျင်က ကျွန်တော့်ကို သတိပေးသည်။

“မကျင်ကို လူကလေးသိပ်ပြီးတော့ အရောမဝင်နဲ့ ခပ်မှန်မှန်နေ၊ လူကလေး မကျင်ရောလွန်း၊ ချစ်လွန်းရင် မမကခွဲပစ်မှာစိုးရတယ်”

မကျင်ပြောသည့်အဓိပ္ပာယ်ကို ကျွန်တော် ကောင်းကောင်းနားလည်ပါသည်။



မေမေသည် မိခင်တစ်ယောက်အနေဖြင့် သူတစ်ယောက်တည်းသော ကျွန်တော့်ကို ချစ်ချင်၏။ အခြားအမျိုးသမီးက ကျွန်တော့်ကို သားကဲ့သို့ချစ်သည်ကို မေမေမရှုစိမ့်ပေ။

ထို့ကြောင့် မကျင်ပြောသည့်အတိုင်းပင် ကျွန်တော်နှင့်မကျင်မှာ သိပ်ပြီးရောနှောခြင်းမပြုကြဘဲ ခပ်တန်းတန်း ခပ်မှန်မှန်ပင် နေကြလေရာ မေမေကလည်း အတော်သဘောကျနေပုံ ပေါ်ပါသည်။

မကျင်ကို ကျွန်တော်ချစ်ခြင်း၊ သနားခြင်းမှာ အကြောင်းထူးတစ်ခုကြောင့်လည်း ဖြစ်ပါသည်။

ကျွန်တော်တို့အိမ်တွင် အိမ်ဖော်တော်တော်များများရှိရာ မေမေဆဲဆိုရိုက်နှက်သည့် ဒဏ်ကိုမခံနိုင်ကြသဖြင့် အပြောင်းထွက်သွားလိုက်၊ အသစ်ဝင်လာလိုက်ဖြင့် တစ်ယောက်ပြီးတစ်ယောက် အလဲအပြောင်းဖြစ်နေသော်လည်း ကျွန်တော် မမွေးခင်ကပင် ကျွန်တော်တို့အိမ်သို့ ရောက်နေခဲ့သော မကျင်မှာ သူ့အလိုအလျောက်အိမ်မှ ထွက်သွားခြင်း တနည်းပြောရလျှင် ကျွန်တော်နှင့်ခွဲခွာ သွားခဲ့ဘူးခြင်းမပြုခဲ့ဘူးပေ။ မေမေနှင်ချသဖြင့် အိမ်ကဆင်းသွားရသည်သာ ရှိခဲ့ဘူး၏။

တစ်ခါတစ်ခါတွင် မကျင်ပြောပြတတ်၏။ “လူကလေး မေမေ့ဒဏ်ကို မခံနိုင်လို့ ထွက်သွားမယ် ကြံပေါင်းများလှပြီ။ လူကလေးနဲ့ မခွဲနိုင်လို့ မသွားဖြစ်တာ”

ဤမျှ ကျွန်တော့်ကိုချစ်သော မကျင်ပါပေ။

မေမေချစ်ပုံကလည်းတစ်မျိုး ဖြစ်၏။ သူတစ်ယောက်သာလျှင် ကျွန်တော့်ကို သားလို ချစ်ချင်လျက် အခြားသူက ကျွန်တော့်ကိုသားလို မချစ်စေလိုပေ။

ထို့ကြောင့် မေမေချစ်ပုံမှာ ရယ်စရာကောင်းလျက် မကျင်၏ချစ်ပုံမှာ သနားစရာ ကောင်းသည်ဟု ကျွန်တော်ထင်၏။

www.burmeseclassic.com

www.burmeseclassic.com



မည်သို့ပင်ဖြစ်စေ ကျွန်တော်သည်မေမေ၏ ရယ်စရာကောင်းသော ချစ်ခြင်း မကျွန်း သနားစရာကောင်းသော ချစ်ခြင်းတို့ကို ခံယူလျက် မိခင်နှစ်ယောက်၏ ကြင်နာယုယခြင်းခံ၍ ကြီးပြင်းလာခဲ့ရသည်မှာ ကံကောင်းသည်ဟု ပင်ဆိုရပါမည်။

ကျွန်တော့် အသက်လည်းတဖြည်းဖြည်းကြီးလာပြီဖြစ်ရာ မကျွင်ကလည်း ကျွန်တော့်ကို ပိုက်ထွေးယုယခြင်း မပြုတော့သဖြင့် မေမေ၏ချစ်သဝဏ်ကြောင့်မှုများလည်း မပေါ်တော့။

ကျွန်တော် ၁၀-တန်းအောင်သည့် အချိန်တွင် ရန်ကုန်တက္ကသိုလ်သို့ သွားရောက်၍ ပညာသင်ကြားရမည့်ကိစ္စပေါ်လာ၏။

မေမေက "သားသားနဲ့အတူ မေမေပါ ရန်ကုန်လိုက်နေချင်ပါရဲ့ကွယ်၊ သို့သော် မေမေက ကျန်းမာရေးမကောင်းလို့ခက်တယ်" ဟု ပြောရသည်။

ဖေဖေက မေမေ့ကိုဆုံးမ၏ "ကျန်းမာရေးကောင်းအောင် အနေအထိုင် အစား အသောက်ကို ကျန်းမာရေးနဲ့ ညီညွတ်အောင်လုပ်ပေါ့ကွ၊ နောက်ပြီးတော့ ဒေါသကိုလည်း သိမ်းဆည်း။ ဒေါသကြီးလွန်းတဲ့ လူများဟာ ကျန်းမာရေး ချွတ်ယွင်းတတ်တယ်"

ထို့နောက် ဖေဖေက ကျွန်တော့်ကိုဆုံးမပါသည်။

"ဖေဖေတို့ ငယ်ငယ်တုန်းကတော့ မိဘဆင်းရဲလို့ ဆယ်တန်းအောင်ပေမယ့် တက္ကသိုလ်ကျောင်း မနေနိုင်ပါဘူးကွ။ ကျောင်းဆရာအလုပ်လုပ်ရင်း ကိုယ့်ဖာ ကိုယ်ရှုန်းကြိုးစားပြီး ဘီအေဘွဲ့ရအောင် မအိပ်မနေစာကျက်ခဲ့ရတယ်။ သားကတော့ ကံကောင်းပါတယ်။ ကံကောင်းသလို လူကလဲကောင်းရမယ်။ ကျောင်းနေတယ်ဆိုတာ ပညာလည်းတတ်ရမယ်၊ စာမေးပွဲလည်း အောင်ရမယ်။ ပညာသာတတ်ပြီး စာမေးပွဲမအောင်ရင်လဲ မဖြစ်ဘူး။ စာမေးပွဲတော့ အောင်ပြီး ပညာမတတ်ရင်လည်း မကောင်းဘူး။ ဒီတော့ ပညာတတ်ပြီးစာမေးပွဲအောင်ပေစေ"

"ဟုတ်ကဲ့ဖေဖေ၊ ဖေဖေပြောသလို ဖြစ်အောင် ကျွန်တော်ကြိုးစားပါမယ်" ဟု



ပြန်ပြောလိုက်၏။

"ပညာဆိုတာ ကုန်တယ်ဆုံးတယ်လို့မရှိဘူး သို့သော် တိုင်းတကာလုပ်ဆီသလောက် တတ်နိုင်သလောက်တော့ ပြီးအောင်ဆုံးအောင် သင်ရမှာပေါ့။ ရန်ကုန်တက္ကသိုလ်မှာ မဟာဝိဇ္ဇာဟာ အတန်းအမြင့်ဆုံးပဲ။ ဒီတော့ မဟာဝိဇ္ဇာအောင်သည်အထိ သား ကြိုးစားပြီးသင် ဖေဖေတို့ သားအတွက် ဘာမှလိုလေသေးမရှိရအောင် အားလုံးတာဝန်ယူမယ်"

ဖေဖေက ကျွန်တော်ပညာသင်အားရှိအောင် အားပေးစကားပြောပြီးနောက် ရန်ကုန် တက္ကသိုလ်သို့သွား၍ သင်ကြားရာတွင် ကျွန်တော့်နေရေး စားရေးအတွက် တိုင်ပင်ကြပြန်သည်။

ကျောင်းအိပ်ကျောင်းစား ဆောင်၌နေရန်မှာ ကျွန်တော်အနေအထိုင်ကျဉ်းကြပ်မည်။ အစားအသောက် စိတ်တိုင်းကျမဖြစ်မည်ကို မေမေက အလွန်စိုးရိမ်သည်။ ထို့ကြောင့် မေမေက အကြံတစ်ခုပေး၏။

"ရန်ကုန်မှာ မေမေ့အမျိုးတွေရှိတယ်။ သူတို့အိမ်မှာ နေရင်ကောင်းကောင်းလည်းနေရမယ်၊ ကောင်းကောင်းလည်းစားရမယ်"

မေမေ့စကားကိုကြားရသောဖေဖေက အဓိပ္ပါယ်ပါသောအပြုံးမျိုးဖြင့် ပြုံးပြီးပြောလေသည်။

"မင့်အမျိုးတွေ အိမ်မှာနေရင် ကောင်းကောင်းစားရမယ်ဆိုတာကတော့ ဟုတ်ပါတယ်။ ကောင်းကောင်းနေရမှာတော့ မဟုတ်ဘူး"

"အို-- ရှင်ကလဲ မဟုတ်တာပြောတော့မယ်။ ကျွန်မ ညီမများနေတာက နှစ်ထပ်တိုက်အကျယ်ကြီးရှင့်၊ ဘာဖြစ်လို့ကောင်းကောင်းမနေရမှာလဲ"

"နေဖို့အတွက်တော့ အနှောက်အယှက် ဖြစ်မှာဘဲ"

"ဘာဖြစ်လို့လဲ" ဟု မေမေက အံ့သြသံဖြင့်ပြန်မေးပါသည်။

www.burmeseclassic.com

www.burmeseclassic.com



"ငါရန်ကုန်ကိုရောက်တိုင်း မင်းညီမများတိုက်မှာ တည်းတာဘဲ။ သူတို့အကြောင်းသိ တာပေါ့။ မင်းညီမကလဲ မင်းလိုဘဲ ပူညံပူညံကျွတ်စီကျွတ်စီ လုပ်တတ်တယ် မဟုတ်လား။ ဒီတော့ ငါ့သားအေးအေးလူလူ ဘယ်မှာနေရတော့မလဲ"

"သူတို့ဟာ သူတို့ဆူတာပဲ၊ ကိုယ်လဲ ကိုယ်ဘာသာ ကိုယ်နေပေါ့"

"ဒီလို ဘယ်ဖြစ်မလဲကွ။ တစ်အိမ်ထဲနေတဲ့လူတွေက ဆူညံပြီးပွက်လောရိုက်နေရင် ဘယ်လို အေးအေးလူလူနေလို့ဖြစ်ပါ့မလဲ"

"ဒီလိုဆိုရင်သားသားကို ဘော်ဒါပဲထားရမလား" ဟု မေမေကမေး၏။

"အကောင်းဆုံးနည်းကတော့ ကျောင်းနားနီးနီးမှာ အိမ်တစ်လုံးငှားနေပြီး အိမ်က ကျောင်းတက်၊ စားမှုသောက်မှုအတွက်ကိုတော့ မင်းဖြစ်ဖြစ်၊ မကျင်ဖြစ်ဖြစ်တာဝန်ယူပြီး ချက် ပြုတ်ကျွေးတာပေါ့" ဟုဖေဖေက မေမေကိုပြောပြသည်။

"အဲဒီလိုဆိုတော့ ကျွန်မကိုယ်တိုင် ရန်ကုန်လိုက်နေပြီး ကျွေးမွေးစောင့်ရှောက်ချင် တယ်။ သို့ပေမယ့် ကျုပ်ကကောင်းကောင်းမကျန်းမာတော့ လုပ်ပေးနိုင်မှာမဟုတ်ဘူး။ တခြား တစ်ယောက်ယောက်နဲ့ဆိုပြန်တော့လဲ စိတ်မချဘူး"

"မကျင် ဆိုရင်စိတ်ချရပါတယ်၊ မင်းသားမွေးလာကတည်းက ဒီနေ့အထိ သားတာဝန် တွေအားလုံးကို မကျင်ပဲလုပ်ကိုင်ဆောင်ရွက်ပေးနေတာပဲ မဟုတ်လား။ ဒီတော့၊ ဒီလိုလုပ် ကျောင်းဖွင့်ခါနီးတော့ သားနဲ့အတူမင်းနဲ့ငါရယ် မကျင်ရယ်သွားကြမယ်။ ရန်ကုန်ကြတော့ မင်း ညီမအိမ်မှာအဆင်ပြေရင်လဲ သူတို့အိမ်မှာသားနေပြီးကျောင်းတက်ပေါ့။ ဒီလိုမနေချင်ဘူးဆိုရင် ကျောင်းနားမှာအိမ်တစ်လုံးငှားနေပြီး ကျောင်းတက်၊ ဒီလိုလဲအဆင်မပြေဘူးဆိုရင် ကျောင်းအိပ် ကျောင်းစားဘော်ဒါနေပေါ့ ဟုတ်လားသား။ သဘောကျရဲ့လား"

ဖေဖေက နည်းလမ်းတွေစုံအောင် ပြောပြပြီးနောက် ကျွန်တော့်ဆန္ဒကိုမေး၏။



"ဖေဖေပြောတာကောင်းပါတယ်။ ကျွန်တော်ကသဘောကျပါတယ်" ဟု ပြန်ပြော လိုက်ပါသည်။

(၇)

ရန်ကုန်တက္ကသိုလ်မဖွင့်မီ အတော်စောစောကပင် ကြိုတင်၍ ဖေဖေ မေမေနှင့် ကျင်ပါ ကျွန်တော်နှင့်အတူ ရန်ကုန်သို့သွားကြ၏။

မေမေ၏ ညီမဝမ်းကွဲတော်သူ၏ တိုက်တွင် ကျွန်တော်တို့လည်း တည်းခိုကြပါသည်။ မေမေနှင့်သူတို့ ညီမမှာဝမ်းကွဲပင် ဖြစ်သော်ငြားလည်း ညီမအရင်းနှင့်မခြား ချစ်ခင်ကြသည်ကို တွေ့မြင်ရသောအခါ တစ်ခါက ဖေဖေပြောပြသည်ကို သတိရမိပါ၏။

"သူတို့အမျိုးက ကိုယ့်မျိုးကွ၊ သူတစ်ပါးအပေါ်မှာသာ ရက်စက်တတ်တာ၊ သူတို့အမျိုး ချင်းကြတော့ အင်မတန် ချစ်ကြတယ်"

ဖေဖေပြောသည့်အတိုင်းပင် မေမေနှင့်ဒေါ်ဒေါ်မှာ အလွန်ချစ်ကြသော်လည်း ဟ်များအပေါ်တွင်မူကား မေမေကဲ့သို့ပင် ဒေါ်ဒေါ်သည် ရက်စက်ကြမ်းကြုတ်သည့် အပြော ဆို အမှုအရာမျိုးကို ကြားမြင်ရလေရာ မေမေ့ကို ကျွန်တော်ကြောက်ရွံ့သလိုပင် ဒေါ်ဒေါ်ကို လည်း ကြောက်ရွံ့မိပါသည်။

ထို့ကြောင့် ကျွန်တော်သည် သူတို့အိမ်တွင်နေပြီး ကျောင်းတက်ရန် ဒေါ်ဒေါ်က တက်သရော စိတ်ပါလက်ပါပြောသော်လည်း ကျွန်တော်က "စဉ်းစားပါ့မယ်" ဟုသာ မတင် ကျပြောထားရပါသည်။

မေမေနှင့်ဒေါ်ဒေါ်တို့၏ ကွယ်ရာတွင် ဖေဖေကျွန်တော့် သဘောကို မေးပါ၏။

"သားကကော ဘယ်မှာနေချင်စိတ်ရှိသလဲ"

"အမှန်ပြောရရင်တော့ ဒေါ်ဒေါ့်ကို ကျွန်တော်ကြောက်တယ်"

www.burmeseclassic.com

www.burmeseclassic.com



"အေး…ဟုတ်တယ်၊ ကြောက်လဲကြောက်စရာဘဲ၊ နောက်ပြီးတော့ ဒါထက်တစ်ခု အရေးကြီးတာတစ်ခုလဲ ရှိတယ်"

"ဘာလဲဖေဖေ"ဟု ကျွန်တော်က ပြန်မေးလိုက်၏။

"သူတို့မှာ သမီးပျိုနှစ်ယောက် ရှိတယ်မဟုတ်လား။ ဒီကလေးမတွေဟာ ပညာကို ကြိုးကြိုးစားစားမသင်ဘူး။ တစ်ယောက်မှ ဆယ်တန်းမအောင်ဘူး။ သူတို့ရည်ရွယ်ချက်က ဝင်ငွေကောင်းကောင်းရတဲ့ အရာရှိတို့၊ လူချမ်းသာတို့၊ အဲဒီလူမျိုးကို ရွေးယူပြီး မင်းကတော်၊ သူဌေးကတော် လုပ်ဖို့လောက်ပဲ စိတ်ကူးထည့်တာ၊ ဒီလိုမိန်းကလေးမျိုးကို ဖေဖေကသဘော မကျပါဘူး။ ရှင်းရှင်းပြောရရင် အဲဒီလို မိန်းကလေးမျိုးနဲ့ ဖေဖေသား အကြောင်းမပါသွားမှာစိုးတယ်"

"ဒီလိုဆိုရင် ဖေဖေက မေမေကိုတော့ ဘာဖြစ်လို့ယူသလဲ"

ကျွန်တော်က ရယ်စရာလိုလို၊ တစ်ကယ်လိုလိုဖြင့် မေးလိုက်၏။

"အေး…သားမေးမယ်ဆိုလဲ မေးစရာဘဲ၊ ဖေဖေက လူရိုးလူအေး မဟုတ်လား လောကအကြောင်းကို သိပ်သိတာမဟုတ်ဘူး။ ဖေဖေအရာရှိဖြစ်လာတော့ မင်းမေမေ့မိဘတွေက ဖေဖေမိဘများဆီသွားပြီး စကားကြောင်းကြတယ်၊ ဖေဖေမိဘတွေက သဘောတူလို့ ဖေဖေယူလိုက်ရတာ၊ သားကြတော့ ဖေဖေ့အဖြစ်မျိုးမကြုံစေချင်ဘူး"

"ဟုတ်ကဲ့ ဖေဖေ၊ ကျွန်တော် ဖေဖေ့စကားကို နားထောင်ပါ့မယ်"

"သားမေမေကို ကျေးဇူးတင်ဖို့ကောင်းတာ တစ်ခုတော့ရှိတယ်"ဟု ဖေဖေကပြောသဖြင့်"ဘယ်အတွက် ကျေးဇူးတင်ရမှာလဲ"ဟု ကျွန်တော်ကပြန်မေးလိုက်၏။

"တခြားကိစ္စတွေမှာ ဘယ်လောက်ပဲဆိုးဆိုး သားအပေါ်မှာတော့ ဘယ်တော့မှ မဆိုးဘူး။ သားကိုချစ်တဲ့နေရာမှာ ဘယ်မိခင်နှင့်မှ မတူအောင် ချစ်တဲ့မိခင်ပဲ၊ ဒါကြောင့် ဖေဖေက သူ့ကိုကျေးဇူးတင်တယ်"



"သားကို အလွန်အကျွံချစ်တာဟာ ဖေဖေပြောတဲ့ ကိုးမျိုးတွေဆိုတာ မျိုးကြောင့်လားမှမသိဘဲ"

"ဟုတ်တယ်၊ အဲဒါလဲ ကိုးစိတ်ပဲ၊ သို့ပေမယ့် ဘယ်ပဲဖြစ်ဖြစ် သားကို ချစ်တော်ရတာကိုပဲ ဝမ်းလည်းသာရတယ်၊ ကျေးဇူးလဲတင်ရတယ်"

"ဖေဖေနဲ့မေမေက တစ်မျိုးစီ တစ်ဘာသာစီပဲနော်"ဟုကျွန်တော်က ပြောလိုက်၏။

ဖေဖေက ကျွန်တော့်အတွက် ဆုံးမစကားပြောပါသည်။

"လူတွေဟာ ရဟန္တာမဟုတ်တော့ အားလုံး အကောင်းချည်း ဘယ်ဖြစ်နိုင်မလဲကွာ၊ အကောင်းများပြီး အဆိုးနည်းရင် လူကောင်းပေါ့၊ အကောင်းနည်းပြီး အဆိုးများရင် လူဆိုးပေါ့ ဒီတော့ လူကောင်းဖြစ်ချင်ရင် အဆိုးနည်းပြီး အကောင်းများအောင်ကြံရ၊ ပြောရ၊ လုပ်ရမယ်၊ ကောင်းတဲ့လူကိုတွေ့ရင် ဆရာတင်ပြီး ကောင်းတာတွေကို အတုယူ၊ မကောင်းတဲ့ လူကိုတွေ့ရင်လဲ ဆရာတင်ပြီး သူ့လိုမကောင်းမဖြစ်အောင်ဆင်ခြင်"

(ဂ)

ကျွန်တော့် နေရေးထိုင်ရေးတွက် အဆုံးအဖြတ်မပေးရသေးသဖြင့် ဒေါ်ဒေါ်တို့တိုက်တွင်ပင် ကျွန်တော်တို့နေကြ၏။

တစ်နေ့တွင် ဖေဖေသည် အပြင်မှပြန်လာပြီးနောက် ဝမ်းသာအားရပြောသည်။

"သားနေဖို့နေရာရခဲ့ပြီ"

"ဘယ်မှာလဲ-ဘယ်မှာလဲ"ဟု မေမေရော ဒေါ်ဒေါ်ပါ အမောတကော မေးကြ၏။

"တက္ကသိုလ်ကျောင်းနဲ့ အနီးကလေးရယ်၊ တစ်ထပ်တိုက်ကလေး၊ ကောင်းကောင်းမွဲ တက္ကသိုလ်က အင်္ဂလိပ်ပါမောက္ခကြီးတစ်ယောက် ပင်စင်ယူပြီး ဘိလပ်ပြန်တော့မှာမို့ သူပိုင်

www.burmeseclassic.com

www.burmeseclassic.com



တဲ့တိုက်ရော တိုက်ပေါ်ကအိမ်ထောင်ပရိဘောဂတွေပါ စျေးပေါပေါနဲ့ရောင်းမယ်တဲ့ စျေးကလဲ တကယ် သက်သာပါတယ်၊ ဒါကြောင့် စရံငွေတောင်ပေးခဲ့ပြီးပြီ"

"ဖြစ်မှဖြစ်ရလေရှင်၊ ကျွန်မတို့ကိုများ တိုင်ပင်ဦးရောပေါ့၊ ကျွန်မတို့ တိုက်ကနေပြီး ကျောင်းတက်ပါလို့ အတန်တန်ပြောရက်သားနဲ့များ တိုက်စရံပေးခဲ့ရတယ်လို့ အံ့ဘဲအံ့ပါရဲ့"ဟု ဒေါ်ဒေါ်က ကဲကဲဆတ်ဆတ်အပြစ်တင်၏။

"စျေးအင်မတန်သက်သာတော့ သူများဦးသွားမှာစိုးလို့ စရံပေးခဲ့ရတာကွ၊ သားလဲ ကျောင်းနား နီးနီးနေရအောင်လို့ပေါ့၊ မင်းတို့မှာ အခုတိုက်တစ်လုံးရှိတယ်မဟုတ်လား၊ အဲဒီတိုက်ဝယ်ပြီးရင် မင်းတို့မှာ တိုက်နှစ်လုံးပိုင်နေပြီလို့ သဘောထားပေါ့ကွာ"

ဖေဖေကဘယ်သဘောဖြင့် ထိုကဲ့သို့ ပြောလိုက်လေသည် မသိရသော်လည်း ဒေါ်ဒေါ်ကမူကား ဖေဖေစကားအတွက်အများကြီး သဘောကျကာ ပီတိဖြစ်နေပုံပေါ်နေပါသည်။

"ဒါတို့သားနဲ့မင်းတို့ သမီးလက်ထပ်ပြီးရင် အခုဝယ်မယ့်တိုက်ဟာ မင်းတို့ တိုက်ပဲပေါ့ကွာ"

ကြံသဘောဖြင့် ဖေဖေကပြောသည်ဟု ဒေါ်ဒေါ်က အယူရှိဟန်တူပါ၏။ ဖေဖေတိုက်ဝယ်မည်ကို မကန့်ကွက်တော့ပါ။

မကြာမီတွင် ဖေဖေတိုက်ဝယ်ပါ၏။ ကျောင်းဖွင့်ရန် ရက်အတန်ကြာလိုသေးသော်လည်း ကျွန်တော်တို့သည် ထိုတိုက်သစ်သို့ ပြောင်းရွှေ့နေထိုင်ကြပါသည်။

ကျောင်းဖွင့်သောအခါ၌ ကျွန်ုပ်နီးနီးနားနားကျောင်းတက်ရပါပြီ။

ကျောင်းဖွင့်ပြီး နောက်ရက်အတော်ကြာသည့်တိုင်အောင် ဖေဖေနှင့်မေမေတို့သည် ကျွန်တော်နှင့်အတူ နေကြပြီးနောက် သူတို့မြို့သို့ပြန်ကြရမည်ဖြစ်သောအခါ မေမေက…

"သားသားနဲ့ ညအိပ်ညနေတစ်ခါမှ မခွဲဖူးဘူး၊ အခုရက်တွေလတွေအကြာကြီး ခွဲနေရတော့မယ်"ဟုဆိုကာ ငိုပါတော့သည်။



မေမေငိုနေသည်ကို မြင်ရသောအခါ ကျွန်တော်လည်း မျက်ရည်ဝဲလာရင်း ဖေဖေပြောပြခဲ့ဘူးသည်ကို နားထဲက ကြားယောင်နေမိပါသည်။

"သားကိုချစ်တဲ့နေရာမှာ ဘယ်မိခင်နဲ့မှ မတူအောင်ချစ်တဲ့မိခင်ပဲ"

မေမေသည် ကျွန်တော့်နေရေးထိုင်ရေး ပညာသင်ရေး၊ ကျန်းမာရေးအတွက် မပြီးနိုင်မဆုံးနိုင်အောင် မှာတမ်းရှည်ကြီးမှာပါသည်။ ထို့နောက်ပြောပြန်၏။

"သီတင်းကျွတ်တို့ ဒီဇင်ဘာတို့မှာ ရက်တော်တော်များများကျောင်းပိတ်တဲ့အခါ သားသား ဆက်ဆက်ပြန်ခဲ့နော်"

"ဟုတ်ကဲ့ မေမေ၊ ပြန်ခဲ့ပါ့မယ်"ဟု ဝန်ခံကတိပေးရပါ၏။

ထို့နောက်မေမေက မကျင်အား"ဟဲ့ - မယ်နု၊ ငါ့ သားကိုအထူးဂရုစိုက်နော်"ဟုအော်ငေါက်၍မှာ၏။

မကျင်အား မယ်နုဂျီဟုခေါ်ခြင်းမှာ နဂိုကောင်မှားသည် သူတို့အိုးများထဲသို့ အခြားမိုးကောင်ငယ်ကလေးများကို သွင်းကာမိမိ၏ သားမဟုတ်ပဲ သားအမှတ်ဖြင့် ချစ်ခင်နေသည်ဟူသော အယူအဆရှိကြ၏။

ထို့အတူပင်လျှင် မကျင်သည် သူ့သားမဟုတ်သော ကျွန်တော့်ကို သားကဲ့သို့ ချစ်နေသဖြင့် မယ်နုဂျီဟု မေမေကခေါ်ခြင်းဖြစ်သည်။

မေမေသည် မကျင်အား ပုတ်ပုတ်ခတ်ခတ်ပြောလိုက်ချေသေး၏။

"အေးပါလေ…ငါ့သားအတွက် စိတ်မချလို့သာမှာရတာပါ။ မယ်နုဂျီကတော့ သားသားကို ဂရုစိုက်မှာသေချာပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အတုက အစစ်ထက်တောင် တတ်ကဲတတ် သေးတယ်မဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



မေမေက ဘယ်လိုပဲသွားပုပ်လေလွင့်ပြောပြော မကျင်မှာမူကား သူ့ကိုမပြောသလို မတုန်မလှုပ် ခေါင်းငုံ့၍ခံရှာလေသည်။

ဖေဖေက မနေနိုင်သဖြင့် ဝင်၍ပြော၏။

"မင်းကလဲကွာ・・မင်းသားကို ဂရုတစိုက်စောင့်ရှောက်ပေးမဲ့သူကို ကျေးဇူးတင်ရမယ့်အစား ပုတ်ပုတ်ခတ်ခတ်ပြောနေတော့ စောင့်ရှောက်ပေးမယ့်သူက စိတ်ပျက်မသွားပေဘူးလား"

ဖေဖေ့စကားကို ကြားရသောအခါတွင်မှ မေမေသည် သူ့အမှားကို သိသွားဟန်တူသည်။ မကျင်အားနောက်ထပ် ဘာမျှမပြောတော့ပေ။

မည်သို့ပင်ဖြစ်စေကာမူ မေမေသည် သနားစရာကောင်းသော အမျိုးသမီးတစ်ယောက်ဟု ကျွန်တော်မြင်ပါသည်။

မေမေနှင့်ဖေဖေတို့ သူတို့မြို့သို့ ပြန်တော့မည်ဖြစ်သဖြင့် ကျွန်တော်ဘူတာရုံသို့ လိုက်ပို့ရာ ရထားအထွက်တွင် မေမေသည် တစ်ရှုံ့ရှုံ့ငိုရင်း ပါသွားပါသည်။

မေမေပြန်သွားပြီးနောက် ရက်အနည်းငယ်အတွင်းမှာပင် မေမေ့ထံမှစာရ၏။ ကျွန်တော့်ကို သတိရကြောင်း၊ ကျွန်တော်ကျန်းမာရန် ဆုတောင်းကြောင်းစသည်ဖြင့် ကျွန်တော့်နေထိုင်ရေး ပညာသင်ကြားရေးအတွက် မေမေဆုံးမတတ်မြဲအတိုင်းပင် သူ့စာထဲတွင်ပါ၏။

မေမေသည် သူ့မွေးနေ့ဖြစ်သော ဗုဒ္ဓဟူးနေ့တိုင်း ကျွန်တော့်ထံသို့စာထည့်၏။ မေမေ့စာရသည်နှင့်အမျှ ကျွန်တော်ကလည်းစာပြန်ရေးရသည်။

မေမေအပျော်ဆုံးအချိန်အခါကား နွေရာသီကျောင်းပိတ်ရက်ရှည် ပိတ်ချိန်တည်း။ ထိုရက်တွင် ကျွန်တော့်မေမေထံပြန်ရ၏။ မကျင်မှာ အိမ်စောင့်နေရသဖြင့် မလိုက်ပေ။

သီတင်းကျွတ်ပွဲတော်နှင့် ခရစ်စမတ်ပွဲတော်ရက်အတွက် ရက်အတော်များ ကျောင်း



ပိတ်လျှင်လည်း မေမေထံသို့ ကျွန်တော်ပြန်ဖြစ်အောင်ပြန်ရသည်။

ကျောင်းဖွင့်သည့် လများအတွင်း တနင်္ဂနွေနေ့တိုင်းပင် ကျွန်တော်ရော မကျင်ပါ စိတ်ညစ်ကြရပါသည်။ အကြောင်းမူကား ထိုနေ့တွင် ဒေါ်ဒေါ်နှင့်သူ့သမီးနှစ်ယောက်တို့သည် ကျွန်တော်တို့ အိမ်သို့ရောက်လာကြကာ သူတို့အိမ်သဖွယ် ချယ်လှယ်လုပ်ကိုင်ကြ၏။ နံနက်စာရော ညစာပါ ချက်ပြုတ်စားသောက်ကြ၏။ မကျင်ကိုလည်း အခြွေအရံ ကြိမ်းမောင်းတတ်ပေသေးသည်။

သူတို့ကွယ်ရာတွင် မကျင်က ပြော၏။ "လူကလေးသာ မကျင်သားဆိုရင် ဒီလိုဟာတွေနဲ့ မပေးစားဘူး"

ကျွန်တော်လည်း သူတို့ကို စိတ်မဝင်စားပါ။ ကျွန်တော်သည် ဖေဖေ့သား ပီသစွာ စာကိုသာလျှင် ကြိုးစားသင့်သဖြင့် တစ်နှစ်တတန်းမှန်မှန် အောင်ခဲ့ပါသည်။

မဟာဝိဇ္ဇာတန်း နောက်ဆုံးနှစ်သို့ ကျွန်တော်ရောက်ရှိသင်ကြားနေစဉ်တွင် ဒုတိယကမ္ဘာစစ်ပွဲသည် ကျွန်တော်တို့ ပြည်သို့ကူးစက်လာကာ အင်္ဂလိပ်နှင့်ဂျပန် စစ်ကြေညာလိုက်လေသည်။

ကျောင်းများပိတ်သဖြင့် ကျွန်တော်သည်လည်း ဖေဖေနှင့်မေမေထံ ပြန်သွားရာ မကျင်လည်းအတူပါ၏။

စစ်ကြီးဖြစ်လာပြီးဖြစ်သဖြင့် အားလုံးစိတ်မကောင်းဖြစ်ကြသလိုပင် မေမေသည် စိတ်မကောင်းဖြစ်သော်လည်း ကျွန်တော်နှင့်အတူ ကြာရှည်လေးမြင့်နေရခြင်း အတွက်ကား ဝမ်းသာ လေသည်။

အင်္ဂလိပ်စစ်တပ်များ မြန်မာပြည်မှ ဆုတ်ခွာကြရာတွင် ကျွန်တော်တို့မြို့မှာပင်သို့ ဆုတ်ခွာသည့်လမ်းတွင် တည်ရှိနေသဖြင့် ဂျပန်တပ်များ၏ ဗုံးဒဏ်ကိုလည်းခံရ၏။ တစ်ပန်

www.burmeseclassic.com

www.burmeseclassic.com



ဂျပန်စစ်တပ်ထားသဖြင့် အင်္ဂလိပ်ဗုံးဒဏ်ကိုလည်း မကြာခဏခံနေကြရ၏။

ထို့ကြောင့် မြို့ပေါ်တွင် မနေဝံ့ကြတော့ပဲ ကျွန်တော်တို့မိသားစုမှာ ၁၀-မိုင်မျှဝေးသည့် မကျွင်တို့ရွာသို့ ပြောင်းရွှေ့နေထိုင်ကြရသည်။

မကျွင်တို့ရွာမှာ စစ်ဘေးစစ်ဒဏ်မခံရပဲ အေးချမ်း၏။ ရွာသူရွာသားများမှာလည်း သဘောသကာယကောင်းကာ စိတ်ကောင်းစေတနာကောင်းရှိကြသဖြင့် ကျွန်တော်တို့စိတ် အေးချမ်းသာနေရပေသည်။

တစ်နေ့တွင် ကျွန်တော်သည် ရွာလယ်လမ်းအတိုင်းလျှောက်ခဲ့ရာ ကျောင်းသူကျောင်းသားကလေးများ စာသင်ကြားနေရာ ကျောင်းသို့တွေ့ရ၏။ စစ်ဘေးစစ်ဒဏ် ကင်းလွတ်သဖြင့် ကျောင်းဖွင့်လှစ်မြဲဖွင့်လှစ်ကာ သင်ကြားနေနိုင်ခြင်းဖြစ်သည်။

ကျွန်တော်ကျောင်းပေါ်သို့တက်သွားရာ "လာပါဆရာ လာပါ"ဟု ဆရာမကလေးက ဖိတ်ခေါ်ရင်း နေရာထိုင်ခင်းပေး၏။

"ဆရာတို့မိသားစု စစ်ပြေးအဖြစ်နဲ့ ကျွန်မတို့ရွာရောက်လာကြတာကြားပါတယ်။ ဆရာတို့ အိမ်မှာနေတဲ့ဒေါ်ကျွင်က ကျွန်မအဒေါ်ပါ"

"ဒေါ်ကျွင်လက်ပေါ်မှာ ကျွန်တော်ကြီးခဲ့ရတာပါ။ ကျွန်တော့် ဒုတိယ အမေပေါ့ပါတော့"ဟု ကျွန်တော်က ပြောလိုက်၏။

"ဆရာ့ကို ကျွန်မ တောင်းပန်ချင်တာတစ်ခု ရှိပါတယ်။ ဆရာတတ်နိုင်ရင်ပေါ့လေ"ဆရာမကလေးက အားနာသည့် အမူအရာဖြင့်ပြော၏။

"ကျွန်တော့်ကို ခိုင်းချင်တာရှိရင် ခိုင်းပါ။ ဘာမှ အားနာစရာမရှိပါဘူး"ဟု ကျွန်တော်က ပြောလိုက်သည်။

"ကျွန်မ မြန်မာဆယ်တန်းနဲ့ အထက်တန်းဆရာဖြစ် အောင်ပါတယ်ဆရာ။ သို့ပေမဲ့



အင်္ဂလိပ်စာတော့ မတတ်ပါဘူး။ ဒီတော့ ဆရာ့ဆီမှာကျွန်မ အင်္ဂလိပ်စာသင်ချင်ပါတယ်။ ဆရာ ဝန်မလေးဘူးဆိုရင်ပေါ့လေ"

"ဝန်မလေးပါဘူး။ ကျွန်တော်သင်ပေးပါ့မယ်။ ဆရာမ အားတဲ့အချိန်လာပါ"ဟု ကျွန်တော်က ပြောလိုက်ပါသည်။

ညနေကျောင်းဆင်းချိန်တိုင်းပင် ဆရာမ မအေးမေသည် ကျွန်တော်တို့နေသည့် အိမ်သို့လာရာ ကျွန်တော်က အင်္ဂလိပ်စာသင်ပေးရ၏။ မအေးမေသည် ဉာဏ်ကောင်းရုံသာမက လုံ့လဝီရိယလည်းကောင်းသူဖြစ်ရာ အံ့ဩလောက်အောင်ပင် တိုးတက်မှု၊ တတ်မြောက်မှုရှိပေသည်။

သို့သော် မအေးမေနှင့်ပတ်သက်၍ စိတ်မချမ်းသာစရာ တွေ့ကြုံရ၏။ တစ်နေ့တွင် မအေးမေ ကျွန်တော့်ထံ စာသင်မလာသဖြင့် နေထိုင်မကောင်းဖြစ်နေသလောဟု တွေးကာ သူ့အိမ်သို့ ကျွန်တော်လိုက်သွား၏။

"လာဆရာ၊ ဆရာလာလိမ့်မယ်လို့တော့ ကျွန်မအထင်သား"ဟု မအေးမေက ပြော၏။ သူ့မျက်နှာညှိုးငယ်နေသည်ကို ကျွန်တော် အကဲခတ်လိုက်မိသည်။

"ပြောစမ်းပါဦး၊ ဆရာမ ဘာဖြစ်လို့ ဒီနေ့မလာတာလဲ"

"ဆရာသင်ပေးလို့ အင်္ဂလိပ်စာ အခြေခံတော်တော်ရနေပြီး အဟုတ်လားဆရာရယ် ဒီတော့ ကျွန်မဘာသာ ဆက်ပြီးကြိုးစားသွားရင် ဖြစ်ပါပြီ။ ဆရာသင်ပေးနေတာ ပင်ပန်းမှာစိုးလို့ ကျွန်မမလာတာပါ"

"ဒီလို မဟုတ်နိုင်ပါဘူးလေ၊ မှန်ရာကန်ရာပြောပါ။ အကြောင်းထူး တစ်ခုရှိလို့မလာတာကို ကျွန်တော်ရိပ်မိပါတယ်"

"ဆရာကဘယ်လိုထင်လို့လဲ"ဟု မအေးမေက မေး၏။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့်အထင်ပြောရရင်တော့ ဆရာမမလာပါနဲ့လို့ မေမေကပြောလိုက်တာပဲ"

မအေးမေက ဘာမှပြန်မပြောဘဲ ပြုံးနေ၏။

"ဆရာမကို ဘယ်သူလာပြောသလဲ၊ ဖုံးမထားပါနဲ့ ဆရာမရယ်၊ ကျွန်တော်လည်း သိသင့်သလောက် သိပြီးပါပြီ။"

"ဆရာတို့မေမေက ပြောခိုင်းလို့ ဒေါ်ကျင်လာပြောပါတယ်"

"ဘယ်လိုပြောသလဲ"

"ပြောပုံက မကောင်းပါဘူး ဆရာရယ်၊ မသိချင်ပါနဲ့"ဟု မအေးမေက ဝမ်းနည်းသံဖြင့်ပြောရှာသည်။

"ပြောသာပြောပါ ဆရာမရယ်။ အကျိုးအကြောင်း ဘာမှမသိရရင် ကျွန်တော့် စိတ်မကောင်းဖြစ်နေတော့မှာပေါ့"

မအေးမေသည် ကျွန်တော့်ကို ကရုဏာသက်သော မျက်လုံးဖြင့် ကြည့်ပြီးနောက် ပြောပြ၏။

"တိုတိုပြောရမယ်ဆိုရင် ဆရာ့ဆီကို ကျွန်မလာပြီး အင်္ဂလိပ်စာမသင်ပါနဲ့တဲ့"

"ဘာဖြစ်လို့လဲဟု ကျွန်တော်က ဖြတ်မေးလိုက်သည်။"

မအေးမေသည် ရှက်ရွံ့သည့် အမူအရာဖြင့် ခေါင်းငုံ့ပြီး "ဆရာနဲ့ကျွန်မနဲ့ကို စိတ်မ ဘူးထင်ပါရဲ့"ဟု ပြော၏။

"ဒီလောက်ပြောရင် ကျွန်တော်သိပါပြီ။ ရန်ကုန်မှာနေတဲ့ သူ့တူမတစ်ယောက်ကို ကျွန်တော့်မေမေက ပေးစားချင်တယ်၊ ကျွန်တော်က လမြှုံမက်ပါဘူး။ မေမေကလဲ သဘောမ ပါဘူး"

"အဲဒီအကြောင်းလဲ ဒေါ်ကျင်က ပြောပြပါတယ်။ ဆရာ့မေမေကတော့ ကြိုး



ထား ပြီးဆိုတာလိုဖြစ်မှာ စိုးဟန်တူပါတယ်။ ဒီတော့ ကျွန်မကို ဆရာအင်္ဂလိပ်စာ သင်မပေးပါနဲ့တော့ ဆရာရယ်"

"မဆိုင်ပါဘူးဆရာမရယ်၊ ကျွန်တော်သင်မြဲသင်ပေးပါရစေ။ မေမေအယူသီးမှုကြောင့် ဆရာမပညာသင်ကြားရေးပျက်မယ်ဆိုရင် မေမေမှာလဲ တာဝန်မကင်းဘူး။ ကျွန်တော်လဲ စိတ်မကောင်းဖြစ်တော့မှာဘဲ။ ဒီတော့ ကျောင်းပိတ်တဲ့နေ့မှာ ဆရာမတို့အိမ်ကို ကျွန်တော်လာပြီး သင်ပေးပါ့မယ်။ ဒီလိုသင်ပေးရမှလဲ ကျွန်တော်စိတ်မကောင်းဖြစ်မှာပါ"

"ဒါတော့ ဆရာသဘောပေါ့လေ၊ ဆရာစိတ်မကောင်းမဖြစ်စေချင်ပါဘူး"

(၉)

"ဆင်အိပ်ရာဆင်နှီး"ဟူသော စကားကဲ့သို့ပင် မေမေက ကျွန်တော်နှင့်ဆရာမ မအေးမေ ချစ်ခင်စုံမက်သွားကြမည်ကိုစိုးသည်ဟု ဆိုသောအခါတွင်မှ မအေးမေကို ကျွန်တော်ပို၍ စိတ်ဝင်စားလာသည်။ ဂရုတစိုက် အကဲခတ်၍ကြည့်မိသည်။

အထူးသဖြင့် မေမေတူမများဖြစ်ကြသော ရန်ကုန်မှ အမျိုးသမီးများနှင့် မအေးမေကို နှိုင်းယှဉ်၍ကြည့်မိသည်။ ယင်းသို့ နှိုင်းယှဉ်ကြည့်သောအခါတွင် မယှဉ်သာအောင် ကွာခြားနေသည်ကိုတွေ့ရ၏။

တစ်ခါတွင် ဖေဖေနှင့်စကားပြောရင်း စပ်မိသဖြင့် မအေးမေအကြောင်းကို ပြောမိသည်။

"ဒီရွာက ကျောင်းဆရာမကလေးဟာ စိတ်နေစိတ်ထားအပြောအဆို အနေအထိုင်ရော အကျင့်စာရိတ္တရော အလွန်တော်တယ် ဖေဖေ"

"အေးကွ ရုပ်ကလေးကလဲ တော်တော်ချောတယ်။ နာမည်နဲ့လိုက်အောင် အေးအေးလူလူလဲ ရှိတယ်။ မင်းမေမေတူမများနဲ့တော့ တစ်ဘာသာစီပဲ။ သားအိမ်ထောင်ပြုမယ်ကြံရင်

www.burmeseclassic.com

www.burmeseclassic.com



ဒီလိုမိန်းကလေးမျိုးကို ရွေးသင့်တယ်"

"မီးလောင်ရာလေပင့်"ဆိုသလို မအေးမေကို ကျွန်တော်စိတ်ဝင်စားသည်ထက် ဝင်စားအောင် ဖေဖေက တိုက်တွန်းနှိုးဆော်ပေးသကဲ့သို့ ဖြစ်သွားလေသည်။ ကျွန်တော်တို့သည် စစ်ကာလတစ်လျှောက်လုံး မအေးမေတို့ရွာတွင် အေးချမ်းစွာနေထိုင်ကြရ၏။

စစ်ကြီးပြီးသွားသောအခါတွင် ကျွန်တော်မှာ ဝမ်းသာဝမ်းနည်းဖြစ်ရသည်။ လူအပေါင်းတို့ဒုက္ခအမျိုးမျိုး တွေ့ကြုံခဲ့ရသည့် စစ်ကြီးပြီးသွားပြီဖြစ်သဖြင့် ဝမ်းသာပါ၏။

သို့သော် မအေးမေနှင့် ခွဲခွာရတော့မည်ဖြစ်သည့်အတွက် စိတ်မကောင်းဖြစ်ရသည်။ အတူနေစဉ်က မအေးမေကို ကျွန်တော်စွဲစွဲလမ်းလမ်းရှိလှသည်ဟုမထင်။ သာမန်မျှလောက်သာ ခင်မင်နေခြင်းဖြစ်သည်ဟု ထင်၏။ ယခုကဲ့သို့ ခွဲခွာရတော့မည်ဖြစ်သည့်အခါတွင်မှ ကျွန်တော်အကြီးအကျယ်စိတ်မကောင်းဖြစ်ရခြင်းမှာ မအေးမေကို အစွဲကြီးစွဲနေပြီဖြစ်ကြောင်း ထင်ရှား၏။ ထို့ကြောင့် ကျွန်တော့်စိတ်ထဲတွင် ရှိသမျှကို ဖွင့်ပြောလိုက်သည်။

"ဖြစ်နိုင်မယ်ဆိုရင်တော့ ကျွန်တော်ဆရာမနှင့်မတူ တစ်သက်လုံးအတူနေချင်ပါတယ်"

"ကျွန်မကလဲ အဲဒီလိုပဲ အတူနေချင်ပါတယ်။ သို့ပေမယ့် ဆရာ့မေမေစိတ်မကောင်းဖြစ်မှာ ဆိုးတယ်။ ဒီတော့ အတူနေလို့ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ပါဘူးဆရာရယ်"ဟု ဝမ်းနည်းသံကလေးဖြင့် ပြောရှာ၏။

ကျွန်တော်တို့ မြို့သို့ထွက်ခါနီး မအေးမေကို နောက်ဆုံးနှုတ်ဆက်ခြင်းဖြင့် နှုတ်ဆက်ရာတွင် ကျွန်တော့် ရင်တစ်ဝှမ်းလုံး ပူပန်လောင်မြိုက်နေလျက် မအေးမေမှာ မျက်ရည်ကလေးလည်ရွှဲနေရှာ၏။ ကျွန်တော်တို့အကြောင်းကို ရိပ်မိသောဖေဖေကမူကား "ချစ်ခင်ပေါင်းသင်းဆက်ဆံခြင်းကား၊ ကွေကွင်း နောက်ဆုံးရှိချေ၏ဆိုတဲ့ တရားအတိုင်းပေါ့ကွာ"ဟုပြောလေသည်။



(၁၀)

စစ်ပြီးစတွင်ပင် ကျွန်တော်နှင့်မကျင်သည် ရန်ကုန်သို့ပြောင်းရွှေ့နေထိုင်ကြကာ ကျွန်တော်က တက္ကသိုလ်ကျောင်း၌ မဟာဝိဇ္ဇာတန်းကို နောက်ဆုံးနှစ်တွင် သင်ကြားနေသည်။

မအေးမေနှင့်ကျွန်တော်သည် အမြဲပင် စာအဆက်အသွယ်ရှိနေ၏။ တစ်နည်းပြောရလျှင် စာကိုအောင်သွယ်လုပ်ကာ သမီးရည်းစားဖြစ်နေကြပါပြီ။ သို့သော် တစ်ကယ်ပေါင်းရဖို့မှာ ဖြစ်နိုင်မည်ကိုစွမဟုတ်ဟု နှစ်ယောက်စလုံး သတိထားကြပါ၏။ မေမေက ဘယ်နည်းနှင့်မျှ သဘောတူမည် မဟုတ်သောကြောင့်တည်း။

မအေးမေကို သတိရတိုင်း သူ့အကြောင်းကို မကျင်နှင့်ပြောနေရ၏။

"မအေးမေ ဒီနှစ်အင်္ဂလိပ်ဆယ်တန်းဝင်မယ်တဲ့။ သူက မြန်မာဆယ်တန်းအောင်ပြီးဖြစ်တော့ အင်္ဂလိပ်တစ်ဘာသာပဲဝင်ရမယ်။ ဆယ်တန်းအောင်ရင် တက္ကသိုလ်မှာနေနိုင်တယ်"ဟု ကျွန်တော်ကပြောရာ မကျင်ကဝမ်းသာအားရဖြင့် "ဆယ်တန်းအောင်ပြီး ရန်ကုန်ကျောင်းလာနေနိုင်ပါစေ၊ သူမလေးနဲ့လဲ အကြောင်းပါပါစေ"ဟု ဆုတောင်းလေသည်။

ကျွန်တော် မဟာဝိဇ္ဇာတန်း အောင်သလိုပင် မအေးမေလည်း ဆယ်တန်းအောင်၏။ ကျွန်တော်ကရန်ကုန်တက္ကသိုလ်တွင် ဆရာလုပ်ရသဖြင့် လုပ်ရာ မအေးမေကလည်း ပညာရေးတက္ကသိုလ် ပထမနှစ်ကျောင်းသူဖြစ်လာသဖြင့် ကျွန်တော်တို့ချင်း အတော်နီးစပ်လာကြပါသည်။ သို့သော်မေမေမ ကျေမနပ်ဖြစ်မည်ကို သိထားကြသဖြင့် တစ်အိမ်စီနေကြ၏။

မေမေကရော၊ မေမေ့ညီမ ဒေါ်ဒေါ်ကပါ၊ ဒေါ်ဒေါ်သမီး ခင်ခင်ထူးနှင့် ပေးစားရန် ကျွန်တော့်ကို အပူတပြင်းနားချကြသည်။ ကျွန်တော်ကလည်း ခင်ခင်ထူးကို မစုံမက်၊ ဖေဖေသည်လည်း သဘောမတူ၊ မကျင်ကပါ ကန့်ကွက်သဖြင့် ကျွန်တော်တို့ သုံးယောက်ကတစ်ဖက်၊ မေမေနှင့် ဒေါ်ဒေါ်ကတစ်ဖက် အတိုက်အခံဖြစ်နေကြသည်။

www.burmeseclassic.com

www.burmeseclassic.com



မေမေနှင့် ဒေါ်ဒေါ်က ချက်ချင်းလောလောဆယ် လက်ထပ်ပေးလိုက်၏။ ကျွန်တော်နှင့် ဖေဖေက အကြောင်းအမျိုးမျိုးပြကာ နေ့ရွှေ့ လရွှေ့ လုပ်နေကြသည်။

မေမေသည် မြေနှိမ့်ရာ လှံစိုက်တော့၏။ ကျွန်တော်က ခင်ခင်ထူးကို မယူလိုကြောင်း ငြင်းဆန်နေခြင်းမှာ မကျင်၏ ပယောဂပါသည်။ မကျင်သည် သူ့တူမ၊ မအေးမေနှင့် ပေးစား လိုသဖြင့် ကဖျက်ယဖျက် လုပ်နေသည်ဟု မေမေအယူရှိရာ မကျင်ကို ကျွန်တော်နှင့်အတူ မထားတော့ဘဲ ပြန်ခေါ်ပြီး အခြားအမျိုးသမီးတစ်ယောက်ကို ကျွန်တော်နှင့်အတူ ထား၏။

မေမေကား လင်ကောင်းသားကောင်း ရပါ၏။ စည်းစိမ်ဥစ္စာပြည့်စုံစွာ နေရပါ၏ သို့သော် ကံဆိုးရှာပါသည်။ ဒေါသမာန်မာန အားကြီးလွန်း၍ လာမပြောတတ်၊ နှလုံးရောဂါ ကပ်ရောက်လာလေရာ လအနည်းငယ် အတွင်းတွင်ပင် ကွယ်လွန်သွားရှာပါသည်။

မေမေကွယ်လွန်သွားသောအခါ မကျင်သည် ကျွန်တော်နှင့်အတူ လာနေ၏။ ဖေဖေ၏ ဆန္ဒအရ မအေးမေသည်လည်း ကျွန်တော်အိမ်သို့ ပြောင်းရွှေ့လာရာ ကျွန်တော်တို့သည် သိုက်သိုက်ဝန်းဝန်း ဖြစ်နေကြပါပြီ။

မေမေကွယ်လွန်ပြီးနောက် ၂-နှစ်အကြာတွင်မှ ဖေဖေ၏ သဘောတူညီချက်အရ ကျွန်တော်နှင့် မအေးမေတို့ လက်ထပ်ကြပါ၏။ ရင်းနှီးသော မိတ်ဆွေသင်္ဂဟများနှင့် ဆွေမျိုးသား ချင်းများဖြင့်သာ ခပ်ကျဉ်းကျဉ်း အခမ်းအနားကျင်းပရာ ဒေါ်ဒေါ်တို့သားအမိတတွေ လာရောက် ခြင်းမပြုကြပါ။

ဖေဖေကဆို၏။ "သားမေမေလဲ ဆုံးသွားရော၊ သူတို့အမျိုးတွေနဲ့ ဖေဖေတို့ တစ်ခါထဲ ပြတ်ကြရောပဲ၊ ဒါပဲကောင်းတယ်၊ သူတို့နဲ့ ဖေဖေတို့က စရိုက်ချင်း၊ အယူအဆချင်း စိတ်နေစိတ်ထားချင်းမတူဘူး၊ တစ်ဘာသာစီ၊ တခြားစီပဲ"



(၁၁)

ဖေဖေသည်လည်း သက်ရွယ်ကြီးရင့်လာပြီးဖြစ်သဖြင့် သူ့မြို့မှ တိုက်ကိုရောင်းကာ ရန်ကုန်တွင် ကျွန်တော်တို့နှင့်အတူ လာရောက်နေထိုင်၏။

ကျွန်တော်က တက္ကသိုလ်တွင် ဆရာလုပ်သည်။ မအေးမေက အထက်တန်းကျောင်း တစ်ကျောင်းတွင် ဆရာမလုပ်သည်။ ဖေဖေကမူကား တရားစာဖတ်၊ တရားအားထုတ်၊ စပ်မိ သည့်အခါ တရားစကားပြောသည်။

ယင်းသို့ဖြင့် တပြုံးပြုံးစီးသော မြစ်ရေယာ ကျွန်တော်တို့ဘဝမှာ အေးအေးစွာဖြင့်ပင် တစ်နှစ်ပြီးတစ်နှစ် ကုန်လွန်ခဲ့ရာ ကျွန်တော်တို့မှာ သားသမီးသုံးယောက် ထွန်းပေါက်ရှိခဲ့ပြီ။

ကျွန်တော့် သားသမီးတွေက မကျင်ကို အမေကျင်ဟု ခေါ်ကြရာ ကျွန်တော်နှင့် မအေးမေကပါ ကလေးတွေ၏ သံယောင်လိုက်ပြီး အမေကျင်ဟုပင် ခေါ်ကြပါ၏။

အမေကျင်ကား ကျွန်တော်တို့ အိမ်ထောင်အတွက် ဇာတ်လိုက်တဟင် ဆိုနိုင်ပါ၏။ ကျွန်တော်ငယ်စဉ်က အမေကျင်၏ လက်ပေါ်တွင် ကြီးပြင်းခဲ့ရသလို ကျွန်တော့် သားသမီးများမှာ လည်း အမေကျင်၏ လက်ပေါ်တွင်ပင် ကြီးကြရပါသည်။

ထို့ကြောင့် ဖေဖေ မကြာခဏပြောလေ့ရှိ၏။

"မကျင်ကျေးဇူးဟာ သားအပေါ်မှာရော၊ သားက မွေးတဲ့ မြေးတွေအပေါ်မှာရော အင်မတန်ကြီးပါပေတယ်ကွာ။ မကျင်စိတ်ချမ်းသာအောင် ထားကြပါ ဖေဖေမရှိတော့မှ မကျင်နဲ့ နေကြ။ မင်းတို့လက်ပေါ်မှာတွင် မကျင်အသက်ပျောက်သွားပေစေ"

ဖေဖေမှာသည့်အတိုင်း ကျွန်တော်တို့ ဤအတိုင်းဆောင်ရွက်ကြမည် ဖြစ်ပါသည်။

ဖေဖေမကြာခဏ ပြောတတ်သည့် စကားရှိသေး၏။

"ရုပ်ရှင်ရုံမှာ လက်မှတ်ရအောင် တန်းစီနေသလို လူတိုင်းဟာလဲ တန်းစီနေကြတာပဲကွ

www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့ကျတော့ ကိုယ့်အလှည့်ရောက်လာတာပဲ။ ဘာအလှည့်လဲ သိလား၊ သေလှည့်၊ လူတိုင်း တန်းစီနေကြတာက သေမင်းတံခါးဝလေ”

ဖေဖေပြောသည့်အတိုင်းပင် အသက် ၈၀-ကျော်နေပြီဖြစ်သော ဖေဖေသည် သေမင်း၏ တံခါးဝသို့ ရောက်နေပေပြီ။

“ဖေဖေတော့ သေရမှာ သိပ်မကြောက်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ အကုသိုလ် နည်းနိုင်သမျှနည်းအောင်၊ ကုသိုလ်များနိုင်သမျှများအောင် ဖေဖေအားထုတ်ခဲ့တာဟာ နှစ်ပရိစ္ဆေ ကြာလှပါပြီ”

သေရမည်ကို သိပ်ပြီးမကြောက်လှဟုဆိုသော ဖေဖေသည်လည်း သေမင်း၏ နိုင်ငံသို့ လိုက်ပါသွားရရှာချေပြီ။

(၁၂)

အမှတ်တရ ဝါဆိုလပြည့်နေ့ကြီးဖြစ်၏။ ဤနေ့တွင် ဖေဖေ့ကို အထူးသတိရကာ ဖေဖေ့အကြောင်းကို စဉ်းစားနေမိသည်။

ကျွန်တော်နှင့်မအေးမေကား ကျွန်တော့်ဖေဖေနှင့် မေမေတို့၏ နေရာကိုယူထားကြ ပေပြီ။ ဖေဖေနှင့်မေမေတို့ ကွယ်လွန်သလို ကျွန်တော်တို့လည်း နောင်သောအခါတွင် ကွယ်လွန်ကြ လျက် ကျွန်တော့်သားသမီးများက ကျွန်တော်တို့နေရာကို ယူကြပေလိမ့်မည်။

ထို့နောက် ကျွန်တော်၏ မြေးများ မြစ်များက အဆင့်ဆင့်နေရာယူကာ လူဟောင်းတွေ ပျောက်ပျောက်သွားပြီး လူသစ်တွေ ရောက်ရောက်လာပေလိမ့်မည်။

ဖေဖေရှိစဉ်က ပြောသည့် စကားတခွန်းကို ကျွန်တော်ကြားယောင်နေမိ၏။

“ဖေဖေတော့ သေရမှာ သိပ်မကြောက်လှဘူး။ ဘာဖြစ်လို့လဲဆိုတော့ အကုသိုလ် နည်းနိုင် သမျှနည်းအောင်၊ ကုသိုလ်များနိုင်သမျှများအောင် ဖေဖေအားထုတ်ခဲ့တာဟာ နှစ်ပရိစ္ဆေ



ကြာလှပါပြီ”

အစိုးရအမှုထမ်းအဖြစ်မှ ဖေဖေအနားယူပြီးနောက် အမြဲလိုပင် စာတွေဖတ်နေသည် ကိုတွေ့ရ၏။ ဖေဖေ ဘာစာအုပ်တွေ ဖတ်နေသနည်း။ ဖေဖေဖတ်ခဲ့သည့် စာအုပ်များကို ကျွန်တော်သိချင်စိတ်ပေါက်လာသည်။ ထိုစာအုပ်များထဲမှ စိတ်ဝင်စားစရာကောင်းသည့် စာအုပ် များကို ကျွန်တော်ဖတ်ကြည့်ရလျှင် ကျွန်တော့်အတွက် အကျိုးရှိလိမ့်မည်ဟု ကျွန်တော်ယုံကြည် သည်။ ထို့ကြောင့် ဖေဖေ့ စာအုပ်ဘီရိုကြီးကိုဖွင့်၍ မွှေနှောက်ကြည့်၏။

စာအုပ်တစ်အုပ်၏ အကြားတွင် ညှပ်ထားသည့် စာချုပ်တစ်ခုကို တွေ့ရသဖြင့် ကျွန်တော်ဖတ်ကြည့်ရာ အံ့ဩလွန်းသဖြင့် သတိလစ်သလို ဖြစ်သွား၏။

ထိုစာချုပ်ကြီးကား ကျွန်တော်တို့၏ ဘဝကို တစ်မှိုးတစ်စုံ ပြောင်းလဲပစ်လိုက်လေ တော့သည်။ အရှေ့ကို အနောက်ဖြစ်အောင်၊ အထက်ကိုအောက်ဖြစ်အောင် ပြောင်းပြန်ပြောင်းလွှဲ ပစ်လိုက်သည်နှင့်တူ၏။

ကျွန်တော်၏စိတ်များ ချောက်ချားလှုပ်ရှားလွန်းလှသဖြင့် ဝမ်းသာရမည်လော၊ ဝမ်းနည်းရမည်လောဟု ခွဲခြား၍မရအောင် ဖြစ်ရတော့သည်။

ထိုစာချုပ်ကို တွေ့ပြီးနောက် ဘာလုပ်ရမည်မသိ၊ ယောင်ချာချာဖြစ်နေ၏။

ကျွန်တော်အမူအရာ ထူးခြားဖောက်ပြန်နေသည်ကို မြင်ရသော မအေးမေကပင် အံ့ဩကာ-

“ဆရာဘာဖြစ်နေသလဲ၊ ဆရာကြည့်ရတာတစ်မျိုးကြီးပဲ” ဟု ပြောလေသည်။

(၁၃)

ထူးခြားသောစာချုပ်ကို တွေ့သည့်နေ့ ညအချိန်တွင် ဧည့်ခန်းထဲ၌ ကျွန်တော်တို့ စည်းဝေးကြသည်။ ကျွန်တော်တို့ ဇနီးမောင်နှံနှစ်ယောက်၊ သားသမီးသုံးယောက်နှင့် အမေကျော်ပါ

www.burmeseclassic.com

www.burmeseclassic.com



အားလုံးပေါင်း ၆-ယောက်၊ အိမ်ရှိလူကုန်ဖြစ်သည်။

ကိစ္စမှာ စိတ်ဝင်စားစရာ အကောင်းဆုံးဖြစ်၏။ အရေးကြီးဆုံးကိစ္စဟုလည်း ဆိုနိုင်ပါသည်။ ကိစ္စက အရေးကြီးလွန်းသဖြင့် ကျွန်တော် ဘာကစ၍ ပြောရမည်မသိဖြစ်နေ၏။

အိမ်သားအားလုံးသည် ကျွန်တော့်ကို ငေးစိုက်ကြည့်ရှုကာ ကျွန်တော် ဘာပြောမည်ကိုနားစွင့်နေကြ၏။

ကျွန်တော်စိတ်ထဲတွင် ပေါ်ရာကို ပြောလိုက်မိသည်။

"အမေကျော်ကို ကြည့်ကြစမ်း၊ တို့ အိမ်သူအိမ်သားတွေထဲက ဘယ်သူနဲ့ အမေကျော်နဲ့တူသလဲ"

ကျွန်တော့်အမေ ထူဆန်းသဖြင့် အံ့ဩသွားကြကာ မည်သူမျှ အဖြေမပေးကြချေ။

အတန်ကြာမှ မအေးမေက "အမေကျော်က ကျွန်မအဒေါ်မဟုတ်လား ဆရာရယ်၊ ဒီတော့ ကျွန်မနဲ့အမေကျော်နဲ့ တူတာပေါ့"ဟု ပြော၏။

"အမေကျော်နဲ့ ကျွန်တော်နဲ့ တူတယ်"

ကျွန်တော့်သားငယ်က ပြောလိုက်ရာ အားလုံးပြုံးကြ ရယ်ကြသည်။

"အမေကျော်နဲ့ အဖေနဲ့ တော်တော်တူတယ်"ဟု ကျွန်တော့်သမီးအကြီးက ပြောလိုက်ရာ ကျွန်တော်အတော် အံ့ဩသွား၏။ ဟုတ်ပါသည်။ မှန်ထဲတွင် မြင်ရတွေ့ရသည့် ကျွန်တော့်ပုံနှင့် ဓာတ်ပုံထဲက ကျွန်တော့် ရုပ်ဆင်းသဏ္ဌာန်တို့သည် အမေကျော်နှင့် အတော်ကြီး တူနေကြောင်း ကျွန်တော်သတိထားမိသည်။

ကျွန်တော့်ကို မေမေကိုယ်ဝန်ရှိစဉ်က အမေကျော်ကို မေမေမြင်တွေ့နေရသဖြင့် စိတ်လမ်းကာ ကျွန်တော်နှင့် အမေကျော်တူခြင်းဖြစ်သည်ဟု မေမေရှိစဉ်က ပြောဖူးပါ၏။

"ကိုင်း...အမေကျော် ကျွန်တော်နဲ့ အမေကျော်တူတယ်လို့ ကျွန်တော့်သမီးက ပြောနေပြီ၊ ဒါကို အမေကျော်ကကော ဘာပြောချင်သလဲ၊ ဘာပြောစရာရှိသလဲ"



ကျွန်တော်တို့အိမ်တွင် အမေကျော်သာလျှင် ဇာတ်လိုက်ဖြစ်ပါသည်။ အမေကျော်ကြောင့်သာလျှင် ကျွန်တော်အမှတ်တရ ဤစာကို ရေးနေရခြင်းဖြစ်ပါသည်။ ထို့ကြောင့် ဇာတ်လိုက်ဖြစ်သော အမေကျော်အား ကျွန်တော်မေးလိုက်ခြင်း ဖြစ်ပါ၏။

အမေကျော်၏ အဖြေကတော့ "အမေကျော် ဘာမှပြောစရာမရှိပါဘူး လူကလေးရယ်"ဟူ၍ ဖြစ်ပါသည်။

"အမေကျော်ကို ကျွန်တော် တစ်ခုမေးမယ်၊ အမေကျော် မှန်မှန်ဖြေရမယ်နော်၊ ဘယ့်နှယ်လဲ ကျွန်တော်မေးတာကို အမေကျော် မှန်မှန်ဖြေမယ်မဟုတ်လား"

"အမေကျော် သိတယ်ဆိုရင်တော့ မှန်မှန်ဖြေပါမယ် လူကလေးရယ်"ဟု အမေကျော်က သာသာကလေးဖြင့် ပြော၏။

ကျွန်တော်မေးခွန်းတစ်ခုကို မေးလိုက်ရာ အမေကျော်ရော ကျွန်တော့်ဇနီးနှင့် သားသမီးများပါ အတိုင်းမသိ အံ့ဩသွားကာ ပါးစပ်အဟောင်းသားဖြင့် ငေးငိုင်နေကြသည်။

ကျွန်တော့် မေးခွန်းမှာကား-

"ကျွန်တော့်အမေအရင်း ဘယ်သူလဲ၊ အမေကျော် မှန်မှန်ပြောပါ"ဟူ၍ ဖြစ်၏။

အတန်ကြာသောအခါတွင်မှ အမေကျော်က အေးစက်စက်ဖြင့်ဖြေ၏။

"ဆုံးသွားတဲ့ မင်းကတော်ဟာ လူကလေးအမေအရင်းပေါ့ကွယ်၊ ဒါများအဆန်းလုပ်ပြီး မေးနေရသေးတယ်"

"အမေကျော် ပြောတာမဟုတ်ဘူး၊ ကျွန်တော့်အမေအရင်းက အမေကျော်ဘဲ"

အားလုံးဟာ "ဟင်"ဖြစ်ကုန်ကြကာ ကျွန်တော့်ကို စူးစိုက်ကြည့်နေကြသည်။

"လူကလေးက မဟုတ်တာတွေ တောက်တီးတောက်တက် ပြောနေပြန်ပါပြီ၊

www.burmeseclassic.com

www.burmeseclassic.com



အမေကျင်က လူကလေးအမေ မဟုတ်ပါဘူးကွယ်"

"ဟုတ်တယ်၊ ဟုတ်တယ်၊ အမေကျင်ဟာ ကျွန်တော့်ရဲ့ အမေ၊ ကျွန်တော်စာချုပ်တွေ့ထားပြီးပြီ။"

"ဘာစာချုပ်တွေ့ထားတာလဲ" ဟု အမေကျင်က အံ့ဩသော မျက်နှာထားဖြင့်မေး၏။

"ဒီနေ့ ဖေဖေ့ကို ကျွန်တော် အားကြီးသတိရတယ်၊ ဖေဖေက ကျွန်တော့်ကို သတိပေးနေတာများလား မပြောတတ်ဘူး။ ဖေဖေ့ကိုသတိရလွန်းလို့ အလွမ်းပြေအဖြစ် ဖေဖေ့စာအုပ် ဘီရိုကိုမွှေနှောက်ပြီး ရှာကြည့်မိတယ်။ အဲဒီဘီရိုထဲက စာချုပ်တွေ့တာပဲ"

"ဘာစာချုပ်လဲ" ဟု ဒေါ်ကျင်ကမေးပြန်၏။

"အမေကျင်က ကျွန်တော့်ကို ဖေဖေနဲ့မေမေတို့ထံမှာ အပိုင်ပေးထားတဲ့စာချုပ်။ အဲဒီစာချုပ်ထဲမှာ ကျွန်တော်ဟာ အမေကျင့်သားဖြစ်ကြောင်း သေသေချာချာ ဖော်ပြထားတယ်"

အမေကျင်သည် ကျွန်တော့်စကားကို နားထောင်ရင်း တွေဝေစဉ်းစားနေ၏။ ထို့နောက် ကောက်ကာငင်ကာပြောလိုက်သည်။

"အဲဒီစာချုပ်က လူကလေးဖေဖေ လုပ်ကြံပြီး ရေးထားတဲ့ စာချုပ်ဖြစ်ပါလိမ့်မယ်ကွယ်"

"ဟာ…အမေကျင်ကလဲ မဟုတ်နိုင်တာဘဲ၊ ဖေဖေက ဘာဖြစ်လို့ လုပ်ကြံရေးမှာလဲ" ဟု ကျွန်တော်က ခါးခါးသည်း ငြင်းလိုက်၏။

"ဒီလိုလေ…လူကလေး၊ ဖေဖေဟာ အလွန်အမြော်အမြင်ကြီးတယ် မဟုတ်လား။ လူကလေး ဖေဖေနဲ့မေမေ ဆုံးသွားကြတဲ့အခါမှာ လူကလေးစိတ်မကောင်း ဖြစ်နေလိမ့်မယ်။ မိဘကို လွမ်းနေလိမ့်မယ်၊ အဲဒီလိုဖြစ်မှာစိုးလို့ စိတ်မကောင်းတာ နည်းနည်းသက်သာသွားအောင် မိဘကို လွမ်းတာလဲ နည်းနည်းပြေပျောက်အောင် လူကလေးအမေဟာ အမေကျင်ဘဲလို့



လူကလေး ဖေဖေကလုပ်ကြံခဲ့တာ ဖြစ်မှာပေါ့ကွယ်"

အမေကျင်ပြောသည့်စကားမှာ ယုတ္တိရှိသဖြင့် ဟုတ်များဟုတ်လေသလားဟု ကျွန်တော်တွေးတောနေစဉ်တွင် အမေကျင်က ပြောပြန်၏။

"နောက်ပြီးတော့ လူကလေးရဲ့ ဖေဖေနဲ့မေမေတို့ မရှိတဲ့နောက် အမေကျင်တစ်ယောက်ထဲ ကျန်ရစ်ခဲ့တဲ့အခါမှာ လူကလေးက အမေကျင်ကို ပိုပြီးချစ်အောင်၊ ရရိုက်အောင် လူကလေး အဖေကြံစည်ခဲ့တာလဲ ဖြစ်နိုင်ပါတယ်"

အမေကျင်၏ စကားအတွက် စာချုပ်ကို ကျွန်တော်သံသယ ဖြစ်လာ၏။ ထို့ကြောင့် စာချုပ်ကိုသွား၍ယူကာ သေသေချာချာကြည့်မိသည်။ စာချုပ်မှာ ဟောင်းမြေ့လှပြီ။ စာချုပ်ရက်စွဲမှာလည်း ကျွန်တော် ၃-လသားအရွယ်ကဖြစ်၏။ အမေကျင်က လုပ်ကြံပြောခြင်းတည်း။

"မဟုတ်မတတ် လုပ်ဇာတ်တွေ ခင်းမနေပါနဲ့တော့ အမေကျင်ရယ်၊ အမေကျင်ဟာ ကျွန်တော့် အမေရင်း၊ ကျွန်တော်က အမေကျင့်သားအရင်း ဟုတ်တယ်မဟုတ်လား"

ဤအခါတွင် အမေကျင်သည် ဘာမျှမပြောတော့ဘဲ ပြုံးနေ၏။ တိတ်တိတ်နေခြင်းဖြင့် ဟုတ်ကြောင်းဝန်ခံလေသည်။

"အမယ်လေး…တော်သေးတာပေါ့ သားအမိမှန်းမသိဘဲ ကျွန်တော်တို့ နှစ်ယောက်စလုံး သေသွားကြရင် ဘယ်လောက်အသည်နာစရာကောင်းလိုက်မလဲ၊ ဒီလိုမဟုတ်ဘဲ အမေကျင် သေသွားတဲ့နောက်မှ ကျွန်တော် အမေသားမှန်းသိရင်လဲ ရင်ထုမနာဖြစ်ရကြီးပဲ၊ ဒါထက်"

ကျွန်တော် စကားမဆက်နိုင်တော့ပါ။

(၁၄)

အမေကျင်ကို ကျွန်တော်မေးလိုသည့်ကိစ္စကို မမေးဝံ့အောင်ဖြစ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုကိစ္စက ကျွန်တော်အဖေကိစ္စ။

ကျွန်တော်သည် ကွယ်လွန်သွားပြီဖြစ်သော ဖေဖေကို အဖေအရင်းဟု တသက်လုံး မှတ်ထင်လာခဲ့၏။ သို့သော် ဖေဖေသည် ကျွန်တော့်အဖေအရင်းမဟုတ်ကြောင်း သိရသောအခါ ပြောမပြတတ်အောင် စိတ်မကောင်းဖြစ်ရတော့သည်။

ကျွန်တော့်အဖေအရင်းကား မည်သူနည်း။ ဘယ်မှာနေသနည်း။ ကျွန်တော့် အဖေအရင်းသည် မသေမပျောက်သေးဘဲရှိသေးလျှင် ထိုအဖေနှင့် တွေ့ရပေမည်။ အဖေကိုဝတ်ကြီးဝတ်ငယ် ပြုရပေမည်။

သို့သော် ကွယ်လွန်သူ ဖေဖေကို ကျွန်တော့်ဖခင်စာရင်းမှ ထုတ်ပယ်လိုက်ရမည်မှာ ဝမ်းနည်းစရာအကောင်းဆုံး၊ စိတ်မချမ်းသာစရာ အကောင်းဆုံးတည်း။

ယခုမှ ကျွန်တော်သိပါပြီ၊ အမေကျော်သည်လည်းကောင်း ဖေဖေသည်လည်းကောင်း ဟုတ်တိုင်းမှန်ရာကို ဖွင့်မပြောခြင်း၊ တနည်းပြောရလျှင် ကျွန်တော် အမေကျော်သားဖြစ်ကြောင်း ဖွင့်မပြောခြင်းမှာ ဤကိစ္စအတွက်ပင်ဖြစ်သည်။

ဤကိစ္စဆိုသည်မှာ ကျွန်တော့်အဖေရင်းကိစ္စ ဖြစ်ပါ၏။

တော်ပါသေးသည်၊ ဖေဖေကွယ်လွန်ပြီးသည့် နောက်တွင်မှ ဤကိစ္စပေါ်လာသဖြင့် တော်ပါသေး၏။ ဖေဖေရှိစဉ်ကသာ ဖေဖေ့သား မဟုတ်ကြောင်း ကျွန်တော်သိလျှင် ဖေဖေ အဘယ်မျှ စိတ်မကောင်း ဖြစ်ရှာပေမည်နည်း။

ကျွန်တော်လည်း အထူးစိတ်မကောင်းဖြစ်ရပါ၏။ ဖေဖေ့ကို အဖေအရင်းစာရင်းမှ ဖျက်ပြီး တစ်ခါမျှမတွေ့ဘူး၊ မမြင်ဘူးသည့် သူတစ်ယောက်ကို ကျွန်တော့်အဖေရင်းဟု အသိအမှတ်ပြုပေးတော့မည်။

ဤရင်နာစရာကိစ္စကို ကျွန်တော်တွေးမိကာ မျက်ရည်ဝဲမိသည်။



သို့သော် ကျွန်တော်စမိသည့် ဇာတ်လမ်းကို ဆုံးအောင်ကရပေးတော့မည်။

ကျွန်တော် မမေးချင်သည့် မေးခွန်းကိုပင် စိတ်မပါဘဲ မေးလိုက်ရ၏။

"ကျွန်တော်အဖေရင်းကို ပြောပါဦး"

အမေကျော် ပြောပြသည်ကို ကြားရသောအခါ ကျွန်တော်အံ့ဩလွန်းသဖြင့် "ဟာ" ခနဲ အော်လိုက်မိ၏။

အမေကျော် ပြောပြသည်ကတော့...

"လူကလေး အဖေအရင်းကတော့ လူကလေး အဖေပါပဲ"

ကျွန်တော်က အံ့ဩဝမ်းသာစွာဖြင့် "ပြောစမ်းပါဦး၊ ပြောစမ်းပါဦး၊ အမေကျော်နဲ့ ဖေဖေဘယ်လိုဖြစ်ကြပုံလဲ၊ ဇာတ်စုံခင်းပြပါဦး" ဟု ပြောလိုက်၏။

ကျွန်တော်တို့ သားအမိသားအဖ ငါးယောက်စလုံးသည် အမေကျော်၏ မျက်နှာကို စူးစိုက်ကြည့်ရှုကြကာ အမေကျော်ပြောသည့်စကားကို နားစွင့်နေကြသည်။

"အမေကျော် ဆယ်နှစ်သမီးအရွယ်က မိဘတွေဆုံးသွားလို့ အားကိုးရာမဲ့ဖြစ်ပြီး လူကလေးဖေဖေတို့ အိမ်မှာ အစေခံလုပ်နေရတယ်။ အမေကျော် ဆယ့်ငါးနှစ်သမီးအရွယ်ကျတော့ လူကလေးဖေဖေနဲ့ မှားယွင်းမိခဲ့ကြတယ်"

အမေကျော်သည် စကားဆက်မပြောဘဲရပ်နေ၏။ ဖေဖေနှင့်အမေကျော် အဘယ်ကြောင့် မှားယွင်းမိကြသည်ကို ကျွန်တော်တွေးတောစဉ်းစားမိခြင်းနှင့် အမေကျော်ပြောကြားချက်တို့မှာ တထပ်တည်းလို ဖြစ်နေခြင်းတည်း။

"ဒီလိုမှားယွင်းမိကြတာဟာ အကြောင်းရင်းရှိပါတယ်၊ လူကလေး မေမေက သူဌေးရဲ့ သောင်းသောင်းကျွန်းကျွန်းနဲ့ လူကလေးဖေဖေကို စိတ်မချမ်းမသာဖြစ်အောင် အလွန်လုပ်တယ် မဟုတ်လား။ အိမ်ထောင်သာယာမှုနည်းနည်းကလေးမှ မရှိရှာဘူး။ ဒီတော့ သာယာမှုရှာချင်တာပေါ့

www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် အမေကျင်နဲ့ မှားယွင်းမိကြတာပါ"

"ကျွန်တော်လဲ ဒီလိုပဲ ထင်ပါတယ်။ နောက်ပြီးတော့ အမေကျင်ကလဲ တော်တော်ချော၊ တော်တော်လှတယ်မဟုတ်လား"

ကျွန်တော်နောက်ပြောင်၍ ပြောခြင်းမဟုတ်ပါ။ အမေကျင်ငယ်စဉ်က အလွန်လှသဖြင့် လူတိုင်းက အံ့ဩလက်ဖျားခါရသည်ဟု မေမေပြောဖူးပါသည်။ ယခု အဖွားအိုကြီးဖြစ်နေသည့်တိုင်အောင် ငယ်စဉ်က ချောခဲ့ လှခဲ့သည့် အရိပ်လက္ခဏာများ ကျန်ရှိနေပါသေးသည်။

တစ်နည်းပြောရလျှင် "အမယ်ကြီးအို အချောအလှကြီး" ဟုဆိုနိုင်ပါ၏။

ကျွန်တော် ဖေဖေသည် လူချောလူလှ မဟုတ်ပါ။ မေမေဆိုလျှင် တော်တော်အကျည်းတန်ပါသည်။ သို့ဖြစ်ပါလျက် ကျွန်တော်ရုပ်ဆင်းသဏ္ဌာန်တင့်တယ်ခြင်းမှာ အမေကျင်၏ ရင်သွေးဖြစ်သောကြောင့်ဖြစ်ပါ၏။

ပြောပါအုံး၊ ကျွန်တော့်ကို အမေကျင်ကိုယ်ဝန်ရှိတော့ မေမေဆီက ဘယ်လိုထွက်ထွက်ရောဆိုပါတော့"

"မမကသာ ဟုတ်တိုင်းမှန်ရာသိရင် အမေကျင်ကို သတ်တောင်သတ်ပစ်လိမ့်မယ်၊ ဒီတော့မမကို အသိမပေးစေဘဲ လူကလေး ဖေဖေနဲ့ တိုင်ပင်ကြရတယ်"

"အဲဒီတုန်းက အမေကျင့် ကိုယ်ဝန်ကို ဖျက်ချဖို့ကော စိတ်ကူးမထည့်ကြဘူးလား" ဟု ကျွန်တော်က မေးလိုက်၏။

"အမယ်လေး၊ မတော်တာတွေ လူကလေးရယ်၊ ကိုယ့်ရင်သွေးကလေးကို သတ်ပစ်ရပါ့မလားကွယ်၊ ကိုယ်တိုင်သာ အသေခံရင် ခံမပေါ့" ဟု အမေကျင်က ဆတ်ဆတ်ခါပြောသည်။

"ကျွန်တော့်ကို ကိုယ်ဝန်ရှိလာတော့ ဘယ်လိုလုပ်ကြတုံး၊ ဆက်ပြောစမ်းပါအုံး" ဟု ကျွန်တော်က မေးလိုက်၏။



"လူကလေးကို ကိုယ်ဝန်ရှိတော့ လူကလေးဖေဖေက အစီအစဉ်တွေအားလုံး လုပ်ပေးတယ်၊ ကိုယ်ဝန်ရှိစဆိုတော့ ကိုယ်ဝန်ရှိမှန်း ဘယ်သူမှ မသိကြသေးဘူး၊ အမေကျင်နဲ့ လူကလေးဖေဖေဘဲ သိတယ်၊ အဲဒီအချိန်မှာ တောကိုခဏသွားနေအုံးမယ်ဆိုပြီး သွားနေတယ်၊ နောက်မကြာခင်ပဲ တောကလူတစ်ယောက်နဲ့ အမေကျင်နဲ့ အကြောင်းပါနေပြီလို့ မမနဲ့ ကိုကိုဆီ စာရေးလိုက်တယ်"

"ဒီလိုစာရေးတော့ မေမေက ယုံရောလား"

"ဟုတ်တယ်၊ ယုံတယ်၊ နောက် လူကလေးကို မွေးခါနီးတော့လဲ သားယောက်ျားကလေးမွေးခါနီးတဲ့အကြောင်း စာရေးတယ်၊ လူကလေး သုံးလသားလောက်ရှိတော့ အမေကျင့်ယောက်ျားဆုံးသွားပြီလို့ စာရေးလိုက်တယ်၊ ဒီတော့ မမနဲ့ကိုကိုက ကလေးကို ခေါ်ပြီးလာခဲ့ပါလို့ စာပြန်ရေးလို့ လူကလေးနဲ့ အမေကျင် လာကြရတာပေါ့"

"ဒီတော့မှ မေမေက ကျွန်တော့်ကို မြင်ဘူးတယ်ပေါ့နော်"

"ဟုတ်တယ်၊ လူကလေးကို မြင်တော့ မမက သိပ်ချစ်တယ်၊ 'လူကလေးကလဲ ချစ်လဲ ချစ်စရာကြီးကိုး၊ ဒီတော့ မမကပြောတယ်၊ လူကလေးကို သူမွေးစားမယ်တဲ့၊ ဒီတော့ အမေကျင်က ပြန်ပြောလိုက်တယ်၊ ကျွန်မသားကလေးကို ကျွန်မမခွဲနိုင်ဘူးလို့၊ ဒီတော့ မမက "ညည်းလဲ တို့အိမ်မှာနေပြီး ကလေးထိန်းလုပ်နေပေါ့၊ ဒီလိုဆိုရင် ညည်းတို့သားအမိအတူနေရမှာပေါ့" လို့ မမပြောတယ်၊ အမေကျင်က စဉ်းစားပါရစေအုံး" လို့ မမကို ပြန်ပြောပြီး ကိုကိုနဲ့ တိုင်ပင်ကြည့်တယ်"

"ဖေဖေကကော ဘာပြောသလဲ" ဟု ကျွန်တော်က မေးလိုက်၏။

"လူကလေး ဖေဖေက ပြောတယ်၊ သူမွေးစားချင်ရင် မွေးစားပေစေ၊ ကိုယ်နဲ့အတူသာ ကိုယ့်သားပဲပေါ့တဲ့၊ နောက်ပြီးတော့ မမက မွေးစားရင် လူကလေးရဲ့ နေထိုင်ရေး ပညာသင်ရေး

www.burmeseclassic.com

www.burmeseclassic.com



အစစအရာရာ အားလုံးအဆင်ပြေမယ်လို့ လူကလေး ဖေဖေက ပြောသေးတယ်၊ ဒါနဲ့ မမကို ပေးလိုက်ရရောဆိုပါတော့၊ သို့ပေမယ့် အမေကျင် တသက်လုံး စိတ်မချမ်းသာခဲ့တာကတော့ ကိုယ့်ရင်သွေးဖြစ်ပါရက်နဲ့ ကိုယ့်သားလို့မပြောရတာ၊ သားအမိချင်း တစ်ယောက်နဲ့တစ်ယောက် အမေမှန်း၊ သားမှန်း မသိရတာကိုတော့ဖြင့် စဉ်းစားမိတိုင်း မျက်ရည်ကျမိပါတယ်"

အမေကျင်သည် ပြောရင်းဆင် ဝမ်းနည်းလာဟန်တူ၏။ မျက်ရည်များဝဲနေသည်။

"သို့ပေမယ့် ကြော်···ငါ့သားကလေးဟာ သူဌေးသားအဖြစ်နဲ့ ချမ်းချမ်းသာသာ ကောင်းကောင်းမွန်မွန် နေရပါကလားလို့ တွေးပြီး စိတ်ကိုဖြေရတယ်"

အမေကျင်သည် ပြောရင်းမျက်ရည်သုတ်ရာ၏။

"ဒီလိုဆိုရင် အမေကျင်ရယ်၊ မေမေသေသွားတဲ့အခါမှာ ကျွန်တော့်အမေဟာ အမေကျင်ဘဲလို့ ပြောပြပါလား။ ဘာဖြစ်လို့ ဖုံးထားရတာလဲ"ဟု ကျွန်တော်က မေးလိုက်သည်။

"လူကလေးဟာ ကိုကိုနဲ့ မမတို့ရဲ့သား။ အရာရှိကြီး၊ လူချမ်းသာကြီးတွေရဲ့သားလို့ လူကလေးကိုယ် လူကလေးထင်နေရာက အမေကျင်လို အစေခံမကြီးရဲ့ သားဖြစ်ကြောင်းသိရရင် စိတ်မကောင်း ဖြစ်သွားမှာစိုးလို့ မပြောတာပါကွယ်"ဟု အမေကျင်က ဝမ်းနည်းသံဖြင့်ပြော၏။

"ဒါကတော့ အမေကျင်တွေးပြီး စိုးရိမ်တာပါ၊ ကျွန်တော်ဟာ အမေကျင့်လက်ပေါ်မှာ ကြီးလာရလို့ အမေကျင့်ဘဲ အမေအရင်းလို ချစ်နေတာကို အမေကျင်လဲ အသိသားနဲ့"

"အမေအရင်းလိုချစ်တာနဲ့ အမေအရင်းဖြစ်မှန်းသိတာနဲ့ တခြားဆီပါ လူကလေးရယ်"

"အရင်ကဟာတွေ ထားပါတော့လေ၊ အခုအမေကျင်နဲ့ ကျွန်တော် အမေမှန်း သားမှန်းသိကြရတော့ ဝမ်းမသာဘူးလား"ဟု ကျွန်တော်က မေးလိုက်၏။

"ဟာ···မေးမှမေးပါလေ့ လူကလေးရယ်၊ အမေကျင် ဘယ်လိုဝမ်းသာနည်း ဝမ်းသာမှန်းတောင် မသိတော့ဘူး။ အမေကျင် ဝမ်းသာပုံကို ပြောမပြတတ်တော့ပါဘူးကွယ်၊



သိန်းထီပေါက်တာတောင် ဒီလောက်ဝမ်းသာမယ် မထင်ဘူး၊ နောက်ပြီးတော့ လူကလေးကို ကျေးဇူးလဲတင်တယ်"

"ကျွန်တော့်ကို ဘာဖြစ်လို့ ကျေးဇူးတင်တာလဲ"ဟု ကျွန်တော်ကမေးလိုက်၏။

"လူကလေးက ဒီအကြောင်းတွေကို ဖွင့်ပြောပေလို့သာ အမေကျင် ဝမ်းသာရတာပေါ့ ကလေးမွေးစားတဲ့ စာချုပ်တွေပေမယ့် လူကလေးကသာ ဖုံးထားရင် အမေကျင်သေသည် တိုင်အောင် စိတ်ချမ်းသာရတော့မှာမဟုတ်ပါဘူးကွယ်၊ နောက်ပြီးတော့ လူကလေး မေမေကိုလဲ ကျေးဇူးတင်ထိုက်ပါတယ်"

"မေမေ့ကို ဘာဖြစ်လို့ ကျေးဇူးတင်ထိုက်ကာလဲ"ဟု ကျွန်တော်ကမေးလိုက်၏။

"သားအရင်းမဟုတ်ပေမယ့် သားအရင်းနဲ့မခြား လူကလေးကို ချစ်ရှာတယ်၊ ဂရုစိုက် ရှာတယ်"

အမေကျင်ကပြောမှ သွားလေသူ မေမေ့ကို သတိရကာ ကျေးဇူးတင်ရပါသည်။

ကျွန်တော်က အမေကျင်နှင့် သားမှန်းအမေမှန်း သိကြပြီဖြစ်သဖြင့် ဝမ်းသာလှပါ၏။ သို့သော် စိတ်မကောင်းခြင်းတစ်ခု ဖြစ်မိသည်ကား ကျွန်တော့် ဇနီးမအေးမေက ကျွန်တော့်ကို အထင်အမြင်သေးလေမည်လားဟု တွေးမိခြင်းကြောင့်ဖြစ်ပါသည်။

သို့သော် မအေးမေ၏စကားကို ကြားရသောအခါ ကျွန်တော် အံ့ဩခြင်းဝမ်းသာ ခြင်းဖြစ်ရပါ၏။

"ဆရာက ခုမှသိတာကိုး၊ ကျွန်မတို့ကတော့ ဆရာဟာ အဒေါ့်သား ဖြစ်တဲ့အကြောင်း ကျွန်မရွာမှာ ဆရာတို့လာနေကတဲက သိပြီးသားပါ၊ ဆရာစိတ်မကောင်းဖြစ်မလားလို့ ဖွင့်မပြော တာပါ"

ရှန်အောင်

www.burmeseclassic.com

www.burmeseclassic.com



# သေနေ့

(၁)

မြန်မာသက္ကရာဇ် ၁၃၅၃-ခုနှစ်၊ အင်္ဂလိပ်နှစ် ၁၉၉၁-ခုနှစ်သို့ရောက်လာ၏။

ကျွန်တော်အသက် ၈၇-နှစ်ရှိပေပြီ။ သေမင်း၏ တံခါးဝသို့ ရောက်ရုံသာလျှင်မက သေမင်း၏ တံခါးဝမုဝင်ကာ သေနေ့အဆုံးအဖြတ်ကို ခံရန်အသင့်ဖြစ်နေပေပြီ။

သေနေ့ကား နီးကပ်လှချေပြီ တကား။

သေခြင်းတရားနှင့် ပတ်သက်၍ မြတ်စွာဘုရားက အဘိဓာသုတ်တွင် ဤသို့ ဟောတော်မူ၏။

"လူမှန်သမျှ နေ့စဉ်အမြဲ ဆင်ခြင်စဉ်းစားရမည့် တရားငါးပါးရှိ၏။ ထိုတရားငါးပါး မှာကား ငါအိုရမည်၊ ငါသေရမည်၊ ငါ့ပစ္စည်းဥစ္စာ ခြွေရံသင်းပင်းတို့နှင့် ကွေကွင်းရမည်၊ ငါပြုသော ကောင်းမှု၊ မကောင်းမှုအတိုင်း ငါဖြစ်ရမည်" ဟူသည်တို့ပင်တည်း။



ကျွန်တော်သည်လည်း ထိုတရားငါးပါးကို နေ့စဉ်လိုပင် ဆင်ခြင်စဉ်းစား နှလုံးသွင်း ခဲ့ပါ၏။ အထူးသဖြင့် လွန်ခဲ့သည့် အနှစ် ၂၀-ခန့်က ကျွန်တော့်မိခင် ကွယ်လွန်ခါ အမေက "ရန်ရေ…ငါသေသလို နင်လဲ သေရမှာဘဲနော်…သတိ ကျပ်ကျပ်ထား" ဟု ပြောသွားသလို ပင် ကျွန်တော့်နားမှာ ကြားယောင်မိလေ၏။

"သေခြင်းတရားကို အမြဲသတိထားကာ ဆင်ခြင်စဉ်းစားနေသည့်အတွက် စိတ်မ ကောင်းဖြစ်ရုံမှတစ်ပါး ဘာများအကျိုးထူးပါသလဲ" ဟုမေးဖွယ်ရှိ၏။

အသိအလိမ္မာရှိသူသည် သေခြင်းကို ဆင်ခြင်နှလုံးသွင်းကာ မသေမီကာလတွင် တစ်ကယ့်စိတ်ချမ်းသာမှု အစစ်မှန်ကိုရရန် အားထုတ်ပေလိမ့်မည်။

စိတ်ချမ်းသာမှု အစစ်အမှန်ရရန်အတွက် သမ္မာသင်္ကပ္ပ၊ ကောင်းသောအကြံကို ကြံခြင်း၊ သမ္မာဝါစာ၊ ကောင်းသော စကားကိုပြောဆိုခြင်း၊ သမ္မာကမ္မန္တ၊ ကောင်းသောအမှုကိုပြုခြင်း ဟူသည့် မနောသုစရိုက်၊ ဝစီသုစရိုက်၊ ကာယသုစရိုက်တို့ကိုရရန် အားထုတ်ပေလိမ့်မည်။

သေခြင်းတရားကိုဆင်ခြင်ကာ အကောင်းကြံ အကောင်းပြော၊ အကောင်းလုပ်လျှင် မသေမီတွင်လည်း စိတ်ချမ်းသာရ၏။ သေပြီးသည့် နောင်ကာလတွင်လည်း ကောင်းရာသုဂတိ သို့ရောက်ပါပေလိမ့်မည်။

ထို့ပြင် သေခြင်းကိုဆင်ခြင် နှလုံးသွင်းခြင်းကြောင့် အကျိုးထူးများလည်း ရနိုင်သေး ၏။ လူ့ဘဝဟူသည် သောကဖြစ်စရာ၊ ဒေါသထွက်စရာ၊ စိတ်မချမ်းသာစရာ၊ မကျေနပ်စရာတို့နှင့် ကြုံမိန်မှုများစွာ မကြာခဏ တွေ့ကြုံရတတ်၏။ ယင်းသို့ တွေ့ကြုံတိုင်း တွေ့ကြုံတိုင်း သောက ဒေါမနဿ ဖြစ်နေရလျှင် စိတ်လည်းမချမ်းသာရသည့်ပြင် အကုသိုလ်လည်း ဖြစ်ရပေလိမ့်မည်။

ယင်းသို့ မကျေနပ်စရာတွေ့တိုင်း သေခြင်းတရားဖြင့် နှိုင်းယှဉ်စံထိုးကာ စိတ်ချမ်း သာမှုရအောင် ရှာရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဥပမာ-လူတစ်ယောက်သည် ပစ္စည်းဥစ္စာ ဆုတ်ယုတ်ပျက်ပြားသဖြင့် စိတ်မချမ်းမသာ ဖြစ်နေသည်ဆိုပါစို့။ ထိုသူသည် သေခြင်းကို ဆင်ခြင်ကာ သေခြင်းနှင့် နှိုင်းယှဉ်စံထိုးကြည့်ခြင်းဖြင့် စိတ်မချမ်းသာမှု လျော့ပါးပျောက်ကင်းအောင် နှလုံးသွင်းနိုင်၏။

"ငါ့မှာ ပစ္စည်းဥစ္စာ ဆုတ်ယုတ်တယ်ဆိုပေမယ့် အားလုံးပျက်စီးတာ မဟုတ်ပါဘူး။ ကျန်သင့်သလောက်တော့ ကျန်ပါသေးတယ်။ အင်း...တစ်နေ့နေ့တော့ သေရမှာအမှန်ပဲ။ သေသွားတဲ့အခါကျတော့ ငါ့မှာရှိသမျှ ပစ္စည်းတွေအားလုံးကိုလည်း စွန့်ပစ်ထားခဲ့ရမယ်။ ငါ့သားမယား၊ သားသမီး၊ ဆွေမျိုးသားချင်းအားလုံး၊ စိတ်ဝမ်းကွဲကွာ ကွေကွင်းရမယ် အဲဒီလိုသေလို့ အားလုံးပျက်စီး၊ အားလုံးဆုံးရှုံးတာထက်စာရင် ငါ့ပစ္စည်းဥစ္စာ အတန့်အသင့် ဆုတ်ယုတ်တာဟာ တော်သေးတာပေါ့။ သက်သာရာရသေးတာပေါ့"

သောကဖြစ်စရာ၊ မကျေနပ်စရာကြုံတိုင်း ယင်းသို့ သေခြင်းနှင့် နှိုင်းယှဉ်စံထိုးကာ သောကလျော့ပါး ပျောက်ကွယ်အောင်နှလုံးသွင်းရမည်။

ယင်းသို့ နှလုံးသွင်းရင်း အားထုတ်ရင်းနှင့်ပင် သေမင်း၏ ရှေ့တော်မှောက်သို့ ရောက်ခဲ့ရချေသတည်း။

(၂)

ဗေဒင်ဟူသည် အမြဲတမ်းမှန်ချင်မှ မှန်မည်ဖြစ်သော်လည်း တစ်ခါတရံတွင် တိတိကျကျမှန်ကန်သည်ကိုတွေ့ရဘူး၏။

ကျွန်တော့်အသက် ၅၄-နှစ်တွင် သေကိန်း၊ ပျောက်ကိန်းရှိသည်ဟု ဗေဒင်ဆရာတစ်ယောက်က ဟော၏။ ထိုနှစ်တွင်ပင် နာဂတောင်များပေါ်သို့ သွားရောက်ကာ နာဂလူမျိုးတို့အကြောင်းကို လေ့လာရသည်။



ဗေဒင်ဆရာ၏ ဟောကိန်းမှန်သည်ဟုပင် ဆိုရလေသည်။ နာဂနယ်တွင် ကျွန်တော် အသည်အသန်မကျန်းမမာဖြစ်ကာ မသေရုံတစ်မယ်ကျန်တော့၏။ ခရီးယာယီ ထွက်ခဲ့သဖြင့် မသေခြင်းဖြစ်သည်ဟု ဆိုနိုင်ပေသည်။

ကျွန်တော့်ကို ဗေဒင်ဆရာတစ်ယောက်က ဟောပြန်၏။

"အသက်ခြောက်ဆယ့်ခြောက်နှစ်မှာ သေကိန်းပျောက်ကိန်းရှိတယ်။ ခြောက်ဆယ့်ခြောက်နှစ်မှာသေရင်သေ မသေရင်ရှစ်ဆယ့်ခုနစ်နှစ်မှာ သေလိမ့်မယ်"

ထိုဗေဒင်ဆရာ၏ ဟောကိန်းမှာ သေဘေးသင့်အောင်ပင် မှန်လေတော့သည်။ ၈၇-ခုနှစ်နှစ်အရွယ်တွင် ကျွန်တော်သည် အိပ်ရာထဲမှမထနိုင်တော့ပဲ ဘုံဆုံးလဲကာ သေပွဲဝင်ရမည့်အချိန်ကို မျှော်လင့်စောင့်စားနေရပေပြီ။

အရိုးပေါ်အရေတင်ဖြစ်ကာ အရိုးစုကမ္ဘာနှံ့ချုပ်သတ္တဝါ ဖြစ်ရှိနေချေပြီ။

လွန်ခဲ့သည့် ၁၀-နှစ်ခန့်က အသက် ၇၀-ဆယ်ကျော် ၈၀-ဆယ်နီးပါး အရွယ်သို့ ရောက်သည့်တိုင်အောင် ကျွန်တော်ကျန်းမာဝပြိုး လက်ရှိသဖြင့် ကျောင်းသားများက

"ဆရာ ဝလို့ပြိုးလို့ အသားအရေတွေလဲ ကောင်းတယ်။ ဆရာ့ကျန်းမာရေး သိပ်ကောင်းတာပဲ" ဟု အံ့ညြချီးမွမ်းကြ၏။

ထိုအခါတွင်ကျွန်တော်က ပြန်ပြောလိုက်သည်။

"သင်္ကြန်တွင်းမှာ တချို့သူငယ်ကလေးတွေ သံချပ်ထိုးကြတယ်။ ကောင်မလေးကိုလဲ အမယ်ကြီးကိုလဲ ပက်မှာပဲတဲ့။ အဲဒီလိုပဲ ဝဝကြီးလည်းသေမှာပဲ၊ ပိန်ပိန်ကလေးလည်းသေမှာပဲတဲ့၊ မကျန်းမာတဲ့လူလဲသေမှာပဲ၊ ကျန်းမာရေးကောင်းတာဆိုတဲ့လူလဲ တစ်နေ့ကျတော့သေမှာပဲ"

ကျွန်တော်ပြောခဲ့ဖူးသည့် အတိုင်းပင် ကျန်းမာဝပြိုး လှသည်ဆိုသော ကျွန်တော်သည်ပင်လျှင် အသက် ၈၀-ကျော်လာသောအခါ ဆီတစ်ပြည်ပြည်းလျော့ပါး ခန်းခြောက်သွား

www.burmeseclassic.com

www.burmeseclassic.com



သည့် ဆီမီးခွက်မှ မီးရောင်သည် မှေးမှိန်သွားသလို ကျွန်တော့်ကျန်းမာရေးသည်လည်း ဆုတ်ယုတ်ပျက်ပြားလာလေသည်။

ရေသောက်မြစ်ပြတ်သွားပြီးဖြစ်သော သစ်ပင်သည် တဖြည်းဖြည်းညှိုးနွမ်းခြောက်သွေ့၍သွားသလို ကျွန်တော့်အသားအရေတို့သည်လည်း ဆုတ်ယုတ်ပျက်ပြားကာ မရှုမလှဖြစ်၍နေချေပြီ။

အသက် ၈၀-မပြည့်မီက တစ်ဒေါက်ဒေါက် သွားလာလှုပ်ရှားနေသော ကျွန်တော်သည် ယခုအခါတွင် မလှုပ်ရှားနိုင်တော့ပဲ အိပ်ရာထက်တွင် ပက်လက်ကလေး ဖြစ်၍နေပေပြီ။

တစ်နေ့တွင် ကျွန်တော့်သမီးတစ်ယောက်အား "မှန်တစ်ချပ်ယူခဲ့စမ်းပေဟ့" ဟုခိုင်းလိုက်သဖြင့် သမီးက မှန်ယူလာသောကြောင့် ကြည့်လိုက်ရာ ကျွန်တော့်ရုပ်ကိုပင် ကျွန်တော်လန့်မိပါတော့သည်။ လူသေ၏ မျက်နှာကြီးလိုဖြစ်နေသဖြင့် မှန်ထဲကရုပ်သွင်ကို ကြာကြာပင်မကြည့်တော့ပေ။

ကျွန်တော်ကား ရစရာမရှိအောင် အိုမင်းယိုယွင်းနေချေပြီ။

ဘယ်အချိန်အခါကစ ကျွန်တော်အိုမင်းလာပါသနည်း။

အမှန်ပြောရလျှင် မွေးသည်ကစ၍ ယနေ့ကျအောင် တစ်ရွေ့ရွေ့ တစ်ဖြည်းဖြည်း အိုမင်းလာခြင်းသာဖြစ်၏။ သံပတ်ပေးထားသော နာရီသည် ရပ်တန့်ခြင်းမရှိပဲ အမြဲရွေ့လျားသွားလာနေသလို ရေစဉ်ကိုမြစ်၊ သံလွင်မြစ်စသည်တို့သည် တန့်နားခြင်းမရှိပဲ အမြဲစီးဆင်းသလို ကျွန်တော်သည်လည်းကောင်း၊ အခြားသူများသည်လည်းကောင်း မွေးချိန်ကစ သေချိန်ကျအောင် မရပ်မနားပဲ အိုမင်းရင့်ရော်၍နေခြင်းသာ ဖြစ်ပါသတည်း။

"အမေ…ဟောလစ်ကလေး နည်းနည်းသောက်လိုက်ပါအုံး"

ကျွန်တော့်သမီးများက ပြောပြောဆိုဆို ဟောလစ်တိုက်သော်လည်း နည်းနည်းကလေး



မျှ သောက်ချင်စိတ်မရှိသဖြင့် ခေါင်းခါပြကာ "မသောက်ချင်ပါဘူးသမီးတို့ရာ" ဟု တောင်းပန်သလို ပြောလိုက်၏။

"နည်းနည်းဖြစ်ဖြစ် သောက်လိုက်ပါအုံး အမေရယ်၊ အမေလဲအားရှိအောင်၊ သမီးတို့လည်း စိတ်ချမ်းသာရအောင်"

"သမီးတို့စိတ်ချမ်းသာရအောင်" ဟူသောစကားသည် ကျွန်တော့်စိတ်ကို ရိုက်ခတ်ထိခိုက်စေ၏။ ကျွန်တော်သည် သားသမီးများ စိတ်ချမ်းသာစေရန် အစဉ်အမြဲဆောင်ရွက်ခဲ့၏။ ရင်သွေးများ စိတ်မချမ်းမသာဖြစ်မည့်ကိစ္စကို အထူးသတိထားကာ ရှောင်ကြဉ်ခဲ့သူဖြစ်လေသည်။

ထို့ကြောင့် သားသမီးများစိတ်ချမ်းသာစေရန် မှစ်ကျိုက်သုံးကျိုက်မျှ အားဆင်း၍သောက်ပြီးနောက် ဘယ်နည်းနှင့်မျှ မသောက်နိုင်တော့သဖြင့် လက်လျှော့ရတော့သည်။

ကျွန်တော့်အသက် ၈၀-ခန့်သို့ရောက်သည့်တိုင်အောင် အစားအသောက်မပျက်ခဲ့သော်လည်း ယခုမူကား ဟောလစ်အရည်ကလေးကိုပင် ငါးငွန်းပြည့်အောင်မသောက်နိုင်တော့ပေတကား။

ကျွန်တော် အစာလုံးဝပြတ်ပြီကိုသိကြသော သားသမီးများသည် ကျွန်တော် သေချိန်နီးပြီကို သိကြသဖြင့် မျက်နှာညှိုးနေကြ၏။

ကျွန်တော် သေချိန်နီးကပ်နေပြီဖြစ်ကြောင်း ကျွန်တော်ကိုယ်တိုင်ပို၍သိ၏။ ကျွန်တော့်အနီးတွင် ဝန်းရံနေကြသော သားသမီးများ၊ မြေးများကိုကြည့်ကာ သင်းကလေးတွေနှင့်မကြာမီ ခွဲခွာရတော့မည်ကို တွေးမိကာ ပူပန်သောကဖြစ်မိသည်။

ပူပန်သောကဟူသည် ဒေါမနဿတရား၊ အကုသိုလ်ပေတကား…

"ငါဆိုတဲ့ သက္ကာယအစွဲကြောင့် ငါ့သား-ငါ့သမီးဆိုတဲ့ တွယ်တာမှု သံယောဇဉ်စိတ်တွေပေါ်လာပြီး ပူပန်မှု၊ သွေးမြေ့မှုဖြစ်တာ ဘယ်မှာလဲငါ။ ဓာတ်လေးပါး အစုအဝေးသာဖြစ်တယ်။

www.burmeseclassic.com



ရုပ်နှုန်ယ်သာ ရှိတယ်။ ငါမရှိတူ။ ငါရုပ်-ငါနာမ်မဟုတ်တူ။ သူ့သဘောသူဆောင်နေတဲ့ ဓာတ်ကောင်သာဖြစ်တယ်"

ယင်းသို့ တွေးလိုက်သည်နှင့်တစ်ပြိုင်နက် ငါ့သား-ငါ့သမီး ဟူသောသံယောဇဉ်လျော့ပါးသွားကာ ပူပူဆွေးမှုသက်သာသွား၏။

ဤကဲ့သို့သော အတွေးမျိုးကို ယခုမှ တွေးသည်မဟုတ်၊ လွန်လေပြီးသော နှစ်ပေါင်းများစွာကစ၍ တွေးတောခဲ့သည်။ အကြိမ်ပေါင်း မရေမတွက်နိုင်အောင် တွေးခဲ့လေပြီ။ ထပ်ကာထပ်ကာ ဆင်ခြင်တွေးတောဖန်များလာသောအခါ ပြတ်ပြတ်ထင်ထင် ထင်မြင်သဘောပေါက် သွားခြင်းဖြစ်သတည်း။

(၃)

သေနာသည် ကျွန်တော့်ကိုအစွမ်းကုန် ဗိစီးနှိပ်စက်ချေလေပြီ။

အမြင်၊ အကြား၊ အနံ့၊ အရသာ၊ အတွေ့၊ အတွေးဟူသော အာရုံ ၆-ပါးတို့သည် ဆုတ်ယုတ်ပျက်ပြားကုန်ကြလေပြီ။ ရှေးယခင်က အာရုံ ၆-ပါးတို့ကို ခံစားစံစားခဲ့ပူး၏။ ထိုအာရုံသည် ယခုအခါ ဘာတစ်ခုမျှ စူးစမ်းရှာဖွေ၍ မရအောင် ပျောက်ပျက်သွားခဲ့ကြလေပြီ။

ကျွန်တော်၏ ပတ်ဝန်းကျင်တွင် ဝိုင်းရံနေကြသည့် သားသမီးများနှင့် မြေးများကိုပင် ကောင်းမွန်သဲကွဲအောင် မမြင်ရတော့ပေ။

ထိုအချိန် ထူးခြားသောအသံတစ်ခုကို ကြား၍နေလေသည်။

ကျွန်တော်၏သား ရွတ်ဖတ်နေသည့် အသံဖြစ်ဟန်တူ၏။

"ကံမင်းတရား လူ့ရှိသားကို သုံးပါးဝင့်နှောင်း ဘဝထောင်၌ လေးထောင်ဓာတ်မြေနှင်းအပ်ပေ၏။



"ပရမေတ္တာ မိတ်ကောင်းမ၍ ဘဝဝင့်နှောင်း မြေလေးတောင်မှ လွတ်အောင်ရုန်းထွက်၊ ပြေးပါလျက်လည်း။ လက်နက်ကိုယ်စီ စွဲကိုင်ချီ၍ လောကီခန္ဓာ၊ ငါးပြာဟူသား၊ သူသတ်များနှင့် ထံပါးကပ်ကာ၊ သတ်ခွင့်ရှာသည်၊ တဟာခေါ်မှတ်၊ တွင်းလူ့သတ်လို့ ထက်ကြပ်မကွာ၊ ကပ်လျက်ပါ၏။

"ရှာမျက်ကြီးနှယ်၊ နောက်ဆက်ပွားသည်၊ ခြေခံပါးအာယတနေ၊ သောင်းကျန်းလှ၏"

"ဩယလေးသွယ် မြစ်ပြင်ကျယ်၏။ ဤဝယ်တက်ကူ သက္ကာယကား၊ မှားလှဘေးတမ်း၊ ရန်သူ့မြွမ်း၏"

"ရှစ်ခန်းသောမဂ်၊ ဖောက်ထွဲယူကပ်၍ ခြေလက်ဗီရိယ၊ ကူးခတ်မှလျှင်၊ ဘဝထွက်လမ်းနိဗ္ဗာန်နန်းသို့ ကူးသန်းထုတ်ချောက်၊ ဘေးလွတ်မြောက်မည်၊ ကြိုးထောက်သင့်လှပြီတကား။"

တရားမှုသံ ရုပ်နားဆိတ်သုဉ်းသွားသည်နှင့် တစ်ပြိုင်နက် ကျွန်တော်၏အသိစိတ်သည်လည်း ရုပ်နားဆိတ်သုဉ်းသွားပါလေတော့သတည်း။

(၄)

အတိုင်းမသိအံ့ဩဖွယ်ပင်တည်း။

ဒုက္ခဟုခေါ်သော ကိုယ်ခန္ဓာဆင်းရဲခြင်း၊ ဒေါမနဿဟုခေါ်သော စိတ်ဆင်းရဲခြင်း တစ်စုံတရာမျှမရှိပဲ ချမ်းသာရွှင်လန်းထူးခြားသော သုခတစ်မျိုးကို ခံစားနေရ၏။ ဘဝပြောင်းခဲ့ပြီတည်း။

"အမယ်လေး••အဖေရဲ့"စသည့်ငိုသံများကိုကြားရသဖြင့် ကြည့်လိုက်ရာ အသက်စိဝန်မရှိတော့သော ကျွန်တော်၏ ရုပ်ကလာပ်အလောင်းကို သားသမီးများ ကိုင်ကာငိုနေကြသည်ကို

www.burmeseclassic.com

www.burmeseclassic.com



တွေ့ရသဖြင့် သူတို့ကိုသနားမိ၏။

ဘဝဟူသည် ဖြစ်ပေါ်လာလျှင် တစ်နေ့တွင် အဆုံးသတ်ရမည်။ ဤကဲ့သို့ သေခဲ့ရသော ဘဝပေါင်း မရေတွက်နိုင်အောင် ရှိခဲ့ပေပြီ။

ကျွန်တော်သေသဖြင့် ကျွန်တော့်သားသမီးများ ပူဆွေးငိုကြွေးကြသလို ကျွန်တော်သည်လည်း မိဘ၊ သားသမီး၊ ဆွေမျိုးစသည်တို့ သေဆုံးသဖြင့် ငိုကြွေးခဲ့ရသည့်အကြိမ်ပေါင်း မရေတွက်နိုင်အောင် ရှိခဲ့လေပြီ။

နိဗ္ဗာန်မရောက်ပဲ သံသရာရှည်နေသ၍ သေခြင်း၊ ဆင်းရဲ၊ ငိုကြွေးဆင်းရဲတို့ အဆုံးမသတ်၊ မရပ်မနား၊ ဒလစပ်ဖြစ်နေမည်မှာ သေချာလှချေ၏။

ကျွန်တော်၏ အသုဘရုပ်အလောင်းကို ကြည့်ရင်း တရားကျမိပါ၏။ မတည်မြဲသော သဘော၊ မစိုးမနိုင်သောသဘောကို စဉ်းစားထင်မြင်မိလေသည်။

ကျွန်တော်သေပြီဖြစ်ကြောင်း တစ်ဆင့်စကားတစ်ဆင့်နားဖြင့် ကြားကြရသော ဆွေမျိုးများ၊ မိတ်ဆွေများ၊ စာပေသမားများသည် ကျွန်တော့်အိမ်သို့ ရောက်လာကြကာ ကျွန်တော့်ရုပ်ကလာပ်ကို ကြည့်ကြ၏။ ထို့နောက် သူတို့ချင်းစပ်မိစပ်ရာ စကားများပြောနေကြသည်။

နောက်တစ်နေ့ထုတ်သတင်းစာများတွင် "စာရေးဆရာကြီး ဦးရန်အောင် ကွယ်လွန်ရှာပြီ" ဟူသော ခေါင်းစဉ်စာလုံးမည်းဖြင့် ကျွန်တော့်အကြောင်းပါလာရာ ကျွန်တော့်သားသမီးများ ခေါင်းချင်းဆိုင်ကာ ဖတ်ကြသလို အခြားစာပေသမားများလည်းဖတ်ကြရသလျက် ကျွန်တော် ကွယ်လွန်ကြောင်း သိရှိသွားကြလေရာ အသုဘအိမ်မှာ အတော်လူစည်နေ၏။

အိမ်ပေါ်တွင် လူစည်သော်လည်း ကျွန်တော်၏ရုပ်ကလာပ်ကား ထိုအိမ်ပေါ်တွင် မရှိတော့၊ ခေါင်းသွင်းကာ အိမ်ရှေ့တွင် ချထားချေပြီ။ ကျွန်တော့်အလောင်းထည့်ထားသည့် အခေါင်းကို လှမ်း၍ကားကြည့်ကြပါ၏။ သို့သော် မည်သူမျှခေါင်းကို ဖွင့်၍မကြည့်ချေ။ ကြည့်ရင်



စရာလည်း မရှိတော့။ မတင့်တယ်သော အသုဘအခေါင်းအဖြစ် ပုပ်နံ၍နေပေပြီ။

ထူးထူးခြားခြား ပြောစရာတစ်ခုရှိသည်မှာကား အသုဘမေးရင်း ရောက်လာကြသည့် ပရိသတ်များနှင့် ကျွန်တော့်သားသမီးတို့သည် ကိစ္စတစ်ရပ်အတွက် ဆွေးနွေးတိုင်ပင်နေကြခြင်း ဖြစ်သည်။

"မင်းတို့အဖေကို ဘယ်လိုသဂြိုဟ်မှာလဲ။ မီးသဂြိုဟ်မှာလား။ ဂူသွင်းမှာလား" ဟု စာရေးဆရာတစ်ယောက်က မေး၏။

"ဂူသွင်းချင်ပါတယ်" ဟု သမီးတစ်ယောက်ကဖြေသည်။

"မထူးပါဘူးကွာ သေတဲ့သူက ပြန်ရှင်လာတော့မှာမှ မဟုတ်ပဲ။ အကုန်အကျနည်းအောင် မီးသဂြိုဟ်လိုက်တာ ကောင်းပါတယ်" ဟု အခြားစာရေးဆရာတစ်ယောက်က ပြော၏။

ကျွန်တော်၏ သမီးကြီးကပြန်ပြော၏။ "ပြန်ရှင်မလာတာတော့ သိတာပေါ့ရှင်။ သို့ပေမယ့် အဖေအုတ်ဂူရှိရင် လစဉ်ဖြစ်စေ၊ နှစ်စဉ်ဖြစ်စေ အဖေ့ကိုသတိရပြီး အုတ်ဂူကို ကန်တော့နိုင်လို့ ကုသိုလ်ရတာပေါ့"

နောက်ဆုံးတွင်ကား ကျွန်တော့်ရုပ်ကလာပ်ကို အုတ်ဂူတွင်ထည့်သွင်းသဂြိုဟ်ရန် ဆုံးဖြတ်ကြသည်။ သို့သော် ကြံတောသုသာန်မှာလော၊ ထာမွေသုတ်သာန်မှာလော၊ တစ်ခုခုကို ဆုံးဖြတ်ရမည့် ကိစ္စပေါ်လာပြန်၏။

စာရေးဆရာတစ်ယောက်က ပြောသည်။ "ဂျာနယ်ကျော်ဦးချစ်မောင်တို့ ဦးဖိုးကျားတို့ အုတ်ဂူကတော့ ကြံတောသုသာန်မှာ ရှိတယ်။ မဟာဆွေ၊ သန်းဆွေ၊ ရွှေပိန်သောင်းတို့ အုတ်ဂူကတော့ ထာမွေသုသာန်မှာ ရှိတယ်။ ကြိုက်ရာကို ရွေးကြပေါ့"

"ထာမွေသုသာန်မှာက စာရေးဆရာ ဝိမာန်ဆိုပြီး စာရေးဆရာတွေရဲ့ အုတ်ဂူလုပ်ဖို့ သီးသန့်နေရာရှိတယ်။ ဒီတော့ ထာမွေသုသာန်က ပိုကောင်းလိမ့်မယ်ထင်ပါတယ်" ဟု စာရေး

www.burmeseclassic.com

www.burmeseclassic.com



ဆရာတစ်ယောက်က အကြံဉာဏ်ပေးရာ ကျွန်တော့်သားသမီးများက သဘောကျကြလေသည်။

(၇)

ကျွန်တော့်အလောင်းကို သင်္ဂြိုဟ်သည့်နေ့တွင် အသုဘလိုက်ပို့သူများ များပြားလှချေ၏။ အထူးသဖြင့် စာရေးဆရာများ၊ စာနယ်ဇင်းတို့မှ အယ်ဒီတာများ၊ စာပေမြတ်နိုးသူများ စုံလင်လှပေသည်။ ယင်းသို့ ပို့သည့်သူများတွင် ကျွန်တော်နှင့် ရွယ်တူတစ်ယောက်မျှမပါပေ။

ကျွန်တော့်ရုပ်ကလာပ်အလောင်းကို တင်ဆောင်လာသည့်မယာရထားက ဦးဆောင်ကာ အသုဘပို့သူအပေါင်းတို့သည် မော်တော်ကားအသီးသီးဖြင့် တာမွေသင်္ချိုင်းအတွင်းသို့ ရောက်လာကြပေပြီ။

ကျွန်တော့်ကို စေတနာ၊ မေတ္တာထားကာ လိုက်ပို့ကြသည့် ပရိသတ်ကြီးကို ကြည့်ကာ ဝမ်းသာမည်ဆိုက ဝမ်းသာထိုက်ပါ၏။

တနည်းအားဖြင့်လည်း ချစ်လှစွာသော သားသမီးများ၊ ခင်မင်လေးစားကြသည့် မိတ်ဆွေသင်္ဂဟများနှင့် နောက်ဆုံးသော ခွဲခြင်းဖြင့် ခွဲခွာရတော့မည်အတွက် ဝမ်းနည်းမည်ဆိုက ဝမ်းနည်းထိုက်ပါ၏။

သို့သော် ကျွန်တော်ကား ဝမ်းသာသောစိတ်နှင့် ဝမ်းနည်းသောစိတ်တို့ကို ဇိန်းဖုံးမ ချုပ်တည်း၍ ထားရလေသည်။ အကြောင်းမူကား ဝမ်းသာခြင်းသည် လောဘအကုသိုလ်စိတ် ဝမ်းနည်းခြင်းသည် ဒေါသအကုသိုလ်စိတ်ဖြစ်သဖြင့် အကုသိုလ်မဖြစ်စေရန် ချုပ်တည်းထားခြင်း ဖြစ်လေသည်။

ကျွန်တော့်ဇာတ်သိမ်းခန်းကို ဆောင်ရွက်ကြလေပြီ။ ကျွန်တော့် ရုပ်အလောင်းထည့်



ထားသည့် ခေါင်းကို လူအများတို့ ထမ်းယူကြကာ အသင့်ဆောက်လုပ်ပြီးဖြစ်သည့် အုတ်ဂူကြီးအတွင်းသို့ ထည့်သွင်းကြ၏။

အုတ်ဂူကိုပိတ်ခါနီးတွင် ကျွန်တော့်သမီးများနှင့် အချို့သူများသည် ကျွန်တော့်အလောင်းကို နောက်ဆုံးသော ကန်တော့ခြင်းဖြင့် ကန်တော့ရင်း တမ်းတငိုယိုကြသည်။

မခိုင်မမြဲသော အနိစ္စတရားနှင့် မစိုးမပိုင်သော အနတ္တတရားကို သဘောပေါက်မိရချေပြီတည်း။

(၈)

ယခု ကျွန်တော်ရောက်ရှိ ဖြစ်ပေါ်နေသောဘဝမှာ ဥပပတ်ဘဝဖြစ်ရာ နူးညံ့သိမ်မွေ့လှစွာသော ရုပ်နှင့်နာမ်ဖြစ်သဖြင့် လူသာမန်တို့ မမြင်မတွေ့နိုင်ပေ။ စိတ်သွားကိုယ်ပါဟူသော ဘဝမျိုးပင် ဖြစ်၏။ လူ့ဘဝခန္ဓာဝန်ထုပ်ကြီးကို ထမ်းဆောင်နေရခြင်းထက်ကား ပေါ့ပါးသက်သာသည်ဟု ဆိုနိုင်လေ၏။ သို့သော် ရုပ်နှင့်နာမ်တည်ရှိနေသမျှ ကာလပတ်လုံး ရုပ်နာမ်အတွက် အနိစ္စမှု ဒုက္ခမှုကား ဖြစ်ပေါ်စားနေရသည်သာတည်း။

ကျွန်တော်သည် သားသမီးများနေကြသည့် အိမ်များသို့ ရောက်သွား၏။ သားသမီးများသည် စကားစပ်မိသူတစ်ဦးတည်းသောသားမှာ ကျွန်တော်ရေးသားခဲ့သော စာအုပ်များကို စုဆောင်းသိမ်းဆည်းနေသည်ကို တွေ့ရ၏။ ကျွန်တော့်ကို အလွမ်းပြေဖတ်ရရန်အတွက် စုဆောင်းထားခြင်းဖြစ်ကောင်းဖြစ်ပေမည်။ သို့မဟုတ် ပြန်လည်ရိုက်နှိပ်ထုတ်ဝေရန်အတွက် သိမ်းဆည်းခြင်းဖြစ်ကောင်းဖြစ်ပေမည်။

ကျွန်တော်အလုပ်လုပ်သည့် မဂ္ဂဇင်းတိုက်များသို့လည်း သွားရောက်ကြည့်ရှု၏။ လူ့စိတ်ကား ထူးခြားဆန်းကြယ် အံ့ဩဖွယ်ပင်ဖြစ်၏။ "လူကမသိသော်လည်း စိတ်ကသိသည်" ဟူသောစကားမှာ တစ်ခါတရံတွင် အလွန်မှန်တတ်၏။

www.burmeseclassic.com

www.burmeseclassic.com



မဂ္ဂဇင်းတိုက်တစ်တိုက်သို့ ကျွန်တော်ရောက်သွားသော အယ်ဒီတာများ၏အခန်းထဲသို့ ဝင်လိုက်သည်နှင့် တစ်ပြိုင်နက် အယ်ဒီတာတစ်ယောက်က "ဆရာဦးရန်အောင်ကြီးကို ထူးထူးခြားခြား သတိရလိုက်တာဗျာ" ဟုဆို၏။

အခြားအယ်ဒီတာတစ်ယောက်က "ဆရာဦးရန်အောင်သာ လာနိုင်တဲ့အဝရောက်နေရင် ကျွန်တော်တို့ဆီလာမှာ သေချာတယ်ဗျ" ဟုဆိုလေသည်။

ကျွန်တော်ကွယ်လွန်ပြီးနောက် ၆-ရက်မြောက်သောနေ့တွင် ကျွန်တော့်သားသမီးများသည် ကျွန်တော့်အုတ်ဂူအနီးသို့လာကြကာ "အဖေရေ . . နက်ဖြန်ကာ အဖေ့အတွက် ရက်လည်သပိတ်သွတ်မလို့ တရားနာရအောင်၊ သာဓုခေါ်ရအောင် အဖေကြွပါ" ဟု ဖိတ်ကြားလေသည်။

(၈)

ဆွမ်းသွပ်သည့်နေ့ နံနက်စောစောတွင် သားသမီးများအိမ်သို့ ကျွန်တော်ရောက်သွားရာ သံဃာတော်များအား ဆွမ်းကပ်နေသည်ကိုတွေ့ရ၏။

သမီးတစ်ယောက်က သံဃာတော်များအား လျှောက်ထား၏။ "အဖေရှိစဉ်က သူ့မွေးနေ့ဖြစ်တဲ့ အင်္ဂါနေ့နဲ့ ဥပုသ်နေ့တိုင်း သတ်သတ်လွတ်စားပါတယ် ဘုရား။ ဒါကြောင့် အခုသတ်သတ်လွတ်ဆွမ်းကပ်တာပါ"

သံဃာတော်များ ဆွမ်းဘုဉ်းပေးပြီးလျှင် ဆရာတော်တစ်ပါးက သီလပေးပြီးနောက် တရားဟောတော်မူလေသည်။

"စာရေးဆရာကြီးဦးရန်အောင်၊ အသက်ရှစ်ဆယ့်နှစ်နှစ်မှာ ကွယ်လွန်တယ်နော် သီလကောင်းလို့ အသက်ရှည်ရှည်နေရတာပေါ့။ သီလကောင်းတဲ့ပုဂ္ဂိုလ်ဟာ တမလွန်ဘဝမှာလည်း ကောင်းရာသုဂတိကို ရောက်မှာပါပဲ။"



"အဘကြီးဦးရန်အောင် မကွယ်လွန်မီ ငါးနှစ်လောက်က ဘုန်းကြီးတို့ကျောင်းလာပြီး ဘုန်းကြီးကိုလျှောက်တယ်" "တပည့်တော်ဟာ ဘဝသံသရာကို တစ်ကယ်ငြီးငွေ့ပါပြီ ဘုရား" တဲ့။ "ဘဝမှန်သမျှ ဘယ်ဘဝပဲဖြစ်ဖြစ် ဒုက္ခအတိလွှမ်းတယ်ဆိုတာ ကောင်းကောင်းသိပါပြီဘုရား" တဲ့။

"ဒီတော့ ဟောပြောလိုက်ရတယ်။ ဘဝပြတ်ချင်ရင် သံသရာထဲက လွတ်မြောက်ချင်ရင် ဒုဂ္ဂတိဘဝက ကင်းပြတ်ချင်ရင် အနတ္တကို ပိုင်ပိုင်မြင်အောင်ရှုရမယ်။ အနိစ္စကိုလဲ ပြတ်ပြတ်ထင်ထင်မြင်တော့တာပါဘဲ"

"ဘယ်သင်း၊ ဘယ်ဟာ၊ ဘယ်သတ္တဝါ၊ ဘယ်ဖြစ်ရပ်မှ မမြဲဘူးဆိုတာတော့ လူတိုင်းမြင်တွေ့ကြားသိနေတာဘဲ။ ကြည့်လေ၊ မမြဲလို့သာ ဒကာကြီးဦးရန်အောင် အနိစ္စရောက်သွားတာပေါ့။ ဦးရန်အောင်တွင်လားတဲ့ မဟုတ်ဘူး။ ဘုန်းကြီးကအစ အခုတရားနာနေကြတဲ့ ဒကာဒကာမအားလုံးဟာ တစ်နေ့မှာ သေကြရမယ်အမှန်ပဲ။ သေရတာဟာ မမြဲလို့ပေါ့၊ မမြဲတဲ့ အနိစ္စတရားကို ပိုင်ပိုင်မြင်ရင် အနတ္တပိုင်ပိုင်မြင်ပြီး နိဗ္ဗာန်ကို ရောက်ကြမယ်။"

"ပုထုဇဉ်ဆိုရင်တော့ ပြဿနာကြီးဘဲဖြစ်နေမှာ၊ ပြဿနာဖြစ်လို့ထိန်ထိန်ဝင်း ဝက်စားကျွင်းတစ်ရှုပ်ရှုပ် ဖြစ်မှာဘဲ။ သွားရင်းလာရင်း၊ လုပ်ရင်းကိုင်ရင်း၊ အားထုတ်ရင်းလဲ ဉာဏ်ရှိတဲ့ လူ့အတွက် ပေါက်မြောက်သွားနိုင်တယ်"

ဆရာတော် တရားဟောပြီးနောက် ကျွန်တော့်သားက ရေစက်ချ၍ အမျှဝေရာ ကျွန်တော်သည် ဝမ်းမြောက်ဝမ်းသာဖြင့် သာဓုခေါ်လိုက်ရချေသတည်း။

ရန်အောင်

www.burmeseclassic.com